www.burmeseclassic.com

ခင်းအန္တရာယ် ကြိုတင်ကာကွယ်နိုင်ကြစေဖို့

# မှုခင်း ရှုထောင့်

မှုခင်းနှင့်ရသ စုံမဂ္ဂဇင်း

VOL (E) , N0 ( 32 ) ၂၀၀၃ ခုနှစ် ၊ ဩဂုတ်

မှုခင်း

မှုခင်း

မှုခင်း

မှုခင်း



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

30 JUN 2013

# ဖြစ်ရပ်မှန်မှုခင်းဝတ္ထုများကို ဖတ်ရှုလေ့လာခြင်းအားဖြင့် မှုခင်းများကို ကြိုတင်ကာကွယ်နိုင်ကြစေရန် ရည်ရွယ်လျက်----


မှုခင်းပညာပေးအစီအစဉ်အရ ခွင့်ပြုချက်မြ-၀၃၈၂၈ဖြင့်
ရှုထောင့်မှုခင်းနှင့်ရသစုံမဂ္ဂဇင်းအား
လစဉ်လဆန်း (၁)ရက်နေ့တိုင်း ပုံမှန်ထုတ်ဝေပါသည်။

| | |
|---|---|
| နာယက | - ရဲမှူးကြီးဝင်းခေါင် |
| | - ဒုရဲမှူးကြီးဝင်းမြင့် (ငြိမ်း) |
| အကြံပေးလမ်းညွှန်မှု | - ဒေါ်သက်ရီ (Jacob) |
| | **Jacob Media Group** |
| အယ်ဒီတာချုပ် | - ဦးသက်နိုင်ဦး |
| တာဝန်ခံအယ်ဒီတာ | - မောင်ငြိမ်းသူ (ကြို့ပင်ကောက်) |
| အုပ်ချုပ်ရေးမှူး | - ညိုညိုစိမ့် |
| တွဲဖက်အုပ်ချုပ်ရေးမှူး | - ငွေးနိုင် (ပြင်ပဆက်သွယ်ရေး) |
| | - အောင်ကျော်ဦး (သတင်း) |
| ဒီဇိုင်း | - စောဝဏ္ဏ |
| ကွန်ပျူတာစာစီ | - တင်တင်အောင် |
| ရုံးလုပ်ငန်း | - ခင်စန်းဝင်း၊ မြမြလှိုင်၊ ခင်မာဆွေ တင်ကြိုင်၊ တင်ရွှေ |
| ကြော်ငြာတာဝန်ခံ | - ဦးသက်ထွန်း၊ ဒေါ်အေးအေးခင် |
| စာအုပ်ချုပ်အဖွဲ့ | - ဦးတင်ဦးအဖွဲ့ |
| ပုံနှိပ် | - စိန်နဂါးပုံနှိပ်တိုက် |
| အဖုံးဖလင် | - **EAGLE** |
| အတွင်းဖလင် | - **PERFECT** |



**သတင်းနှင့်စာမူများပေးပို့ရန်လိပ်စာ**

ရှုထောင့်မှုခင်းနှင့်ရသစုံမဂ္ဂဇင်းရုံး၊ သတင်းစုဆောင်းရေးရုံးခွဲ
(၉၆)၊ မဟာသုခလမ်း၊ ကျိုက်ဝော်ရပ်ကွက်၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
PH: 01-297297, 01-9000017
FAX : 01-397164
Email : shuhtaunt@gmail.com
nyonyoseinnt@gmail.com


**သတင်းစုဆောင်းရေးရုံးခွဲများ**

| | |
|---|---|
| ဦးဇော်လင်းသန်း (ရဲရဲအဖွဲ့) | - နေပြည်တော်ရုံးခွဲ |
| ဦးခင်ဇော်ဦးအဖွဲ့ | - မြဝတီရုံးခွဲ |
| ဦးသိန်းဇော်ဦးအဖွဲ့ | - မူဆယ်ရုံးခွဲ |
| ဦးသန်းဝင်းအဖွဲ့ | - ချောက်ရုံးခွဲ |
| ဦးလှရွှေအဖွဲ့ | - ကျောက်ပန်းတောင်းရုံးခွဲ |
| ဦး--------------အဖွဲ့ | - ဥသျှစ်ပင်(ပန်းတောင်း)ရုံးခွဲ |
| ဦးအောင်သန်းထွင်အဖွဲ့ | - ပြည် (၁)ရုံးခွဲ |
| ဦးလှထူးအဖွဲ့ | - အောင်လံ (ပြည်လို)ရုံးခွဲ |
| ဦးစိုင်းဇော်ဇော်အဖွဲ့ | - ရွှေတောင်ရုံးခွဲ |
| ဦးတင်ဝင်းအဖွဲ့ | - သဲကုန်း/ပုတီးကုန်းရုံးခွဲ |
| ဦးခင်ဇော်အဖွဲ့ | - ဇီးကုန်းရုံးခွဲ |
| ဦးသိန်းဝင်းအဖွဲ့ | - ကြို့ပင်ကောက်ရုံးခွဲ |
| ဦးမိုးအဖွဲ့ | - ပေါင်းတည်ရုံးခွဲ |
| ဦးထွန်းဝေအဖွဲ့ | - ကံမရုံးခွဲ |
| ဦးလှမြင့်အဖွဲ့ | - မိုးညိုရုံးခွဲ |
| ဦးစိုးနိုင်အဖွဲ့ | - အုတ်ဖိုရုံးခွဲ |
| ဦးဇော်မိုးနိုင်အဖွဲ့ | - နတ်တလင်းရုံးခွဲ |
| ဦးမြင့်နိုင်အဖွဲ့ | - လှိုင်ဘော်ရုံးခွဲ |
| ဦးသိန်းလှိုင်အဖွဲ့ | - မော်လမြိုင်ရုံးခွဲ |
| ဦးစိုးမြင့်အဖွဲ့ | - ဘိုကလေးရုံးခွဲ |
| ဦးဇော်ရှင်းအဖွဲ့ | - ပဲခူးရုံးခွဲ |
| ဒေါ်လှလှကြည်အဖွဲ့ | - လှိုင်သာယာ (၁) ရုံးခွဲ |
| ဦးတင်ထွန်းဦးအဖွဲ့ | - လှိုင်သာယာ (၂) ရုံးခွဲ |
| ဦးမိုးအဖွဲ့ | - သာကေတ (၁) ရုံးခွဲ |
| ဦးတင်မောင်ဝင်းအဖွဲ့ | - သာကေတ (၂) ရုံးခွဲ |
| ဦးအောင်မင်းအဖွဲ့ | - ဒေါပုံ (၁) ရုံးခွဲ |
| ဦးတင်လှိုင်အဖွဲ့ | - ဒေါပုံ (၂) ရုံးခွဲ |
| ဦးစိန်ဝင်းအဖွဲ့ | - ရေစကြိုရုံးခွဲ |

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

ဗုဒ္ဓေါ မေ သရဏံ အညံ နတ္ထိ။ ဓမ္မော မေ သရဏံ အညံ နတ္ထိ။
သံဃာ မေ သရဏံ အညံ နတ္ထိ။
ဒီဝါတပတိ အာဒိစ္စော၊ ရတ္တိမာဘာတိ စန္ဒိမာ၊ သန္နဒ္ဓေါ ခတ္တိယော တပတိ၊ ဈာယီ တပတိ
ဗြာဟ္မဏော၊ အထသဗ္ဗမဟောရတ္တိံ၊ ဗုဒ္ဓေါ တပတိ တေဇသာ၊ တာဒိသံ တေဇသမ္ပန္နံ၊ ဗုဒ္ဓံ
ဝန္ဒာမိ အာဒရံ၊ နမက္ကာရာနုဘာဝေန၊ သဗ္ဗေဘယုပဒ္ဒဝေ့ သက်ပွာ။

သြော်င်း-တစ်ရာ့ရှစ်ကွက် ဗုဒ္ဓစက်၊ တစ်ဆယ့်လေးချက် ဓမ္မစက်၊ တစ်ဆယ့်ရှစ်ချက် သံဃစက်၊
လရောင်ဝင်းလျက် ရှင်ပစ္စေက ဗုဒ္ဓါရဟန္တာစက်၊ မြင်းမိုရ်တောင်ဦး မြင့်ခေါင်ကျူးလျက် မိဘစက်၊
ဂုဏ်ကျေးဇူးအထူးသိလျက် ဆရာစက်၊ ဗြဟ္မစိုရ်လက်နက် ဗြဟ္မာ့စက်၊ မိုးကြိုးလက်နက်
သိကြားစက်၊ လောင်မီးကျလျက် နတ်တို့စက်၊ ဘွဲ့ဖြူလက်နက် ဘီလူးစက်၊ တောင်ဟုန်ပြင်းလျက်
ဂဠုန်မင်းစက်၊ အာခံတွင်းက ဝင်းဝင်းတောက်လျက် နဂါးစက်၊ သုံးထောင်သချိုာ ဟေဝန္တာ
အာဏာစိုးလျက် သီဟာစက်၊ စက်ကြီးတစ်ဆယ့်သုံးပါး ရွတ်သံကြားက ဘေးများမြင်မှုမကောင်းစုတို့
ဝေးကကြဉ်ရှောင် အောင်စေတတ်သည် မြတ်သည့်ဆရာ ပညာတည်း။
သြော်င်း-နမော ဗုဒ္ဓါနုဘာဝေန၊ သြော်င်း-နမောဓမ္မာနုဘာဝေန၊ သြော်င်း-နမော သံဃာနုဘာဝေန၊
သြော်င်း-နမော ဒူရေ-ဒူရေ သွား ဟုံ-ဟုံ။


# ဆရာစောဝင်း (လက္ခဏာဗေဒပဏ္ဍိတ)

မယ်လမုဘုရားဝင်း/မြောက်ဥက္ကလာပမြို့

(၇)ရက်သားသမီးများ၏ ကောင်းကျိုးအတွက် စိတ်ဝင်စားဖွယ်သတင်းကောင်း

၁။ မိမိတို့၏ ကံဇာတာကိုလည်းကောင်း၊ လက္ခဏာကိုလည်းကောင်း စစ်ဆေးဟောပြောခြင်း။
၂။ မကောင်းကျိုးပေးသော မွဲ့ကိုလည်းကောင်း၊ နာမည်ကိုလည်းကောင်း၊ အစီအရင်နည်းဖြင့် ပယ်ဖျက်ပေးခြင်း။
၃။ မိမိတို့၏ မိသားစုဝင်များတွင် ပြောဆိုဆုံးမ၍မရသူများအား လိမ္မာကောင်းမွန်လျက် ပြောစကားနားထောင်ရန် ယတြာအစီအရင် ပြုလုပ်ပေးခြင်း။
၄။ အရက်သောက်ခြင်း၊ ဆိုးသွမ်းခြင်းများအား လူခေါ်လာစရာမလိုဘဲ အရက်ဖြတ်ပေးခြင်း။

❖ အထွေထွေကိစ္စရပ်များအတွက် အထူးယတြာ ❖

(၁) ယတြာဆောင်ရွက်ရာတွင် ငွေကုန်ခြင်း၊ ခက်ခဲခြင်းမရှိစေရ။
(၂) မိမိတို့ ဆောင်ရွက်လိုသော ယတြာအတွက် မိမိတို့၏ဖြစ်စဉ်နှင့် အကြောင်းခံတို့သည်သာလျှင် မှန်ကန်မှု၊ တရားမျှတမှု ရှိစေရပါမည်။
(၃) ဆရာပေးသော ယတြာကို ပြုလုပ်ပြီးလျှင် (၇)ရက်အတွင်း ထူးခြားစေရမည်။
(၄) အချိန်မီ အလျှင်အမြန် ဆောင်ရွက်သင့်သော ကိစ္စများဖြစ်ပါက ညမအိပ်၊ နေ့မကူး ထူးခြားစေရမည်။

နေ့စဉ် နံနက် (၈း၁၅)နာရီမှ ညနေ (၅း၄၅)နာရီအထိ။ (ပိတ်ရက်မရှိ)


www.burmeseclassic.com

www.burmeseclassic.com

# ရှုထောင့်မှုခင်းနှင့်ရသစုံမဂ္ဂဇင်း၊ ဩဂုတ်လထုတ် (၂၀၁၃)

## မာတိကာ

### "ကဗျာရှုထောင့်"


- ဖြိုးထိန် ၈
- မောင်စိုးမြတ်(ချောင်းဦး) ၉
- ခနှတ်ကိုကိုဇော် ၁၀
- သီဟရောဝတီ ၁၁


### "ကာတွန်းရှုထောင့်"


- ရွှေကိုဦး။ ဇွဲနေ၊ မြင့်သန်း (မင်္ဂလာဒုံ)


### "ဥပဒေရှုထောင့်"


- မောင်ညာဏ်ရှင် (ဥပဒေ) ၁၅


### "မှုခင်းပဟေဠိရှုထောင့်အမှတ်စဉ် (၆၉)"


- မောင်ငြိမ်းသူ (ကြို့ပင်ကောက်) ၁၉


### "မှုခင်းဝတ္ထုတို/ရှည်ရှုထောင့်"


- တွင်းကြီးသားတင်ဝင်းဦး (တံတားအိုမှောင်ခိုမလျှောက်နဲ့) ၃၆
- ကိုကိုလှ (ကမာမြေ) (ကံကြမ္မာဆိုသည်မှာ) ၄၅
- ကြည်တင့်နိုင် (အဗျားရှာလူသတ်မှု) ၅၀
- ကျော်သန်းစံ (အတတ်ကြူးဘီလူးဖြစ်) ၅၆
- ကေတုလှနိုင် (ဘယ်သူမပြု၊ ဘယ်သူပြု) ၆၄
- မောင်မောင်စိန်လင်း (နတ်မောက်) (ထန်းပင်ပေါ်ကလက်ကိုင်ဖုန်း) ၇၀
- မောင်မောင် (ပိတောက်မြိုင်) (ဆင်သေနှင့်ဆိတ်သားရေ) ၇၈
- မောင်ဆွေ (တောင်ငူ) (သေရည်သေရက် သောက်စား---) ၈၇
- ဟသ်ာတမောင်မျိုးသက် (နားလည်ပေးပါမညီမြ) ၉၇


www.burmeseclassic.com

www.burmeseclassic.com


- တွင်းကြီးသားတင်ဝင်းဦး
  (ပြီးဆုံးသွားသောပုံပြင်တစ်ပုဒ်) ၁၀၃
- မော်ကျွန်းရဲခိုင်
  (ရဲအုပ်သာဦးနှင့်မိုက်ဂုဏ်ပြသူများ) ၁၁၄
- မောင်မောင်စိန်လင်း (နတ်မောက်)
  (အိမ်နိမ့်စံ) ၁၂၆

"ရသဝတ္ထုတိုရှုထောင့်"

- ရဲတံခွန်
  (အပူလှိုင်း) ၁၃၉

"ဆောင်းပါးရှုထောင့်"

- ဆူးသစ်
  (ထိုက်တန်တဲ့နေရာ) ၁၄၈

"နှလုံးသားရှုထောင့်"

- အေးဝင်းဦး (ဘူမိဗေဒ)
  (သံယောဇဉ် "ဦး"ရယ်) ၁၅၄

"ဖြောင့်ချက်နှလုံးသား"

- တာဝန်ခံအယ်ဒီတာရဲ့သုံးသပ်ချက် ၁၆၀
- လူထက်မင်းဝေ
  (ဝေးလွင့်ခြေရာ) ၁၆၂

"ရုပ်ရှင်ရှုထောင့်"

- ကျော်ဇောဟိန်း (ဒေါ်ပုံ)
  (လက်ပံ) ၁၆၇
- ခိုင်စင်သန့်
  (တိမ်မင်းသမီးရဲ့ဒဏ္ဍာရီ) ၁၆၉

"စာအုပ်စင်ရှုထောင့်"

- ကိုကြီးထူး ၁၇၂

"ဗေဒင်ရှုထောင့်"

- တက္ကသိုလ်စိုးမိုးနိုင် ၁၇၄


BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



# သက်ပြင်းပုံရိပ်

ဖြိုးထိန်



သက်ပြင်းပေဟာင်းများ
ချန်ရစ်ထား၍
ရှေ့ကာလမျှား
ထွက်ခွာသွားပြီ---

အတိတ်သီချင်း
သက်ပြင်းတချို့
တိုးလို့တွဲလောင်း---

ပစ္စုပ္ပန်ရဲ့
လက်မဲ့သက်ပြင်း
အလင်းအားနည်း
အသည်းအသန်---

အနာဂတ်ရေး
ငေးဆတွေးရင်း
သက်ပြင်းချွေးပြန်
မတန်တဆ---

စိတ်ချွတ်နင်းသံ
ရေရွတ်သံများ
တစ်ရှံမလပ်
ပတ်ခြာတွယ်လွှင့်
နေပွင့်လပွင့်ပန်းပွင့်သလို---

နောက်ကာလူတို့
သက်ပြင်းဆို့နင့်
ရင့်ဆဲမှည့်ဆဲ
ကြေကွဲဆဲလေ---

ရင်နဲ့အမျှ
သောကအကြွင်း
သူ့သက်ပြင်းနဲ့
ငါ့သက်ပြင်းတွေ
ခွင့်နိုင်သမျှ ခွင်းနိုင်သမျှ ခွင်းကြစေ---။




www.burmeseclassic.com

www.burmeseclassic.com



# အလှဂုဏ်တင် စိတ်စွမ်းအင်

မောင်စိုးမြတ်–ချောင်းဦး



- ပြုံးသူစိတ်ထား၊ နှလုံးသားကား
ရိုးသားကြည်လင်၊ ဖြူဖြူစင်မို့
အမြင်သန့်ရှင်း၊ အလှနှင်းကာ
အတွင်းဗီဇ၊ အေးချမ်းမြ၍
ဘဝသာယာနေတာကား။
- မုန်းသူစိတ်ထား၊ နှလုံးသားကား
မျက်ထားမုန်ယို၊ စိတ်ထားတိုကာ
အလိုမကျ၊ မာန်မာနဖြင့်
ဒေါသအမျက်၊ အစဉ်ထွက်၍
ခက်ထန်ကြမ်းတမ်း၊ အပြင်လှမ်းလျက်
ရှင်လန်းချမ်းမြ၊ ကင်းစင်ပပြီး
ဘဝတွေဝေနေတာကား။
- အမုန်းစိတ်ကင်း၊ အပြုံးနှင်း၍
ချစ်ခြင်းဆောင်ကာ၊ အကြင်နာနှင့်
မေတ္တာခြုံလွှမ်း၊ ဘဝလမ်းတွင်
ပန်းလိုလှပ၊ မွှေးမြမြဖြင့်
အေးမြစမ်းရေ၊ ပုံအခြေသို့
နေထိုင်လောက၊ ဂုဏ်ပေါင်းခအောင်
အလှစိတ်ထား မွေးကြစို့။ ။



www.burmeseclassic.com

www.burmeseclassic.com

# ကာတွန်း ရှုထောင့်




www.burmeseclassic.com

www.burmeseclassic.com

# ကာတွန်း ရှုထောင့်






www.burmeseclassic.com

www.burmeseclassic.com

# ကာတွန်း ရှုထောင့်




www.burmeseclassic.com

www.burmeseclassic.com



# ဥပဒေရေးရာအမေးအဖြေ

မောင်ဉာဏ်ရှင် (ဥပဒေ)

**မေး။** ဆရာ၊ ကျွန်တော့်သူငယ်ချင်း မြတ်စိုးအဖေ ဦးစိုးထွန်းက ယုံကြည်အပ်နှံရေးဖောက်ဖျက်မှုနဲ့ တရားရုံးတစ်ရုံးမှာ တရားလိုပြုလုပ်ပြီး တရားစွဲထားတယ်။ အဲဒီ အမှုမပြီးသေးခင်ဘဲ ဦးစိုးထွန်း ကွယ်လွန်သွားပါတယ်။ မြတ်စိုးက သူ့အဖေကိုယ်စား တရားလိုအဖြစ် ဆောင်ရွက်ချင်တယ်။ ရပါသလားဆရာ။ ဖြေကြားပေးပါ။

မောင်စိုးဝင်း

**ဖြေ။ တရားမမှုများတွင် အမှုမပြီးပြတ်မီအတွင်း တရားလိုကွယ်လွန်လျှင် တရားဝင်ကိုယ်စား ထည့်သွင်းပြီး အမှုကိုဆက်လက်ဆောင်ရွက်ခွင့်ရှိကြောင်း ပြဋ္ဌာန်းချက်ရှိတယ်။ ပြစ်မှုဆိုင်ရာ အမှုများတွင် ထိုသို့ပြဋ္ဌာန်းချက်မရှိဘူး။ ဒါကြောင့် ပြစ်မှုဆိုင်ရာ အမှုများတွင် တရားလိုအမှုအတောအတွင်း ကွယ်လွန်သွားလျှင် သူ့ကိုယ်စား အခြားသူတစ်ဦးက တရားလိုအဖြစ် လိုက်ပါဆောင်ရွက်ခြင်းမပြုနိုင်ဘူး။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၉၂အရ ပြစ်မှုဆိုင်ရာအမှုများတွင် တရားလိုက နိုင်ငံတော်ဖြစ်တာကြောင့် ဥပဒေအရာရှိများကသာ တရားလိုကိုယ်စားပြု၍ ဆောင်ရွက်ခွင့်ရှိတယ်။**

**မေး။** ဆရာ ကျွန်တော်က ကန်ထရိုက်တိုက်ခန်းတစ်ခု ဝယ်ထားတာ ပြဿနာတက်နေလို့ မေးပါရစေ။ ကျွန်တော် ကန်ထရိုက်တာတစ်ယောက်ဆီမှာ သူရောင်းချပိုင်ခွင့်ရှိတဲ့ တိုက်ခန်းတစ်ခန်းကို ဆောက်နေဆဲကာလမှာ ကြိုတင်ငွေအကျေပေးချေပြီး စာချုပ်ချုပ်ဝယ်ယူခဲ့ပါတယ်။ နောက်ပိုင်း ကျွန်တော်ဝယ်ယူထားတဲ့ တိုက်ခန်းကို အခြားသူတစ်ဦးကို ရောင်းချလိုက်တယ်။ ကျွန်တော့်အနေနဲ့ ဘယ်လိုအရေးယူ အမှုဖွင့်ရမလဲ ဆရာ။

ဦးခင်မောင်ချို

**ဖြေ။ ဦးခင်မောင်ချို ကန်ထရိုက်တာဆီက တိုက်ခန်းဝယ်စဉ်က စာချုပ်ထဲမှာ ဘယ်လိုချုပ်ထားသလဲ။ တိုက်ခန်း လက်ရောက်မပေးအပ်ရင် စာချုပ်ဖောက်ဖျက်ရင် တန်ကြေး၏တစ်ဆပေးလျော်ရန်၊ နှစ်ဆပေးလျော်ရန် စသည်ဖြင့် သဘောတူထားကြသယ်။**



www.burmeseclassic.com

www.burmeseclassic.com



ဦးခင်မောင်ချိုအနေဖြင့် တိုက်ခန်းလက်ရောက်ပေးအပ်ဖို့ ဒါမှမဟုတ် စာချုပ်ပါအတိုင်း ငွေရလိုမှုတရားမကြောင်းအရ တရားစွဲဆိုနိုင်ပါတယ်။ အဲလို ဦးခင်မောင်ချိုက တရားမကြောင်းအရ တရားစွဲဆိုထားပြီးဖြစ်သော်လည်း ကန်ထရိုက်တာအပေါ် ပြစ်မှုကြောင်းအရလည်း တရားစွဲဆိုနိုင်ပါတယ်။ အဆောက်အအုံဆောက်လုပ်ဆဲ တိုက်ခန်းမဖြစ်ပေါ်မီ ဝယ်ယူခဲ့လို့ တိုက်ခန်းလက်ရောက်မရသေးတဲ့အတွက် အလွဲသုံးစားပြုခြင်းမဟုတ်ဘူးလို့လည်း မပြောနိုင်ဘူး။ အရောင်းအဝယ်ပြုလုပ်စဉ်က ဆောက်လုပ်ဆဲဖြစ်တာမှန်ပေမယ့် ဦးခင်မောင်ချို ငွေအကျေပေးဆပ်ထားတယ်မဟုတ်လား။ ခုချိန်မှာ ကန်ထရိုက်အဆောက်အအုံများ ဆောက်လုပ်နေတာက ကုန်ကျတဲ့ငွေများ ရရှိရန် ကြိုတင်ရောင်းချတဲ့အလေ့အထများ ရှိနေတယ်။ အခန်းမဖြစ်ပေါ်သေးသော်လည်း ငွေယူထားပြီးခါမှ အခြားလူတစ်ဦးကို ရောင်းချလိုက်ခြင်းအတွက် ပြစ်မှုကြောင်းအရလည်း တရားစွဲလို့ရပါတယ်။

**မေး။** ဆရာ၊ ကျွန်တော်တို့ ခြံဝင်းအတွင်း ဝင်တဲ့လမ်းကို တစ်ဖက်ခြံကလူတွေက သူတို့မြေဖြစ်တယ်ဆိုပြီး ပိတ်ဆို့ကာရံလိုက်တယ်၊ ကျွန်တော်လည်း ရဲစခန်းသွားအမှုဖွင့်ခဲ့တယ်၊ တရားရုံးမှာ အမှုရင်ဆိုင်စစ်ဆေးပြီး တစ်ဖက်ခြံက ပိတ်ဆို့တဲ့လူတွေကို တရားရုံးက ဒဏ်ငွေရိုက်လိုက်တယ်၊ ဒဏ်ငွေရိုက်ပြီး အမှုကပြီးသွားပေမယ့် လမ်းကိုပိတ်ဆို့ကာရန်ထားတာက အခုချိန်ထိ ဖယ်ရှားမပေးသေးဘူး ဆရာ၊ အဲဒါ ဘယ်လိုဆက်လုပ်ရမလဲ ကျေးဇူးပြု၍ ဖြေကြားပေးပါ ဆရာ၊

ဦးမျိုးမြင့်

ဖြေ။ ဦးမျိုးမြင့်တို့ရဲ့ တစ်ဖက်ခြံကလူများက ဦးမျိုးမြင့်တို့ သွားလာနေကျလမ်းပေါ်တွင် မတရားတားဆီးပိတ်ထားတဲ့အရာများကို ဖယ်ရှားခြင်းမပြုသေးတဲ့အတွက် သွားလာမြဲ သွားလာနိုင်ခြင်း မပြုနိုင်တာဟာ မတရားတားဆီးပိတ်ပင်ခြင်းခံရတယ်လို့ဆိုနိုင်ပါတယ်။ မူလ မတရားတားဆီးပိတ်ပင်စဉ်က အမှုဖွင့်တိုင်ကြားပြီး တရားရုံးက ဒဏ်ငွေရိုက်ခဲ့တယ်လို့ ဆိုတယ်။ ဒဏ်ငွေရိုက်ပေမယ့် တစ်ဖက်ခြံကလူတွေက ပိတ်ထားတာများကို ခုချိန်ထိ ဖယ်ပေးခြင်းမပြုသေးဘူးမဟုတ်လား။ ဒါဆိုရင် တရားရုံးက ပြစ်ဒဏ်အနေနဲ့ ဒဏ်ငွေရိုက်ပြီးနောက်ပိုင်း ဖယ်ရှားမပေးသမျှ ကာလပတ်လုံး မတရားတားဆီးပိတ်ပင်ထားတဲ့ ပြစ်မှုကို ကျူးလွန်နေတယ်လို့ ယူဆနိုင်ပါတယ်။ အဲဒါကြောင့် ဦးမျိုးမြင့်အနေနဲ့ တစ်ဖက်ခြံက လူများက ဖယ်ရှားမပေးသေးရင် ထပ်မံတရားစွဲဆိုနိုင်ပါကြောင်း ဖြေကြားလိုက်ရပါတယ်။

**မေး။** ဆရာ၊ မိဘနှစ်ပါးကွဲသွားပြီး မိခင်နဲ့လိုက်နေတဲ့ သားသမီးက ဖခင်ထံမှ ကလေးစရိတ်တောင်းခံလျှင် ဖခင်အနေဖြင့် ကလေးမည်သည့်အရွယ်အထိ ကလေးစရိတ်ပေးရမှာလဲ ဆရာ၊

မောင်မြင့်စိုး



www.burmeseclassic.com

www.burmeseclassic.com



**ဖြေ။** အသက်(၁၈)နှစ်ဆိုလျှင် အရွယ်ရောက်တယ်လို့ ပြောလို့ရပါတယ်။ တချို့က ဖခင်ထံမှ ကလေးစရိတ်ကို (၁၈)နှစ်အထိပဲ တောင်းနိုင်တယ်လို့ပဲ ယူဆကြတယ်။ အဲလို တစ်ထစ်ချယူဆလို့တော့ မရဘူး။ သားသမီးများဟာ အရွယ်ရောက်ပြီဖြစ်သော်လည်း မိမိကိုယ်တိုင် မိမိ မထောက်ပံ့နိုင်သမျှ ကာလပတ်လုံး ဖခင်တွင် ကလေးစရိတ်ပေးရန် တာဝန်ရှိပါတယ်။

**မေး။** စိတ်ဝေဒနာခံစားနေရတဲ့ လူတစ်ယောက်က ပြစ်မှုတစ်ခုခုကို ကျူးလွန်လိုက်လျှင် အရေးယူအပြစ်ပေးလို့ ရပါသလားဆရာ။

ဦးမြင့်အောင်

**ဖြေ။** ဦးမြင့်အောင်ခင်ဗျား စိတ်ဝေဒနာသည် တစ်ယောက်ဟာ ပြစ်မှုကျူးလွန်စဉ်က မိမိပြုလုပ်မှုဟာ မည်သို့သဘောရှိတယ်။ မတော်မမှန်ဖြစ်တယ်။ ဥပဒေနဲ့ဆန့်ကျင်တယ်ဆိုတာကို မသိမှသာ ပြစ်မှုကျူးလွန်ခြင်းမှ ကင်းလွတ်ခွင့်ရနိုင်တယ်။ ထိုသို့မဟုတ်ရင်တော့ အရေးယူအပြစ်ပေးနိုင်တယ်။ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၈၄မှာ စိတ်ပေါ့သွပ်ခြင်းကြောင့် ပြုလုပ်စဉ်က မိမိပြုလုပ်မှုသည် မည်သို့သဘောရှိသည်ကိုလည်းကောင်း။ မတော်မမှန်သည်ကိုသော်လည်းကောင်း ဥပဒေနှင့်ဆန့်ကျင်သည်ကိုသော်လည်းကောင်း မသိနိုင်သောသူ ပြုလုပ်မှုသည် ပြစ်မှုမမြောက်ဟု ကင်းလွတ်ခွင့်ပြုထားတယ်။

**မေး။** ဆရာ၊ ကျွန်မခင်ပွန်းဟာ ကျွန်မထံမှ တိုက်ခန်းဝယ်မယ်ပြောပြီး ငွေ(၁၀)သိန်းယူသွားပါတယ်၊ တိုက်ခန်းလည်း ဝယ်မပေးဘူး။ သူလည်းပြန်မလာတော့ဘူး။ နောက်အမျိုးသမီးတစ်ယောက်နဲ့ မရှင်းမရှင်းလည်း ကြားတယ်၊ ကျွန်မကိုလည်း ရှောင်နေတယ်၊ ဒီငွေ (၁၀)သိန်းကလည်း ကျွန်မဘက်က အမွေရထားတာပါ၊ ပျောက်သွားမှာကြောက်လို့ တိုက်ခန်းဝယ်ထားဖို့ စီစဉ်လိုက်ရတာပါ၊ ကျွန်မ ခင်ပွန်းဖြစ်သူကို ယုံကြည်အပ်နှံရေးဖောက်ဖျက်မှုနဲ့ တရားစွဲချင်ပါတယ်၊ တရားစွဲလို့ ရ/မရ ဖြေကြားပေးပါ ဆရာ။

မတင်တင်မော်

**ဖြေ။** ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၀၆အရ ယုံကြည်အပ်နှံခြင်းဆိုတာက တစ်ဦးက အခြားတစ်ဦးအပေါ် စိတ်ချယုံကြည်သဖြင့် ပစ္စည်းအား လက်ရှိပေးအပ်ခြင်းဖြစ်တယ်။ ပစ္စည်းအပ်နှံခြင်းခံရသူက ပစ္စည်းပိုင်ရှင်ဖြစ်နေရင် ထိုပစ္စည်းကို တစ်ပါးသူ၏ အပ်နှံခြင်း ခံရတယ်လို့ ဆိုနိုင်မှာမဟုတ်ဘူး။ ပိုင်ရှင်ဖြစ်သူကို ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၀၆ အရ တရားမစွဲဆိုနိုင်ဘူး။

မြန်မာ့စလေ့ထုံးတမ်းအရ မြန်မာဗုဒ္ဓဘာသာ အကြင်လင်မယားတို့ဟာ ပစ္စည်းနဲ့စပ်လျဉ်းပြီး အတူပိုင်ဆိုင်သူများဖြစ်ကြတယ်။ လင်နဲ့မယား အတူပိုင်ဆိုင်ခွင့်ရှိတဲ့ပစ္စည်းကို လင်ကမယားကိုဖြစ်စေ၊ မယားက လင်ကိုဖြစ်စေ အပ်နှံခြင်းဟာ ယုံကြည်ခြင်းဖြစ်တယ်လို့ မဆိုနိုင်ဘူး။ ဒါကြောင့် ယုံကြည်အပ်နှံရေးဖောက်ဖျက်မှုနဲ့ တရားမစွဲဆိုနိုင်ပါကြောင်း ဖြေကြားလိုက်ရပါတယ်။

မောင်ညာဏ်ရှင်(ဥပဒေ)



www.burmeseclassic.com

www.burmeseclassic.com

# ဆုငွေများချီးမြှင့်မည့် မှူခင်းပဟေဠိအစီအစဉ် အမှတ်စဉ် (၆၉)

(၁) မေးခွန်းနံပါတ် (၄)ခုစလုံးကို တိုက်ရိုက်အဖြေမှန်သူအား ဆုငွေကျပ် ငါးသောင်းနှင့် မဂ္ဂဇင်းစာအုပ် ချီးမြှင့်ပါမည်။

(၂) မေးခွန်းနံပါတ် (၁/၃/၄)ခုစလုံးကို တိုက်ရိုက်အဖြေမှန်သူအား ဆုငွေကျပ် သုံးသောင်းနှင့် မဂ္ဂဇင်းစာအုပ် ချီးမြှင့်ပါမည်။

(၃) မေးခွန်းနံပါတ် (၁/၂/၃) ခုစလုံးကို တိုက်ရိုက်အဖြေမှန်သူအား ဆုငွေကျပ် နှစ်သောင်းနှင့် မဂ္ဂဇင်းစာအုပ် ချီးမြှင့်ပါမည်။

(၄) မေးခွန်းနံပါတ် (၄)ခုစလုံးအတွက် အနီးစပ်ဆုံး အဖြေမှန်သူများအား ဆုငွေကျပ် သုံးထောင်နှင့် မဂ္ဂဇင်းစာအုပ် ချီးမြှင့်ပါမည်။


**အဖြေမှန်သူတစ်ဦးထက် ပိုမိုခဲ့ပါက ကံစမ်းမဲစနစ်ဖြင့် ချီးမြှင့်ပေးပါမည်။**



www.burmeseclassic.com

www.burmeseclassic.com

မောင်ငြိမ်းသူ
(ကြို့ပင်ကောက်)



# ရှမ်းပဟေဠိအမှတ်စဉ်–၆၉



www.burmeseclassic.com

www.burmeseclassic.com



**"မှုခင်းပဟေဠိအမှတ်စဉ်(၆၉)"**

**မောင်ငြိမ်းသူ**

**(ကြို့ပင်ကောက်)**

"ဒီလောက်အထိ အတင့်ရဲလာတာကတော့၊ လွန်လွန်းလာပြီကွ။ တို့ ရဲတပ်ဖွဲ့ သိက္ခာကျတယ်ကွ"

"မှန်ပါတယ် ရဲမှူး၊ ကျွန်တော်လဲ နယ်ထိန်းတွေကို သေသေချာချာမှာပြီး ကျွန်တော်ကိုယ်တိုင် အနီးကပ်ကြီးကြပ်ပေးနေတဲ့ကြားထဲက အတင့်ရဲလာတာပါ"

မြို့နယ် ရဲတပ်မှူးက စခန်းမှူး ရဲအုပ် သက်မောင်ကို လုယက်မှုနှင့်ပတ်သက်၍ ခေါ်ယူ ညှိနှိုင်းနေခြင်း ဖြစ်သည်။

လုယက်မှုကလည်း ရိုးရိုး လုယက်မှုမျိုး မဟုတ်။ အတွဲတွေကိုမှ လုယက်နေသည့် ထိတ်လန့်တုန်လှုပ်စရာ ဖြစ်ရပ်။

မြို့နယ်မှူးက စကားဆက်သည်။

"အခု ဖြစ်ရပ်က ညဘက်မှာတောင် မဟုတ်တော့ဘူး။ နေ့ဘက်မှာပါ ကျူးလွန်လာတာဆိုတော့ အတင့်ရဲတာထက် တို့ရဲတပ်ဖွဲ့ကို စိန်ခေါ်လိုက်တာကွ"

"ကျွန်တော် ကြိုးစားပါ့မယ် ရဲမှူး၊ မိအောင် ဖမ်းပါ့မယ်"

"ရှက်ဖို့ ကောင်းတာက ဒီကောင် သောင်းကျန်းနေတဲ့နေရာက ရဲစခန်းနဲ့အလှမ်းမဝေးတဲ့နေရာဖြစ်နေတယ်။ အမြန်ဆုံး မိအောင် လုပ်ကွာ။ လိုအပ်ရင် ကင်းပုန်းချ၊ ဝပ်ကင်း၊ လှည့်ကင်းထောင့်စေအောင်လုပ်"

"ဝပ်ကင်း၊ လှည့်ကင်းတွေ ချထားတဲ့ နေ့ဆိုရင် ဒီကောင်က ရှောင်နေတယ် ရဲမှူး"

"ဘာလဲ ဒီကောင်က အကြားအမြင် ရနေလို့လား"

"ကျွန်တော်လဲ အဲဒါကို စဉ်းစားနေတာပါ ရဲမှူး"

"ကျွန်တော် အစွမ်းကုန်ကြိုးစားပါ့မယ် ရဲမှူး၊ စိတ်ချသာနေပါ"

"ဒီကောင့်ကို မမိမချင်း စိတ်အေးလက်အေး နေလို့မရဘူးကွ။ ခရိုင်ရော၊ တိုင်းကပါ၊ မီးထိုးလွန်းလို့ ပူနေပြီ။ ပွက်ပွက်ဆူနေပြီ။ ကဲ ..ကဲ .. သွားတော့ လုပ်စရာရှိတာ ဆက်လုပ်၊ လိုအပ်တာ ငါ့ကိုပြော"

"လေးစားပါတယ် ရဲမှူး"

စခန်းမှူး ရဲအုပ်သက်မောင်က မြို့နယ်ရဲတပ်ဖွဲ့မှူးအား အလေးပြုပြီး အခန်းထဲမှ ထွက်လာခဲ့သည်။

သူ့ရုံးခန်းထဲ ရောက်မှ သက်ပြင်းမောကို မှုဦး၍ချလိုက်ရသည်။

မြို့နယ် ရဲတပ်ဖွဲ့မှူး၏ ပြောစကားတွေကလည်း ကွက်ကွက်တိမှန်နေသည်။ အတွဲတွေကိုမှ စနစ်တကျ အကွက်ချ လုယက်နေသော တစ်ကိုယ်တော် လုယက်သမားအကြောင်းကို စဉ်းစားနေရသည်မှာ ခေါင်းခြောက်နေလေပြီ။

စိတ်ထဲမှာလည်း အခံရခက်နေသည်။ ရဲတပ်ဖွဲ့ကို စိန်ခေါ်ပြီး နားရွက်ကို တံတွေးဆွတ် ပြေးနေသလိုမို့ မရိုးမရွ ခံစားနေရသည်။ ခံပြင်းစရာကောင်း လွန်းလှသည်။

ရဲအုပ် သက်မောင်သည် မချင့်မရဲစိတ်ဖြင့် လုယက်မှု အမှုတွဲကို အံဆွဲထဲမှ ဆွဲထုတ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။ ပြီးတော့ ဖြစ်စဉ်များကို ထပ်မံ၍ ဖတ်ကြည့်မိပြန်သည်။

(+++) မြို့နယ်၊ (+++) ရပ်ကွက်သည် ဝန်ထမ်းကြီးများကို ချထားပေးသော ရပ်ကွက်ဖြစ်ရာ ကျယ်ဝန်းလှသည်။ ဝန်ထမ်းများကို ချပေးထားသော မြေကွက်တွေက (ပေ၆၀×ပေ၄၀) အကွက်များသာ ဖြစ်သော်လည်း ဝန်ထမ်းကြီးများကို ချထားပေးသော မြေကွက်များမှာ (ပေ ၆၀×ပေ ၈၀) (ပေ၁၀၀×ပေ၂၀၀) အကွက်များ ဖြစ်ကြသည်။

အချို့က စီးပွားရေးလုပ်ငန်း ပိုင်ရှင်များအား ရောင်းစားကြသည်။ တချို့ကလည်း ကြိုက်ဈေးဖြင့် ဝယ်ရောင်းလုပ်နေကြသည်။ အချို့ငွေရှင်များက ခြံစောင့်တဲများ၊ ခြံစောင့်အိမ်ကလေးများ၊ ဆောက်လုပ်ကာ ခြံစောင့်များထားကြသည်။ အချို့ကလည်း အိမ်ကြီးအိမ်ကောင်း ဆောက်လုပ်ထားကြသော်လည်း လူမနေကြဘဲ သော့ပိတ်ထားကြသည်။

(++)ရပ်ကွက်သည် ခြံစောင့်တဲအနည်းငယ်နှင့် နေအိမ်သုံးလေးအိမ်သာရှိရာ လွင်တီးခေါင်ခေါင် ကွင်းပြောင်ပြောင်ကြီးဖြစ်နေသည်။

ထိုကွင်းပြောင်ပြောင်ကြီးထဲတွင် လျှပ်စစ်မီးတိုင်များစိုက်ကာ မီးရအောင် စီစဉ်ထားသော်လည်း ညဘက်တွင် ကြေးနန်းကြိုးများ အခိုးခံလိုက်ရသောအခါ မီးလုံးဝ ပြတ်သွားလေတော့သည်။ ညဘက်ဆိုလျှင် စိုးရိမ်ဖွယ်ရာကောင်းအောင်ပင် အမှောင်က စိုးမိုးနေလေ့ရှိသည်။

ထိုအမှောင်ကို အကာအကွယ်ပြုကာ အတွဲမျိုးစုံက နိုလှုံ့ ကြည်နူးနေကြသည်။ ညဘက်အချိန်ရောက်လာပါက ရပ်ကွက်အသီးသီးမှ အတွဲကိုယ်စီက ရောက်လာကြသည်။ စက်ဘီးနှင့်ရောက်လာသည့်အတွဲ၊ ဆိုင်ကယ်နှင့် ရောက်လာသည့်အတွဲ ဆိုက်ကားနှင့် ရောက်လာသည့်အတွဲ၊ လမ်းလျှောက်သလိုလိုဖြင့် ချိန်းတွေ့သည့်အတွဲ၊ ကားနှင့်လာသည့်အတွဲ၊ အတွဲပေါင်း စုံလင်လှသည်။

(ထိုအချိန်က မီးနိုးမထွက်သည့်စက်ရုံဟု ခေါ်သော တည်းခိုခန်းများ လုံးဝမရှိသေးပါ) (ဤကားစကားချပ်)

အတွဲတွေထဲတွင် သမီးရည်းစားအတွဲတွေပါသလို၊ အိမ်ထောင်ရေး ဖောက်ပြန်သော အတွဲတွေလည်းပါသည်။ အသွေးအသားကို ဈေးကစားနေကြ

အတွဲတွေထဲတွင် သမီးရည်းစားအတွဲတွေပါသလို၊
အိမ်ထောင်ရေးဖောက်ပြန်သော အတွဲတွေလည်းပါသည်၊
အသွေးအသားကို ဈေးကစားနေကြသည့်
ပြည့်တန်ဆာအတွဲများလည်းပါသည်၊
ကာရာအိုကေနှင့် အနှိပ်ခန်းများတွင်
အပေးအယူဈေးတည့်သူများလည်းပါသည်၊



www.burmeseclassic.com

www.burmeseclassic.com



သည့် ပြည့်တန်ဆာအတွဲများလည်း ပါသည်။ ကာရာအိုကေနှင့် အနှိပ်ခန်းများတွင် အပေးအယူ ဈေးတည့်သူများလည်း ပါသည်။

အခန်းခ ပေးစရာမလို၊ မှတ်ပုံတင် ပေးစရာမလို၊ ညေ့စာရင်း ပြစရာမလို၊ အစစ်အဆေးမလို၊ မျက်နှာပူစရာမလို၊ ဟန်ဆောင်စရာမလို၊ ရှက်စရာ၊ ကြောက်စရာမလို၊ အသိမိတ်ဆွေ တွေ့စရာမလို၊ အောက်ကျို့စရာမလိုသော လွင်တီးခေါင်ကြီးထဲတွင် လွတ်လပ်မှုအပြည့်ဖြင့် ကဲချင်တိုင်း ကဲ၍ရကြသည်။ သည်းချင်တိုင်း သည်း၍ ရကြသည်။ သူတို့ ပတ်ဝန်းကျင်မှာက မြေပြင်နှင့် ကောင်းကင်သာ ရှိသည်။ ခြံစောင့်တဲနှင့် ခြံစောင့်အိမ်များ အနည်းငယ်သာ ရှိသည်။ ချုံပုတ်ကလေးတွေတော့ ရှိပါသေးသည်။

သည်လို အခြေအနေမျိုးမှာ အခါအခွင့်ကောင်းကို ချောင်းနေသော သားကောင်က မျက်မှန်းတန်းမိသွားသည်။ သားရဲသားကောင်တို့၏ ဝလေ့စရိုက်အရ၊ သူစားသောက်ခွင့်ရသည်။ အခွင့်အလမ်းကို လက်လွှတ်ခံရိုးထုံးစံမရှိ။



ပျားစွဲသော မှတ်ဆိတ်ပမာ၊ ပါးစပ်နားတွင်၊ ရစ်သီ ရစ်သီ လုပ်လာကြသော အတွဲများကို မိုက်ကြေးခွဲ လုယက်ပါလေတော့သည်။ အဖော်မပါ၊ တစ်ကိုယ်တော်စွန့်စားကာ လုယက်နေခြင်း ဖြစ်သည်။

''တစ်ကိုယ်တော် မိုက်ခဲ''ဟု နာမည်ဆိုးဖြင့် ကျော်ကြားလာသည်။

ကျော်ကြားလည်း၊ ကျော်ကြားထိုက်ပါပေသည်။ ကွင်းပြင်ကျယ်ကြီးထဲတွင် အတွဲသုံးတွဲကို တစ်ညတည်း ရှေ့ဆင့်နောက်ဆင့် မိုက်ကြေးခွဲလုယက်သွားရာ ငွေကျပ်သိန်း(၃၀)ကျော် ဖိုးပါသွားလေသည်။

ဒါတောင် အမှုဖွင့်လျှင် လူတွေသိပြီး အရှက်တကွဲ အကျိုးနည်းမှာ စိုးရိမ် ရှက်ရွံ့ကြသောကြောင့် နောက်တွန့်သွားကြပြီး အမှုမဖွင့်ရဲကြသူများ ကျန်ရှိနေသေးသည်။

ထို့နောက် ရဲတပ်ဖွဲ့က ဝပ်ကင်း၊ လှည့်ကင်းများဖြင့် စောင့်ကြပ်ကြည့်ရှုနေချိန် တစ်လအတွင်းတွင် တစ်ကိုယ်တော်မိုက်ခဲက လှုပ်ရှားမှုမရှိဘဲ၊ ငြိမ်



www.burmeseclassic.com

www.burmeseclassic.com



သက်သွားသည်။ လုံးဝလှုပ်ရှားမှုမရှိ။ ရဲတပ်ဖွဲ့ကလည်း စိတ်အေးသွားသည်။ လုံခြုံရေးတာဝန်ကို လျော့လိုက်ကြသည်။

အတွဲတွေကလည်း စိတ်ချလက်ချဖြစ်ကြကာ ပိုနေမြဲ ကျားနေမြဲ။ တွဲလာကြသည်။ ညဘက်မှာသာမက နေ့ဘက်မှာပါ ချိန်းတွေ့လာကြသည်။

သည်တော့လည်း တစ်ကိုယ်တော် မိုက်ခဲက မိုက်ကြေးခွဲ လုယက်ပြန်ပါသည်။ သို့သော် ရှက်လွန်းသောကြောင့် အမှုမဖွင့်ရဲဘဲ သတင်းပေးရုံသာပေးသည်။

အတွဲတွေ ဆိုတာကလည်း အများသိကြတဲ့ အတိုင်းပဲလေ။

ညအမှောင် မီးမရှိ၊ လရောင် မရှိသည့် အမှောင်ထဲတွင် အမှောင်တကာ့ အမှောင်ဖြစ်သော ကာမအမှောင်အောက် ၌ ယစ်မူးမွေ့လျော် နစ်မြုပ် မြူးပျော်နေကြလေရာ အနားသို့ ရောက်ရှိနေသော ရန်သူကို သတိမထားမိကြဘဲ ကျောချမှ စားပြမှန်း သိလိုက်ရသည့်ကိန်း ဆိုက်သွားကြသည်။

တစ်ကိုယ်တော် မိုက်ခဲကလည်း ပိုင်မှကိုင်သည်။ ချစ်တင်းနှောနေပြီး လောကကြီးကို မေ့မြောနေကြချိန်မှာ အညာကို စ၍ ကိုင်သည်။ မိန်းကလေး၏ နောက်ကျောကို ဖြစ်စေ၊ လည်ပင်းကို ဖြစ်စေ ဓားမြှောင်ဖြင့် ထောက်ကာ ကြိမ်းမောင်းခြိမ်းခြောက်ပြီး ပါလာသမျှ အကုန် လုယက် ထွက်ပြေးသွားလေ့ ရှိသည်။

သည်လို လုယက်နေသည့်ကြားထဲမှာပင် အတွဲတွေကလည်း ကွင်းပြင်ထဲမှာ ပျားပန်းခပ်မျှ သွားလာလှုပ်ရှားနေကြသည်။

တချို့က အန္တရာယ်ကို မသိကြသောကြောင့် လွတ်လပ်သည့်အထင်ဖြင့် ရောက်ရှိလာကြသော်လည်း တချို့က ရာဂမီးတောက်လောင်မှုကြောင့် ဖြစ်ချင်ရာဖြစ် ဖွတ်နစ်ပြီး ရောက်ရှိလာကြသည်။

ဘယ်နည်း ဘယ်ပုံဖြင့် ရောက်လာလာ တစ်ကိုယ်တော် မိုက်ခဲကတော့ သူ့စားကျက်ထဲ ရောက်လာကြသော အတွဲများကို သားကောင်များအဖြစ် သတ်မှတ်ကာ စိတ်ကြိုက်ရွေးချယ်လုယက်နေမြဲပင်။

တစ်ကိုယ်တော် မိုက်ခဲက အတွဲတွေကို လုယက်နေသော်လည်း မိန်းကလေးကို ဗလက္ကာရ အဓမ္မပြုကျင့်ရိုး ထုံးစံမရှိခဲ့။ သူက ရွှေငွေများကိုသာ လုယက်လေ့ရှိသည်။

သို့သော် နေ့ခင်းကြောင်တောင်ကြီးတွင် လုယက်မှုကျူးလွန်သောအခါ ဗလက္ကာရ အမှုပါ ကျူးလွန်လာသည်။

ကိုယ်ပိုင် ကားနှင့် လာသည့်အတွဲ။ ကားထဲမှာ ကဲချင်တိုင်းကဲနေကြသည်မှာ မှန်တိုင်းအောက်က ကားပမာ၊ ကားမှာလည်း လှုပ်ယမ်းလွန်းလှသည်။ ချိုင့်ဝှမ်းတွေ ထူပြောသည့် လမ်းကြောင်းကိုမောင်းနေသည့်ကားပမာ ကားမှာ နိမ့်ချည်မြင့်ချည် ခုန်ပေါက်နေသည်။ ညည်းသံရှာသံတွေကလည်း ရာဂကာမစိတ်ကို ထကြွလာစေသည်။

ဤသည်ကို ကားဘေး၌ ရောက်နေသော တစ်ကိုယ်တော် မိုက်ခဲက အားကျလာသည်။ တံတွေးကို ခဏခဏ မျိုချကာ မရိုးမရွခံစားလာရသည်။ ကားထဲမှအတွဲ ငြိမ်သက်သွား



www.burmeseclassic.com

www.burmeseclassic.com



တော့ ကားလည်း လှုပ်ယမ်းမှု မရှိတော့ဘဲ ကျန်ခဲ့ရသွားသည်။

တစ်ကိုယ်တော် မိုက်ခဲက ကားဘီးတွေကို လေလျှော့လိုက်သော်လည်း ကားထဲမှ အတွဲက ပင်ပန်းနွမ်းနယ်သွားဟန်ဖြင့် အိပ်မောကျနေကြသည်။

သည်တော့မှ မိုက်ခဲက တံခါးခေါက် နိုးလိုက်လေရာ အမျိုးသားက ကားတံခါးကို ဖွင့်အကြည့် မိုက်ခဲက ထိုအမျိုးသား၏ ဖက်ပိုးကို လက်ဝါးစောင်းဖြင့် ခပ်ပြင်းပြင်း ရိုက်ချလိုက်ရာ အမျိုးသားမှာ သတိလစ်သွားသည်။

မိုက်ခဲက ကားထဲမှ အမျိုးသမီးကို ကြည့်လိုက်သောအခါ ဘာအဝတ်အစားမျှ မရှိဘဲ ဝတ်လစ်စလစ်ဖြစ်နေလေရာ ကားအပြင်မှာကတည်းက ကာမရာဂနိုးကြွနေသော မိုက်ခဲသည် ထိုအမျိုးသမီးကို စိတ်ကြိုက် ပြုကျင့်လိုက်ပါတော့သည်။

အားကျေကျေနပ် သွားပါလေမှ တွေ့သမျှ ရွှေငွေများကို ယူဆောင်သွားခဲ့သည်။

အမျိုးသားရော အမျိုးသမီးပါ သတိပြန်ရလာကြသော

# ရဲတပ်ဖွဲ့က ဝပ်ကင်းလှည့်ကင်း မချသည့်နေ့ဆိုလျှင် တစ်ကိုယ်တော် မိုက်ခဲက ပေါ်ထွက်လာပြီး အစွမ်းပြလေ့ ရှိနေခဲ့သည်။

အခါ ယူကျုံးမရဖြစ်ကြကာ ငိုရှိုက်ကြရုံမှတစ်ပါး ဘာမျှမတတ်နိုင်ကြတော့။

သို့သော် ရဲစခန်းတွင် အမှုမဖွင့်ကြဘဲ သဲလွန်စပေးသွားကြသည်။ လုယက်သူက ခေါင်းစွပ်အနက်ရောင်ကို စွပ်ထားသည်။ အရပ်က ၅ ပေခွဲသာသာ၊ ဂင်တိုတို၊ အသားညိုညို အသက် (၄၀) ဝန်းကျင်၊ ဆံပင်မတိုမရှည်၊ လေသံက စူးရှရှ သည်မျှသာ သိရသည်။

စခန်းမှူး ရဲအုပ် သက်မောင် အမှုတွဲများကို ဖတ်နေရင်းက ရင်ထဲမှာ ခံပြင်းလွန်းမက ခံပြင်းလာသည်။

သက်ဆိုင်ရာ အနီးပတ်ဝန်းကျင် ရပ်ကွက်များမှ ရယက အဖွဲ့ဝင်များနှင့် ဝပ်ကင်းလှည့်ကင်းတွေကို ပူးပေါင်းစောင့်ကြပ်ဆောင်ရွက်ခဲ့သည့် ညတွေမှာ တစ်ကိုယ်တော် မိုက်ခဲက ကိုယ်ပျောက်ဝိဇ္ဇာ ဖြစ်နေလေသည်။

ရဲတပ်ဖွဲ့က ဝပ်ကင်းလှည့်ကင်း မချသည့်နေ့ဆိုလျှင် တစ်ကိုယ်တော် မိုက်ခဲက ပေါ်ထွက်လာပြီး အစွမ်းပြလေ့ရှိနေခဲ့သည်။

သည်တော့ ရဲအုပ် သက်မောင် စဉ်းစားရလေပြီ။ ခံပြင်းနေသည့်ကြားမှ ရဲတပ်ဖွဲ့ကို ကျီစားသလိုလို၊ မခန့်လေးစားလုပ်နေသလိုလို၊ လှည့်စားကစားနေသော မိုက်ခဲကို အမိအရဖမ်းဆီးကာ ဥပဒေစက်ကွင်းထဲ ဆွဲသွင်းချင်စိတ်က ပြင်းပြလွန်းမက ပြင်းပြလာသည်။

ရဲအုပ် သက်မောင်က



www.burmeseclassic.com

www.burmeseclassic.com



သွေးအေးအေးထားကာ စဉ်းစားဖန်များလာသောအခါ သဘာဝယုတ္တိနှင့် အာဂမယုတ္တိကို သတိရလာသည်။ ဒဿနိကဗေဒ၊ အတွေးအခေါ် ဘာသာရပ်ဖြင့် ဘွဲ့ရယူခဲ့သောကြောင့်လည်း ခြုံငုံစဉ်းစားနေမိသည်။ ထိုသို့ စဉ်းစားကြည့်ရှုမှုကြောင့် ခွဲခြမ်းစိတ်ဖြာ အဖြေရှာရန် လမ်းစရလာသည်။ အသိဉာဏ် ပွင့်လာသည်။

ရဲတပ်ဖွဲ့က ဝပ်ကင်း၊ လှည့်ကင်းများဖြင့် လှုပ်ရှားသည့်နေ့တိုင်းတွင် မိုက်ခဲက ပြစ်မှုမကျူးလွန်ဘဲ ငြိမ်သက်နေလေ့ရှိသည်။ ရဲတပ်ဖွဲ့က ဘာမျှ မလှုပ်ရှားသောနေ့တွင်မှ မိုက်ခဲက ပြစ်မှုကျူးလွန်လေ့ရှိခဲ့သည်။ ဒါက ဘာသဘောလဲ။ စီမံချက်ရှိလျှင်လည်း အနီးကပ်ဆုံး ရပ်ကွက်များမှ ရယကအဖွဲ့ဝင်များ၏ အကူအညီကို တောင်းခံရလေ့ရှိသည်။

သည်တော့ကာ ရဲတပ်ဖွဲ့ဝင်တွေထဲမှာ မိုက်ခဲ၏ သူလျှိုဒလန်တွေ ရှိနေသလား။ ဒါမှမဟုတ် သူ့လူ ကိုယ့်ဘက်သား ရိုက်စားလုပ်နေကြသည့် သတင်းပေးအင်ဖော်မာတွေ ရှိနေလေရော့သလား။ စဉ်းစားလေလေ ခေါင်းခဲလေလေ ဖြစ်နေရသူက စခန်းမှူး ရဲအုပ်သက်မောင်။

သေချာတာကတော့ ရဲတပ်ဖွဲ့၏ လှုပ်ရှားမှုကို ကြိုတင်၍ သိနေသူထဲက ဖြစ်နိုင်ချေရှိသည်။ ရဲတပ်ဖွဲ့ဝင်များနှင့် အနီးကပ် ပေါင်းသင်းနေသူများထဲမှ မင်းသားခေါင်း စွပ်ထားသည့် ဘီလူးတစ်ကောင်ကောင် ဖြစ်နိုင်ချေရှိသည်ဟုလည်း ရဲအုပ်သက်မောင်က ခန့်မှန်းစိစစ် သုံးသပ်နေလေသည်။

✽✽✽✽✽

"တီတီ ..တီတီ ..တီတီ ..တီတီ ..တီတီ"

ရဲအုပ်သက်မောင် တွေးတောစဉ်းစားနေဆဲမှာပင် တယ်လီဖုန်းသံက ဆူညံလာသည်။ (ထိုအချိန်က လက်ကိုင်ဖုန်းများ လုံးဝမရှိသေးပါ။) အလုပ်ရှုပ်နေသည့်ကြားထဲကပင် ရဲအုပ်သက်မောင်က စိတ်မပါ လက်မပါဘဲ ဖုန်းကိုကောက်ကိုင်လိုက်သည်။

"ဟဲလို ကျွန်တော် စခန်းမှူး ရဲအုပ် သက်မောင်ပါ။ ကျွန်တော်ဘာများကူညီပေးရမလဲခင်ဗျာ။ ဩော် ကိုပြည့်စုံအောင်လား၊ ဆို ..ဘာကိစ္စရှိလို့လဲ။ အချိန်ရပါတယ်။ အားပါတယ်။ လာခဲ့မယ်လေ။ ဒကာတော် ရေမြေ့ရှင်က မေတ္တာရပ်ခံဖိတ်ခေါ်နေမှတော့လာရမှာပေါ့ဗျာ။ စိတ်ချ၊ စောင့်နေ၊ ဆက်ဆက် လာခဲ့ပါ့မယ်"

စခန်းမှူး ရဲအုပ်သက်မောင်က ပြည့်စုံအောင်၏ ဖိတ်ခေါ်ချက်အရ 'ရသာရုံ' စားသောက်ဆိုင်သို့ လာခဲ့ပါမည်ဟု ကတိပေးလိုက်သည်။ ပြည့်စုံအောင်ဆီမှ မိုက်ခဲ၏ သတင်းအစအနကို ရနိုင်သည်ဟုလည်း မျှော်လင့်ထားသည်။

ပြည့်စုံအောင်က တစ်ကိုယ်ရေတစ်ကာယ၊ လူပျိုကြီး။ စီးပွားရေးကလွဲ၍ ဘာကိုမျှ စိတ်မဝင်စားသူ၊ တိုးတိုးတိတ်တိတ် ရွှေပေါင်ခံသည်။ ပစ္စည်းအပေါင်ခံသည်။ ငွေတိုးချေးစားသည်။ အပေါင်းအသင်းဆံ့သည်။ ရပ်ကွက်ထဲရှိ သာရေး နာရေး မှန်သမျှ၊ အမြဲတမ်း ကူညီပံ့ပိုးပေးလေ့ရှိရာ လူချစ်လူခင်များလှသူဖြစ်သည်။

ထို့ကြောင့်လည်း ရဲအုပ်



www.burmeseclassic.com

www.burmeseclassic.com



သက်မောင်သာမက ရဲတပ်ဖွဲ့ဝင်တိုင်းနှင့် ခင်မင်ရင်းနှီးနေသူ ဖြစ်သည်။ ပြည့်စုံအောင်က ရဲအုပ်သက်မောင်ကိုတော့ ပို၍ခင်မင်ရင်းနှီးဟန်ရှိသည်။ ရာထူးကြောင့်လည်း ဖြစ်နိုင်သည်။

ရဲအုပ် သက်မောင်ကတော့ လူမှုရေးအရရော၊ ရဲလုပ်ငန်းတာဝန်အရပါ အင်ဖော်မာလိုသဘောထားကာ ပြည့်စုံအောင်ကို ပေါင်းသင်းနေခြင်း ဖြစ်သည်။

ယခုလို တစ်ကိုယ်တော် မိုက်ခဲအတွက် ခေါင်းခဲနေချိန်တွင် ပြည့်စုံအောင်က ဖိတ်ခေါ်လိုက်ရာ ရဲအုပ်သက်မောင်က သတင်းရလိုရငြား စိတ်ဖြင့် လာခဲ့ပါမယ်ဟု ကတိပေးလိုက်ခြင်း ဖြစ်သည်။

ကတိပေးထားသည့်အတိုင်းလည်း 'ရသာရုံ' စားသောက်ဆိုင်သို့ ဆိုင်ကယ်ဖြင့် ထွက်ခဲ့သည်။

စားသောက်ဆိုင်ရောက်တော့ ပြည့်စုံအောင်က အဆင်သင့် စောင့်ကြိုနေသည်။

''ကျွန်တော်လဲ တစ်ယောက်တည်း ပျင်းနေတာနဲ့ ဆရာ့ကို သတိရပြီး လှမ်းခေါ်လိုက်တာပါ။ ကဲ ... ဆရာ ကြိုက်တာသာမှာပြီး စိတ်ကြိုက် သုံးဆောင်ပါ။ ဘာမှအားမနာနဲ့နော်''

''ရပါတယ်ဗျာ၊ ကိုပြည့်စုံအောင် ကြိုက်တာကို ကျွန်တော်လဲ ကြိုက်ပါတယ်။

''ဒါကြောင့် ဆရာ့ကို ကျွန်တော်က တခြားသူတွေထက် ပိုခင်နေရတာ။ ဆရာနဲ့ ကျွန်တော်က စိတ်ချင်းဆက်နေသလိုပဲ .. ဟဲ ဟဲ''

ပြည့်စုံအောင်က ဘလက်လေဘယ် တစ်ပုလင်းနှင့် ကြက်ကြွပ်ကြော်၊ ဆိတ်မွကြော်၊ ပုစွန်အစိမ်းသုပ်မှာလိုက်သည်။

စားရင်း သောက်ရင်း စကားလက်ဆုံ ကျသွားရာမှ တစ်ကိုယ်တော် မိုက်ခဲ အကြောင်း ရောက်သွားကြသည်။

''ဘယ်လိုလဲ ဆရာ သမားရဲ့ တစ်ကိုယ်တော် မိုက်ခဲက ပိုပြီး အတင့်ရဲလာပါလား။ ဟုတ်မဟုတ်တော့ မသိဘူး။ ရွှေကိုယူသည်၊ ငွေကိုယူသည်။ လူကိုယူသည်လို့တောင် အဆင့်က တက်လာပါလား''

''ခင်ဗျား ဘာတွေကြားထားလို့လဲ''

''ဘူးတစ်ရာ အပေါက်ကို ပိတ်လို့ရပေမယ့် ပါးစပ်တစ်ပေါက်ကို ပိတ်လို့ မရဘူးဆရာ။ ဈေးထဲမှာ ဆရာတို့ ရဲစခန်းဝင်းထဲက အိမ်ထောင်သည် အမျိုးသမီးက ဈေးဝယ်ရင်း ကြက်သားသည် ဒေါ်မြကို ပြောသွားတာတဲ့။ အဲဒီ ဒေါ်မြက ဖွလိုက်တာ ပါးစပ်သတင်း အရပ်သတင်းက ပြန့်နေပြီဆရာ''

''စကားတွေက ကားလွန်းနေတာပါဗျာ။ ပြောဆိုနေကြသလို၊ မဟုတ်ပါဘူး။ သူတို့ပြောသလို ဟုတ်နေရင် ကာယကံရှင်တွေက အမှုဖွင့်မှာပေါ့ဗျာ''

ရဲအုပ် သက်မောင်က မလွှဲမရှောင်သာဘဲ မုသားစကားပြောလိုက်ရသည်။ ပြည့်စုံအောင်က ခေါင်းတညိတ်ညိတ်ဖြင့် ပြုံးနေလေသည်။

စကားပြတ်သွားကြပြီး အတွေးကိုယ်စီဖြင့် သောက်စားနေကြရင်းက ပြည့်စုံအောင်က စကားပြန်စသည်။

''ကျွန်တော်လဲ ရဲတပ်ဖွဲ့ဝင်တွေကို ကိုယ်ချင်းစာပါတယ်။ မိုက်ခဲကြောင့် အလုပ်ပိုလဲ



www.burmeseclassic.com

www.burmeseclassic.com





ရှုပ် နာမည်လဲ ပျက်ရတယ် မဟုတ်လား။ ဆရာတို့ ရဲတပ်ဖွဲ့ဝင်တွေမှာ နတ်မျက်စိရှိတာ မဟုတ်တော့ မိုက်ခဲကို ချက်ချင်း ဖမ်းဆီးနိုင်ဖို့ဆိုတာ ဘယ်မှာ လွယ်ပါ့မလဲ ဆရာ''

''ဒုစရိုက်သမားနဲ့ ဥပဒေသမား လှည့်စားမှုပြိုင်ပွဲမှာ ဥပဒေသမားက အမြဲတမ်းနိုင်စမြဲပါ။ အနေးနဲ့အမြန်ပဲရှိပါတယ်။ ဒုစရိုက်သမားက အဓမ္မသမား၊ ဥပဒေသမား၊ ဥပဒေဘက်တော်သားတွေက ဓမ္မသမား၊ အဓမ္မဟာဓမ္မကို လှည့်စားနိုင်ရင် ခဏတာပါ ကိုပြည့်စုံအောင် စောင့်ကြည့်နေပါ။ မကြာခင်မှာတော့ ဒီကောင့်ကို ကျွန်တော် ကိုယ်တိုင် ဖမ်းပြပါမယ်''

''ဆရာ့ သတ္တိကိုတော့ ကျွန်တော် ကြိုက်သွားပြီ။ လိုအပ်ရင် ကျွန်တော့်ကိုလဲ အသုံးချနိုင်ပါတယ် ဆရာ။ ဒီကောင့်ကို မြန်မြန်မိစေချင်တယ်။ ဒါမှ အတွဲတွေခမျာ လွတ်လွတ်လပ်လပ် ပျော်ပါးနိုင်ကြမှာပါ ဆရာ''

''ဘာလဲ လူပျိုကြီးမှာလဲ တွဲရမယ့်သူရှိနေပြီလား''

''လူပျိုကြီးဘဝနဲ့ အေးအေးဆေးဆေးနေပါရစေ။ အပူမရှာပါရစေနဲ့ ဆရာ။ ဒီအတိုင်း အခုလို စိတ်အေးလက်အေးနေရတာ ဘယ်လောက်ကောင်းလဲ ဟဲ ဟဲ ဟဲ''

ပြည့်စုံအောင်က သူ့အပြောကို သူသဘောကျသွားသည်။ ရဲအုပ်သက်မောင်က တစ်ကျိုက် မော့သောက်လိုက်ပြီး ဆက်ပြောသည်။

''ခင်ဗျားရဲ့ အပေါင်ခံလုပ်ငန်းက တော်တော်အဆင်ပြေနေတယ် မဟုတ်လား''

''ပြေတော့ ပြေပါတယ် ဆရာ။ ဒါပေမယ့် ဆရာတို့ သတိပေးထားလို့ ခိုးရာပါပစ္စည်း မတော်တရော် ပစ္စည်းတွေကို လက်မခံမိအောင် တော်တော် သတိထားနေရတယ်''

''သတိ ထားတာ ကောင်းတာပေါ့ဗျာ။ ငွေလဲကုန်သေး၊ အမှုပတ်လဲ ခံရသေး၊ ဒုက္ခက မသေးဘူးဗျ။ ပြီးတော့ ခင်ဗျား လုပ်နေတဲ့ အပေါင်ခံတာတို့၊ ငွေတိုးချေးစားတာတို့က တရားဝင်ခွင့်ပြုချက်နဲ့ လုပ်နေတာ မဟုတ်ဘူးလေ။ တရားဝင်ခွင့်ပြုချက်နဲ့ လုပ်နေကြတဲ့ အမိန့်ရအပေါင်ဆိုင်တွေက သိသွားရင် ပြဿနာတက်နိုင်တယ်။ အခုတော့ မြို့သစ်တည်ခါစမို့ မသိမသာ နေကြတာပါ''

''ကျွန်တော်လဲ သဘောပေါက်တယ် ဆရာ။ ဆရာတို့က နားလည်မှုနဲ့ ကျွန်တော့်



www.burmeseclassic.com

www.burmeseclassic.com



ကို ကြည့်ရှုစောင့်ရှောက်နေတာကို အထူးပဲကျေးဇူးတင်နေတာပါ ဆရာ။ ဒါကြောင့် ဆရာတို့လိုအပ်တာမှန်သမျှ ကျွန်တော် ကူညီဖို့ အသင့်ပါဆရာ”

“ရပါတယ်ဗျာ။ ကျွန်တော်တို့ရဲတပ်ဖွဲ့က ပြည်သူ့ဝန်ထမ်းတွေပါ။ ကိုပြည့်စုံအောင် တစ်ယောက်တည်းကို မဟုတ်ဘူး။ ပြည်သူအားလုံးကို ကူညီကြရမှာက ကျွန်တော်တို့ရဲတပ်ဖွဲ့ရဲ့ တာဝန်ပါ။ ကဲ … စားလို့သောက်လို့ကလဲကောင်း၊ စကားပြောလို့လဲ ကောင်းပေမယ့် တာဝန်ကရှိသေးလို့ ကျွန်တော့်ကို ခွင့်ပြုဦးဗျာ”

“သြော် … ဟုတ်ကဲ့ … ဟုတ်ကဲ့ ခုလိုလာပြီး ချီးမြှင့်လို့ ကျေးဇူးပါပဲဆရာ၊ ကျွန်တော်တော့ ကျန်ခဲ့ဦးမယ်”

ရဲအုပ် သက်မောင်က ပြည့်စုံအောင်ကို နှုတ်ဆက်ကာ ရဲစခန်းသို့ ပြန်လာခဲ့လေသည်။

“အနီးဆုံးမို့ မမြင်ရပါ။ အဲဒါ ဘာလဲကွာ”

လက်ဖက်ရည်ဆိုင်ထဲတွင် လူငယ်သုံးဦး စကားထာဝှက်နေကြသည်ကို ရဲအုပ်သက်မောင်က ကြားနေရသည်။ စိတ်လည်း ဝင်စားသွားသည်။

လူငယ် တစ်ယောက်မေးနေသည်။ လူငယ် နှစ်ယောက်က စဉ်းစားနေကြသည်။

“ဖြေနိုင်ရင် ဒီဝိုင်းကို ငါဒကာခံမယ်။ မဖြေနိုင်ရင် မင်းတို့က ငါ့ကို ဒကာခံရမယ်။ စဉ်းစားကြပေါ့ကွာ”

“အနီးဆုံးမို့ မမြင်ရပါဆိုတာက ဘာက အနီးဆုံးလဲ၊ ဘာကို ဘာက မမြင်ရတာလဲ၊ မရှင်းဘူးကွာ”

“ရှင်းမှဖြင့် စကားထာဘယ်မှာဟုတ်တော့မလဲကွ။ ဒါကြောင့် ရှုပ်နေတာကို ရှင်းအောင် ရှင်းခိုင်းနေတာပေါ့ကွာ။ ဉာဏ်ရည်ဉာဏ်သွေးကောင်းဖို့တော့ လိုတယ်နော။ စဉ်းစားကြပေါ့ကွာ”

ရဲအုပ် သက်မောင်က လူငယ်ချင်း ပြောဆိုနေကြသည်ကို ပို၍ စိတ်ဝင်စားလာသည်။ သူလည်း လူငယ်တွေနှင့် အပြိုင်ပင် ဝင်၍ စဉ်းစားနေမိသည်။

“အနီးဆုံးမို့ မမြင်ရပါတဲ့။ ဘာနဲ့ဘာက အနီးဆုံးလဲ ဘာကြောင့် မမြင်ရတာလဲ။ မျက်စိရှိရင် မြင်ရမှာပေါ့။ အကန်းကလွဲလို့ ကြည့်သမျှ မြင်ကြရမှာပဲ။ ငါ့ မျက်စိရှေ့မှာ ငါနဲ့အနီးဆုံးတွေရော ခပ်လှမ်းလှမ်းကိုပါ ငါမြင်တွေ့နေတာပဲ”

ခေါင်းထဲမှာ တဝဲလည်လည်ဖြစ်နေစဉ် ကျန်လူငယ် နှစ်ယောက်က ဘွာခတ်လိုက်ကြသည်။ မဖြေနိုင်သောကြောင့် အရှုံးပေးလိုက်ရသည်။

သည်တော့မှ စကားထာဝှက်သူ လူငယ်က အောင်နိုင်သူကြီးပမာ ရင်ကော့ကာ အဖြေကို ပြောလိုက်သည်။

“အနီးဆုံးမှာ နေပြီး မမြင်ရတာက မင်းတို့ နားရွက်တွေပေါ့ကွာ။ မင်းတို့ နားရွက်တွေကို မင်းတို့ မြင်ရလို့လား။ မျက်စိနဲ့နားဟာ အနီးကပ်ဆုံးမှာ ရှိနေပါရက်နဲ့ ဘယ်သူမှ မမြင်ရဘူး။ မြင်ချင်ရင်တော့ မှန်ကြေးမုံထောင်ပြီး ကြည့်မှပဲ မြင်ရတော့တယ်ကွ”

“ဒါတော့ မင်းပြောမှလားကွ။ မှန်ထောင်ကြည့်ရင်တော့ အကုန်မြင်ရတာပေါ့”

“အကုန်တော့ မမြင်



www.burmeseclassic.com

www.burmeseclassic.com



ရပါဘူးကွာ။ အနီးဆုံးဖြစ်တဲ့ နားကိုမြင်ရပေမယ့် နောက်စိကို မမြင်ရဘူးကွ။ နောက်စိကို ပါမြင်ချင်ရင်တော့ မှန်တွေလေးဖက်လေးတန်မှာရှိတဲ့ ဆံပင်ညှပ်ဆိုင်တွေနဲ့ အလှပြင်ဆိုင်တွေကိုသွား အားလုံး မြင်ရတယ်''

လူငယ်လေးတွေ၏ စကားသံတွေက ရဲအုပ် သက်မောင်၏ နှလုံးသားကို ရိုက်ခတ်လှုပ်ရှားသွားသည်။ တိမ်ငုပ်နေသော အသိစိတ်ကို လှုပ်နှိုးလိုက်သည့်နှယ် ကြည်နူးခံစားလိုက်ရသည်။

''တစ်ကိုယ်တော် မိုက်ခဲဟာ ဒီအနီးအနား တစ်ဝိုက်မှာပဲရှိရမယ်။ တို့ မျက်စိရှေ့မှာပဲရှိနေတာဖြစ်မယ်။ ဒါကြောင့် မရိပ်စားမိတာလား။ နောက်ပြီး သူက ရဲတပ်ဖွဲ့ရဲ့ လှုပ်ရှားမှုတွေကို ကြိုသိနေသလိုဖြစ်နေတာက ရဲတပ်ဖွဲ့ရဲ့ရှေ့မှာ ခြေတစ်လှမ်းသာနေလို့ပဲ။ ဒါကြောင့်သူ့ကို မမိတာ။ မိုက်ခဲဟာ ဘယ်သူလဲ၊ ဘယ်သူဖြစ်နိုင်ခြေရှိလဲ''

ရဲအုပ်သက်မောင် တွေးတော စဉ်းစားနေစဉ်မှာပင် ရယကအဖွဲ့ဝင်များနှင့်အတူ ပြည့်စုံအောင်တို့တစ်သိုက် လက်ဖက်ရည်ဆိုင်ထဲသို့ ဝင်ရောက်လာကြသည်။ ပြည့်စုံအောင်ကပင် စတင် နှုတ်ဆက်သည်။

''ဟာ စခန်းမှူးကြီး တစ်ယောက်တည်းပါလား၊ ဘယ်သူနဲ့ ချိန်းထားလို့လဲ ဆရာ''

''ဘယ်သူနဲ့မှ ချိန်းထားတာမဟုတ်ပါဘူးဗျာ။ သူငယ်ချင်းတစ်ယောက်ကို လိုက်ပို့ရင်း ဆိုင်ထဲမှာနေရစ်ခဲ့တာပါ။ ခင်ဗျားတို့အဖွဲ့ကကော ဘာတွေ လှုပ်ရှားနေကြတာလဲ''

''လမ်းပြင်ဖို့ရယ်၊ လမ်းမီးတွေ တပ်ဖို့ရယ်၊ ငွေလိုလို့ အလှူငွေ လှည့်ကောက်ခံနေကြတာပါ။ အလှူငွေကျပ်တစ်သိန်းတိတိ မတည်လှူဒါန်းသူကတော့ ဆရာ့ သူငယ်ချင်း စေတနာရှင်ကြီး ကိုပြည့်စုံအောင်ပါ ဆရာ''

''ဟုတ်လား ကိုပြည့်စုံအောင်က ဝင်ငွေ ကောင်းနေတော့ လှူနိုင်တာပေါ့ဗျာ။ သာဓုခေါ်ပါတယ် ကိုပြည့်စုံအောင်''

ရယက အဖွဲ့ဝင် တစ်ယောက်ကဝင်၍စကားထောက်ပေးလိုက်လေရာ ရဲအုပ် သက်မောင်က သာဓုခေါ်လိုက်သည်။

အခြားသော ရယက အဖွဲ့ဝင် တစ်ယောက်ကလည်း ပြည့်စုံအောင်ကို ချီးမြှောက် အမွှမ်းတင်လိုက်ပြန်သည်။

''စခန်းမှူးကြီးရေ ... ဆရာ့ သူငယ်ချင်းကတော့ လှူရေးတန်းရေး ငွေကြေးကိစ္စတွေသာမကဘူး ရပ်ကွက်လုံခြုံရေး လှုပ်ရှားမှုတွေမှာပါ စိတ်ပါလက်ပါ ကူညီနေတာဆရာ''

''သူက တစ်ကိုယ်တည်း လူပျိုကြီးဆိုတော့ အချိန်ပေးနိုင်လို့ နေမှာပေါ့ဗျာ''

''တချို့က အချိန်ပေးနိုင်ကြပေမယ့် ဝါသနာက မပါတော့ မကူညီကြပါဘူးဆရာ''

''အင်း ... ဒါလဲ ဟုတ်တယ်ဗျ။ ကျွန်တော်တို့ ရဲတပ်ဖွဲ့ကိုလဲ သူက အမြဲတမ်း ကူညီနေတာဗျ''

''ကိုပြည့်စုံအောင်ရေ စခန်းမှူးကြီးကလဲ ခင်ဗျားကို တော်တော်အားပေးချီးမြှောက်နေပါလား။ ဒီတော့ကာ ဒီဝိုင်းကို ခင်ဗျားပဲ ဒကာခံလိုက်ပါတော့ဗျာ''

''ဒါလေများ အဲဒါ



www.burmeseclassic.com

www.burmeseclassic.com



လေးထား အသေးအမွှားလေးပါ ဆရာတို့ရယ်. . . ဟဲ ဟဲ ဟဲ''

ပြည့်စုံအောင်က အားလုံးက သူ့ကို ဝိုင်းဝန်းချီးမွမ်းခန်း ဖွင့်နေသောကြောင့် သွားကြီးတဖြဲဖြဲ တဟဲဟဲနှင့် သဘောကျကျေနပ်နေလေသည်။

✿✿✿✿✿

''ညက အတွဲတစ်တွဲ ဓားခွဲခံလိုက်ရတယ်တဲ့''

''ဟုတ်ပါ့အေ၊ မိန်းကလေးရဲ့ ဆွဲကြိုးကိုလုတာ မရတာနဲ့ မိန်းကလေးရဲ့ မျက်နှာကို ဓားနဲ့ ခွဲသွားတာတဲ့''

''ယောကျ်ားလေးကလဲ လုတဲ့လူကို ပြန်ထိုးတာ လုတဲ့လူလဲ ကွဲပြဲသွားတယ်တဲ့၊ ဘာမှ မရဘဲ ထွက်ပြေးသွားတယ်တဲ့။ ညက ရဲစခန်းမှာ ရဲတွေ အလုပ်ရှုပ်ကုန်တယ်တဲ့''

''ရှုပ်တာ နည်းသေးတယ်။ ရဲစခန်းနဲ့ မနီးမဝေးမှာ မကြာခဏ လုယက်မှုဖြစ်ပွားနေတာ ရဲတွေညံ့လို့ပေါ့ဟယ်''

''ဟဲ့---တိုးတိုးပြောပါ။ ငါ့ အထင်တော့ ရဲတွေညံ့တာ မဟုတ်ဘူး။ အဲဒီ လုယက်နေသူဟာ ရဲတွေနဲ့ နီးစပ်နေသူဖြစ်ရမယ်။ ဒါမှမဟုတ်. .''

''ဘာ ဒါမှမဟုတ်လဲ ဆက်ပြောပါဦး''

''ရဲတွေထဲက တစ်ယောက်ယောက်ကများ ထွက်လုနေလားမှ မသိတာ''

**စခန်းမှူး ရဲအုပ် သက်မောင် ရင်မော သွားရလေပြီ။ အစဉ်းစားရ ကျပ်သွားသည်။**

ဈေးထဲမှာ သတင်းတွေက ပြန့်နေသည်။ ရဲတပ်ဖွဲ့ကိုပင် အထင်သေး၊ အမြင်သေး၊ ကဲ့ရဲ့ရှုတ်ချလာသည်။ ကဲ့ရဲ့ရှုတ်ချစရာ ကောင်းသည့်အခြေအနေကိုလည်း ဆိုက်ရောက်လာသည်။ မပြေးသော် ကန်ရာရှိ၊ တန်ပါအမိ၊ မဘို့မယ်ကိန်းဆိုက်နေသည် မဟုတ်ပါလား။

အချင်းဖြစ်ပွားသည့် ညတွင်းချင်းပင် အလုခံရသော အတွဲက အမှုလာဖွင့်သည်။ ပါးတွင် ဓားဒဏ်ရာရသွားသော မိန်းကလေးကို ဆေးစာနှင့်အတူ ဆေးရုံသို့ ပို့ပေးခဲ့သည်။

နောက်တစ်နေ့တွင် နယ်ထိန်းအားလုံးကိုခေါ်ကာ ရပ်ကွက်များ ဈေးများနှင့် စားသောက်ဆိုင်များတွင် အသွင်ယူ၍ စုံစမ်းစေခဲ့သည်။ လုယက်ထွက်ပြေးသူမှာ ဒဏ်ရာရသွားကြောင်းကိုလည်း နီးစပ်ရာရယကများကို လှို့ဝှက်အသိပေးကာ စုံစမ်းစေခဲ့သည်။

တစ်မြို့နယ်လုံးရှိ ကျော်စောသတင်းရှိသူများကို ပိုက်စိပ်တိုက်ရှာဖွေ စုံစမ်းခဲ့ကြရာ မျက်နှာနှင့် ခြေလက်တို့တွင် ဒဏ်ရာရထားကြသူ သုံးဦးပေါ်လာသည်။ ထိုသုံးဦးကိုရဲပရိယာယ်ဖြင့် စစ်ဆေးကြည့်ကြရာ သုံးယောက်စလုံးမှာ ခိုင်လုံသော သက်သေအလီဘိုင်တွေ ကိုယ်စီ



www.burmeseclassic.com

www.burmeseclassic.com



ရှိနေကြသည်။ သက်ဆိုင်ရာရယကအဖွဲ့တွေကလည်း ဘာကြောင့် ဒဏ်ရာရခဲ့ကြသည်ကို မှတ်တမ်းများနှင့်ရှင်းပြကြသည်။

စခန်းမှူး ရဲအုပ် သက်မောင် ရင်မောသွားရလေပြီ။ အစဉ်းစားရ ကျပ်သွားသည်။ နယ်ကျော်ပြီး ကျူးလွန်နေသူများလားဟု တွေးတောနေမိသည်။

ထိုသို့တွေးတော စဉ်းစား အကြံအိုက်နေချိန်တွင် ရဲအုပ်သက်မောင်ဆီသို့ သတင်းကောင်း တစ်ရပ်က မထင်မှတ်ဘဲ ဆိုက်ရောက်လာသည်။

"အရက်မူးပြန်လာတဲ့ ပြည့်စုံအောင် လှေကားတက်မှာချော်လဲပြီး မျက်နှာမှာ ဒဏ်ရာရသွားလို့ အိမ်ထဲက အိမ်ပြင်တောင် မထွက်တော့ဘူး"

ထို့ကြောင့် အမာခံသတင်းပေးကို စုံစမ်းစေခဲ့ရာ ပြည့်စုံအောင်၏ မျက်နှာတွင် ညိုမည်းနေပြီး အိမ်ထဲမှာပဲ ကျိတ်ကုနေကြောင်း သတင်းရသည်။

ရဲအုပ် သက်မောင် စဉ်းစားရလေပြီ။ တိုက်ပဲတိုက်ဆိုင်လွန်းလှသည်။ လုယက်ထွက်ပြေးသူ ဒဏ်ရာရသွားသည့် ညမှာမှ ပြည့်စုံအောင်က ဒဏ်ရာရသတဲ့လား။ မူးလဲရသတဲ့လား။

နယ်ထိန်း ရဲတပ်ကြပ်ကြီးတစ်ယောက်ကိုခေါ်ပြီး ပြည့်စုံအောင် သောက်စားနေကျ "ရသာရုံ"စားသောက်ဆိုင်သို့ စေလွှတ်စုံစမ်းစေခဲ့သည်။ အချင်းဖြစ်ညက ရသာရုံစားသောက်ဆိုင်သို့ ပြည့်စုံအောင် လုံးဝမလာကြောင်းသိလိုက်ရသည်။

မြို့နယ်အတွင်းရှိ အခြား စားသောက်ဆိုင်များတွင် စုံစမ်းသော်လည်း ပြည့်စုံအောင် မလာကြောင်းသာသိရပြန်သည်။

တစ်ကိုယ်တော် မိုက်ခဲသည် ပြည့်စုံအောင်ဖြစ်နိုင်ချေရှိသည်ဟု ရဲအုပ် သက်မောင် သံသယ ဝင်လာသည်။

မျက်စိအနားက နားရွက်ပင်ဖြစ်နေသလားဟု စဉ်းစားနေမိသည်။

သည်နားရွက်ကို မြင်အောင် ကြေးမုံမှန်ပြင်နှင့်တူသော ရပ်ကွက်သူ ရပ်ကွက်သားများ အကူအညီဖြင့် ကြိုးစားရပေလိမ့်မည်။

တကယ်တော့ ရဲတပ်ဖွဲ့၏ ကြေးမုံပြင်သည် ပြည်သူများပင် မဟုတ်ပါလား။ ရယက အဖွဲ့ဝင်များပင် မဟုတ်ပါလား။ ဈေးသူ ဈေးသားများပင် မဟုတ်ပါလား။

သည်တော့ကာ ဈေးသူ ဈေးသားများ ရပ်ကွက်သူ ရပ်ကွက်သားများ ပြည်သူ ပြည်သားများကြားတွင် အမှန်ကို ရှာဖွေရတော့မည်။ တရားခံကို ထောက်လှမ်းစုံစမ်းရတော့မည်။

ရဲတပ်ဖွဲ့၏ နည်းဗျူဟာဖြင့် "တစ်ကိုယ်တော် မိုက်ခဲကို နယ်ချင်းကပ် မြို့နယ်ထဲမှာ ဖမ်းမိလိုက်ပြီ။ တခြားအမှုတွေကို စစ်ဆေးရင်းက အတွဲတွေကို လုယက်ခဲ့ကြောင်း မိုက်ခဲက ဝန်ခံလိုက်ပြီ။ အမှုဖွင့်ခဲ့ကြတဲ့ အတွဲကလည်း ဟုတ်မှန်ကြောင်း ဆွဲထုတ်ပြကြတယ်တဲ့"ဟူသော သတင်းကို ထုတ်လွှင့်လိုက်လေသည်။

ထိုသို့သော သတင်းက လူတွေ စိတ်ဝင်စားလွန်းသောကြောင့် ပြန့်လွယ်သည်။ အတွဲတွေ ဝမ်းသာသွားကြသလို ရပ်ကွက်သူရပ်ကွက်သားတွေလည်း စိတ်ချမ်းသာ သွားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ရယက အဖွဲ့ဝင်တွေကတော့ ပို ပြီး ကြည်နူးသွားကြသည်။ လေး လံလှသည့် ဝန်ထုပ်ကြီး ပခုံးပေါ်မှ ကျသွားသည့်နှယ်ပင်တည်း။

ညဘက် ထွက်နေကြသည့် အတွဲများ၏ လုံခြုံရေးအတွက် ဝပ်ကင်း၊ လှည့်ကင်းများ မလိုအပ်တော့ကြောင်း ရဲတပ်ဖွဲ့ကလည်း ရယကများကို အသိပေးကြေညာလိုက်သောအခါ အိမ်တွင်းပုန်းလုပ်နေသည့် ပြည့်စုံအောင်သည် အိမ်ပြင်သို့ ထွက်လာလေတော့သည်။ ရယက အဖွဲ့ဝင်များနှင့်လည်း သွားလာ လှုပ်ရှားလာသည်။

''ပျံလေတဲ့ ငှက်ခါးနားရင်တော့ မိရမှာပေါ့ကွာ'' ဟု ရဲအုပ် သက်မောင်က ရင်ထဲက ပဲ ကြုံးဝါးနေလိုက်တော့သည်။

❖❖❖❖❖

လမိုက်ည။

ည (၈)နာရီကျော်ခန့် အချိန်။

မီးလုံးဝမရှိသော ကွင်းပြင်ကြီးထဲတွင် အတွဲတစ်တွဲက ကဲချင်းတိုင်းကဲနေကြသည်။ ပတ်ဝန်းကျင်ကလည်း ပိန်းပိတ်အောင် မှောင်မည်းနေလေရာ ထိုအမှောင်ထက် အတွဲ၏ ကာမအမှောင်က ပို၍ လွှမ်းမိုးနေသည်။ လောကကြီးထဲမှာ သူတို့ နှစ်ယောက်တည်းသာရှိဟန်ဖြင့် အဖြစ်သည်းနေကြသည်။

''လုံးဝမလှုပ်ကြနဲ့၊ ခုခံဖို့မကြိုးစားနဲ့၊ သေသွားမယ်၊ ပါသမျှ အကုန်ထုတ်ပေး''

မမျှော်လင့် မထင်မှတ်ဘဲ ဓားဖြင့်ထောက် ခြိမ်းခြောက်သူက ဘွားခနဲပေါ်လာသည်။ အမျိုးသား၏ လည်ပင်းကို သိုင်းဖက်ကာ ခါးကြားကို ဓားမြှောင်ဖြင့် ထောက်ထားသည်။

အမျိုးသမီးက ငြိမ်နေသည်။ ဓားသမားက စိတ်မရှည်တော့။

''ဟိတ် သေချင်လို့လား၊ ပါတာတွေ အကုန်ပေး။ အချိန်ဆွဲမနေနဲ့၊ ဘယ်သူမှလာကယ်ကြမှာ မ .. ဒုတ် .. အင့် ... အား''

ဓားသမား၏ ပြောစကား မဆုံးမီမှာပင် လျှပ်တစ်ပြက် ထိုးနှက်မှုကိုခံလိုက်ရလေရာ ဓားသမားမှာ ပုံကျသွားသည်။

အမျိုးသားရော၊ အမျိုးသမီးပါ ပုံကျသွားသော ဓားသမားကို နာကြည်းချက်ပေါင်းများစွာဖြင့် စိတ်ရှိလက်ရှိ ကန်ကျောက်လိုက်ကြရာ သေလုမြောပါးပင်ဖြစ်သွားသည်။

တကယ်တော့ ထိုအတွဲက အတွဲအစစ်မဟုတ်။ အမျိုးသား နှစ်ဦးအနက် တစ်ဦးက ဆံပင်အတုနှင့် စကတ်ဝတ်ဆင်ကာ မိန်းမသဏ္ဍာန် ဟန်ဆောင်ထားခြင်းသာဖြစ်သည်။

တစ်ကိုယ်တော် မိုက်ခဲကို ထောင့်ကျဉ်းထဲ ရောက်အောင် ဟန်ဆောင် ကျုံးသွင်းလိုက်သည့်သဘောပင်။

အမျိုးသားက ဒုရဲအုပ် တင်မောင်ဆွေ။ အမျိုးသမီးအသွင်ယူထားသူက စခန်းမှူးရဲအုပ် သက်မောင်။

ဓားသမားကို လျှပ်တစ်ပြက်စတင် တိုက်ခိုက်လိုက်သူက ရဲအုပ် သက်မောင်။ ယခုတော့ တစ်ကိုယ်တော် မိုက်ခဲ လဲကျသွားလေပြီ။

ဒုရဲအုပ် တင်မောင်ဆွေက မိုက်ခဲကို လက်ထိတ်ခတ်လိုက်ပြီး စွပ်ထားသော မျက်နှာဖုံးကို ဆွဲချွတ်ကာ ဓာတ်မီးဖြင့်



www.burmeseclassic.com

www.burmeseclassic.com





ထိုးကြည့်လိုက်သည်။

သူတို့ သံသယဝင် ထင်မြင်ယူဆထားသည့် ''ပြည့်စုံအောင်''ပင်ဖြစ်နေသည်။

ဓာတ်မီးရောင်ကြောင့် ပြည့်စုံအောင် သတိရလာသည်။

''ဘယ်လိုလဲ တစ်ကိုယ်တော် မိုက်ခဲကြီးရဲ့ ခုတော့ ပြေးမလွတ်တော့ဘူးပေါ့''

ရဲအုပ် သက်မောင်က ပြည့်စုံအောင်ကို စိုက်ကြည့်ကာ [illegible]လိုက်သည်။

''ဟာ ဆရာ ဆရာ''

''ခင်ဗျား အံ့ဩသွားသလား။ ရဲနဲ့ ဒုစရိုက်သမား အားချင်းပြိုင်ရင် သမင်ဆယ်လှမ်း၊ ကျားတစ်လှမ်းလို ကွာတယ်ဆိုတာ လက်တွေ့ပဲဆိုတာ ခင်ဗျား သင်ခန်းစာယူပေတော့ ကိုပြည့်စုံအောင်။ ရေအထွက် အဝင်မရှိအောင် ကျွမ်းကျင်တတ်မြောက်လှပါတယ်ဆိုတဲ့ သိုင်းသမားဟာ လေအထွက်အဝင်နဲ့တော့ မကင်းဘူးဆိုတာ ခင်ဗျား မသေမချင်းမှတ်ထားပါ။ ခင်ဗျားဟာ ကျွန်တော်နဲ့ အရင်းအနှီးဆုံးဖြစ်ပါရက်နဲ့ ကျွန်တော်တို့ရဲတပ်ဖွဲ့ သိက္ခာကျအောင် လုပ်ရက်တယ်။ ကြံစည်ရက်တယ်ဗျာ။ ဖွတ်ထွက်မှ တောင်ပို့မှန်းသိရတာ ရင်အနာဆုံးပဲ ကဲ ... ကိုတင်မောင်ဆွဲ သွားကြမယ်''

''ကျွန်တော့် နယ်ထိန်းအဖွဲ့လာနေကြပြီ ဗိုလ်ကြီး''

''ကောင်းတာပေါ့ဗျာ''

တစ်ကိုယ်တော် မိုက်ခဲအမည်ခံ ပြည့်စုံအောင်က ခေါင်းကြီးငိုက်စိုက်ဖြင့် မိုက်နောင်တရသွားလေဟန် ငြိမ်သက်တွေဝေနေလေတော့သည်။

မောင်ငြိမ်းသူ
(ကြို့ပင်ကောက်)



www.burmeseclassic.com

www.burmeseclassic.com



# ဆုငွေချီးမြှင့်မည့် မှုခင်းပဟေဠိ

## အမှတ် (၆၉)အတွက် အောက်ပါမေးခွန်းများကို ဖြေကြည့်ပါ။

**မေးခွန်းနံပါတ် (၁)** ဝတ္ထုလေးရဲ့ ခေါင်းစဉ်ကို အနှစ်သာရရှိရှိ ဘယ်လိုပေးရင် ကောင်းမလဲ?

**မေးခွန်းနံပါတ် (၂)** တရားခံကို ဖမ်းမိရေးအတွက် ရဲတပ်ဖွဲ့ရဲ့ အဓိကနည်းဗျူဟာတွေက ဘာတွေလဲ?

**မေးခွန်းနံပါတ် (၃)** တရားခံကို ဖမ်းမိရေးအတွက် အဓိကကျတဲ့ သဲလွန်စက ဘာလဲ?

**မေးခွန်းနံပါတ် (၄)** ဒီမှုခင်းဝတ္ထုတိုကို ဖတ်ပြီး ဘာတွေ သင်ခန်းစာယူသင့်သလဲ?

| |
|---|
| အဖြေလွှာများကို သီးခြားလျှောက်လွှာဖြင့် ဖြေဆို၍ မှုခင်းရှုထောင့်ရာသစုံမဂ္ဂဇင်းရုံး (အမှတ်၉၆၊ မဟာသုခလမ်း၊ ကျိုက်တော်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ရန်ကုန်မြို့)သို့ လိပ်မူ၍ (၁၀-၈-၂၀၁၃)နေ့ နောက်ဆုံးထား၍ ပေးပို့ကြပါရန်နှင့် ဖြေဆိုကြရာ၌ အဓိကအချက်ကို လိုတိုရှင်းသာ ဖြေကြပါ။ ကျိုးကြောင်းဖော်ပြချက်ကို ရှည်လျားစွာ ရေးသားထားပါက ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။ |

**မှတ်ချက်**

၁။ ဆုငွေရရှိသူများသည် နိုင်ငံသားမှတ်ပုံတင်နှင့်အတူ မှုခင်းရှုထောင့်ရာသစုံမဂ္ဂဇင်းရုံး၊ တည်ရှိရာ နေရာတွင် ကိုယ်တိုင်လာရောက် ထုတ်ယူနိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com


## အကြောနှင့် ကျီးပေါင်း ရောဂါဝေဒနာရှင် တို့အတွက် အကောင်းဆုံးအဖော်မွန်

အကြောလည်းပြေ၊ ဒဏ်လည်းကြေ၊ ကျီးပေါင်းပျောက်တဲ့

# ဓမ္မ ဆေးခေါင်းအုံး

စက်ကြောတက်ခြင်း၊
ခေါင်းမူးခေါင်းကိုက်ခြင်း၊
အုံးလွဲခြင်း၊ ကြွက်တက်ခြင်း၊
ခါးနာခါးကိုက်ခြင်း၊ သွေးတိုးခြင်း၊
မျက်စိမကြည်ခြင်း၊
အဆစ်အမြစ်ကိုက်ခဲခြင်း၊
လေဖြန်းလေဖြတ်ထားခြင်း
တို့ကို
လျော့ပါးသက်သာပျောက်ကင်းစေပါသည်။

ဤဆေးခေါင်းအုံးသည် အိပ်၍သုံးစွဲရသည့် ခေါင်းအုံးမျိုး မဟုတ်ဘဲ ရောဂါဖြစ်ပေါ်ရာနေရာ (သို့ )သင် ကာကွယ်လိုသော နေရာတွင်ထား၍ သင်၏ခန္ဓာကိုယ်ကို ဖိထားခြင်းဖြင့် လွယ်ကူလျှင်မြန်စွာ သက်သာပျောက်ကင်းစေပါသည်။
ခန္ဓာကိုယ်အတွင်းရှိ အပူနှင့် အဆိပ်အတောက်များကို ထွက်စေသည်။





### သုံးစွဲသင့်သူများ

- စာဖက်များသူများ၊
- တရားထိုင်လေ့ရှိသူများ၊
- သက်ကြီးရွယ်အိုများ၊
- လေဖြတ်ထားသူများ၊
- ကွန်ပျူတာကိုရေရှည်သုံးစွဲသူများ၊
- လည်ပင်း၊ ခါး အရိုးကျီးပေါင်းရှိသူများ၊
- ညပိုင်းကြွက်တက်လေ့ရှိသူများ၊

အညောင်းထိုင်လေ့ရှိသူများ
နေ့စဉ်မှန်မှန်သုံးစွဲသင့်ပါသည်၊

Ginngarnadi Herbal Products www.facebook.com/ginngarnadi

စူပါ မားကက်ကြီးများ၊ စတိုးဆိုင်ကြီးများ၊
ဆေးဆိုင်ကြီးများ၊ သယ်နီးတိုက်ကြီးများ၊
ပရိဘောဂဆိုင်ကြီးများတွင် စုံစမ်း ဝယ်ယူနိုင်ပါသည်။

တဆင့်ပြန်လည်ရောင်း ချလိုသူများနှင့်
နယ်ကိုယ်စားလှယ်များကို ဖိတ်ခေါ်အပ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



# တံတားအို မှောင်ခိုမလျှောက်နဲ့

တွင်းကြီးသား (တင်ဝင်းဦး)



www.burmeseclassic.com

www.burmeseclassic.com



**"တံတားအို မှောင်ရိပ် မလျှောက်နဲ့"**

**တွင်းကြီးသား–တင်ဝင်းဦး**

ကုန်းကြီးကို လာခဲ့သည့် နယ်ထိန်းမြင့်ထွန်း အပါအဝင်၊ စခန်းမှူးနှင့်အဖွဲ့သည် နှုတ်ဆိတ်နေဆဲ။ သူတို့ နှစ်ဦး အပါအဝင် ကြည်ဝင်း၊ အောင်မျိုးနှင့် မြင့်နိုင်ထွန်းတို့မှာ စကားပြောလိုစိတ် မရှိကြ ....။

ကုန်းကြီးရွာဆိုတာ သူတို့ အပိုင်နယ်မြေ၏ အစွန်အဖျားတွင်ဖြစ်ပြီး ချောင်ကျသည့်ရွာတစ်ရွာ။ ပြီးတော့ အိမ်ခြေနှစ်ရာခန့်သာ ရှိပေမယ့် သိပ်ပြီး သင့်သင့်မြတ်မြတ်မရှိကြ။ အလောင်းအစားပေါသလို၊ အရက်ပုန်းရောင်းသူတွေကလည်း ဒုနဲ့ဒေး။ နှစ်လုံး သုံးလုံးဂိုင် တွေကလည်း မှိုလိုပေါမှပေါ။ ဖဲဝိုင်းကြက်ဝိုင်းကလည်း နေ့တိုင်းလိုလို။ ပြီးတော့ ...အတိုင်အတောထူတာကလည်း ကြောက်ခမန်းလိလိ ....။

နယ်ထိန်း မြင့်ထွန်း ခေါင်းကြီးရပြန်ပြီ။ ခေါင်းခဲရ ပြန်ပြီ။ ဒီကနေ့ စခန်းမှူး ကိုဝေလွင်၊ ရဲကင်းလာစစ်မှာ ကုန်းကြီးရွာမှာ လူသတ်မှုဖြစ်ကြောင်း ဥက္ကဋ္ဌက လာသတင်းပို့ပြီး အပြေးပြန်သွားခဲ့သည်။ လူသတ်မှုဆိုတော့ စခန်းမှူးပါ လိုက်လာတော့သည်။ မြို့နယ်ကို ထူးခြားဖြစ်စဉ် သတင်းပို့၊ တပည့်ဖြစ်သူ သုံးဦးကိုခေါ်၊ ဆိုင်ကယ်တစ်စီးစီဖြင့် ရဲကင်းကနေ ကုန်းကြီးကို အပြင်း ချီတက်လာရသည်။ ရင်ခုန်စရာ ရင်တုန်စရာ ပွဲတစ်ပွဲ ....။

"ဒီတစ်ခါ ..အဲဒီက လူတွေ၊ နှစ်လုံး သုံးလုံးမိရင်၊ အပြတ်သာဆော်ဗျာ၊ အဲဒါမှ မှတ်မိမှာ။ ခုတော့ မဖြစ်လိုက်နဲ့ ကုန်းကြီး၊ မဖမ်းလိုက်နဲ့ ကုန်းကြီး .....ဟင်း ..."

စခန်းမှူးက ရှေ့ကနေ ဆိုင်ကယ်စီးရင်း ပြောသည်။

"ဟုတ်ကဲ့ ဆရာ .."

နယ်ထိန်းမြင့်ထွန်း အဖြေပေးရင် ကုန်းကြီးရွာဆီမျှော်ကြည့်မိသည်။ ထန်းတောတွေ သရက်တောတွေ ညိုညိုဖြင့် ကုန်းကြီးရွာကို ရှေ့မှာတွေ့ရသည်က အထင်အရှား ....။

〰〰〰

အချင်းဖြစ်အိမ်ရှေ့မှာတော့ လူတွေအစုံအလင်။ သေသူ၏ ဇနီးဖြစ်သူမှာတော့ ပဗ္ဗာ မြေလူး ငိုသံပြုနေသည်။ ဝိုင်းဝန်းချော့သံတွေက အတိုင်းသားကြားနေရသည်။

"အမလေး––––ကို ကျော်ကြက်ခဲ့ရဲ့၊ အဲတော် သူတော်ကောင်းကြီးရဲ့ ဖြစ်မှဖြစ်ရလေရှင်။ ခုတော့ သူများအသတ်ခံလိုက်ရပြီ။ အမလေး လုပ်ကြပါဦး အရပ်ကတို့ရဲ့။ လာမယ့်နှစ်ထဲ သားနှစ်ယောက်ကို ရှင်ပြု ပေးတော့မှာလေ။ အဲဒါ ဘယ်လို လုပ်ကြမတုန်းတော်ရဲ့ ––အို––ကိုကျော်ကြက်ခဲ့ရဲ့"

ပြောရင်း ငိုသံကြောင့် စိတ်မကောင်းဖြစ်မိသည်က အမှန်။ တကယ်တော့ သေသူက ကိုကျော်ကြက်ခဲ။ အသက် (၃၉) နှစ်။ ယခင် ကျေးရွာဥက္ကဋ္ဌ လုပ်ခဲ့ဖူးသည်။ လက်ရှိဥက္ကဋ္ဌ မဖြစ်ခင်, ဥက္ကဋ္ဌ လုပ်သွားသည့်လူ။

"ကဲ ..ဖယ်ကြပါဦး"

စခန်းမှူးက ပြောသည်။ အချင်းဖြစ်နေရာက ကိုကျော်ကြက်ခဲ အိမ်၏ အနောက်ဘက်နွားစာတိုက်ဘေးမှာ။ ခဲ



www.burmeseclassic.com

www.burmeseclassic.com



လောင်းသည် လမ်းဘက်သို့ ခေါင်းပြုနေသည်။ ပြတ်ရှရာ တစ်ချက်တည်းနဲ့ ဓာတ်သိမ်းထားသည့် သဘော။ ခေါင်းနှင့်ကိုယ်က ပြတ်လုပြတ်ချင်ချင်။

အလောင်းကို ကာကွယ်ရေးအဖွဲ့က ဖျာဖြင့် အုပ်ထားသည်။

''ဆရာမြင့် ‥ ဓာတ်ပုံရိုက်၊ လုပ်စရာရှိတာလုပ်''

''ဟုတ်ကဲ့ ဆရာ''

ဟု ဖြေရင်း ကြည်ဝင်းကို ဓာတ်ပုံရိုက်စေသည်။ ရေးမှတ်စရာရှိတာ ရေးမှတ်။ စခန်းမှူးက မြို့နယ်ကို သတင်းပို့သည်။

''တောက် ‥ ကျုပ်သားကိုမှာ ဒီလိုလုပ်ရက်တယ်''

''တောက်''

ကျောက်ခဲအဖေက အံကြိတ်ရင်း ပြောသည်။ ကျောက်ခဲမိခင်မှာတော့ ရွှေးမဖြစ်သူနှင့်ထပ်တူ ပူဆွေးရင်းငိုကြွေးနေဆဲ။ နယ်ထိန်းမြင့်ထွန်းနားလည်ပါပြီ။ မကြည့်ဝံ့စရာ၊ ထိတ်လန့်စရာ သွေးသံတရဲရဲအလောင်းကို သူတို့အားလုံး မြင်သွားလျှင် ရူးသွားပေရော့မည်။ စခန်းမှူးနှင့်တိုင်ပင်ကာ လုပ်စရာရှိတာလုပ်အပြီး အလောင်းကို မြို့နယ်သို့ပို့လိုက်တော့သည်။ အလောင်းနှင့်အတူ စခန်းမှူး အောင်မျိုးနှင့် မြင့်နိုင်ထွန်းတို့ပါသွားပြီး အမှုအတွက် နယ်ထိန်းမြင့်ထွန်းနှင့် ကြည်ဝင်းသာ ကျန်တော့သည်။

''ကဲ ဉက္ကဋ္ဌ၊ ရုံးခန်းသွားကြရအောင်''

''ဟုတ်ကဲ့''

ကျောက်ခဲ၏ အတူနေမိဘနှစ်ပါး၊ ကာလသားအချို့နှင့် အိမ်နီးနားချင်းတွေ ခေါ်ခဲ့သည်။

''တောက် ဒီကောင်၊ အတော်မိုက်ရိုင်းတာပဲဆရာ၊ အိမ်ထဲလာပြီး သတ်သွားတယ်၊ တောက်''

ကျောက်ခဲအဖေက ဒိုသံနှင့်ပြောသည်။ မြို့နယ်ကိုတော့ မိဘနှစ်ပါးလိုက်မသွားကြ။ မကြည့်ရက်၊ မကြည့်ရဲတာလည်းပါသည်။ ပါသွားသူက





www.burmeseclassic.com

www.burmeseclassic.com



ကျောက်ခဲအစ်ကို မြအေး။

"ဒီကောင်ဆိုတာ"

"ညွန့်မောင် ညွန့်မောင်ဆိုတဲ့အကောင်လေ ဆရာ။ အခု ဒီကောင် ထွက်ပြေးသွားပြီဆရာ"

နယ်ထိန်း မြင့်ထွန်း ခေါင်းညိတ်သည်။ ပထမ သတင်း လာပေးကတည်းက သေသူကျောက်ခဲ၊ ဥက္ကဋ္ဌအဟောင်း၊ သတ်သူ ညွန့်မောင်၊ အဖွဲ့ဝင်ဆိုတာ နယ်ထိန်း မြင့်ထွန်းသိပြီးသား။

"ကဲ ပြောပါဦး ဦးလေး အချင်းမဖြစ်ခင် အခြေအနေလေး"

"ဒီလို အဲဒီအချိန်က ကျုပ်အိမ်မှာ မရှိဘူး။ အပြင်သွားမယ်လုပ်တော့ ညွန့်မောင် ဝင်လာတယ်။ ကျုပ်ကတောင် နှုတ်ဆက်လိုက်သေးတယ်။ ဒီကောင်က ခင်ဗျားသား ရှိလားတဲ့။ ဦးက ရှိတယ်လို့ ပြောလိုက်တာပေါ့"

"ဟုတ်ကဲ့"

"အဲ အဲ ညွန့်မောင် ဝင်လာတော့ ကျုပ်က ထိုင်ပါဦး၊ ကျောက်ခဲရှိတယ် ဆိုပြီး ပြောခဲ့သေးတာပေါ့။ အဲဒါ သားကို ခေါ်ပေးလိုက်တယ်။ သူတို့ အချင်းချင်း အိမ်ထဲမှာထိုင်ပြီး စကားပြောနေတုန်း ကျုပ် မီးဖိုချောင်ထဲဝင်သွားမိတာ"

ကျောက်ခဲအမေက ပြောသည်။ ကျောက်ခဲဇနီးဖြစ်သူက ငိုရင်းနှင့် ခပ်သဲ့သဲ့ပြောသံက ရှိုက်သံတစ်ဝက်။

"အဟင့် အဟင့် ‥ အစ အစကတော့ ပြေပြေလည်လည် ပြောနေကြတာတော့။ နောက် ခပ်မာမာပြောသံကြားရတယ်။ ကျုပ်လဲ ရေခပ်ရင်းဆိုတော့‥‥"

ကျောက်ခဲ ဇနီးက ဆက်မပြောနိုင်တော့။ အင့်ခနဲ တစ်ချက်ရှိုက်ပြီး အသံတိမ်ဝင်သွားသည်။

"ဟုတ်ပြီလေ။ သူတို့ နှစ်ဦး ဘာတွေ ပြောနေလဲ။ ဘယ်လို အကြောင်းအရာတွေ ပြောနေတာကြားရလဲ။ ပြောပြပါလား"

ထပ်ဆင့် မေးလိုက်သည့် နယ်ထိန်းမြင့်ထွန်းအမေးကြောင့် ကျောက်ခဲဇနီး စဉ်းစားဟန်ပြုသည်။ တော်တော်နှင့် မဖြေနိုင်။

"ပြောပါ ဘာတွေ ပြောနေကြတာလဲ။ အဲသလို ပြောမှ ကျွန်တော်တို့ သိရမှာ"

"အဟင့် အဟင့် ငွေကြေးကိစ္စတွေပါတယ်။ ပြီးတော့ အချေးအငှားတွေပါတယ်။ စာရင်းရှင်းမယ်ဆိုတာတွေလဲ ပါတယ်"

ပြောသံ ရပ်သွားသည်။ တကယ်တော့ နယ်ထိန်း မြင့်ထွန်း အနေဖြင့် ဒီကုန်းကြီးကို တစ်ပတ်တစ်ခါ ရောက်ခဲ့သည်။ လက်ရှိ ဥက္ကဋ္ဌ လက်ထက်တင်မက သေသူကျောက်ခဲ လက်ထက်၊ အရင်ဥက္ကဋ္ဌ လုပ်သွားသူတွေ လက်ထက်အထိ တာဝန်နှင့် ရောက်ခဲ့သည်။

သေသူ ကျောက်ခဲကိုရော၊ ညွန့်မောင်ကိုပါ သိပါသည်။ သူတို့နှစ်ဦးစလုံးအိမ်ကိုလည်းရောက်ခဲ့ဖူးသည်။ ထမင်းပင်စားခဲ့ဖူးသည်ဆိုလျှင် မမှား။ နှစ်ဦးစလုံးနှင့် ခင်မင်ခဲ့ဖူးသည်လေ။

ကျောက်ခဲအကြောင်း သိသည်။ ညွန့်မောင်အကြောင်း သိသည်။ သူ့တို့၏ စီးပွားရေး



www.burmeseclassic.com

www.burmeseclassic.com



အကြောင်း၊ လူမှုရေးအကြောင်း သိသည်။ နှစ်ဦးစလုံးအသောက် အစားမကောင်းချင်ကြ။ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင် မဖြစ်ခင်ကတော့ လူသူမမြင်ရဲသည်အထိ သောက်တတ်သူတွေ။ အဲ တာဝန်လည်း ရပြီးရော ခွက်ပုန်းခုတ်ခုတ်နေသည်ကိုလည်း သိသည်။

ခုတော့ အတူလုပ်၊ အတူနေဘဝ၊ ရုံးအတူထိုင်၊ တစ်စားပွဲတည်း အတူနေခဲ့သည့် အဖြစ်ကနေ လူသတ်သည်အထိ ဖြစ်သွားရပြီဆိုတော့ ပြဿနာက ပေါ့သေးသေးမဖြစ်နိုင်။ မကျေနပ်ချက်တွေရှိနေမည်က အမှန်။ ကျောက်ခဲက ညွန့်မောင်အပေါ်ညစ်ပတ်ခဲ့တာလား၊ ညွန့်မောင်က ကျောက်ခဲအပေါ် မလိမ့်တစ်ပတ်ရိုက်စား လုပ်ခဲ့တာလား။ ဒါကို အဖြေရှာရတော့မည်လေ။

အဓိကကတော့ ထွက်ပြေးသွားသည့် ညွန့်မောင်ကို ဖမ်းမိဖို့က အရေးကြီးသည်။ သေသူက သေသွားပြီ။ ကျူးလွန်သူ ညွန့်မောင်ကသာ ဘာကြောင့် ဤသို့ . . . ထိုသို့ . . . လူသတ်ခဲ့သည်အထိ ဘာတွေဖြစ်ခဲ့ကြတာလည်း ဆိုတာကို ရင်ဖွင့်ပြနိုင်မည်လေ. . .။

ထင်ကြေးတွေက အမျိုးမျိုး။ ထပ်ပြီးမေးတော့လည်း ငွေရေးကြေးရေးပါသည်။ အချေးအငှားကိစ္စပါသည်။ ဒါပဲသိရသည်။

ဒီတော့ အားလုံးကို ပြန်လွှတ်လိုက်ပြီး ဥက္ကဋ္ဌ၊ စာရေးနှင့် ကာလသားအချို့သာ နေရစ်စေပြီး ညွန့်မောင်သတင်း စုံစမ်းဖို့ ပြင်ဆင်ရတော့သည်။

ပြေး ပြေးပေဦး ညွန့်မောင်။ လုပ်ရဲခံရဲရမှာပေါ့။ နယ်ထိန်းမြင့်ထွန်း တွေးရင်း၊ ညွန့်မောင်၏ မိဘအိမ်၊ ညွန့်မောင်၏ ဇနီးရှိရာ အိမ်တွေသွား။ မေးစရာရှိတာမေး။ အဖြေက လိုချင်သည့်အဆင့်မရောက်။ ဘာမှ တိတိကျကျမသိရ။ အဲသလောက်အဆင့်အထိ ဖြစ်ဖို့ ပြဿနာမရှိဘူးဟု ထင်ထားကြောင်းသာ ပြောရင်း အချိန်ကုန်နေသည်။

နောက် ရွာနီးချုပ်စပ်က ညွန့်မောင်နှင့် အမျိုးမကင်းသူများ၏ အမည်တွေ၊ ရွာတွေကို ခရေစေ့တွင်းကျမေး။ လတ်တလော ညွန့်မောင်ထွက်ပြေးနိုင်တာ ဆွေမျိုးတွေဆီပဲဖြစ်မည်။ အလွန့်အလွန် ခင်မင်သည့် သူငယ်ချင်းတွေဆီလည်း ပုန်းနေနိုင်သည်လေ။

"အင်း သူတို့ လက်ထက်တုန်းက ငွေကြေးအရှုပ်အရှင်း ရှိခဲ့ပုံရတယ်။ အဲဒါကြောင့်ပဲ ဖြစ်လိမ့်မယ်"

နယ်ထိန်း မြင့်ထွန်း တွေးမိသည်။

---

"ဆရာ ဆရာ၊ ဥက္ကဋ္ဌ ဥက္ကဋ္ဌ"

ကုန်းကြီးရွာပြင် အရောက် ကုန်းကြီးနှင့် သပြေတောရွာသွားသည့်လမ်း။ ကုန်းကြီး တောင်ဘက်၊ အရှေ့အနောက် စီးနေသည့် ရေစီးကြောင်းအကျော် လူတစ်ဦးနှင့် တွေ့သည်။ ထိုလူက ကုန်းကြီးရွာသား။

"ဘာလဲ ကျက်တော"

ဥက္ကဋ္ဌက မေးသည်။

ကျက်တောဆိုသူက. . .

"ဟို ကိုညွန့်မောင်လေ သူ့ အစ်ကို ရွာကို ရောက်နေတယ်"



www.burmeseclassic.com

www.burmeseclassic.com



''ညိုသောင့် အိမ်မှာလား''

''ဟုတ်တယ်''

ကျက်တော ဆို သူသည် တစ်ရွာက ပြန်လာပုံရသည်။ ပြောရင်း စက်ဘီးကိုစီးရင်း ရွာထဲဝင်သွားသည်။ ညိုသောင်ဆိုတာ ညွန့်မောင်ရဲ့ အစ်ကို။ နယ်ထိန်းမြင့်ထွန်းတို့ သွားနေသည့် သပြေတောမှာ အိမ်ထောင်ကျတာ။ အခု ညွန့်မောင်တစ်ယောက် သူ့အစ်ကို အိမ်မှာတဲ့။ ညိုသောင့်အိမ်မှာတဲ့။

''ဥက္ကဋ္ဌ အမြန်လစ်ကြစို့''

''ဟုတ်ကဲ့''

ချောင်းလေးကို ကျော်ခဲ့ကြသည်။ တံတားက ခနော်ခနဲ့။ ချောင်းဟု အရပ်ခေါ်ခေါ်ပေမယ့် ချောင်းမဟုတ်။ ရေကြောင်းတစ်ခုသာဖြစ်သည်။ အကျယ်က ဝါးနှစ်ပြန်ခန့်သာ ကျယ်သည်။ နွေနှင့်ဆောင်းမှာ ပြဿနာမရှိပေမယ့် မိုးတွင်းဆိုရင်တော့ သွားလာလို့မရတော့။ တဖြည်းဖြည်း ရေစီးရေလာမကောင်းတော့ နက်သည်။ ဒါကြောင့် အသားတံတားခင်းထားသည်။ တံတားကလည်း ခပ်နဲ့နဲ့။ ခပ်သဲ့သဲ့။

နယ်ထိန်း မြင့်ထွန်းတို့အဖွဲ့ လမ်းကြမ်းကြမ်းကို ရေကြမ်းဖြတ်ရင်း ဆိုင်ကယ်များကို အပြင်းစီးခဲ့သည်။ သပြေတောဆိုတာ သုံးမိုင်ခန့်ဝေးသည့် အရပ်မှာ။

သပြေတော ရောက်တော့ သပြေတောဥက္ကဋ္ဌ အကူအညီနှင့် လျှို့ဝှက်စွာဖြင့် ညိုသောင့်အိမ်ကို ဝိုင်းထားလိုက်သည်။ သပြေတောကာလသားတွေက ကူကြသည်။ ပြီးတော့ ညွန့်မောင်တစ်ယောက် သူ့အစ်ကို အိမ်မှာရောက်နေတာမှန်ကြောင်းလည်းပြောခဲ့သေးသည်။

ညိုသောင့်အိမ်အတွင်းမှာတော့ ညီအစ်ကိုနှစ်ယောက် စကားပြောနေကြသည်။ ညွန့်မောင်က အစ်ကိုညိုသောင့်ကို မိမိ ကျူးလွန်လာသည့်အပြစ်ကို ဝန်ခံပြီးပြီ။

''အင်း မိုက်လဲမိုက်ပါ့ ညီလေးရာ။ အဖေတို့ အမေတို့ ပြီးတော့ မင်းမိသားစု ဘယ်လို ခံစားရမလဲ။ ဘယ်လိုနေရစ်ခဲ့ကြမလဲ. . တောက် ပါးစပ်နဲ့ ဖြေရှင်းရင် ရရက်သားနဲ့၊ ခုတော့ လက်ပါ . . လက်ထဲမှာ လက်နက်ပါ ပါလာပြီဆိုတော့''

ညိုသောင်က စိတ်မကောင်းစွာပြောသည်။ ညွန့်မောင် အစ်ကို့စကားနားထောင်ရင်း မတုန်မလှုပ် ကျောက်ရုပ်။

''ဖြစ်ပြီးမှတော့ မတတ်နိုင်တော့ဘူး အစ်ကို''

''ဟုတ်ပါပြီ. . . ဘာထူးတော့မှာလဲ။ ဒါပေမဲ့ အဲဒ

**''အင်း မိုက်လဲမိုက်ပါ့ ညီလေးရာ။ အဖေတို့ အမေတို့ ပြီးတော့မင်းမိသားစု ဘယ်လို ခံစားရမလဲ''**



www.burmeseclassic.com

www.burmeseclassic.com



လို ထွက်ပြေးလာတော့ကော မင်းအပြစ်က လွတ်မယ်ထင်သလား။ ဒီတော့ အဖမ်းခံလိုက်တော့။ ဖြောင့်ချက်ပေးလိုက်တော့''

အစ်ကို့စကားကို နားထောင်ရင်း ညွန့်မောင် တွေဝေနေသည်။

''အစ်ကို ပြောတာ ကြားတယ်နော်။ မင်းသတ်ခဲ့တဲ့ ဓားကိုအပ်။ အမှန်ကိုပြော၊ ဝန်ခံ။ ထွက်ပြေးဖို့ မကြံနဲ့။ ပြေးလဲ မလွတ်ဘူး။ ပြစ်မှုကို ချွေးနဲ့ဆပ်မှ ကျေတာကွ နားလည်တယ်နော်''

''နားလည်ပါတယ် အစ်ကို့..ကျုပ်က အဲဒီကောင့်ကို သတ်လိုက်ရလို့ ချွေးစက်တွေ ဘယ်လောက်ပေးဆပ်ရဆပ်ရ ကျေနပ်နေမှာပါ''

''နေပါဦး ဘာကြောင့် ခုလို လူသတ်တဲ့အဆင့်ထိ ဖြစ်ရတာလဲ''

''သက်ဆိုင်ရာက မေးမှပဲ ဖြေပါရစေအစ်ကို ... နော်၊ ကျွန်တော် အဖမ်းခံပါ့မယ်။ အမေနဲ့အမေရယ်၊ ကျုပ် မိသားစုရယ်ကိုသာ စောင့်ရှောက်ပေးပါအစ်ကို''

ပြောရင်း အစ်ကို့ကို ကန်တော့နေသည်။ ညွန့်မောင်ရဲ့ မျက်ဝန်းထဲမှာ မျက်ရည်တွေနှင့်။ မျက်ရည်တွေက ပါးပြင်ထက်မှာ စီးကျနေသည်။ နောင်တရဲ့ နောက်မှာ ကြေကွဲမှုတွေနှင့်အတူ ပေးဆပ်မှုတွေက အသီးသီးနေရာယူထားကြသည်

**ညွန့်မောင်ကပြောရင်း စကားကိုရပ်သည်။ ပြောဖို့အရေး စဉ်းစားနေသည်။ ဒေါသဖြစ်ခဲ့စဉ်ကတော့ ဖြစ်ချင်ရာဖြစ်ဆိုပြီး**

ဟု ညွန့်မောင် နားလည်ပေးရတော့မည်။

သို့သော် နှောင်းသွားပြီ ဟုဆိုရချိမ့်။

ထိုအချိန် နယ်ထိန်းမြင့်ထွန်းနှင့် အဖွဲ့ဝင်လာသည်ကို တွေ့လိုက်ရသူက ညွန့်မောင်.

~~~~~

''တကယ်တော့ ကျောက်ခဲနဲ့ ကျွန်တော်နဲ့က ပြီးခဲ့တဲ့ အချိန်တုန်းက ကျေးရွာတာဝန်ယူခဲ့ကြတဲ့လူကြီးတွေပါ ဆရာ။ ဆရာလဲ သိပါ''

ညွန့်မောင်က ဖြည်းလေးစွာ ပြောလာသည်။ နယ်ထိန်းမြင့်ထွန်းခေါင်းတညိတ်ညိတ်...

''အဲဒါ ဘယ်လိုဖြစ်ခဲ့သလဲဆိုရင် အငြိုးအတေးတွေကတော့ အများကြီးပေါ့။ ဆရာတို့ မသိအောင် သုံးလုံးဒိုင်တွေဆီက လိုင်းကြေးယူတာ၊ ဖဲဒိုင်ခံတဲ့လူတွေဆီက ငွေယူတာထားပါတော့။ အဓိက ကျွန်တော် ပြောချင်တာက''

ညွန့်မောင်က ပြောရင်း စကားကို ရပ်သည်။ ပြောဖို့အရေး စဉ်းစားနေသည်။ ဒေါသဖြစ်ခဲ့စဉ်ကတော့ ဖြစ်ချင်ရာဖြစ်ဆိုပြီး လက်ပါခဲ့ပေမယ့် တကယ်လက်ကျွံသွားချိန်မှာတော့ နောင်တရနေသည့် သဘောတွေကို ညွန့်မောင် မျက်ဝန်းထဲမှာ အပြည့်။

''ပြောပါ ညွန့်မောင်''

''ပြောရရင်တော့ ကို



www.burmeseclassic.com
~~~~~

www.burmeseclassic.com



ကျော်ခဲဟာ လုပ်ပိုင်ခွင့်အရှိန်အဝါကလဲရှိလာ၊ လုပ်ချင်တာလုပ်။ ဘယ်အမှုအခင်းပဲဖြစ်ဖြစ် သူနဲ့စာရေးနဲ့ပဲလုပ်။ ကျွန်တော့်ကို ဘေးချိတ်ထား။ ဘယ်က ငွေပဲရရ ကျွန်တော့်ကို အရက်တစ်ခွက်တစ်ပုလင်းပဲပေး။ ထားပါ။ ပြောရရင် ရွာတောင်ဘက်က သပြေတောသွားတဲ့လမ်း။ အဲဒီလမ်းက ရေကြောင်းကိုဖြတ်ပြီး တံတားခင်းတဲ့ ကိစ္စကနေ ဒေါသဖြစ်ခဲ့ရတာ''

''ဟင်''

''ဟေ''

ညွန့်မောင်စကားကြောင့် နယ်ထိန်းမြင့်ထွန်းအပါအဝင် ကုန်းကြီးဥက္ကဋ္ဌ၊ သပြေတော ဥက္ကဋ္ဌတို့ မျက်လုံးပြူးသွားကြသည်။ သူတို့ကျေးရွာ တာဝန်ယူခဲ့ပြီးလို့ နောက်ဥက္ကဋ္ဌ တက်လာတာ ၂နှစ်တောင်ပြည့်တော့မည်။ ညွန့်မောင်တို့ လက်ထက်က ဆောက်ခဲ့တဲ့ တံတားကလည်း နှစ်နှစ်နီးပါးရှိနေပြီ။ ပြီးခဲ့တာပြီးပြီပဲ။ ခုတော့. . . ။

''ဆက်ပြောပါ ညွန့်မောင်''

နယ်ထိန်းမြင့်ထွန်းက မေးသည်။

''အစက အဲဒီရေကြောင်းကို လှည်းတွေ လူတွေက မိုးတွင်းမှာ အတော်အခက်တွေ့တာနဲ့ ကျွန်တော်က ရပ်ထဲ ရွာထဲအလှူခံပြီး တံတားဆောက်ဖို့ အစည်းအဝေးခေါ်ပြီး တင်ပြဖို့ပြောတာနဲ့ တစ်ရက်မှာတော့ အစည်းအဝေးလုပ်၊ တောင်သူတွေနဲ့အလုပ်သမားတွေကို စေတနာအလျောက် အလှူခံခဲ့ကြတယ်။ ဒီတိုပြောရရင် လက်သမားဆရာတွေနဲ့တိုင်ပင်၊ ဝယ်ရမယ့်အသား၊ သံ အဲဒါတွေ တွက်ချက်ခဲ့ပြီး အလှူခံငွေကောက်ခဲ့တယ်။ နောက် ငွေတွေစုံတော့ အသားဝယ်၊ လက်သမားငှားပြီး တံတားဆောက်ခဲ့တယ်''

ညွန့်မောင် အသံက တုန်ခါနေသည်။ နားထောင်လို့လည်း ကောင်းလာပြီ။

''တံတား ဆောက်ပြီးသွားတယ်ပဲဆိုပါတော့ ဆရာ။ ဒါပေမဲ့ ငွေတွေက ပိုနေတယ်။ ငွေက ကျော်ခဲဆီမှာ အကုန်အကျစာရင်းက ကျွန်တော့်ဆီမှာ။ အဲသလို တံတားပြီးတော့ ပိုတဲ့ငွေထဲကနေ ကျွန်တော့်ကို ပေးပါဦးလို့ ပြောတယ်။ ဒီကောင်က ပေးမလိုလို၊ မပေးဘူးလိုလိုနဲ့ အချိန်ဆွဲနေတယ်။ ဟိုအမှု ရရရင်ပေးမယ်။ သုံးလုံးဒိုင်တွေဆီက ရရင်ပေးမယ်နဲ့ အချိန်ဆွဲတာပေါ့။ နောက် ကျွန်တော်စုံစမ်းကြည့်တော့ ဒီကောင်ဖဲရိုက်တယ်။ ဂျင်ထိုးတယ်။ အရက်ကောင်းတွေသောက်နေတယ်ဆိုတာသိတယ်။ ပြီးတော့ တံတားလုပ်တုန်းက တံတားအတွက် အသားတွေပိုတာလဲ သူ့အိမ်သယ်ပြီးထားတယ်။ အဲဒီအသားတွေလဲ အပြင်ကို ရောင်းစားတာကို ကျွန်တော်လဲသိတယ်။ ရွာထဲက ကာလသားတွေလဲ သိတယ်---

''အဲဒါ ကျွန်တော်က အပြစ်မပြောပါဘူး။ သူလုပ်ပိုင်ခွင့်ရှိလို့ လုပ်တာပဲဆိုပြီး နေပါတယ်။ အဲဒီအချိန် ဥက္ကဋ္ဌအပြောင်းအလဲဖြစ်သွားတော့ ကျွန်တော်တို့တာဝန်က နားတယ်။ ဒါပေမဲ့ ကျွန်တော့် စိတ်ထဲမှာ ဒီကောင့်ဆီက ရစရာအကြွေးရှိနေတယ်။ ရကို ရရမှဖြစ်မယ်ဆိုတဲ့စိတ်ရှိတယ်ဆရာ''



www.burmeseclassic.com

www.burmeseclassic.com



ညွန့်မောင်ရဲ့ ခံယူချက်က ကြောက်စရာ။ ကြည့် ဥက္ကဋ္ဌဖြစ်စဉ်က အကြွေးဟုဆိုရမည့် အကြွေးကို အပြင်လောကအထိ သယ်ဆောင်လာပြီ။ ကျောက်ခဲ အပြစ်လား၊ ညွန့်မောင်ရဲ့အပြစ်လားတော့ အဖြေရှာမရ။

"ပြောပါ ဦးညွန့်မောင်"

ဥက္ကဋ္ဌက မေးသည်။

"ဟုတ်ကဲ့ ... အဲဒါ အပြင်လူဖြစ်တော့လဲ တွေ့တိုင်းပြောတယ်။ ငါ့ကိုပေးဦး၊ ပေးဦးပေါ့။ ဒီကောင်က ပေးမယ်၊ ပေးမယ်ဆိုပြီးသာပြောတယ်လေ။ တိုတိုပြောရရင် လာမယ့်နှစ်မှာ ဒီကောင်က သူ့ကလေးတွေကို ရှင်ပြုမယ်လို့လဲကြားရော အဲဒါ ကျွန်တော်လဲသွားပြီး ပြောတာပေါ့။ သူ့အိမ်ထဲမှာ ပြောတယ်။ ပြောရင်းနဲ့ ဒေါသဖြစ်လာတယ် ဆရာ"

"ဘာတွေ ပြောဖြစ်လဲ ညွန့်မောင်"

"ငါ့ကို ပေးရင်ပေး၊ မပေးရင် တစ်ရွာလုံးသိအောင် စာရင်းတွေချပြမယ်။ မြို့နယ်ကို လဲတိုင်မယ်။ အခြားကိစ္စတွေလဲပြောမယ်ဆိုတော့ ဒီကောင်က ကျွန်တော့်ကို ပိုင်နက်ကျူးလွန်မှုနဲ့ တရားစွဲမယ်တဲ့။ အဲဒါ ကျွန်တော်က သူ့အိမ်ထဲကနေ အိမ်အပြင်ကို ထွက်တယ်။ ဒီကောင်က နောက်ကလိုက်လာပြီး စကားပြောတယ်။ ရန်စကားပြောတာပေါ့။ ပြောရင်းနဲ့ ဒီကောင့်အိမ်အနောက်ဘက်အရောက် နွားစာတိုက်အနားမှာ ကျွန်တော်က--"

ညွန့်မောင် စကားမဆက်။ အချင်းဖြစ်နေရာအရောက် အကြံအစည်ရှိသည့် ညွန့်မောင်က ခါးတွင်ထိုးထားသည့် ဓားရှည်ကိုထုတ်သည်။ ပုဆိုးခြုံထားသည်မို့ ညွန့်မောင် ဓားပါသည်ကို မသိ။ ဓားကလည်း နှစ်ပေခန့်အရိုးနှင့် နှစ်ပေခွဲခန့်သာရှိပေမယ့် တကယ့်ငှက်ကြီးတောင်ဓားပုံစံမျိုး။ ထိုဓားနှင့်လွှဲပြီး ခုတ်မိသည်။ ညွန့်မောင်ရဲ့ ဓားချက်က ကျောက်ခဲရဲ့ ဇက် (လည်ပင်း)ကိုတော့ တိခနဲပြတ်ကျနိုင်ခဲ့သည်ကိုတော့ ကျောက်ခဲမသိလိုက်နိုင်ပြီ။

မကျေနပ်ချက်ကို ရင်ဖွင့်အပြီး သပြေတောမှနေ၍ ကုန်းကြီးကို ပြန်ခဲ့ကြချေပြီ။ တရားခံလည်း မိချေပြီ။ ပြစ်မှုကြီးတစ်ခု အနေဖြင့်ကတော့ တာဝန်ပြီးဆုံးသွားသည့် ရဲတပ်ဖွဲ့ နယ်ထိန်းမြင့်ထွန်းမှာတော့ ကျေနပ်မိပေမယ့်...

ပြစ်မှု ကျူးလွန်ခံရသူနှင့် ခံရသူတို့ကိုယ်စား နောက်ဆက်တွဲသောကတွေအကြောင်း တွေးရင်းစိတ်မကောင်းမိ။ ကျေးရွာ ခေါင်းဆောင်လုပ်မည့်သူတွေ၊ ဘယ်အချိန်ဘယ်ကာလပဲဖြစ်ဖြစ် အခြေခံ ရပ်ကျေးတာဝန်ယူသူတွေ အနေဖြင့် ညွန့်မောင်နှင့် ကျောက်ခဲတို့၏ အဖြစ်ဆိုးကို သင်ခန်းစာယူကြပြီး သတိထားသင့်ကြောင်း နယ်ထိန်း မြင့်ထွန်း သတိပြုမိသည်။

ကုန်းကြီးအဝင် အများကောင်းကျိုးအတွက် အသုံးပြုခံနေရသည့် သက်မဲ့အသား တံတား အိုလေးကို ကြည့်ကာ ကျောက်ခဲနှင့် ညွန့်မောင်တို့၏ မျက်နှာကို မြင်နေမိသူက နယ်ထိန်း မြင့်ထွန်းပါပဲလေ့။

**တွင်းကြီးသား–တင်ဝင်းဦး**



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုလှ

(ကမာမြေ)

[redacted]

# ကံကြမ္မာဆိုသည်



www.burmeseclassic.com

www.burmeseclassic.com



## ကံကြမ္မာဆိုသည်

**ကိုကိုလှ–ကမာမြေ**

မန္တလေး ဆေးရုံကြီး အရေးပေါ်ဌာနတွင် မော်တော်ဆိုင်ကယ်မှောက်သဖြင့် မောင်နှမနှစ်ယောက်ရောက်လာကြသည်။ မိန်းမပျိုကိုမြင်တော့

“ဟင်. သီတာနွယ်”

ဆိုကာ ဆရာဝန် ဆရာမတွေ ရုတ်ရုတ်သဲသဲဖြစ်ပြီး ဗျာများသွားကြ၏။

“ဟုတ်ပဲ့၊ ဒီလောက်လှတဲ့ မိန်းကလေး မှတ်တောင်မမှတ်မိဘူး။ ကုလို့ရပါ့မလား မသိဘူး”ဟုပြောကာ ငိုကြတော့သည်။ ပါရဂူတွေက---

“မပူပါနဲ့ မသေစေရဘူး”ဟု ကြွေးကြော်၏။ လူနာဆရာဝန်မ လက်သစ် သီတာနွယ်မှာ သတိမရဘဲ အသေလို့ဖြစ်နေသည်။

ဆိုင်ကယ် မှောက်ပုံပြင်းထန်သည်။ သီတာနွယ်အတွက် ဆရာဝန်တွေ မရဏသေမင်းနှင့် စစ်ခင်းကာ အပြိုင်ကြဲကြရသည်။ မကြာခင်မှာပင် ဆေးရုံသို့ ဓားဒဏ်ရာဖြင့် လူနာတစ်ယောက်ရောက်လာသည်။ သူ့ကို အင်ဂျင်နီယာ ဘလိုင်းဆပ်ဟု သိသူတွေက သိကြသည်။ ဒါပေမယ့် သီတာနွယ် ဆေးရုံရောက်နေသည်ကို မစ္စတာ ဘလိုင်းဆပ် မသိ။

မစ္စတာ ဘလိုင်းဆပ်နှင့် ဒေါက်တာ သီတာနွယ်တို့ ဘဝကို တချို့က ဆက်စပ်၍ သိကောင်းသိမည်။ အထူးသဖြင့် အလုပ်သင် ဒေါက်တာမလေးတွေ၊ သီတာနွယ်၏ သူငယ်ချင်းတိုင်းက မစ္စတာဘလိုင်းဆပ်ကို သိသည်။ မွေးစားသမီးအဖြစ် မစ္စတာ ဘလိုင်းဆပ်ကို ခင်မင်ကြသည်။ အိမ်သို့ မကြာခဏ ရောက်ရှိစားသောက်ဖူးကြသည်။

မစ္စတာ ဘလိုင်းဆပ် အမေက မဟာမျိုးမဟာနွယ်ထဲက မြန်မာအမျိုးသမီး ဂုဏ်သရေရှိဖြစ်ကာ အင်္ဂလိပ် အစစ်နှင့်ညားသည်။ သားသမီးလေးယောက်ရပြီး ချမ်းသာစည်းစိမ်နှင့် နေကြရာ အားလုံး ပညာတတ် အထက်တန်းစားတွေဖြစ်ပေမယ့် တော်လှန်ရေး အစိုးရလက်ထက်တွင် နိုင်ငံခြားက ဆွေမျိုးတွေဆီ ပြန်သူပြန်ပြီး ပြည်သူပိုင် လုပ်ငန်းကိစ္စပေါ်လာမှ အားလုံး နိုင်ငံခြားထွက်ခွာသွားကြသည်။

မစ္စတာ ဘလိုင်းဆပ်သာ အင်ဂျင်နီယာပါရဂူဘွဲ့ရပြီး အလုပ်လုပ်ရင်း မိဘအမွေထိန်းသိမ်းကာ မန္တလေးမှာပဲ ပျော်သလိုနေသည်။ ဟိုခေတ်ကမယ်ဘွဲ့ရသူ လှထိပ်တင်ကိုငွေနှင့်ပေါက်ကာ အရယူခဲ့သည်။

ပညာကျော် အထက်တန်း အရာရှိ ရုပ်ချောအပြောကောင်းသူမို့ မိန်းမကြိုက်ပုံစံဖြစ်ကာ သူက မိန်းမလိုက်စားသည်။ လှတာမြင် ချစ်ချင်ပြီး မေတ္တာ ဆက်နွယ်တတ်သည်။ အပျော်အပါးအတိုင်းတာထက်လွန်ကဲတော့ အသက်ငါးဆယ်မပြည့်ခင်မှာ လူစဉ်မမီရောဂါရသဖြင့် ချစ်ဇနီးမှာ နောက်အိမ်ထောင်ဖက်ရှာသည်။

တစ်နည်းအားဖြင့် အရာရှိချင်း မတည့်သူများရာမှ သူ့ဇနီးကို အရကြဲလက်စားချေရာတွင် တရားစွဲရကိန်းကြုံသည်။ အမှုအတောအတွင်းမှာပင် ဇနီးဖြစ်သူက မစ္စတာ ဘလိုင်းဆပ်နှင့် ကွာရှင်းခွင့် တောင်းသည်။ နှစ်ဖက်ဝတ်လုံများ တရားရှင်



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ရပြီး နောက်ဆုံးတော့ လင်မယား ကွာရှင်းခွင့်ပေးကာ အမှုအားလုံး ပြီးပြောက်သွားသည်။

မိဘတွေက သည်လိုဖြစ်တော့ သားသမီးတွေ ရှက်ပြီး အားလုံး နိုင်ငံခြားထွက်ခွာသွားကြသည်။



သီတာနွယ်က ဘလိုင်းဆပ်၏ ညီအစ်ကို ဝမ်းကွဲတော်သူ၏ သမီး။ အမှန်တော့ သီတာနွယ်တို့ မောင်နှမတွေကို ဘလိုင်းဆပ်က ပညာသင်ပေးပေမယ့် အကြီးကောင်တွေက လူစွာလူကဲ အကျင့်ပျက် လူရှုပ်တွေဖြစ်ကြသည်။

အကြီးကောင် ဇော်ချိုဆိုလျှင် ပညာမသင်ဘဲ ရုပ်ရှင်ဇာတ်လိုက်ရှုဖြစ်သည်။ မင်းသား

[redacted]

ဖြစ်အောင် ကြိုးစားရာ လူကြမ်းမင်းသားသာဖြစ်သည်။ အသတ်အပုတ်တော်ကာ ဓားပေါက်ကျွမ်းကျင်သဖြင့် ဓားမင်းသားအဖြစ် နာမည်ကြီးသည်။

ဇာတ်လိုက် မဖြစ်တော့မှ ဒါရိုက်တာလုပ်ရာ အောင်မြင်သည်။ ညီမငယ် သီတာနွယ်က မင်းသမီးလုပ်ရသည်။ ဦးဘလိုင်းဆပ် အိမ်မှာမနေရဟု တားမြစ်သည်။ ဦးဘလိုင်းဆပ်နှင့် စကားများသောအခါ--

"ကျုပ် နာမည် ဇော်ချို၊ ဓားမင်းသား ဆိုတာ ဦးလေးသိတယ်မဟုတ်လား"

ဟုမေးသည်။

"မင်းလိုကောင် ဂရုစိုက်ရမှာလား၊ မင်းမှာ ပညာဘယ်လောက်တတ်လဲ၊ယဉ်ကျေးမှု အနုပညာဘယ်လောက်ရှိလဲ၊ မင်းက စရိုက်ကြမ်းပြီး ငါ့ကို မိုက်မိုက်ရိုင်းရိုင်း မဆက်ဆံနဲ့"

"ဦးလေး ကျွန်တော့်ကို အထင်သေး နှိမ်တာတွေများပြီ"

"မင်းက အကျင့်စရိတ္တ မကောင်းဘဲ ကြမ်းပိုးသူခိုး လူမိုက်ဆန်နေတာ ငါက အထင်ကြီးရမှာလား။နောက်ငါ့ဆီ ဘာသ



www.burmeseclassic.com

www.burmeseclassic.com



တော့မှ မလာနဲ့၊ အိမ်နားတောင် မကပ်နဲ့၊ သမီးကို မင်းဘာမှ နှောင့်ယှက်စရာမလိုဘူး''

''ခင်ဗျားလို သူများ သားသမီးကို ဖျက်ဆီးတဲ့ လူယုတ်မာကို ကျွန်တော်ကလဲ ဂရုမစိုက်ဘူး။ ဒါကြောင့် ညီမလေးကို မနေရဘူးပြောတာ''

''ဟော့ကောင် ထွက်သွား''

''သွားမယ်၊ နောက်ဆုံး သတိပေးမယ်။ ညီမလေးကို ဖျက်ဆီးရင် ခင်ဗျား မသာပေါ်မယ် ဦးလေး၊ ဓားစာမိမယ်မှတ်ပါ''

ဗလာချီ ရင့်ရင့်သီးသီး ကြိမ်းမောင်းခြင်းသာဖြစ်သည်။ ဦးဘလိုင်းဆပ်၏ ကျန်းမာရေးကို ဖော်ချိုသိလျှင် ဤသို့ပြောမည် မထင်။ မီးပျက်မောင်းကျိုး သေနတ်ကျိုး နားရွက်ပဲ့ဆိုတာ သိသင့်သည်။

သီတာနွယ်က အလွန်လှပ၍ ပညာတော်သည်။ လိမ္မာယဉ်ကျေးသဖြင့် ဘလိုင်းဆပ်က အလွန်ချစ်ခင်သည်။ သီတာနွယ်ကိုယ်တိုင်က ကျန်းမာရေး ဆရာဝန်ဖြစ်လျှင် ဦးဘလိုင်းဆပ်ကို ဆေးကုပေးမည်ဟု ရည်သန်သည်။

သားအဖရင်းပမာ သန့်စင်စွာ ခင်မင်ပုံကို ဓာတ်သိတိုင်းက သဘောပေါက်သည်။ ဖော်ချိုက ဖုန်းဆက်သည်။

''ညီမလေးကို မင်းသမီး တင်ရိုက်နိုင်မယ်ဆိုရင် ရုပ်ရှင်ကုမ္ပဏီ ထူထောင်ပေးမယ့် လူရှိတော့ ညီမလေး တစ်သက်တာ ဦးလေး စဉ်းစားပါ။ ဆရာဝန်မ ဘဝနဲ့ ချမ်းသာမှာတဲ့လား ဦးလေး''

''ကုမ္ပဏီထောင်ပေးမယ့် လူက ရင်းနှီး မတည်ငွေ ဘယ်လောက်ပေးမလဲ''

''သိန်းငါးဆယ် ထုတ်ပေးမယ် ပြောပါတယ်''

''ငါ့မှာ သိန်းငါးရာမက ရှိတယ်။ သမီးကို သိန်းငါးဆယ်နဲ့ ရောင်းစားမယ် မကြံပါနဲ့၊ ရုပ်ရှင်လောကမှာ ကျားစာ မကျွေးချင်နဲ့''

''ခင်ဗျား ဘာသဘောနဲ့ ညီမလေးကို အပိုင်စီးထားတာလဲ ဦးလေး''

''ငါ နိုင်ငံခြားသွားဖို့ ပိုင်ဆိုင်တဲ့ပစ္စည်းတွေ ရောင်းခွင့်မရဘူး။ ဒီတော့ လန်ဒန်က ငါ့သား ဝေလင်းနဲ့ ပေးစားပြီး အမွေ ပေးဖို့ ငါ့သားကို ပြန်လာအောင်ခေါ်ဖို့ တည်ချိုးသဘောပေါ့။ နောက်ထပ် ဒီကိစ္စ မင်းဘာမှ ထပ်မပြောနဲ့''

ဦးဘလိုင်းဆပ်မှာ လူကြီးပိုင်းက လူမုန်းများသည်။ ဆိုင်ရာက မြန်မာနာမည်ပြောင်းပါ ဦးဘဒီဟု အခေါ်ခံပါမှ အ

''ငါ့မှာ သိန်းငါးရာမက ရှိတယ်။ သမီးကို သိန်းငါးဆယ်နဲ့ ရောင်းစားမယ် မကြံပါနဲ့၊ ရုပ်ရှင်လောကမှာ ကျားစာ မကျွေးချင်နဲ့''



www.burmeseclassic.com

www.burmeseclassic.com



ကြဲပေးရုံနှင့် စကားများသည်။ ပညာမာန၊ ပစ္စည်းမာန၊ မျိုးရိုးမာနကြီးမားသည်။ သည်တော့ အလုပ်ကပင် ထွက်ခွင့်မရ။ နိုင်ငံခြားဆေးကုသခွင့်ပေးပေမယ့် ပိုင်ဆိုင်ပစ္စည်း သံယောဇဉ်ကြောင့် မသွားသာ။ တပည့်လူယုံတွေနှင့် အတူနေရင်း သမီးကိုသာ ပညာသင်နိုင်းသည်။

ဝေလင်းကို ခေါ်ယူတိုင်ပင်တော့ ဝေလင်းကလည်း သဘောကျသည်။ မိခင်တိုင်းပြည်မှာပဲနေချင်သည်။ ဒါပေမယ့် သီတာနွယ် ဆေးကျောင်းပြီးမှ ပြန်လာပြီး လက်ထပ်မည်ဟု သဘောတူကြသည်။

သီတာနွယ် ကိုယ်တိုင်က ရပ်ဝေးကချစ်သူကို စာနှင့်ဆက်သွယ်ရင်း ကျေနပ်နေရသည်။ ဦးဘလိုင်းဆပ် ကိုယ်တိုင်ဘဝပေး အခြေအနေအရ ဗုဒ္ဓဘာသာသို့ ကူးပြောင်းကာ သမထ ဘာဝနာအလုပ်ကို စိတ်အားထက်သန်စွာလုပ်သည်။ ဒုလ္လဘ ပဉ္စင်းတက်ခွင့်ရကာ ဗုဒ္ဓဘာသာ၏ အေးချမ်းမှုကို တွေ့ထိခံစားပီတိများသည်။

နိဗ္ဗာနာ တရားတွေ သာကုန်ခန်းလျှင် သောတာပန် ပင်ဖြစ်နိုင်သည်။ ဒါပေမယ့် မြန်မာ့ဆေးဆရာတွေကလည်း စိတ်သေလျှင် လူသေတတ်သည် မို့ ကြိုးစား၍ကုသပေးကြသည်။

ဦးဘလိုင်းဆပ်မှာ သောက ကင်းဝေးရန်သာ အားထုတ်သည်။ သားသမီးတွေနှင့် အနေဝေးရသဖြင့် စိတ်မချမ်းသာလှ။ သားသမီးတွေကလည်း ပျော်ရာမှာ လာနေကြပြီး ဘိုးဘွားရှိရာမှာ နေချင်ကြသည်။ သည်လိုနှင့် သီတာနွယ်အလုပ်သင် ဆရာဝန်ပြီးဆုံးလုရောက်လာတော့သည်။ ဝေလင်း အပြီးအပိုင် ပြန်လာကာ အတူနေသည်။ သင်တန်းပြီးသည်နှင့် မင်္ဂလာပွဲကျင်းပရန် ကြိုတင်စီစဉ်သည်။

သည်ကိစ္စ ဇော်ချို သိသောအခါ မခံမရပ်နိုင်ဖြစ်သွားသည်။ ဝေလင်း ကိုယ်တိုင်က "စိတ်အေးအေးထားပါ၊ ဇော်ချိုမင်း ထောင်ချင်တဲ့ ကုမ္ပဏီ ထောင်ပေးမယ်၊ ရင်းနှီးငွေထုတ်ပေးမယ်"

ဟုနှစ်သိမ့်၍မရ။

"ညီမလေးသာ နာမည်ကြီး ကျော်ကြားအောင်မြင်မှာ။ ညီမလေးနဲ့တွဲလုပ်မှ ဖြစ်မှာ။ မင်း ညီမလေးနဲ့ လက်မထပ်ရဘူး"

ဝေလင်း အလိမ္မာနှင့် ဆက်ဆံသည်။ သည်အထဲက ဝေလင်း အိမ်မှာ မရှိသောနေ့ ဇော်ချို အရောက်သွားကာ သီတာနွယ်ကို အရခေါ်သည်။ ခေါ်မရသောအခါ ဒေါသတကြီး ဓားဖြင့် အသေသတ်မည်ဟု ခြိမ်းခြောက်သည်။

နောက်ဆုံး ခေါ်မရသည့်အခါမှာ သီတာနွယ်ကို ဓားဖြင့် ပစ်ပေါက်ခဲ့ရာ ဦးဘလိုင်းဆပ်က ဝင်ကာလိုက်သဖြင့် ညာဘက်နံထောင့်ကြားထဲ ဓားစိုက်ပြီး လဲကျသွားသည်။ ထိုအခါမှ ဓားကို ဆွဲနုတ်ကာ သီတာနွယ်ကို မလိုက်လျှင် ထိုးသတ်မည်ဟု ခြိမ်းခြောက်ပြီး ခေါ်ထုတ်သည်။

ဆိုင်ကယ်ပေါ် တက်ခိုင်းကာ အတင်းမောင်းပြေးရာ ရှေ့က ဒရကြမ်းမောင်းလာသော တက္ကစီကားနှင့် ရင်ဆိုင်တိုက်မိခြင်းပင်ဖြစ်ပါလေသတည်း။

**ကိုကိုလှ(ကမာဒွန်)**



www.burmeseclassic.com

www.burmeseclassic.com



ကြည်တာင့်နိုင်

# ဘဈားရွာ လူသတ်မှု



www.burmeseclassic.com

www.burmeseclassic.com



**"အဖျားရွာ လူသတ်မှု"**

**ကြည်တင့်နိုင်**

"အဖျားရွာမှာ လူသတ်မှု ဖြစ်ခဲ့ဖူးတယ်"

"ဟုတ်လား"

ကျွန်တော်၏ မေးခွန်းကို စပ်စုရွာမှ ဦးဉာဏ်ရင်က မရယ်မပြုံးနှင့် ခေါင်းညိတ်ပြီးမှ အဖြေပေးသည်။

"ဟုတ်တယ်၊ လူသတ်မှုမှ တကယ့်ကို ထူးဆန်းတဲ့ လူသတ်မှုကြီးဗျ"

ကျွန်တော် ရောက်ရှိနေသည့် နေရာမှာ အဖျား၊ ငှက်ချေးဝင်းကျေးရွာ၊ ဆရာတော် ဦးဝိမလ၏ ကျောင်းကြီးတိုက်၊ ဘုန်းတော်ကြီးကျောင်းတွင် ဖြစ်သည်။ ဤဘုန်းတော်ကြီးကျောင်းသည် နှစ်ပေါင်းတစ်ရာကျော်မျှ သက်တမ်းကြာမြင့်ပြီဖြစ်သော တိုင်ပေါင်းတစ်ရာကျော်ဖြင့် ဖွဲ့စည်းတည်ဆောက်ထားသော ရှေးဟောင်း ဂန္ဓဝင်ကျောင်းတော်ကြီး ဖြစ်သည်။ ကျောင်းကြီးတိုက်သည် ကျောင်းထိုင် ဆရာတော်ကြီး သုံးပါးခန့် သီတင်းသုံးခဲ့ပြီးဖြစ်သည်။ ဆရာတော် ဦးဝိမလမှာ ဤကျောင်းကြီး၏ လက်ရှိ ပဓာန နာယက ဆရာတော်ဖြစ်၍ ကျေးရွာ၏ သံဃနာယက ဆရာတော် တစ်ပါးလည်းဖြစ်သည်။ အလွန်အေးချမ်း တည်ငြိမ်စွာနှင့် သာသနာ၏ တာဝန်ကို ထမ်းဆောင်နေသော ဆရာတော်တစ်ပါး ဖြစ်ပါသည်။ သကြ်န်ကာလ ပြေီလ၏ လဆန်းရက်သို့ ရောက်လာတိုင်း ဒုလ္လဘရဟန်းဝတ်လေ့ရှိသော ကျွန်တော်သည် တစ်ဆယ့်နှစ်နှစ်ပြည့် ဒုလ္လဘရဟန်းအဖြစ် ရေးဖော် စာရေးဆရာများ ဖြစ်ကြသည့် ဂမ္ဘီရဆန်းကြယ် မဂ္ဂဇင်း အယ်ဒီတာ ကိုကိုလှ(ကမာမြေ)၊ ဇာတ်ညွှန်းရေးဆရာနှင့် ခရမ်းမြို့နယ် စာရေးဆရာအသင်း အတွင်းရေးမှူး နေလင်းထွဋ်တို့နှင့် အတူ စာရေးဆရာ ကိုရွှေမြသန်း (ရည်မွန်သင်း) သီတင်းသုံး ရဟန်းဝတ်ဖြင့်နေသည့် အဖျားရွာကျောင်းကြီးတိုက်တွင် သက်န်းစည်းခဲ့ကြခြင်း ဖြစ်သည်။

အဖျားဟူသော ကျေးရွာ၏ အမည်သည် အဘယဟူသော ဝေါဟာရမှ ဆင်းသက်လာပြီး ဘေးရန်ကင်းရှင်းသော ရွာဟု ဆိုနိုင်ပါသည်။ အဖျားဟူသော အမည်နှင့် ရွာပေါင်း တစ်ဆယ့်နှစ်ရွာရှိသည်ဟု ဆိုသည်။ အဖျား၊ ငှက်ချေးဝင်းရွာသည် တစ်ချိန်က ငှက်ကြီးများ လာရောက်ပျံသန်း၍ ဆောင်းခိုနားနေကြသည်။ ငှက်ကြီးဝင်းမှ ငှက်ချေးဝင်း အမည် တွင်လာခဲ့သည်။ အဖျားရွာသည် ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်အတွင်း၌ ရှိသည်။ ဤကျေးရွာလေးတွင် ဘာသာသာသနဖွံ့ဖြိုးစည်ကားး၏။ ရတနာသုံးပါး လေးစားကြည်ညိုသော ဗုဒ္ဓဘာသာဝင် သူတော်စင်များသာရှိကြသည်။ အဖျား ငှက်ချေးဝင်းရွာတွင် ကျောင်းကြီးတိုက်၊ ကန်သာယာ၊ ရေလည်ဘုရားကျောင်း တောင်ဘက်ကမ်းကျောင်းစသည့် ဗုဒ္ဓဘာသာ ဘုန်းကြီးကျောင်းလေးကျောင်းတို့၌ သံဃာတော်များ သီတင်းသုံး ဝါဆိုတော်မူကြသည်။ နှစ်စဉ် ဘုရားပွဲတော်များနှင့် နှစ်စဉ်မြန်မာ့ရိုးရာ ဒေဝါနတ်ကပွဲ သည် ထူးခြားသောရွာ၏ ဓလေ့ထုံးစံဖြစ်သည်။ နတ်ကသူများ နတ်ကတော်များ မပါဝင်ဘဲ နှစ်စဉ်နတ်ပွဲလာသူပရိသတ်များဖြင့်



www.burmeseclassic.com

www.burmeseclassic.com



သာ ကျင်းပသည်။ ဒေဝါဗလိ တင်မြှောက်ပွဲမှာ ဆန်းကြယ်လှသည်။

အဗျား ငှက်ချေးဝင်း ရွာကဲ့သို့ ဘာသာသာသနာလေးစားပြီး ဗုဒ္ဓဘာသာဝင်များ နေထိုင်ရာ ဤရွာတွင် မကြားဖူးသော လူသတ်မှုတစ်မှု လွန်ခဲ့သည့် နှစ်နှစ်ကျော်ခန့်တွင် ဖြစ်ပွားခဲ့သည်ဆိုသော စကားကို ကျွန်တော်လက်မခံနိုင်ခဲ့ချေ။

"ဆိုစမ်းပါဦး ဦးဉာဏ်ရင်ရဲ့၊ ခင်ဗျားရဲ့ ထူးဆန်းတဲ့ လူသတ်မှုဆိုတာ"

ဒုလ္လဘ ရဟန်းအဖြစ် သိမ်မဝင်ခင်ညပိုင်းတွင် ကျောင်းကြီးတိုက် ညှိခန်း၌ ရွာမှ အုပ်ချုပ်ရေးမှူး ဦးလှသိန်းနှင့် ရွာလူကြီးများ ကျောင်းသို့ လာကြစဉ် ကျွန်တော်တို့ စာရေးဆရာများနှင့် စကားလက်ဆုံကြနေကြခြင်းဖြစ်သည်။

"တရားခံက ရွာလယ်က ဦးမြသန်း၊ ဒေါ်နှင်းတို့ရဲ့သား နေလင်းလေ"

"နေလင်းက သူ့ သူငယ်ချင်း ကိုကိုလှကို သူကိုယ်တိုင် သတ်ခဲ့တယ်ဆိုပြီး ကျေးရွာအုပ်ချုပ်ရေးမှူးဆီမှာ သက်သေခံ ဓားနဲ့အတူလာပြီး အဖမ်းခံတာ"

နေလင်းနေတဲ့ စပ်စုရွာနဲ့ ငှက်ချေးဝင်းဆိုတာ တော်တော်လှမ်းတယ်။ ခရီးမိုင် ၂ တိုင်



လောက်ရှိမယ်။

"သူလာတာ ည ၁၂ နာရီကျော်လောက်ရှိနေပြီ။ လက်ထဲမှာ ငှက်ကြီးတောင်ဓားကြီး ကိုင်ထားတယ်။ ရွာလူကြီးတွေ အားလုံး အလုပ်ရှုပ်သွားကုန်ကြတာပေါ့။ ညတွင်းချင်းပဲ လက်နှိပ်ဓာတ်မီးကိုယ်စီနဲ့ လူသတ်ခဲ့တဲ့နေရာကို သွားကြရတယ်။ ရွာလူကြီးစုစုပေါင်း ၁၀ ယောက်လောက်ရှိတယ်။ ကျွန်တော်က ရှေ့ဆုံးက ပါဝင်ခဲ့တာပေါ့"

ဦးဉာဏ်ရင်သည် ထိုစဉ်က လူသတ်မှုဖြစ်စဉ်ကို ယခုပင် ဖြစ်နေသည့်အလား စိတ်ပါဝင်စားစွာ ပြောနေလျက်မှ လက်ဖက်ရည်ကြမ်းပန်းကန်တွင်းသို့ ရေနွေးအိုးမှ ရေနွေးများ ငှဲ့ပြီး သောက်နေသည်။ လက်ဖက်သုပ်တစ်ဇွန်းကို ပါးစပ်တွင်းသို့ ထည့်ကာ စားနေသည်။ ပြီးမှ

"အရေးထဲမှာ သူ့သား ကိုကိုလှကို သတ်တယ်ဆိုတဲ့ သတင်းကြောင့် အဖေဖြစ်သူ ကိုကြည်တင့်ကို ဆွဲလွဲပြီး တားရဆီးရ လုပ်ရတာက တစ်မျှောင့်၊ ကိုကြည်တင့်က သူ့သား ကိုကိုလှကို သိပ်ချစ်တာ။ သူ့သားအ



www.burmeseclassic.com

www.burmeseclassic.com



**မြင်ရသောမြင်ကွင်းကား ငိုအားထက် ရယ်အားသန် ဆိုသကဲ့သို့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး အားရပါးရရယ်လိုက်ကြသည်။**

သတ်ခံရတယ်ဆိုတော့ ဖခင်ဖြစ်သူက ဘယ်မှာ အခဲကျေပါ့မလဲ။ ဒီလိုနဲ့ စပ်စုရှာနားအရောက်မှာ ငှက်ပျောခင်းကြီးတစ်ခင်းထဲ ရောက်သွားကြတယ်။ နေလင်းက ရုတ်တရက်ရပ်ပြီး ငှက်ပျောပင်များ ပေါက်ရောက်နေတဲ့ နေရာ တစ်ခုကို လက်ညှိုးထိုးပြီး ပြတယ်။ ဟော တွေ့ပြီဗျို့''

''လူသေ အလောင်း တစ်လောင်းရဲ့ ခေါင်းပြတ်ကြီး တစ်ခု''

ဦးဉာဏ်ရင်၏ အော်ပြောလိုက်သံကြောင့် ရွာလူကြီးအချို့ ခြေလှမ်းများ တန့်သွားကြသည်။ တချို့ နောက်သို့ ဆုတ်သွားကြသည်။ ညဉ့်နက်သန်းခေါင် ရွာသုသာန်မြေနား ငှက်ပျောခင်းတစ်ခင်းရဲ့အလယ်မှ လူသေခေါင်းပြတ်ကြီးကို မည်သူစိတ်မချောက်ချားဘဲ နေနိုင်ပါမည်နည်း။

နောက်ဆုံးတွင်ကား ရွာသားသုံးလေးယောက်နှင့်အတူ ဦးဉာဏ်ရင်ရှေ့သို့ တိုးကာ လက်နှိပ်ဓာတ်မီးများနှင့် ပြိုင်တူ ထိုးပြီး ကြည့်လိုက်ကြသည်။ မြင်ရသော မြင်ကွင်းကား ငိုအားထက် ရယ်အားသန်ဆိုသကဲ့သို့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး အားရပါးရရယ်လိုက်ကြသည်။

''ဝါး ဟား ဟား ဟား''

ဦးဉာဏ်ရင်တို့ လူသိုက်၏ ရယ်သံများကြောင့် နောက်ဆုတ်ကျန်ရစ်ခဲ့ကြသည့်လူများ ရှေ့သို့ ရောက်လာကြသည်။ ဦးဉာဏ်ရင် လက်နှိပ်ဓာတ်မီး ထိုးပြထားသည့် အရာဝတ္ထုဆီသို့ ဝိုင်းဝန်း ကြည့်လိုက်ကြသည်။

မြင်ရသော မြင်ကွင်းကား လူသေအလောင်း တစ်လောင်း၏ ခေါင်းပြတ်ကြီး မဟုတ်ချေ။

မြေသို့ လဲကျနေသော ငှက်ပျောပင်တစ်ပင်၏ ငှက်ပျောခေါင်းတစ်ခုဖြစ်သည်။ ငှက်ပျောပင်၏ ပင်စည်မှာ မြေကြီးပေါ်မှာ ခွေးမြည့်နေပြီး ငှက်ပျောပင်၏ ခေါင်းမှာ မြေကြီးပေါ်၌ တွဲလျက်ရှိနေသည့် မြင်ကွင်းဖြစ်နေသောကြောင့်ပင်ဖြစ်သည်။

''ဖြစ်မှဖြစ်ရလေ နေလင်းရာ ဘယ်မှာလဲ မင်းသတ်ခဲ့တဲ့ မင်းသူငယ်ချင်းအလောင်း''

နေလင်းအား ဤသို့ မေးမြန်းစစ်ဆေးနေစဉ်မှာပင် သားဖြစ်သူ၏သတင်းကို ကြားသော မိဘနှစ်ပါးဖြစ်သူ ကိုမြသန်းနှင့် မနှင်းတို့ ငှက်ပျောခင်းဝင်းသို့ ဓာတ်မီးကိုယ်စီနှင့် အူယားဖားယား ရောက်လာကြသည်။

''အမယ်လေး ကျွန်မ သားလေး နေလင်း ဘယ်မှာလဲ၊ ကျွန်မ သားလေးက လူသတ်တယ်ဆိုတာ ဘယ်လိုမှ မဖြစ်



www.burmeseclassic.com

www.burmeseclassic.com



"သား ဘယ်သူ့ကိုမှ မသတ်ခဲ့ပါဘူးအမေ။ ညက သားနတ်ပွဲကအပြန် အိမ်ပြန်နောက်ကျတာနဲ့ အိမ်မပြန်တော့ဘဲ ကိုကိုလှနဲ့အတူ ဝက်ပျောခင်းထဲက ဟောဟိုတဲလေးပေါ်မှာ နှစ်ယောက် အိပ်နေကြတာ"

"ဒါဖြင့် အိပ်မက်မက် ယောင်ယမ်းပြီး မင်းသူငယ်ချင်းကို သတ်ခဲ့တယ်ထင်ပြီး တို့ရွာကို လာအကြောင်းကြားတာပေါ့ ဟုတ်လား"

"ဟုတ်ကဲ့ ဟုတ်ကဲ့ အဲဒီလို ဖြစ်ပါလိမ့်မယ်၊ ကျွန်တော် ယောင်ယောင်ပြီး ညည ရေထခပ်တတ်တာ အမေသိပါတယ်။ ဦးကြီးတို့ မယုံရင်တော့ ဟောဟို ဝက်ပျောခင်းတွေရဲ့ တဲလေးပေါ်မှာ ကျွန်တော့် သူငယ်ချင်း ကိုကိုလှ အိပ်မောကျနေပါတယ်။ သွားကြည့်ကြပါ"

နေလင်း ညွှန်ပြရာသို့ ရွာလူကြီးများ သွားရောက်ကြည့်ကြသည်။ အမှန်တကယ်ပင် တဲပေါ်မှာ အိပ်ပျော်နေသော ကိုကိုလှကို တွေ့မြင်ကြရသည်။

"တောက် တို့တစ်ရွာလုံးရှိ လူကြီးတွေကို အလုပ်မရှိ

နိုင်ပါဘူး။ ဖြစ်နိုင်တယ်ဆိုတာ တောင် သူ့စိတ်က သာမန်ဟုတ်မှာမဟုတ်ဘူး။ သရဲတစ္ဆေ ဝင်ပူးတာပဲဖြစ်နိုင်တယ်"

"ရွာဦးက ဆရာတော် ဦးဝိမလကျောင်းက ပရိတ်ရေ ပုလင်းပါလာတယ်၊ ဖယ်စမ်း ရှင်တို့ ဘယ်မှာလဲ ကျွန်မသားလေး သူ့ကို ပရိတ်ရေနဲ့ ဖျန်းရမယ်"

ဒေါ်နှင်းသည် ပြောပြောဆိုဆို သူ့သားနေလင်း ရှိရာသို့ လူအုပ်ကြားမှ တိုးဝှေ့ပြီး သွားကာ ပရိတ်ရေနှင့် မျက်နှာကို လှမ်းပက်လိုက်သည်။

"ဝိုး ဖူး ဖရူး"

ပရိတ်ရေ၏ အစွမ်းကြောင့်ထင်ရဲ့။ ထိုအချိန်ကျမှ လူအုပ်ကြားမှာ မတ်တတ်ရပ်နေသည့် နေလင်းသည် သူ့မျက်နှာကို လက်ဝါးဖြင့်အုပ်ကာ မြေကြီးပေါ်သို့ ထိုင်လျက်ကျသွားသည်။ ဝိုင်းဝန်းထိုးထားသော ဓာတ်မီးရောင်များ အကြားဝယ် နေလင်း၏ မျက်နှာမှ မျက်လုံးနှစ်လုံးပြူးထွက်ကာ သူ၏ ဘေးပတ်ဝန်းကျင်သို့ လှမ်းကြည့်လိုက်သည်။

"ဟာ သား ဘာဖြစ်နေတာလဲ"

"ဟင် မင်းကိုယ်မင်း မသိဘူးလား"

"မင်းသူငယ်ချင်း ကိုကိုလှကို မင်းကိုယ်တိုင် သတ်ပစ်

**ဒေါ်နှင်းသည် ပြောပြောဆိုဆို သူ့သားနေလင်း ရှိရာသို့ လူအုပ်ကြားမှ တိုးဝှေ့ပြီးသွားကာ ပရိတ်ရေနှင့် မျက်နှာကို လှမ်းပက်လိုက်သည်။**

ခဲ့တာဆိုပြီး တို့ဆီမှာ လာအဖမ်းခံတာလေ"

ဦးဉာဏ်ရင်၏ စကားအဆုံးဝယ်---

နေလင်းသည် သူ၏ မိခင် မနှင်းအား--



www.burmeseclassic.com

www.burmeseclassic.com





အလုပ်ရှာ တော်တော် ဒုက္ခပေးတဲ့ကောင်ကွာ၊ ကံကောင်းလို့ သူ့သားကို မင်းသတ်ပစ်တယ်ဆိုတဲ့စကားကို နားစွန်နားဖျားကြားတာနဲ့ မင်းကို ကိုကိုလှ ဒ ဖ ကြည့်တင့်က သတ်မယ် မယ် လုပ်နေတာ''

''သူသာ မင်းကို တကယ်သတ်လိုက်ရင် အဲဒါမှ တကယ့် လူသတ်မှုအစစ်ဖြစ်သွားမှာ''

''အံ့ရော နေလင်းရေ၊ မင်းရဲ့ အိပ်မက်ယောင်ချက်က ငါတို့ရွာမှာ စံတင်ရောပဲ''

ဦးဉာဏ်ရင်၏ စကားအဆုံးဝယ်---

ကျွန်တော်တို့တစ်တွေ ရယ်ကြ မောကြ သက်ပြင်းကိုယ်စီချကြပြီး စကားဝိုင်းကို ရုပ်သိမ်းလိုက်ကြသည်။

ညဦးနက်စကားဝိုင်းကို မရုပ်သိမ်းမီ နောင်ကို ရွာသို့ရောက်လျှင် စားကောင်း၊ နေကောင်းအောင် မှတ်မှတ်ရရ စကားတစ်ခွန်းကို ကျွန်တော် ပြောလိုက်မိသည်။

''ဘဘသာ သာသနာကို လေးစားရှိသေပြီး နမောတဿ သုံးကြိမ်ရွတ်ဆို အိပ်ရာဝင် အိပ်ရာထ နေ့စဉ်ရွတ်ဖတ်ကြတဲ့ရွာပဲဗျာ။ ဘယ်မှာ ရာဇဝတ်မှုတွေ ဖြစ်လာနိုင်ပါ့မလဲ''

ကျွန်တော်၏ စကားကို ဥက္ကဋ္ဌ ဦးလှသိန်းနှင့်တကွ ရွာသားများ အားလုံးသဘောကျနှစ်ခြိုက်သွားခဲ့ကြပါသည်။

ဩော် ... အဗျားရွာမှ ထူးဆန်းသော လူသတ်မှုပါလား။

ကြည့်တင့်နိုင်



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



**"အတတ်ကြီး ဘီလူးဖြစ်"**

**ကျော်သန်းစံ**

သီတာလှိုင်သည် အိမ်သို့ ရောက်လာကြသော လူသုံးဦးကို စကားမပြောချင်ဘဲ အင်တင်တင်လုပ်နေသည်။ သီတာလှိုင်သည် လွန်ခဲ့သော တစ်နှစ်ခန့်က စပ်စံထွန်းအေး ဆေးရုံ၌ ရင်သွေးငယ်ကို မွေးဖွားခဲ့သည်။ ထိုရင်သွေးငယ်နှင့် ပတ်သက်၍ မကျေမချမ်း ဖြစ်နေဆဲရှိနေသဖြင့် ထိုလူသုံးဦးကို စကားမပြောဆိုလိုခြင်း ဖြစ်သည်။

ထိုလူ သုံးဦးသည် တောင်ကြီး စပ်စံထွန်းအေး ဆေးရုံမှ တာဝန်ကျဆရာဝန်များ ဖြစ်ကြသည်။

ယခုလာသူ သုံးဦးသည် ကလေးအကြောင်း လာပြောခြင်း ဖြစ်သည်။ သူတို့သည် ကလေးနှင့်ပတ်သက်၍ သည်းထိတ်ရင်ဖိုဇာတ်လမ်းကို ပြောပြကြရာ၌ သီတာလှိုင်သည် ပါးစပ် အဟောင်းသားဖြင့် အံ့သြမဆုံးဖြစ်နေ၏။

တစ်နေ့တွင် သီတာလှိုင်သည် ပထမအကြိမ် ဗိုက်နာလာသည်။ သူမသည် အသက် ၃၈ နှစ်ခန့်အရွယ်ရှိသည်။ သူမသည် စွဲမက်ဖွယ်ရာရုပ်ရည်ရှိသူဖြစ်သည်။ ရင်သွေးကို မွေးဖွားခါနီးသဖြင့် ဗိုက်နာလာသည်ကို ဝမ်းမြောက်ဝမ်းသာ ဖြစ်နေ၏။ သီတာလှိုင်၌ အသက် (၁၂)နှစ်အရွယ်သမီးကြီးနှင့် အသက်(၁၀)နှစ်အရွယ် သားတစ်ယောက် ရှိသည်။ သို့ရာတွင် သူမသည် နောက်ထပ်ကလေးတစ်ယောက် လိုချင်နေ၏။ ယခုကဲ့သို့ ကလေးနောက်တစ်ယောက် ရရန် အခြေအနေရောက်သောအခါဝမ်းမြောက်မဆုံးဖြစ်နေ၏။

သီတာလှိုင်၏ ခင်ပွန်းဖြစ်သူ အေးကိုသည် လုပ်ငန်းကိစ္စနှင့်အပြင်သွားနေခိုက် ဖြစ်သည်။ ထို့ကြောင့် ယောက်မဖြစ်သူ မာလာတင်က သူမကို ကားနှင့်တင်ခေါ်ပြီး ဆေးရုံသို့ ပို့ပေးသည်။ ဆေးရုံမှာ တောင်ကြီး စပ်စံထွန်းအေးဆေးရုံ ဖြစ်သည်။ ထိုဆေးရုံသည် ကြီးမား၍ ခေတ်မီလှသည်။

သူတို့သည် ည (၁၀) နာရီ အချိန်တွင် ဆေးရုံသို့ ရောက်သွားသည်။ သီတာလှိုင်ကို စမ်းသပ်ကြည့်ရှုရန်အတွက် သားဖွားဆောင်ရှိ စမ်းသပ်ခန်းသို့ ပို့လိုက်ကြသည်။

ချက်ချင်းပင် ဒေါက်တာကျော်ခိုင်ဝင်းက သီတာလှိုင်ကို စမ်းသပ်စစ်ဆေး ကြည့်ရှုသည်။ ဗိုက်ထဲရှိ ကလေး၏ အနေအထားနှင့် အရွယ်ကို သေချာစွာ စမ်းသပ်စစ်ဆေးကြည့်သည်။

"ကလေးက ‥ ထွားတယ်ဗျို့။ ၈ ပေါင်ရှိလိမ့်မယ်။ နှလုံးခုန်တာလဲ ကောင်းတယ်" ဟု၍ ဒေါက်တာကျော်ခိုင်ဝင်းက ပြောလိုက်သည်။

ထိုအခါ သီတာလှိုင်သည် ဝမ်းသာ ကျေနပ်နေခြင်း အချိန် အနည်းငယ်အတွင်းမှာပင် သီတာလှိုင်ကို မွေးခန်းအတွင်းသို့ ပြောင်းရွှေ့ထားကြသည်။ သူမ၏ အကြောထဲ ဂလူးကို့(စ်) တစ်ပုလင်းသွင်းပေးထားသည်။ ဆရာဝန်များ နှင့် သူနာပြုဆရာမများက သူမအခန်းသို့ အချိန်မှန်မှန်ပင် ဝင်လာကြပြီး အခြေအနေကို စစ်ဆေးကြည့်ရှုပေးကြသည်။

သီတာလှိုင်သည် ဗိုက်ပို၍နာလာသည်။ ည ၁၂ နာရီခွဲခန့်တွင် ရေမွှာပေါက်သွား

www.burmeseclassic.com



သည်။ ဒေါက်တာကျော်ခိုင်ဝင်းက စမ်းသပ် စစ်ဆေးကြည့်ပြန်သည်။ အစစအရာရာ အဆင်ပြေသည်။ စိုးရိမ်ရန် မရှိကြောင်းနှင့် လောလောဆယ် မမွေးနိုင်သေးကြောင်း သိရှိရသည်။

ဒေါက်တာ ကျော်ခိုင်ဝင်းသည် အခြားလူနာတစ်ယောက်အတွက် ဆောင်ရွက်ပေးရန်ကိစ္စ တစ်ခုရှိသဖြင့် သီတာလှိုင်ထံပါးမှ ထွက်ခွာသွားသည်။ မကြာမီ သူနာပြုဆရာမတစ်ဦးရောက်လာပြီး ဂလူးကို့(စ်)သွင်းပေးထားသည်ကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ထွက်ခွာသွားလေသည်။

ၾၾၾၾၾ

အခန်းထဲ၌ သီတာလှိုင်တစ်ယောက်တည်း ရှိနေသည်။ သူမသည် မှိန်းနေရာမှ ဝမ်းဗိုက်ပေါ်သို့ လက်နှစ်ဖက်ကို တင်ထားလိုက်သည်။ ထိုအချိန်၌ ဗိုက်နာရပ်သွားသဖြင့် အထဲမှ ကလေးလှုပ်ရှားနေသည်ကို စမ်းကြည့်ပြီး ကြည်နူးနေသည်။ ထိုအတွင်းသူမသည် အိပ်ငိုက်လာသည်။ မကြာမီ သူမ၏ မျက်လုံးများ မှေးမှိန်ကာ အိပ်ပျော်သွားလေသည်။

နောက်တစ်နေ့ နံနက် (၄) နာရီခန့်တွင် တာဝန်ကျဆရာဝန် ဒေါက်တာ ကျော်ဇော ဟိန်းသည် သီတာလှိုင်ထံရောက်လာသည်။ စမ်းသပ်စစ်ဆေး ကြည့်ရှုသည်။ တစ်နာရီနှစ်နာရီအတွင်း မီးဖွားလိမ့်မည်ဟု မှတ်ချက်ချသွားသည်။

ထိုသို့ နံနက် (၄) နာရီခွဲခန့်၌ ဒေါက်တာ ဟန်ဝင်းရှိန်ထံသို့ နော်အေးမြ အမည်ရှိ သူနာပြုဆရာမ ရောက်လာသည်။ ဒေါက်တာ ဟန်ဝင်းရှိန်သည် တာဝန်ပြီးဆုံးချိန် သီတာလှိုင် အခန်းအနီး၌ အိပ်ပျော်လျက်ရှိသည်။ ဆရာမ နော်အေးမြက သီတာလှိုင်သည် ဆရာဝန်၊ ဆရာမများ မရှိဘဲ တစ်ယောက်တည်းပင် သားဖွားခန်းထဲတွင် ကလေးမီးဖွားခဲ့ကြောင်း ဒေါက်တာ ဟန်ဝင်းရှိန်ကို နှိုး၍ပြောသည်။

ဒေါက်တာ ဟန်ဝင်းရှိန်သည် အိပ်ရာမှ လူးလဲထပြီး လိုက်ကြည့်သည်။ ထိုအခါ ကြို့လှီသေးငယ်သော သမီးကလေးမှာ သီတာလှိုင်၏ ခြေနှစ်ချောင်းကြားတွင် သေဆုံးနေသည်ကို ထိတ်လန့်ဖွယ်ရာ မြင်တွေ့ရသည်။

ဒေါက်တာ ဟန်ဝင်းရှိန်သည် ကလေးငယ်ကို ကြည့်ရှုသောအခါ လောလောလတ်လတ် သေဆုံးပုံ မရပေ။ နာရီပေါင်းများစွာကပင် သေဆုံးနေပုံရသည်။ နာရီပေါင်းများစွာ ဆိုသည်မှာ သီတာလှိုင် မီးမဖွားမီအချိန်ကပင် သေဆုံးနေသလို ထင်မှတ်ရသည်။

သို့ရာတွင် နော်အေးမြက သူမသည် ဘာမျှမသိ။ သီတာလှိုင်အခန်းတွင်းသို့ ဝင်ကြည့်စဉ် ယခုမြင်တွေ့ရသည့်အတိုင်း တွေ့မြင်ရသဖြင့် ဆရာဝန်ကို ပြေးခေါ်ရကြောင်း ပြောပြသည်။

သူနာပြု ဆရာမ နော်အေးမြသည် သားဖွားဆရာမအဖြစ် တာဝန်ထမ်းဆောင်လာခဲ့သည်မှာ (၁၀)နှစ်ခန့်ရှိနေသည်။ သီတာလှိုင်၏ ဆေးမှတ်တမ်းတွင် ပေါင်ချိန်ပြည့်ရှိမည့်ကလေးကို မီးဖွားလိမ့်မည်ဟု ဖော်ပြထားသော်လည်း ယခုဘာကြောင့် သေးငယ်ကြို့လှီသော ကလေးငယ်ကို မွေးဖွားရသ



www.burmeseclassic.com

www.burmeseclassic.com





နည်း။ ကလေးမှာ (၃) ပေါင် (၁၂) အောင်စခွဲမျှသာ ရှိနေသည်။

ထိုအကြောင်းကို သူမ ဒေါက်တာ ကျော်ဇောဟိန်းကို ပြောပြ၏။ ဒေါက်တာကျော်ဇောဟိန်းသည်လည်း နားမလည်နိုင်အောင် မတွေးတတ်အောင် ရှိနေသည်။

နောက်ဆုံး၌ ဒေါက်တာကျော်ဇောဟိန်းသည် အခြားသူနာပြုဆရာမများကို မေးမြန်းစစ်ဆေးသည်။ ထို့နောက် ဒေါက်တာ ကျော်ခိုင်ဝင်းသည် ကလေးကိုယ်အလေးချိန်ကို မှားပြီး ပိုမိုတွက်ဆထားခြင်း ဖြစ်ရမည်ဟု မှတ်ချက်ချလိုက်သည်။

ထိုသို့ နာရီပေါင်း အတော်ကြာပြီးနောက် ဒေါက်တာ ဟန်ဝင်းရှိန်သည် သီတာလှိုင်ကို မေးမြန်းစုံစမ်းကြည့်ရန် ကြိုးစားပြန်သည်။ ထိုအချိန်အထိ သီတာလှိုင်မှာ သတိကောင်းမွန်စွာ မရရှိသေးဘဲ ထိုင်းမှိုင်းမူးဝေနေဆဲဖြစ်နေသေးသည်။

ဒေါက်တာ ဟန်ဝင်းရှိန်သည် သီတာလှိုင်၏ သွေးနှင့် ဆီးတို့ကို ယူပြီးစစ်ဆေးကြည့်စေသည်။ ထိုအခါ မော်ဖီးယားဆေးများ ထိုးထားကြောင်း တွေ့ရှိရသည်။ ထူးဆန်းသည်မှာ ထိုဆေးများထိုးရန် ဆရာဝန်များက ညွှန်ကြားထားခြင်း လုံးဝ မရှိခဲ့ပေ။

သီတာလှိုင်သည် နံနက်(၁၀)နာရီမှ သတိကောင်းစွာရပြီး အိပ်ရာမှ နိုးလာသည်။ နိုးနိုးချင်းပင် သူမသည် ဝမ်းဗိုက်ကို လက်ဖြင့်စမ်းကြည့်သည်။ ဝမ်းဗိုက် ပိန်နေသည်ကို စမ်းမိသဖြင့် ဝမ်းသာသွားသည်။ ကလေး မွေးဖွားပြီးပြီဟူ၍ တွေးတော ကြည်နူးနေ၏။

ထိုအချိန်မှာပင် သူမထံ ဆရာဝန်များ ရောက်လာကြသည်။ ယောက်မဖြစ်သူ မာလာတင်လည်း ပါလာသည်။ ဆရာဝန်များ ပြောပြချက်အရ သူမ၏ ကလေးငယ် သေသွားကြောင်း သိရသောအခါ ထိတ်လန့် တုန်လှုပ်သွား၏။

"ကျွန်မ . . . . ကလေး သေသွားတာ တကယ်ဟုတ်ရဲ့လား" ဟူ၍ ပြန်မေးသည်။

"ကလေး . . သေသွားသည်မှာ အမှန်ပင်ဖြစ်ကြောင်း၊ ကလေးမှာ ပေါင်ချိန်မပြည့် (၃) ပေါင် (၁၂) အောင်စသာရှိကြောင်း"

ဟူ၍ ဒေါက်တာ ဟန်ဝင်းရှိန်က ဝမ်းနည်းစွာ ရှင်းပြသည်။

"ကျွန်မ . . ကလေး မသေနိုင်ပါဘူး။ ကျွန်မမွေးဖွား



www.burmeseclassic.com

www.burmeseclassic.com



တဲ့အချိန်မှာ ကောင်းကောင်းလှုပ်ရှားနေပါတယ်။ နောက်ပြီး ကျွန်မ ကလေး (၈)ပေါင်ခွဲလောက်ရှိလိမ့်မယ်လို့လဲ ဒေါက်တာ ကျော်ခိုင်ဝင်းက ပြောထားတာပဲ''

ဟူ၍ သီတာလှိုင်က ပြန်ပြောပြသည်။

ထိုအခါ ဒေါက်တာ ဟန်ဝင်းရှိန်က ဝမ်းထဲ၌ ရေများပြားနေ၍ ကလေးပေါင်ချိန်ကို မှန်းဆရာတွင် လွဲသွားနိုင်ကြောင်း ရှင်းလင်းပြောပြသည်။

သီတာလှိုင်သည် စကား ပြန်ပြောရန် ကြိုးစားသေးသည်။ သို့သော် ပြောမရတော့ပေ။ သူမပြောလိုသော စကားများသည် လည်ချောင်းထဲတွင် ဆို့နစ်နေသည်။ သူမသည် ဦးခေါင်းကိုတစ်ဖက်သို့ လှည့်ထားလိုက်သည်။ သူမမျက်နှာတစ်ခုလုံး မျက်ရည်များ စိုစွတ်နေသည်။ ဆရာဝန်များ ထွက်ခွာသွားသောအခါ သီတာလှိုင်နှင့် မာလာတင်တို့သည် ဖက်၍ ငိုကြွေးကြလေသည်။

ထိုနေ့ ညနေပိုင်းတွင် သေဆုံးသွားသော ကလေးကို သင်္ဂြိုဟ်ခွင့်ပြုကြောင်း သီတာလှိုင်၏ ခင်ပွန်းက လက်မှတ်ရေးထိုးပေးလိုက်ရ၏။

သီတာလှိုင်သည် များစွာ စိတ်ထိခိုက်လျက် ရှိသည်။ မိသားစုနှင့် မိတ်ဆွေများက သူမထံလာ၍ အားပေးနှစ်သိမ့်မှုပြုကြသည်။ သို့ရာတွင် သီတာလှိုင်အဖို့ မပြေပျောက်နိုင်၊ မဖြေဆည်နိုင်အောင် ဖြစ်နေသည်။ ညအိပ်ပျော်သောအခါ၌လည်း ကလေးကို မကြာခဏ အိပ်မက်မက်နေ၏။

သည်လို ဖြစ်ပျက်ပြီးအချိန်တို့ကုန်ဆုံးလာသည်။ဆောင်းကုန်၍ နွေရာသီသို့ ရောက်လာသည်။ ရွက်ဟောင်းတွေ ကြွေပြီး ရွက်သစ်တွေ ပြောင်းလဲလာကြသည်။ သီတာလှိုင်သည်လည်း ဆေးရုံတက်ပြီး မီးဖွားခဲ့သည်မှာ တစ်နှစ်ခန့်ကြာညောင်းသွားပြီ ဖြစ်သည်။

ဗျိုးဗျိုးဗျိုးဗျိုးဗျိုး

၁၉၈၇ ခုနှစ် မေလ (၅) ရက်နေ့ နံနက် (၁၀)နာရီအချိန်တွင် ရန်ကုန်မြို့ စုံထောက်အရာရှိ အောင်သန်းထိုက်ထံ ဖုန်းရောက်လာသည်။ ရှမ်းပြည်နယ်မြောက်ပိုင်းတစ်နေရာ အိပ်ခန်းတစ်ခန်းထဲ၌ လူသတ်မှု ဖြစ်ကြောင်း သက်ဆိုင်ရာတို့က အကြောင်းကြားထားခြင်း ဖြစ်သည်။

စုံထောက် အရာရှိ အောင်သန်းထိုက်နှင့်အဖွဲ့ ဖြစ်ပွားရာနေရာသို့ချက်ချင်း ရောက်သွားကြသည်။ အိမ်ခန်းတစ်ခန်းရှိ အိပ်ခန်းထဲတွင် မြသီတာအမည်ရှိ အသက် (၂၉)နှစ်အရွယ် မိန်းမတစ်ယောက် သွေးအိုင်ထဲ၌ သေဆုံးနေသည်ကို တွေ့ရသည်။ သေသူမိန်းမသည် လည်ပင်းတွင် ဓားဒဏ်ရာဖြင့် သေဆုံးနေခြင်း ဖြစ်သည်။ သို့ရာတွင် တရားလိုကို မတွေ့ရပေ။

စုံထောက် အရာရှိ အောင်သန်းထိုက်၏ ညွှန်ကြားချက်အရ စုံထောက်အဖွဲ့ဝင်နှစ်ဦးသည် နော်အေးမြ အိပ်ခန်းသို့ လျှင်မြန်စွာ သွားရောက်ကြသည်။ အခန်းတွင်း၌ နော်အေးမြကို မတွေ့ရပေ။ သူမ၏ အရွယ်ရောက်ပြီး သားကလေးနှင့် သမီးကလေးကိုသာတွေ့ရသည်။ သူတို့မောင်နှမအပြင် တစ်နေ့ခန့်



www.burmeseclassic.com

www.burmeseclassic.com



အရွယ် မီးမီးအမည်ရှိ သမီးကလေးကိုလည်း တွေ့ရသည်။ မောင်နုမနှစ်ယောက်သည် သူတို့၏ ညီမလေး မီးမီးကို ထိန်းကျောင်းပြုစုနေကြသည်။

စုံထောက်သည် မောင်နုမ နှစ်ယောက်ကို စုံစမ်းမေးမြန်းကြသည်။ မောင်နုမ နှစ်ယောက်က သူတို့၏မိခင် နော်အေးမြသည် ယခုပင် သားကလေးတစ်ယောက်ကို မီးဖွားနေကြောင်းနှင့် ယခုတောင်ကြီး စဝ်စံထွန်းအေး ဆေးရုံမှာ ရှိကြောင်း ပြောပြသည်။

စုံထောက်များက တိုက်ခန်း အနှံ့ရှာကြသည်။ ထို့နောက် တိုက်အိမ်ဝင်း ခြံနေရာအနှံ့ကိုလည်း ရှာဖွေကြည့်သည်။ မကြာမီ ခြံထောင့်တစ်နေရာ၌ အိတ်တစ်လုံးကို တွေ့ရသည်။ ထိုအိတ်ကို ဖွင့်ကြည့်သောအခါ အိတ်ထဲ၌ ဆေးထိုးပြွန်နှင့် ဆေးကိုးအပ်များ ဆေးပုလင်းများကို တွေ့ရသည်။ ထို့ပြင် ပလတ်စတစ် အခင်းတစ်ခုနှင့် သွေးစွန်းနေသော မျက်နှာသုတ်ပဝါများကိုပါ တွေ့ရ၏။

စုံထောက် အဖွဲ့ဝင်များသည် စုံထောက် အရာရှိ အောင်သန်းထိုက်ထံ အကျိုးအကြောင်း သတင်းပို့သည်။ ထို့နောက် နော်အေးမြကို လူသတ်မှုအတွက် မသင်္ကာမှုဖြင့် ဖမ်းဆီးရန် စဝ်စံထွန်းအေးဆေးရုံသို့ လျင်မြန်စွာ သွားကြသည်။

ဆေးရုံပေါ်၌ အသက် (၄၅)နှစ်ခန့်ရှိ နော်အေးမြကို တွေ့ရသည်။ ကိုယ်လုံးကိုယ်ထည် ထွားကျိုင်း၍ သန်စွမ်းသည်။ သူမ အနီးရှိ ကလေးထားသော အခန်းတွင်လည်း မွေးကင်းစ ကလေးငယ် တစ်ယောက်ကို တွေ့ရသည်။

နော်အေးမြက ထိုကလေးငယ်သည် သူမ၏ ကလေးဖြစ်သည်။ ဆေးရုံသို့ လာစဉ် မအောင့်နိုင်သဖြင့် ကားပေါ်တွင်မီးဖွားခဲ့ရသည်ဟု ပြောပြသည်။ စုံထောက် အရာရှိ အောင်သန်းထိုက်က နောက်ထပ်၍ မေးမြန်းသောအခါ နော်အေးမြက ဖြေဆိုခြင်းမပြု။ မဖြေဆိုနိုင်ဟု ဘူးကွယ်နေသည်။

စုံထောက် အရာရှိ အောင်သန်းထိုက်သည် ထိုအချိန် တာဝန်ကျနေသော ဒေါက်တာ ဖင်ကိုလတ်ကို အကျိုးအကြောင်း ပြောပြသည်။ ဆရာဝန်သည် သတင်းဆိုးကြားရသောအခါ ထိတ်လန့်တုန်လှုပ်သွားသည်။ နော်အေးမြအား ဆေးစစ်ရမည်ဟုဆိုရာ သူကိုယ်တိုင်ဆေးစစ်ကြည့်သည်။

ပထမအကြိမ် ဆေးစစ်ကြည့်ပြီး ဆရာဝန်သည် အံ့အားသင့်သွားသည်။ သူသည် သေချာရန် ဒုတိယအကြိမ်၊ ထို့နောက် တတိယအကြိမ်အထိ စစ်ဆေးကြည့်သည်။ ဆရာဝန်သည် အံ့သြမဆုံး ရှိနေသည်။

"ဆရာဝန် . . ဒီအမျိုးသမီးဟာ သားအိမ်ဖြတ်ထုတ်ထားပါတယ်။ ကလေးဘယ်လိုမွေးနိုင်မလဲ၊ သားအိမ်ဖြတ်ထုတ်ထားတာလဲ နှစ်အတော်ကြာနေပြီ" ဟူ၍ စုံထောက်အရာရှိ အောင်သန်းထိုက်ကို ရှင်းပြသည်။

"ဟာ . . ဒီလိုဆို ကားပေါ်မှာ သူမီးဖွားခဲ့တယ်ဆိုတာ ကလေးက သူ့ကလေးမဟုတ်နိုင်ဘူးပေါ့"

"ဒါပေါ့ . . သူ့ကလေး ဘယ်ဖြစ်နိုင်ပါ့မလဲ။ သူက သား



www.burmeseclassic.com

www.burmeseclassic.com



အိမ်ဖြတ်ထုတ်ထားတာပဲ''ဟူ၍ ဆရာဝန်က ပြောသည်။

ထိုအခါ စုံထောက်များသည် နော်အေးမြအိမ်ခန်းတွင် တွေ့ခဲ့ရသော တစ်နှစ်ခန့်ရှိ မီးမီးကလေးကို ဖျတ်ခနဲသတိရလိုက်သည်။ ထိုကလေးမှာလည်း နော်အေးမြ ကလေးမဖြစ်နိုင်။ နော်အေးမြသည် လူသတ်မှုတစ်မှုမက တခြားတစ်မှုကိုပါ ကျူးလွန်ထားသေးသလောဟု တွေးမိနေသည်။

ထို့နောက် ချက်ချင်းပင် စုံထောက်အရာရှိ အောင်သန်းထိုက်သည် ဆေးရုံရှိ ကလေးငယ်နှင့် တစ်နှစ်ခန့်ရှိ မီးမီးလေး၏ လုံခြုံရေးအတွက် စီစဉ်ကြရသည်။ ထိုကလေးနှစ်ဦးကို ထိန်းသိမ်းစောင့်ရှောက်ထားရန် အစီအစဉ်များ ပြုလုပ်ကြသည်။

စုံထောက် အရာရှိ အောင်သန်းထိုက်သည် နော်အေးမြကို ထောင်သို့ပို့ကြသည်။ ထို့နောက် တစ်နှစ်ခန့်ရှိ မီးမီးကလေး ပြဿနာ ဖြေရှင်းရန် ကြိုးစားသည်။ သူသည် စဝ်စံထွန်းအေး ဆေးရုံသို့ သွားကာ မီးမီးလေး၏ မွေးလက်မှတ်မိတ္တူကို ရှာဖွေသည်။ မကြာမီ ရှာဖွေတွေ့ရှိသည်။

စုံထောက် အရာရှိ အောင်သန်းထိုက်သည် ဆေးရုံတာဝန်ကျဆရာဝန်သို့ ဖုန်းဆက်သည်။ ထိုအချိန်တွင် နော်အေးမြ မည်သည့်နေရာတွင် ရှိသည်ကို မေးမြန်းကြည့်သည်။ သက်ဆိုင်ရာ တာဝန်ကျ ဆရာဝန်က



နော်အေးမြသည် ထိုနေ့က သားဖွားခန်း၌ အလုပ်တာဝန်ဆောင်ရွက်ခဲ့ကြောင်း မှတ်တမ်းရှိသည်ဟု ပြောပြသည်။

ဤတွင် အောင်သန်းထိုက်သည် မီးမီးလေး မမွေးဖွားမီ ရက်အနည်းငယ်ခန့်က ဆေးရုံမှ အခြား မွေးဖွားစ သားယောက်ျားကလေး တစ်ယောက် ပျောက်ဆုံးသွားခဲ့သည်ကို သိရသည်။

ထိုအခါ ရှုပ်ထွေးနေသော ပြဿနာသည် ပြေလည်သွားသည်။ စုံထောက်အရာရှိ အောင်သန်းထိုက်က နော်အေးမြသည် ဆေးရုံမှ ထိုကလေးငယ်ကို ရှေးဦးစွာခိုးယူရမည်။ ထို ကလေးသည် သေဆုံးသွားသဖြင့် သီတာလှိုင်၏ သမီးကလေး ဖြစ်ရမည်ဟု ကောက်ချက်ချလေသည်။

✽✽✽✽✽

သီတာလှိုင်သည် အစ၌ ရင်နာစွာဖြင့် သူမအိမ်သို့ လာရောက်ကြသော စဝ်စံထွန်းအေးဆေးရုံမှ တာဝန်ရှိဆရာဝန်သုံးဦးကို စကားမပြောလိုခဲ့ပေ။ ထိုသုံးဦးသည် သူမထံ အံ့ဖွယ်သတင်းစကား လက်ဆောင်ယူလာသည်ကို မသိသောကြောင့် ဖြစ်သည်။

စဝ်စံထွန်းအေးဆေးရုံမှ တာဝန်ရှိသူ တစ်ဦးဖြစ်သူ ဒေါက်တာ မန်းညွန့်မောင်က ဦးစွာရှင်းပြလေသည်။

''ကျွန်တော်တို့ ... သတင်းကောင်း လာပြောတာပါ။ လွန်ခဲ့တဲ့ တစ်နှစ်ခန့်က



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ဆေးရုံမှာ ခင်ဗျား မွေးဖွားခဲ့တဲ့ ကလေးနဲ့ပတ်သက်ပြီး လာပြောတာပါ။ ဒီကလေးဟာ မသေဘူးလို့ ကျွန်တော်တို့ ယုံကြည်နေပါတယ်'' ဟူ၍ စကားစတင် ပြောဆိုသည်။

ထို့နောက် ဆရာဝန်များက သီတာလှိုင်အား သူနာပြု ဆရာမ နော်အေးမြအကြောင်း တစ်နှစ်ခန့်သမီးလေး မီးမီး အကြောင်း၊ သီတာလှိုင်သည် ဆေးရုံတက်၍ မွေးဖွားစဉ် နော်အေးမြက အလစ်ဘွင် မော်ဖီးယား ဆေးများ အလွန်အကျွံ တိတ်တဆိတ် ထိုးသွားခဲ့သည်။ ထို့ကြောင့် ကလေးမီးဖွားပြီး ဘာမျှ မသိလိုက်ရဘဲ မူးဝေထိုင်းမှိုင်းနေခဲ့ရကြောင်း ပြောပြ၏။ ထိုစဉ် တစ်နှစ်ခန့်ရှိ သမီးလေး မီးမီးလေးကို တွေ့ပါက မိမိ သမီး ကလေးဖြစ်ကြောင်း သိရှိနိုင်ပါမည်လားဟူ၍လည်း ထပ်ဆင့် မေးမြန်းလိုက်သည်။

နောက်တစ်နေ့တွင် သီတာလှိုင်သည် မီးမီးလေးကို ထိန်းသိမ်း စောင့်ရှောက်ထားသော နေရာသို့ သွားရောက်သည်။ သူမသည် အခန်းတွင်းသို့ ဝင်ရောက်လျှင်ပင် တောက်ပဝင်းလဲ့သော မျက်လုံးအစုံနှင့် ပြုံးရယ်ပြုနေသည့် မီးမီးလေးကို တွေ့ရ၏။

သီတာလှိုင်သည် မီးမီးလေးကို တွေ့မြင်လိုက်ရသည်နှင့်တစ်ပြိုက်နက် သီတာလှိုင်၏ သံသယ စိတ်များ ချက်ချင်း ပျောက်ကွယ်သွားလေသည်။ မီးမီးလေးသည် အိမ်တွင်ရှိသည့် သူမသမီးကြီး ဥမ္မာအေး ငယ်စဉ်က ရုပ်မျိုးအတိုင်းပင် ချွတ်စွတ်တူနေသည်။ သီတာလှိုင်က လက်နှစ်ဖက်ကို ထုတ်ကာ ခေါ်လိုက်သည်။

''သမီး ‥ မေမေ့ဆီလာပါဦးကွယ်''

ဟု ခေါ်လိုက်သောအခါ မီးမီးလေးသည် ချက်ချင်းပင် သီတာလှိုင်ထံ လေးဖက်တွား၍ လာလေသည်။

သီတာလှိုင်သည် တစ်နှစ်ခန့်အရွယ်ရောက်နေပြီ ဖြစ်သော သမီးကလေးကို ပထမဆုံးအကြိမ် ပွေ့ချီလိုက်သည်။ သူမအဖို့ သမီးကလေးသည် ဒုတိယအကြိမ်မွေးဖွားလာသည် ဟုပင် ခံစားလိုက်ရသည်။ သူမသည် ဝမ်းမြောက်ဝမ်းသာ ရယ်မောမိသည်။ ရယ်မောစဉ် မျက်လုံးအိမ်မှ မျက်ရည်များလည်း စီးကျလာသည်။

တရားရုံးတော်က သီတာလှိုင်တို့ ဇနီးမောင်နှံလက်ထဲသို့ သမီးကလေး မီးမီးကို ပေးအပ်လိုက်သည်။ သီတာလှိုင်တို့က မီးမီးလေးကို ''ပန်းဝါလှိုင်'' ဟူ၍ နာမည်အသစ်ပြောင်းလဲ မှည့်ခေါ်ကြလေသည်။

သူနာပြု ဆရာမ နော်အေးမြသည် မြသီတာအမည်ရှိ မိန်းမကို သတ်မှုနှင့် ကလေးခိုးမှု တို့ကြောင့် တရားရုံးတော်မှ ထောင်ဒဏ်တစ်သက်တစ်ကျွန်း အမိန့်ချမှတ်လိုက်သည်။

နောက်ဆုံး နော်အေးမြ ခိုးယူခဲ့သည့် မြသီတာ၏ကလေးကိုလည်း ရုံးတော်မှ မြသီတာ၏ ခင်ပွန်းထံ ပေးအပ်ခဲ့သည်။ နော်အေးမြ၏ နောက်ကြောင်းရာဇဝင်ကို စုံစမ်းကြည့်သောအခါ စိတ်ရောဂါရှင် တစ်ဦးဖြစ်နေကြောင်း စိတ်ရောဂါကု ဆေးရုံသို့ တက်ရောက် ကုသခံခဲ့ဖူးကြောင်း သိရှိရလေသည်။

**ကျော်သန့်စံ**



www.burmeseclassic.com

www.burmeseclassic.com



# ဘယ်သူမပြု ဘယ်သူပြု

ကေတုလှနိုင်



www.burmeseclassic.com

www.burmeseclassic.com



## "ဘယ်သူမပြု ဘယ်သူပြု"

**ကေတုလှနိုင်**

မြို့သစ်ဆိုသော်လည်း သက်တမ်းက နှစ်၂၀ ကျော်လာပြီ။ အိမ်ခြေမစိပ်သေးပါ။ လူနေကတော့ သိပ်လာသည်။ မိသားစုတစ်စု၌ပင် လျော့သွားသူကနည်းနည်း။ တိုးလာသူကများများ မဟုတ်ပါကလား။ သည်မြို့သစ်မှာ ကိုဘသောင်းတို့ နေထိုင်သည်။

သူတို့အိမ်သည် ပျဉ်ထောင် သွပ်မိုးဖြစ်သည်။ ပေ ၂၀ ကွက်ကို အပြည့်ဆောက်ထားသည်။ အတော်ကလေးကျယ်သည်။ ပြောစရာရှိသည်မှာ အနည်းငယ် နိမ့်နေခြင်းပင်။ မြို့သစ်အိမ်ဆိုတာ နွေဘက် အိမ်အောက်ဆင်းပြီး ကောဇောခင်း၍ အပူကာကွယ်ရသည့် အလုပ်ကရှိသေးသည်။

အိမ်ရှေ့ဘက်တွင် မျက်နှာချင်းဆိုင် အိမ်မရှိ။ သောက်ရေကန် တစ်ကန်ရှိသည်။ ကိုဘသောင်းတို့မှာ သည်သောက်ရေကန်ကို လက်လွှတ်မရ၊ နွေဘက်ဆိုလျှင် ရေအတွက်အားကိုးအားထားတစ်ခုပါပေ။

ကိုဘသောင်းသည် နေ့တိုင်းအိပ်ရာကထလျှင် သွားပွတ်တံတွင် သွားတိုက်ဆေး ညှစ်ယူလာပြီ။ အိမ်ရှေ့ ထထချင်း ဦးစွာ ပထမ ပွဲဦးထွက်အလုပ်ဆိုပေမယ့် နှစ်စဉ်၃၀ လုပ်နေရသောအလုပ်ဖြစ်သည်။ ဘာလုပ်ပြီးဘာကိုင်ရမည်ဟု ကြိုတင်တွေးစရာမလို။ သည်နေရာမှာ အာရုံကြောတွေက စက်ရုပ်ထဲက ပရိုဂရမ် (Data)အတိုင်း ရွေ့လျားနေသလိုပင်။

သည်ကနေ့ မနက်တွင် ဘာကိုမျှ မလုပ်။ ခုတင်ပေါ်မှာ ထိုင်လျက် တစ်ခန်းလုံးကို ဂရုတစိုက်ကြည့်နေသည်။ အခုမှ ရောက်လာသူနှင့်ပင်တူနေသည်။

အခန်းထဲတွင် ခပ်ရွယ်ရွယ် မှန်ဗီရိုကလေးတစ်လုံးရှိသည်။ ထိုဗီရိုပေါ်မှာ ဒေါက်ပါသော ဓာတ်ပုံ မှန်ပေါင်တစ်ခုရှိသည်။ ကိုဘသောင်းနှင့် မခင်မြင့်တို့လင်မယား တွဲရိုက်ထားသော ဓာတ်ပုံထည့်ထားသည့် ဓာတ်ပုံမှန်ပေါင်ဖြစ်သည်။ သည်ဓာတ်ပုံကို ကိုဘသောင်းက စိုက်ကြည့်နေသည်။ ထိုအချိန်တွင် သမီး သွယ်သွယ် ရောက်ရှိလာသည်။

ကိုဘသောင်းသည် ဓာတ်ပုံကိုကြည့်နေရာမှ–

'ဘယ်သူတွေပါလိမ့်'

ဟု တစ်ကိုယ်တည်း ပြောလိုက်သည်။ သူ့အဖေ ကိုဘသောင်း စိုက်ကြည့်နေသော ဓာတ်ပုံကိုလည်း သွယ်သွယ်တွေ့သည်။ ပြောလိုက်သော စကားလုံးကိုလည်း ကြားလိုက်ရသည်။ ထို့ကြောင့် သွယ်သွယ် ခြေလှမ်းရပ်တန့်သွားသည်။ မျက်လုံးကလေးနှစ်လုံးပြူးကျယ်၍ သွားလေသည်။

"ဖေဖေ ဘာဖြစ်သွားပါလိမ့်"

ဟု အတွေး ရောက်လိုက်မိပြီး ရုတ်ခြည်းကြောင်စီစီဖြစ်သွားသည်။ သူ့အဖေကို ပြန်ကြည့်သည်။

---

**"ကိုဘသောင်း ရှင်ဘာတွေမေးနေတာလဲ၊ ရှင့်မယားနဲ့သမီးလေ"**



www.burmeseclassic.com

www.burmeseclassic.com





ကိုဘသောင်းသည် သမီးခြေသံကိုကြားဟန်တူသည်။ သွယ်သွယ်ဘက်လှည့်လိုက်လေသည်။

"ကိုဘသောင်း ရှင်ဘာတွေမေးနေတာလဲ၊ ရှင့်မယားနဲ့သမီးလေ"

သားအမိတွေ စောစောစီးစီး ဆူညံဆူညံဖြစ်နေသဖြင့် အိမ်သာမှ ထွက်လာသော သားကြီးရန်ပိုင်ဦးကပါ ရောက်ရှိလာသည်။ ရောက်လာတော့ အဖြစ်ပုံစနစ်စုံကို မမေးဘဲ သိလိုက်ရသဖြင့် သားကြီး ရန်ပိုင်ဦးပါ မစဉ်းစားတတ်အောင် ဖြစ်သွားသည်။

ရန်ပိုင်ဦးက သူ့အမေကို သူ့အဖေအကြောင်း မျက်ရိပ်ပြ၍မေးနေသည်။ အမေဖြစ်သူသည် ရုတ်တရက် ဘာမျှမပြောနိုင်ရှိသည်။ နောက်မှသူက–

"ကိုဘသောင်း ရှင်အိပ်ပျော်နေတုန်းပဲလား"

ဟုမေးလိုက်သည်။ ကိုဘသောင်းက

"ဘာ. . ."

ဟုတစ်လုံးတည်း အားဖြင့် ပြန်အော်လိုက်သည်။

"ရှင် နောက်နေတာလား"

သည်တွင် ကိုဘသောင်းသည် ခုတင်ပေါ်မှာ ထိုင်နေရာက ခုတင်အောက်ဆင်း၍ ရပ်လိုက်သည်။ မခင်မြင့်တို့ကို ကြည့်လိုက်၊ သူ့ကိုယ်သူ ပြန်ကြည့်လိုက်လုပ်နေသည်။

သည်နေ့ကစ၍ ကိုဘသောင်းဘဝ ပြောင်းသွားသည် ဟုဆိုရမည်ဖြစ်သည်။

၀၀၀၀၀

အပျက်အပျက်နှင့် နာခေါင်းသွေးထွက်သည်ဆိုသော စကားက မခင်မြင့်တို့ မိသားစုအတွက် မှန်နေပြီ။ ကိုဘသောင်းက သူ့ဘဝ အစိတ်အပိုင်းအားလုံးလိုလိုမေ့သွားသည် ဆိုသည်မှာ မဖြစ်နိုင်။ ကိုဘသောင်းက သူ့မိသားစုကို အတည်ပေါက်သရုပ်ဆောင်းပြီး ပျော်စေပြက်စေ ကလက်စေ သဘောနှင့် နောက်ပြောင်ကျီစယ်နေတာများလားဟု မခင်မြင့်ရော သူ့သားနှင့်



www.burmeseclassic.com

www.burmeseclassic.com



သမီးပါ တွေးထင်ခဲ့သည်။

သို့သော်လည်း ကိုဘသောင်း ခုလိုမေ့မေ့လျော့လျော့ဖြစ်၍ သွားသည်မှာ အမှန်တကယ်ပင်ဖြစ်သည်။ ဒါဆို အမှောင့်ပယောဂများလား တွေးတောစဉ်းစားစရာဖြစ်လာသည်။

“ကျွန်မလဲ မစဉ်းစားတတ်အောင် ဖြစ်နေပြီ။ အဲဒီနေ့ အိပ်ရာက နိုးလာတာနဲ့ ဘယ်သူဘယ်ဝါမှန်းကို မသိတော့တာ၊ ကိုယ့်အိမ်ကိုယ့်ရာမှန်းလဲ မသိတော့ဘူး။ တစ်မိသားစုလုံးကို သူစိမ်းတွေလို့ ထင်နေတော့တာ”

မခင်မြင့်က ကိုဘသောင်းနှင့် ပတ်သက်၍ အကြောင်းရင်းကို ရှာမရဖြစ်နေသည်၊ ကိုဘသောင်း အကြောင်းမေးလာ သူတိုင်းကို အမှန်အတိုင်းပဲ ရှင်းပြသည်။

“သေချာပါတယ်။ ဒါ ပယောဂပဲ”

အသိ မိတ်ဆွေတွေကရော၊ ဆွေမျိုးတွေကပါ ပယောဂဟု မှတ်ချက်ချသည်။ ကိုဘသောင်းကလည်း ကိုဘသောင်းပါပေ။

“မဟုတ်ဘူး။ မင်းတို့ ကျုပ်ကို ညာပြောနေတာ ကျုပ်မှာ မိန်းမမှမရှိတာ သားသမီးကရောရှိမှာတဲ့လား။ သွားကြပါဗျာ။ မင်းတို့သွားကြစမ်းပါ။ မင်းတို့ မသွားရင် ငါသွားရလိမ့်မယ်”

သည်တော့လည်း မခင်မြင့်တို့ သားအမိကပဲ လက်လျော့ရလေတော့သည်။ သမီးနှင့် သားမှာ ဖခင်က ပျော်စေပြက်စေလို၍ မဟုတ်ဘဲ အမှန်တကယ် စိတ်အခြေအနေပြောင်းသွားမှန်း သိလာရသောအခါ



မျက်ရည်သွယ်ကြရလေသည်။

အခုတော့လည်း မခင်မြင့်တို့ မိသားစုသည် ကိုဘသောင်းကို ဘယ်လို ကုသမရမလဲ စဉ်းစားနေဆဲမှာပဲ ကိုဘသောင်းက အိမ်မှထွက်သွားပြီ။ ဘယ်သွားလို့ ဘယ်လာမည်ဆိုသော စကားကိုပင် မပြောသွားခဲ့။

မကြာလှ၊ ကိုဘသောင်း အစ်ကိုကြီး ဦးသံချောင်း မခင်တင့်တို့အိမ် ရောက်လာသည်။

“ဘယ်နေ့က ဘသောင်း အိမ်က ထွက်သွားတာလဲ”

ဦးသံချောင်းက မေး



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ပြီးခဲ့တဲ့ တနင်္ဂနွေနေ့က သူထွက်သွားတာပါ"

"ကြာပြီပဲ။ လိုက် မရှာဘူးလား"

"ရှာပါတယ်။ မတွေ့ဘူး ကိုကြီးရဲ့။ ရဲစခန်းမှာတော့ လူပျောက်တိုင်ချက် ဖွင့်ထားပါတယ်"

"နင် .. တို့ကလဲ .. စောစောကပြောရောပေါ့"

"ပြောမလို့ပါပဲ။ ဒီကြားထဲ ဟိုလူပြော ဒီလူပြော အကြံပေးနဲ့၊ ဗေဒင်မေး နတ်မေး



ပယောဂဆရာခေါ်နဲ့ အလုပ်ရှုပ်နေလို့ပါ"

မခင်မြင့်က သူ့ခဲအို ဦးသံချောင်းကို မဝံ့မရဲ ရှင်းပြနေသည်။ ဦးသံချောင်းက ခေါင်းကို လက်တစ်ဖက်နှင့် တဗျင်းဗျင်း ကုတ်ကာ --

"နင်တို့ကလဲ ခေတ်ပညာတတ်တွေ ဖြစ်ရက်နဲ့ကိုယ့် လင်ယောကျ်ား ဘာဖြစ်လို့ ဖြစ်တယ်ဆိုတာ မသိဘူးလား"

"ဘာဖြစ်တာလဲ"

"ဘာဖြစ်ရမလဲ မခင်မြင့်ရယ်။ အရက်ကြောင့်ပဲပေါ့"

"ကိုဘသောင်း အရက်ဖြတ်တာ ကြာပြီလေ"

မခင်မြင့်က ဖြတ်ပြောလိုက်ပေမယ့် ဦးသံချောင်းက –

"အရက်ဖြတ်လိုက်ပြီဆိုပေမယ့် သောက်တုန်းက အလွန်အကျွံသောက်ခဲ့တာ မဟုတ်လား"

ထိုအခိုက် တစ်လမ်းတည်းနေသူ ဒဂုံတက္ကသိုလ်ကျောင်းသူလေး လွင်လွင်ဆွေ ရောက်လာသည်။ သူနှင့်အတူ ဦးဘသောင်း ပါလာသည်။

"အန်ကယ် ဦးဘသောင်းကို သမီးပဲခူးမှာ တွေ့လို့ အိမ်က ထွက်သွားတယ် ကြားထားလို့ သမီးလဲ အန်ကယ်ဦးဘသောင်းကို တွေ့တွေ့ချင်း ခေါ်လာတာပါ။ ဒါတောင် အန်ကယ် ဦးဘသောင်းက မလိုက်ဘူးဆိုပြီး ငြင်းနေသေးတာ"

လွင်လွင်ဆွေက ကိုဘသောင်းအကြောင်း အသေအချာ ရှင်းပြသည်။

၏၏၏၏၏

ခုတော့လည်း ကိုဘသောင်းသည် စိတ်ရောဂါအထူးကု ဆေးရုံကြီး လူနာဆောင် အခန်း တစ်ခန်းတွင် ရောက်ရှိနေပြီဖြစ်သည်။

သည်ကနေ့က မခင်မြင့်သည် လင်ယောကျ်ား ကိုဘသောင်းအတွက် အစားအသောက်၊ အဝတ်အစားနှင့် ဆေးဝါး ပစ္စည်းများကို ယူလာသည်။ ကိုဘသောင်း၏ ရောဂါအခြေအရ လောလောဆယ် သူ့ကို အခန်းတစ်ခန်းမှာထားကြောင်း ဆရာဝန်ကြီး တစ်ဦးကပြောပြသည်။

"ဒီလို ဖြစ်တတ်ပါတယ်။ ဒီရောဂါကို ဆေးဆာ



www.burmeseclassic.com

www.burmeseclassic.com



ကော့ဖ်စိတ်ရောဂါလို့ခေါ်ပါတယ်။ အရက်အလွန်အကျွံသောက်ရာက ဖြစ်ပေါ်လာတဲ့ စိတ်ရောဂါမျိုးပါ''

သည့်စကားကို မခင်မြင့် ကောင်းကောင်း လက်ခံလိုက်သည်။ ကိုဘသောင်း အရက်ကို ဘယ်အချိန်က သောက်ပြီး အရက်ကို သူဘယ်လောက် စွဲမက်ခဲ့ကြောင်း မခင်မြင့် အသိဆုံးဖြစ်သည်။ ဘာပဲပြောပြော ကိုဘသောင်း အရက်ကိုစွဲစွဲမြဲမြဲ သောက်ခဲ့သောနှစ်မှာ အနှစ် ၂၀ ကျော်ခဲ့ပြီ။

ထို့ကြောင့်လည်း ကိုဘသောင်းက မခင်မြင့်ကို သူသောက်ခဲ့သော အရက်ဂါလန်အရေအတွက် ခန့်မှန်းခြေ ဂါလန်မည်မျှရှိကြောင်း တွက်ချက်ပြဖူးသည်။

မခင်မြင့်သည် ဆရာဝန်ကြီး ပြောစကားကို သတိရနေသည်။

''အရက်သောက်တဲ့ လူတိုင်းတော့လဲ ဒီရောဂါမျိုးဖြစ်ရမယ်တော့လဲ မဟုတ်ပါဘူး။ ဒါက လူတိုင်းလူတိုင်းရဲ့ ကိုယ်ခံကျန်းမာရေးနဲ့ဆိုင်တယ်။ သေချာပေါက် ပြောနိုင်တာက အရက်သောက်ရင် အသတ်တိုမယ်။ ရောဂါ တစ်မျိုးမျိုးစွဲကပ်လာမယ်။ ဒါကိုသိထားပြီး အရက်အလွန်အကျွံမသောက်မိဖို့ ဉာဏ်မျက်စိကတော့ ရှိရပါမယ်''

''ဒီကော်ဆာကော့ဖ် စိတ် ရောဂါဟာလဲ ဆေးကို အချိန်ကြာကြာစားရင် ပြန်ကောင်းမှာပါ။ မျှော်လင့်ချက်ရှိပါတယ်''

ကိုဘသောင်းမှာ ယခုလောလောဆယ် စွဲကပ်နေသော ရောဂါကို ပျောက်ကင်းနိုင်ကြောင်း ပြောလာသော်လည်း မခင်မြင့်က ကိုဘသောင်းကို မျှော်လင့်ချက် ကြီးကြီးမားမားထား၍ မရတော့ပြီ။

ထိုအခိုက် မခင်မြင့် အနီးသို့ ဆေးရုံဝန်ထမ်း တစ်ယောက် (မျက်မှန်းတမ်းမိနေသော ဆေးရုံဝန်ထမ်း) တစ်ယောက် ရောက်ရှိလာကာ–

''အစ်မကြီး လူနာနဲ့ တွေ့မလို့လား။ ကျွန်တော်တံခါးဖွင့်ပေးပါမယ့်''

ဟု ပြောလေသည်။

''အေးကွယ် ‥ ကျေးဇူးပါပဲ''

''ရပါတယ် ‥ ဒီက ဦးလေးက [illegible]ောက်စတုန်းကသာ ထွက်ပြေးဖို့ ကြိုးစားတာပါ။ ခုတော့ အဲ့ဒီလို မဟုတ်တော့ပါဘူး''

ဝန်ထမ်း လူရွယ်က ပြောပြောဆိုဆို လူနာဆောင် အခန်းတံခါးဖွင့်ပေးသည်။ မခင်မြင့်ကို တွေ့လိုက်ရသည်နှင့် ကိုဘသောင်းသည် ရုတ်ခြည်းထထိုင်လိုက်သေးသည်။ သူက မခင်မြင့်ကို ခပ်စိမ်းစိမ်းကြည့်ကာ

''မင်းဘယ်သူလဲ။ ဘာကိစ္စနဲ့ ကျုပ်အနားလာကြတာလဲ''

''ကျွန်မ မခင်မြင့်လေ''

''မဖြစ်နိုင်ပါဘူး။ ဒါ ကျုပ်ကို ညာတာ''

မခင်မြင့်သည် ရင်ထဲမှာ ကျဉ်ခနဲ ဖြစ်သွားခိုက်မှာပဲ ဆွဲကိုင်လာသော ပလတ်စတစ်ခြင်းထဲက ပစ္စည်းများကို ထုတ်၍ စားပွဲပေါ်တင်လိုက်လေသည်။

ကေတုလှနိုင်



www.burmeseclassic.com

www.burmeseclassic.com



# ထန်းဝင်ပေါ်က ယက်ကိုင်မှုန်း

မောင်မောင်စိန်လင်း
(နတ်မောက်)



www.burmeseclassic.com

www.burmeseclassic.com



# ထန်းပင်ပေါ်က လက်ကိုင်ဖုန်း

**မောင်မောင်စိန်လင်း (နတ်မောက်)**

(၁)

[လက်ပံပွင့်တွေ လေအတိုက်ကြွေလိုက်တဲ့အခါ တဝဲဝဲလွင့်လို့ လေယာဉ်ပမာ ... ဩော် ... ချစ်စရာ ချစ်စရာ မြင်ရပါလေဦးတော့မည် ...

ရိုးတံတွေကျဲ နေပူထဲမယ် ရွှေညာသူ ညိုပြာချောတို့ စက်ဘီးလေးတွေစီးကာကိုယ်စီ စက်ဘီးလေးတွေစီးကာကိုယ်စီ]

(သန်းထွန်းလေး)

(ရှေးထုံးလည်း မပယ်နဲ့ ဈေးသုံးလည်း မလွယ်နဲ့)ရှေးဆိုရိုးစကားအတိုင်း ထန်းသမား **(သန်းဆိုင်)**သည် ထန်းတက်ရင်း **ထန်းပင်ပေါ်** ရောက်သည်နှင့် **သီချင်းဆို**နေရလေသည်။ ထန်းတက်နေချိန်တွင် သီချင်းဆိုမှ ထန်းရည်ထွက်သည်။ ထန်းနို့ချပေးသည်ဟု ရှေးဆိုရိုးစကားက ရှိလေသည်။ အသံကလည်းကောင်း၊ အဆိုကလည်း ပိုင်သောကြောင့် ဂီတရသကို ခံစားရလေသည်။

ထန်းသမားသန်းဆိုင်ဆိုသော သီချင်းနှင့် တပေါင်းကာလ ဂိမ္ဘန်ရာသီ၊ သဘာဝမြင်ကွင်းတို့မှာ လိုက်ဖက်လှသည်။ အဘယ်ကြောင့်ဆိုသော် သန်းဆိုင် တက်နေသည့် ထန်းတောနှင့် မလှမ်းမကမ်းတွင် လက်ပန်းပင်ကြီး တည်ရှိသည်။ နွေမှာပွင့်ပြီး၊ နွေမှာကြွေကျလေခရသော လက်ပံပင်ကြီး လက်ပံပွင့်များမှာ တစ်ပင်လုံး နီမြန်းနေအောင် ပွင့်ခဲ့သည်။ နွေ၏ အပူရှိန်ကြောင့် လက်ပံပွင့်များ၊ ကြွေကျ မြေခနေလေသည်။ အလွန် မြင့်မားသော လက်ပံပင်ကြီးမှ လက်ပံပွင့်များ၏ ပွင့်ဖတ်ကလေးများ တစ်စုပြီးတစ်စု လေအခါ ကြွေကျမြေခနေသည်မှာ ပန်းချီဆန်လွန်းလှသည်။ ဓာတ်ပုံဆရာကြီး ဦးချစ်စိန်၏ လက်ပံပွင့်ချိန် ဆုရဓာတ်ပုံကို ပန်းချီကားချပ်၏ မြင်ကွင်းအတိုင်း ခံစားရလေသည်။

"မြနန္ဒာ နေညိုညို လေညို့သန်းတော့ ရွှေမန်းတောင်ရိပ် --- အတူတူ ခိုမယ် ပျိုမေတွေရယ်"

ထန်းပင်ပေါ်သို့ တက်နေသော သန်းဆိုင်ထံသို့ နတ်မောက်မြို့ရှိ ပွဲရုံပိုင်ရှင် ဦးဆပ်လှ၊ဒေါ်အုံးထံမှ ဖုန်းဖြစ်ကြောင်း သူ၏ ဟန်းဖုန်းနံပါတ်များက ဖော်ပြနေသည်။

"ဟဲလို ... ပြောပါ ဦးဆပ်လှ"

"မောင်သန်းဆိုင် ထန်းဖိုဦး ထန်းလျက် (၂)တန်၊ မုန့်လုပ်ထန်းလျက် (၃) တန် အမြန် ပို့ပေးပါ"

"ဟုတ်ကဲ့ ဦးဆပ်လှ မနက်ဖြန် ဝင်းကြည် ကားနဲ့ ပို့လိုက်ပါမယ်"

(ဟိုအပင် ဒီအပင်ကူပါလို့ မျောက်ကြီး ဖင်ကြီးပြောင်) ဟာသတေးသွားအတိုင်း ထန်းသမား သန်းဆိုင်မှာ တစ်ပင်ဆင်း၊ တစ်ပင်တက်ဖြင့် မနက်တစ်ကြိမ် ထန်းရည်ချ၊ ညနေ



www.burmeseclassic.com

www.burmeseclassic.com



တစ်ကြိမ် ထန်းရည်ချဖြင့် ထန်းတက်သမားတို့၏ အလုပ်သဘာဝကို လုပ်ကိုင်နေရသည်။ လယ်သမားဘဝ တကယ်မနားရ ဆိုသကဲ့သို့ ထန်းသမားဘဝမှာလည်း တကယ်မနားရသော ထန်းသမားတို့၏ ဘဝပင် ဖြစ်လေသည်။

သန်းဆိုင် ဆိုသော ဝက်ချုပ်ရွာသား ထန်းသမားမှာ ရေနံချောင်းက ဖေက်ကောင်းတစ်ယောက်ဖြစ်သည်။ သူ့ညီမ မပိုသာမှာ ရှမ်းပြည်နယ်မှာ အိမ်ထောင်ကျပြီး ချမ်းသာနေသောကြောင့် သူမအမွေရသော ထန်းပင် (၅၀)။ သူ့အစ်ကိုဝမ်းကွဲ စာရေးဆရာ မောင်မောင်စိန်လင်း (နတ်မောက်) အမွေရထားသော ထန်းပင်(၁၀၀)။ သူ့တူမ (သီတာ)အမွေရထားသော ထန်းပင် (၅၀)တို့ကို တာဝန်ယူလုပ်ကိုင်နေသော ထန်းလျက်(ဘောစေ့)ကလေး ဖြစ်သည်။ ထို့ကြောင့်လည်း စီဒီအမ်အေ ဟန်းဖုန်းကို (၅)သိန်းနဲ့ ရောင်းသည့်အချိန်ကစပြီး ကိုင်တွယ်အသုံးပြုနိုင်သူ ဖြစ်လေသည်။

"မြနန္ဒာ နေညိုညို လေညို သန်းတော့ ရွှေမန်းတောင်ရိပ် --- အတူတူ ခိုမယ် ပျိုမေတွေရယ်"

ထန်းပင်ပေါ် ရောက်နေသော ထန်းသမား သန်းဆိုင် ထံသို့ ဖုန်းဝင်လာသည်။

"ဟဲလို ‥ အမိန့်ရှိပါခင်ဗျာ"

"အစ်ကို သန်းဆိုင် နေကောင်းလား၊ ဘာတွေလုပ်နေလဲ၊ ကျွန်တော်မောင်မောင်သိန်းပါ"

"ထန်းသမားဆိုတော့ ထန်းပင်ပေါ်ရောက်နေတာပေါ့ ညီလေးရယ်"

"အစ်ကို ကျွန်တော် ဒီနှစ်သင်္ကြန် ရွာကို လာမယ်၊ အလှူအတန်းလေးလဲ လုပ်မယ်၊ ကိုယ့်ရပ်ကိုယ့်ရွာသူငယ်ချင်းတွေနဲ့လဲ ပျော်မယ်ပေါ့အစ်ကို – ဒါကြောင့် သင်္ကြန်အကျနေ့ကနေ အတက်နေ့အထိ မနက် (၅)မြူ ညနေ(၅)မြူစီစဉ်ပေးပါ အစ်ကို"

"စိတ်ချ ညီလေး စိတ်ချ"

"ရန်ကုန်က ဝက်ချုပ်သားတွေ မန္တလေးက ဝက်ချုပ်သားတွေလဲ ဒီနှစ်သင်္ကြန်မှာ ရွာကိုလာကြမယ်ပေါ့ ပျော်စရာကြီးပဲ"

ရှမ်းပြည်နယ် ဆီဆိုင်မြို့တွင် ရှမ်းမနှင့် အိမ်ထောင်ကျပြီး ရှမ်းပြည်မှာ နေသော ဝက်ချုပ်သား၊ ဆိုင်းဆရာမောင်မောင်သိန်းက ဆီဆိုင်မြို့မှနေပြီး သင်္ကြန်တွင်း ထန်းရည်ခါးသောက်ရန်အတွက် ကြိုတင်ဘိုကင် လုပ်လိုက်ခြင်းဖြစ်လေသည်။ (၅)မြူဆိုသည်မှာ ထန်းရည်ခံသော မြူအိုးဖြစ်ပါသည်။ တစ်မြူတစ်အိုးလျှင် (၂) ပုလင်းစာ၊ ထန်းရည်ခါး (၁၀) ပုလင်းဖြစ်ပါသည်။

(၂)

ရေကြည်ရာ မြက်နုဆိုသကဲ့သို့ သင်္ကြန်ကာလပြီးဆုံးသည်နှင့် တစ်ပြိုင်နက် ရှမ်းပြည်နယ်မှာနေသော ဝက်ချုပ်သား ရန်ကုန်၊ မန္တလေးမှာနေသော ဝက်ချုပ်သားများ ပြန်ကြလေပြီ။ ထန်းသမား သန်းဆိုင်မှာတော့ တစ်ပင်တက်၊ တစ်ပင်ဆင်းဖြင့် မိမိဘဝ မိမိရပ်ရွာမှာ လုပ်ကိုင် စားသောက်ရလေသည်။ လူဖြစ်ရသည့် ဘဝတွေ



www.burmeseclassic.com

www.burmeseclassic.com



သူဇာစိုးသည် လူဆိုးသူ့နားကပ်လာချိန်မှာ စီရိုနယ်ဒို ပင်နင်တီဘောကို ညာခြေဖြင့် အပိုင်ကန်လိုက်သည့်အလား လူဆိုး၏ ရင်ဝကို ကန်ထည့်လိုက်သည်။

"အွန့် ဒုတ် အား"

လူဆိုးသည် (၅) ပေခန့် လွင့်ကျသွားသည်။ ဦးခေါင်းနောက်စေ့နှင့် ကျောက်တုံးရိုက်မိသောကြောင့် ပြန်မထနိုင်တော့။

"ဟေ့ကောင် လာ နာထ မနေနဲ့။ မင်း ပထွေးတွေလိုက်လာရင် အကုန်သေကုန်လိမ့်မယ်"

လာခေါ်သော လူဆိုးသည် လဲကျနေသော လူဆိုးကား မတူညီကြပါတကား။

အချိန်ကား မွန်းတည့်ချိန်ဖြစ်သည်။ သန်းဆိုင်သည် အပြီးသတ် ထန်းပင်ပေါ်သို့ ရောက်ရှိနေသည်။ လေပြည်လေညင်းလေးများကို တိုက်ခတ်နေသည်။ အနောက်တော်ဘက်သို့ ကြည့်လိုက်သည်။ "အား ပါး ပါး"မျက်နှာဖုံးစွပ်ထားသော လူ (၄) ယောက်က ဓား၊ လုပ်သေနတ်များဖြင့် လှည်းမောင်းလာသော သားအမိနှစ်ယောက်ကို ဓားပြ တိုက်နေကြသည်။ မိခင်ထံမှ နားကပ်ချွတ်ယူ၊ သမီးထံမှ ဆွဲကြိုးဖြုတ်ယူကြသည်။ သစ်ပင်နှင့်ကပ်ပြီး ကြိုးဖြင့်တုပ်နေကြသည်။ နွား(၂) ကောင်ကို ခုနစ်ပါး တောင်ခြေဘက်သို့ မောင်းယူ သွားနေကြသည်။ သန်းဆိုင်သည် လူဆိုးဓားပြတို့၏ ပြုလုပ်မှုကို အသေအချာ ကြည့်နေသည်။

"တီး တောင် တီး တောင်
တီး တောင်"

"ဟဲ့လို ပြောပါ
လုအောင်ပါ"

"ဥက္ကဌ ဒေါ်နုတို့သားအမိ လှည်းနဲ့ပြန်အလာ ခုနစ်ပါး တောင်ခြေအနီးမှာ မျက်နှာဖုံးစွပ် လူဆိုး (၄) ယောက်က ဓားပြတိုက်ပြီး သစ်ပင်မှာ ကြိုးတုပ်ထားတယ်၊ သူတို့ နွားနှစ်ကောင်ကို မောင်းယူသွားကြတယ်။ ကျွန်တော် ထန်းပင်ပေါ်က သတင်းပေးတာပါ"

"အေး . . . အေး . . .
ကောင်းပြီ ငါတို့ဆက်လုပ်မယ်"

သစ်ပင်တွင် လက်ပြန်ကြိုးချည်ထားသော သူဇာစိုးအား လူဆိုးတစ်ဦးက ပါးပြင်ကို ဘယ်ပြန်ညာပြန် နာခေါင်းဖြင့် သရမ်းလိုက်သည်။ တဏှာမာန်တက်လာသောကြောင့် ထဘီကို ဆွဲချွတ်လိုက်သည်။

"အား မြွေစိမ်းပေါက်ကြီးပါလား"

**သစ်ပင်တွင် လက်ပြန်ကြိုးချည်ထားသော သူဇာစိုးအား လူဆိုးတစ်ဦးက ပါးပြင်ကို ဘယ်ပြန်ညာပြန် နာခေါင်းဖြင့် သရမ်းလိုက်သည်**



www.burmeseclassic.com

www.burmeseclassic.com



နွားဘူးကို တွဲပြီးခေါ်သွားလေသည်။ ခေါင်းမှသွေးများလည်း ထွက်နေလေသည်။

ဥက္ကဋ္ဌ ဦးလှအောင်သည် ရွာ၏ အရှေ့ပိုင်း၊ အနောက်ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်းမှ အပိုင်းတာဝန်ခံများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့်အတူ မြင်းကိုယ်စီ စီးကာ အခင်းဖြစ်ပွားရာနေရာသို့ ချက်ချင်းလိုက်သွားကြသည်။ နတ်မောက်မြို့ ရဲစခန်းသို့လည်း ဟန်းဖုန်းဖြင့် သတင်းပို့လိုက်သည်။

တစ်နာရီခန့် အကြာတွင် ခုနစ်ပါး တောင်ခြေ၏ တောင်ဘက်၊ ငွေးကုန်း၊ ညောင်ကုန်းရွာဘက်ခြမ်းတွင် လူဆိုး (၄)ယောက်နှင့်နွားကိုတွေ့သည်။ အေးအေးဆေးဆေး အဖမ်းခံရန် ပြောသည်။ လူဆိုးများက ခုခံကြသည်။

''မင်းတို့က ဘာကောင်တွေလဲကွ၊ ယှဉ်ရဲလား။ ချွမ် ချွမ် ဖြောင်း ဖြန်း အွန့် အွန့် ဒုတ် ဒုတ်''

''ဟေ့ကောင်တွေ ခြေလွန်လက်လွန် မဖြစ်စေနဲ့၊ ဒီကောင်တွေကို ကြိုးနဲ့တုပ် ရဲစခန်း ခေါ်သွားမယ်''

သိုင်းပြောင်းပြန် ကျွမ်းကျင်သောမီးသတ်မှူး ဘကွန်း၏ သိုင်းကွက်များဖြင့် လူဆိုး (၄) ယောက်တို့ သွေးသံရဲရဲဖြင့် မှောက်လျက် လဲကျသွားသည်။

နတ်မောက်ရဲစခန်းမှ ဒုရဲအုပ်ကျော်စိန်လင်းနှင့် အဖွဲ့တို့

■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■

**''ဟေ့ကောင်တွေ ခြေလွန် လက်လွန် မဖြစ်စေနဲ့၊ ဒီကောင်တွေကို ကြိုးနဲ့တုပ် ရဲစခန်း ခေါ်သွားမယ်''**

■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■

သည် ဆိုင်ကယ်များဖြင့် ရောက်ရှိလာကြသည်။

''ဗိုလ်လေး ဒီကောင်တွေပဲ''

''ဟုတ်ကဲ့ ဥက္ကဋ္ဌ၊ ကျွန်တော်တို့ကား ပိတောက်ကုန်းရွာမှာ ထားခဲ့တယ်၊ ကျွန်တော်တို့ ဆက်လုပ်စရာရှိတာ ဆက်လုပ်ပါမယ်''

''ဥက္ကဋ္ဌ ဒေါ်နုတို့ သားအမိကိုတော့ မနက်ဖြန် စခန်းကို လာခဲ့ပေးပါလို့ ပြောပေးပါ ဥက္ကဋ္ဌ''

''ကဲ ဒါဆို ကျွန်တော်တို့ ပြန်လိုက်ဦးမယ် ဗိုလ်လေး''

''ဥက္ကဋ္ဌလဲ စခန်းကို လာခဲ့ပါဦးနော်''

ကျေးရွာ ဥက္ကဋ္ဌ ဦးလှအောင်နှင့် ဆယ်အိမ်မှူး၊ ရာအိမ်မှူး၊ အရန် မီးသတ်တပ်ဖွဲ့ဝင်များသည် ဓားပြတိုက် လုယက်သော လူဆိုး(၄)ဦးတို့အား နတ်မောက်ရဲစခန်းမှ နယ်ထိန်းတာဝန်ခံ ဒုရဲအုပ်ကျော်စိန်လင်းထံသို့ အပ်နှံလိုက်ကြသည်။ ဒေါ်နုတို့သားအမိကို ရွာသို့ ပြန်လည်ခေါ်ဆောင်ခဲ့ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



(၃)

မြို့နယ်မှူး၊ စခန်းမှူး တို့၏ တာဝန်ပေးချက်အရ ဒုရဲ အုပ်ကျော်စိန်လင်းသည် လုယက် တရားခံ(၄)ဦးတို့အား စစ်ကြောရေးလုပ်သည်။

"ကဲ ခင်ဗျားနာမည်က"

"ဝင်းနိုင်ပါ"

"ဘယ်ရွာကလဲ"

"မိတ္ထီလာမြို့နယ်နဲ့ နတ်မောက်မြို့နယ် အစပ်က နိဗ္ဗာန်ရွာကပါ ဆရာ"

"ကျုပ်တို့ နတ်မောက်မြို့နယ်မှာ (၁၉၉၈-၂၀၀၉) ကာလမှာ ဓားပြမှု၊ လုယက်မှု၊ နွားခိုးမှု မရှိသလောက်ပဲ၊ ခင်ဗျားတို့ကိုကြား၊ အုပ်စုပြောပါ။ ဝှေ့လည်ကြောင်ပတ် မလုပ်နဲ့။ ရဲ စိတ်ညစ်အောင် မလုပ်နဲ့။ လုပ်ရဲရင် ခံရဲရမယ်။ အသားလဲ အနာမခံချင်နဲ့၊ စိတ်လဲ အနာမခံချင်နဲ့၊ ကျုပ်က စိတ်တိုတယ်နော်"

ဒုရဲအုပ် ကျော်စိန်လင်းသည် တရားခံဝင်းနိုင်အား မီးစတစ်ဖက် ရေမှုတ်တစ်ဖက် ဆိုသကဲ့သို့ ချော့လိုက်၊ ခြောက်လိုက်ဖြင့် စစ်ကြောရေး လုပ်သည်။ ကျန် တရားခံများ ဖြစ်ကြသော လှမောင်၊ ခင်မောင်စန်း၊ ဆလင်း တို့ကိုလည်း စစ်ကြောရေးလုပ်ခဲ့ရာ တရားခံ အုပ်စု၏ နွားလုယက်မှု၊ နွားခိုးမှု၊ လုယက် တိုက်ခိုက်မှုများ တစ်မှုပြီး တစ်မှု ပေါ်လာလေသည်။

တရားခံများသည် ရဲစခန်းနှင့် အလှမ်းဝေးသော နတ်မောက်မြို့နယ်အနောက်ဖျား ရေနံချောင်းမြို့နယ် အရှေ့ဖျား၊ မိတ္ထီလာမြို့နယ်နှင့် နတ်မောက်မြို့နယ်၏ နယ်စပ်ဒေသရှိ ကျေးရွာများမှာ နွားများ ခိုးယူကြသည့်အပြင် လုယက်တိုက်ခိုက်ပြီး မိတ္ထီလာနွားဈေးပွဲသို့ ရောင်းစားသော အုပ်စုကို ဖော်ထုတ်နိုင်ခဲ့သည်။

တရားခံများ၏ ဖြောင့်ချက်ပေး ဝန်ခံချက်အရ သက်သေခံပစ္စည်းများ နှင့်အတူ မြို့နယ် ဥပဒေပုဒ်မ ၃၉၂ ဖြင့် တရားစွဲဆိုရန် အကြံပြုချက် ပေးသည်။

အမှုစစ် ရဲအရာရှိ ဒုရဲ အုပ်ကျော်စိန်လင်းသည် တရားခံများအား တရားရုံးသို့ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၉၂ ဖြင့် စွဲဆိုတင်ပို့ရာ ပြစ်မှုကြီးအမှတ် (၀၀၇/၂၀၁၂) ဖြင့် လက်ခံ စစ်ဆေးသည်။

နတ်မောက်မြို့နယ်၊ ဝက်ချုပ်ရွာက ဒေါ်နု၏ ဟန်းဖုန်း ဖုန်း..ဟာနေခြင်းဖြစ်သည်။

"ဟဲလို ..အမိန့်ရှိပါရှင်"

"ဒေါ်နု ကျွန်တော် ရဲအုပ် ကျော်စိန်လင်းပါ"

"ဟုတ်ကဲ့ -- ဗိုလ်လေးပြော"

"မနက်ဖြန် မကွေးခရိုင် တရားရုံးကို လာခဲ့ပေးပါ။ ခင်ဗျား နွားကြီး (၂)နှစ်ကောင်နဲ့ နွားကပ်၊ ဆွဲကြိုးတွေကို တရားရုံးက ခံဝန်နဲ့ပြန်ပေးယ် ဆက်ဆက်လာပါနော်"

"ဟုတ်ကဲ့ ...ဗိုလ်လေး လာခဲ့ပါ့မယ်"

တရားရုံးက သက်သေခံပစ္စည်းဖြစ်ကြသော နွားကြီး (၂) ကောင်၊ နွားကပ်တစ်ရန်၊ ဆွဲကြိုးတစ်ကုံးတို့ကို (ခံဝန်ဖြင့်) ဒေါ်နုအား ပြန်လည်ပေးမည်ဖြစ်ကြောင်း ရှင်းပြသည်။



www.burmeseclassic.com

www.burmeseclassic.com



''တရားသူကြီးမင်း ရှင့် . . . ခားပြတိုက်၊ လုယက်ခံရတဲ့ ကျွန်မ နွားကြီး (၂) ကောင်နဲ့ နားကပ်၊ ဆွဲကြိုးတို့ကို ခံဝန်နဲ့ပြန်ပေးတယ်ဆိုတော့ ကျွန်မပစ္စည်း မဟုတ်လို့လား''

''ဟုတ်မှာပါ ဒေါ်နု ၊ အမှု မပြီးသေးဘူး။ ဒီအတွင်း အငြင်းပွားမှုပြဿနာတစ်စုံတစ်ရာပေါ်လာရင် တရားရုံးမှာ တာဝန်ရှိပါတယ်။ ပြဿနာမရှိဘူးဆိုရင် ခံဝန်ပြုချက်ဟာ မလိုအပ်ပါဘူး။ ဒါက ဥပဒေ လုပ်ထုံး လုပ်နည်းအရ ဆောင်ရွက်ရတာပါ''

''ဟုတ်ကဲ့ရှင် ဟုတ်ကဲ့ပါ။ ကိုယ့်ကျေးဇူးရှင် ဒီ နိုင်းနွားကြီးတွေ ပြန်ရတာကိုပဲ အထူး ကျေးဇူးတင်ပါတယ်''

ဒေါ်နုတို့ သားအမိသည် နတ်မောက် ရဲစခန်းတွင် ထိန်းသိမ်းထားသော နိုင်းနွားကြီး (၂)ကောင်ကို ရွာသို့ပြန်လည် သယ်ဆောင်သွားကြလေသည်။



(၄)

တရားခံ ဝင်းနိုင်၊ လှမောင်၊ ခင်မောင်စန်း၊ ဆလင်းတို့၏ အမှုကို အမိန့်ချမည့်နေ့တွင် ဖနီး၊သားသမီး၊မိဘ၊ဆွေမျိုးများ ညှိုးငယ်သော မျက်နှာများဖြင့် ရောက်ရှိနေကြသည်။ တရားခွင် စာရေးက အမှုခေါ်သည်။ တရားခံများ ရဲလုံခြုံရေးဖြင့် ရောက်ရှိလာကြသည်။ တရားသူကြီး တရားခွင်သို့ တက်ရောက်လာသည်။ တရားသူကြီးက ပြစ်မှုတို့၏ သဘောတရားကို ရှင်းပြသည်။

''တရားရုံးတွေ၊ တရားသူကြီးတွေက အပြစ်ပေးတယ်၊ အမိန့်ချတယ်လို့ ယေဘုယျအားဖြင့် နားလည်နေကြပါတယ်။ အမှန်ကတော့ တရားသူကြီးက အပြစ်ပေးတာ မဟုတ်ပါဘူး။ တရားခံတွေက သူတို့ကို သူတို့ အပြစ်ပေးကြတာဖြစ်ပါတယ်။ ဒီပြုလုပ်မှုကို တရားခံတွေက ပြုလုပ်ကြခြင်းဖြစ်ပါတယ်။ ရဲ အရာရှိတွေ၊ တရားသူကြီးတွေက ပြုလုပ်တာ မဟုတ်ပါဘူး။ သူတို့ ပြုလုပ်သည့် အတိုင်း ဥပဒေပြဋ္ဌာန်းချက် နှင့်အညီ အမိန့်ချ စီရင်ချက်ချပေးခြင်းသာဖြစ်တယ်။ ဘယ်သူမပြု မိမိမှုလို့ နားလည်စေချင်ပါတယ်။ ဒါ့ကြောင့် အမိန့်ချပါမယ်။

**အမိန့်**

အဘ (ဦးမဲ)၏ သား ဝင်းနိုင်၊ အဘ– ဦးပြုံး၏ သား လှမောင်၊ အဘ ဦးသက်ရှည်၏ သား ခင်မောင်စန်း၊ အဘ– ဦးစမူရိုင်း၏ သား ဆလင်းတို့သည် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၉၂ ကို ပြုလုပ်ကျူးလွန်ကြောင်း ဝန်ခံချက်ပေးခဲ့ကြသည်။ သက်သေများကလည်း ကွင်းဆက်မပြတ် ထွက်ဆိုထားကြသည်။ ထို့ကြောင့် အလုပ်နှင့် ထောင်ဒဏ် (၅)နှစ်စီကျခံကြစေ။

**မောင်မောင်စိန်လင်း**

**(နတ်မောက်)**



www.burmeseclassic.com

www.burmeseclassic.com


# HURRICANE
## Restaurant

- ချိုသာသောဈေးနှုန်း
- သန့်ရှင်းသပ်ရပ်သော ဆိုင်အပြင်အဆင်
- ယဉ်ကျေးပျူငှာသော ဝန်ထမ်းများ၏ အကောင်းဆုံးဝန်ဆောင်မှု
- ကျွမ်းကျင်သော စားဖိုမှူးကြီး၏ ကောင်းမွန်လတ်ဆတ်သော အစားအသောက်များ
- နိုင်ငံခြားအရက်မျိုးစုံနှင့် မြန်မာစည်ဘီယာ၊ အေဘီစီစည်ဘီယာ အခြားအချိုရည်မျိုးစုံ

တန်ဖိုးရှိလှတဲ့ ငွေကို အကျိုးရှိရှိကုန်ရကျိုးနပ်အောင်
**HURRICANE** Restaurant သို့ လာခဲ့ပါ။

အပတ်စဉ် သောကြာနေ့တိုင်း
အထူးအစီအစဉ် ဖျော်ဖြေမှုရှိသည်။

အမှတ်(၇၄)၊ လေးထောင့်ကန်လမ်း၊ တာမွေလေးရပ်ကွက်၊ တာမွေမြို့နယ်။
ဖုန်း-၀၉ ၇၃၀၃၄၂၁၉၊ ၀၉ ၄၃၀၇၄၃၅၂၊ ၀၉ ၇၃၁၅၈၅၈၉


www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



# ဆင်သေနှင့်ဆိတ်သားရေ

မောင်မောင် (ဗိတောက်မြိုင်)

ပေါက်ခေါင်းမြို့လေးက ကျဉ်းသော်လည်း ပတ်ဝန်းကျင်နယ်မြေက ကျယ်ဝန်းလှသည်။ ကျေးရွာအုပ်စုများကလည်း အလွန်များသည်။ လမ်းပန်းဆက်သွယ်ရေးကလည်း ခက်ခဲသည်လည်းရှိသည်။ နယ်မြေအုပ်ချုပ်ရသူ စခန်းမှူးရဲအုပ်လှမြင့် ဦးနှောက်စားခဲ့ရသည်မှာလည်း များလှပြီဖြစ်သည်။

အခုလည်း ကြည့်လေ၊ ရဲစခန်းနှင့် သုံးမိုင်ခန့်ဝေးသော ညောင်ကုန်းကားလမ်းမပေါ်တွင် တဲဆိုင်လေးသုံးလုံးရှိသည်။ တစ်ဆိုင်က ကုန်ခြောက်ဆိုင် ဖြစ်သည်။ ကျန်နှစ်ဆိုင်က တောချက်အရက်၊ အရက်ပုန်းဆိုင်ဖြစ်သည်။ ကိုက်သုံးရာခန့်တွင် သစ်တောဂိတ်ကလေးတစ်ဂိတ်လည်းရှိသည်။ မိသားစုများ နေထိုင်ကြသည့် ကျေးရွာနှင့်တော့ အလှမ်းဝေးသည့်သဘောရှိသည်။

၎င်း တဲဆိုင်လေးများနှင့် မနီးမဝေးတွင် လူသေအလောင်း တစ်လောင်း တွေ့ရှိရကြောင်း ရဲစခန်းသို့လာရောက်သတင်းပို့သည်။ စခန်းမှူးရဲအုပ်လှမြင့်နှင့်အဖွဲ့ အခင်းဖြစ်အရပ်သို့ အမြန်သွားရောက်ခဲ့ကြသည်။

မြင်ကွင်းက ရင်နင့်စရာကောင်းလှသည်။ သေဆုံးနေသူက အမျိုးသားဖြစ်သည်။ လမ်းဘေးတွင် ကွေးကွေးလေး လဲလျောင်းနေသည်။ ဒဏ်ရာရရှိထားသောပေါင်ကို လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်ထားသည်။ ညာဘက်ပေါင်တွင် ဓားဒဏ်ရာကြီးက မြင်မကောင်းရှုမကောင်း ဟက်တက်ကြီး၊ အရိုးပင်အဖွေးသားပေါ်နေသည်။ သွေးလွန်၍ သေဆုံးရသော လက္ခဏာတွေ့ရသည်။

အလောင်းကို အသေးစိတ် စစ်ဆေးကြည့်သည့်အခါ သေဆုံးသူ မည်သူမည်ဝါ ဖြစ်သည်ကို အထောက်အထားပင် မရှိဖြစ်နေသည်။ ပေါင်တွင် ပြတ်ရှဒဏ်ရာမှ လွဲ၍ အခြားဒဏ်ရာ ဒဏ်ချက်များ မတွေ့ရပေ။ သေဆုံးသူကိုယ်မှ သွေးညှီနံ့နှင့် အရက်နံ့များရရှိသဖြင့် မသေဆုံးမီက အရက်သောက်စားထားသည်ဟု ယူဆရသည်။ ရဲတပ်ဖွဲ့ဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဒဏ်ရာများကို ဆေးစာ ရေးသားရသည်။ အခင်းဖြစ်နေရာကို မြေပုံကြမ်းရေးဆွဲရသည်။ ဓာတ်ပုံများ ရိုက်ယူရသည်။ အလောင်းကို ဆေးရုံပို့ရန် စီစဉ်ရသည်။

တစ်ဆက်တည်းမှာပင် သက်သေ အထောက်အထားများ ရှာဖွေရသည်။ ပတ်ဝန်းကျင်ရှိ လူပုဂ္ဂိုလ်များကို စုံစမ်း စစ်ဆေးရသည်။ ကုန်ခြောက်ဆိုင်ပိုင်ရှင် တစ်ဦး၏ ထွက်ချက်ကလည်း စိတ်မကောင်းစရာ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ည ၁၂ နာရီခန့်တွင် လမ်းမပေါ်မှ လူညည်းသံကြားရကြောင်း၊ 'ရေပေးပါ ရေပေးပါ' ဟုလည်း သဲ့သဲ့ကြားရကြောင်း၊ သွားမကြည့်ရဲသဖြင့် ရွာထဲသို့ ပြေး၍ ကျေးရွာ ဥက္ကဋ္ဌကြီးထံ အကျိုးအကြောင်း ပြောပြခဲ့ကြောင်း၊ ဥက္ကဋ္ဌကြီးက 'သွား မကြည့်နဲ့ တော်ကြာ ကိုယ်ပါ အမှုပတ်နေလိမ့်မယ်၊ ဒီအတိုင်း သာထားလိုက်' ဟု ပြောသဖြင့် ပြန်လာခဲ့ရကြောင်း၊ မနက်မိုးလင်းလို့ ကြည့်လိုက်သည့်အခါ လူတစ်ယောက်သေနေသည်ကို တွေ့ရကြောင်း ထွက်ဆိုထားသည်။ မည်သို့ပင်ဖြစ်စေ သေဆုံးသူ မည်သူမည်ဝါဖြစ်ကြောင်းနှင့် လူသတ်ကောင်ဖမ်းဆီးရမိရေးအတွက် စုံစမ်းဖော်ထုတ်ရမည်မှာ စခန်းမှူးရဲအုပ်လှမြင့်၏ တာဝန်သာဖြစ်တော့သည်။

ဤအမှုတွင် စခန်းမှူး ရဲအုပ်လှမြင့် စိတ်ပျက်မိသည်များရှိသည်။ အတွေ့အကြုံများအရ ရပ်ကွက်/ကျေးရွာတာဝန်ရှိ လူကြီးအများစုသည် ရပ်ကွက်အကျိုး၊ မြို့နယ်အကျိုး၊ ခရိုင်နှင့် တိုင်းပြည်အကျိုးများကို စေတနာထားဆောင်ရွက်ကြသူများ ရှိသကဲ့သို့ အနည်းစု အတ္တသမားများလည်းရှိတတ်ကြသည်။ ရပ်ကွက်အတွင်း ဒုစရိုက်သမားများကို အကာအကွယ်ပေးကာ ကိုယ်ကျိုးရှာတတ်ကြသည်။ အများပြည်သူအကျိုးကျတော့ မျက်ကွယ်ပြုနိုင်တတ်ကြသည်။

ယခုကိစ္စကိုပဲကြည့်ကြပါစို့။ သေဆုံးသူမှာ မသေသင့်ဘဲ သေဆုံးခဲ့ရခြင်းဖြစ်သည်။ ဆရာဝန်၏ မှတ်ချက်တွင် သွေးလွန်၍ သေဆုံးရခြင်းဖြစ်ကြောင်း ဖော်ပြထားခဲ့သည်။ အကယ်၍များ ဆေးရုံသို့ အချိန်မီပို့ပေးနိုင်ပါက အသက်ရှင်နိုင်ဖွယ်ရာအကြောင်းရှိပေသည်။ တာဝန်ရှိပါလျက် တာဝန်မဲ့သူတစ်ဦးတစ်ယောက်အကြောင့် မသေသင့်ဘဲ သေဆုံးခဲ့ရသည်ဟုဆိုရပေတော့မည်။

🍎🍎🍎🍎🍎

အမှုနှင့်ပတ်သက်၍ လူသတ်ကောင် စုံစမ်းဖော်ထုတ်နိုင်ဖို့နေနေသာသာ သေဆုံးသူ မည်သူမည်ဝါဖြစ်သည်ကို စုံစမ်းမရသေးသည့် အခြေအနေတွင် ဖြစ်နေတော့ ဦးနှောက်စားနေခဲ့ရသည်။

ဤ အတောအတွင်း ပေါက်ခေါင်းမြို့နယ်မှ လက်

---

ဥက္ကဋ္ဌကြီးက

"သွား မကြည့်နဲ့ တော်ကြာ--

ကိုယ်ပါအမှုပတ်နေလိမ့်မယ်၊

ဒီအတိုင်းသာထားလိုက်" ဟု

ပြောသဖြင့် ပြန်လာခဲ့ရကြောင်း၊



www.burmeseclassic.com

www.burmeseclassic.com



ပြတ်လူနာတစ်ယောက် ပြည်မြို့ ဆေးရုံကြီးတွင် တက်ရောက် ကုသနေကြောင်း သတင်းရရှိခဲ့သည်။ စခန်းမှူး ရဲအုပ်လှမြင့် အတွေး ယဲ့ချဲ့လိုက်သည်။ 'ပေါင်တွင် ဓားဒဏ်ရာဖြင့် သေဆုံးနေသူ၊ လက်ပြတ်၍ ဆေးရုံတက်ရောက်နေသူတို့ နီးနွယ်မှုများရှိနေရော့သလား' ဤသည်မှာ အမှုစစ်အရာရှိတို့၏ ဦးနှောက်ကို ဆန့်ထုတ်လိုက်ခြင်းပင်ဖြစ်သည်။

သတင်း တစ်ခုက ရလာပြန်သည်။ ပေါက်ခေါင်းမြို့နယ်၊ သဖန်းချိုရွာမှ လူတစ်ယောက် တောထဲဝါးခုတ်သွားရာတွင် တောင်စောင်းတွင် ပေါက်နေသော ဝါးပင်ကို အောက်မှ ခုတ်ချလိုက်ရာ ဝါးသည် ပြတ်သွားကာအောက်သို့ ထိုးကျလာသည်။ဖြတ်ထားသော ဝါးအချွန်စက လက်ကို ထိုးမိသဖြင့် လက်ပြတ်သွားပြီး ပြည်မြို့ဆေးရုံရောက်နေကြောင်း ဖြစ်သည်။

ဝါးစဖြင့် ထိုးမိရုံဖြင့် လက်ပြတ်သွားသည်မှာ ဖြစ်နိုင်မဖြစ်နိုင် စဉ်းစားစရာ ဖြစ်လာပြန်သည်။ စခန်းမှူးရဲအုပ်လှမြင့် ကြာကြာစဉ်းစားမနေနိုင် ဆေးရုံသို့ အမြန်သွားရောက်ခဲ့သည်။ ယာဘက်လက်ဖျံတွင် ကျောက်ပတ်တီးဖြူဖြူဖွေးဖွေးနှင့် လူနာကိုတွေ့ရသည်။ အနာရှိန်ကြောင့် ထင်ပါသည်၊ လူနာခုတင်ပေါ်တွင် မှိန်းနေသည်။ သူ့နာမည်က မောင်အောင်လေး၊ သဖန်းချိုရွာကဖြစ်ကြောင်း သိရသည်။

လူနာ စောင့်နေသူက မောင်အောင်လေး၏အစ်ကို မောင်အောင်ကြီးဖြစ်ကြောင်း သိရသည်။ မောင်အောင်ကြီးက ဖြစ်ကြောင်းကုန်စင် အားရပါးရ ပြောပြနေသည်။ ညီအစ်ကိုနှစ်ယောက် ဝါးခုတ်သွားရာမှ ဤကဲ့သို့ ဖြစ်ရကြောင်း၊ ဒီလိုတစ်ခါမှ မဖြစ်ဖူးကြောင်း၊ "ဝါးပင်က ပြတ်သွားပြီး အောက်သို့ ထိုးအကျ ဖြတ်ထားသော ဝါးစက ထက်နေတော့ ညီလေးလက်ကို ထိသွားတာ တိတိယိယိကြီးပါပဲ ဆရာရယ်၊ အရိုးပါပြတ်သွားပြီး အရေပြားလေးသာ တွဲခံနေတာပါ"

"ဒါထက် တစ်ခုမေးချင်တယ်။ ဝါးခုတ်သွားတာ မင်းတို့ ညီအစ်ကိုနှစ်ယောက်တည်းလား၊ တခြား ဘယ်သူပါသေးသလဲ"

"ဘယ်သူမှ မပါပါဘူး စခန်းမှူးကြီး ကျွန်တော်တို့ ညီအစ်ကို နှစ်ယောက်တည်း သွားတာပါ"





www.burmeseclassic.com

www.burmeseclassic.com



ဒီမေးခွန်းကို ဖြေရာတွင် ထူးခြားသလိုရှိလာသည်ဟု စခန်းမှူး ရဲအုပ်လှမြင့်က တွေးလိုက်မိသည်။ သူဖြေပုံက တည်ငြိမ်မှုမရှိ၊ ပျာပျာသလဲဖြစ်နေသည်။ သဖန်းချုံမှ လူနာမေးရန် ရောက်နေသော လူရွယ်တစ်ဦးက အောင်ကြီးမျက်နှာကို ကြည့်လိုက်၊ စခန်းမှူးရဲအုပ်လှမြင့်သို့ မသိမသာကြည့်လိုက်ဖြစ်နေသည်။ စခန်းမှူး ရဲအုပ်လှမြင့် သတိပြုမိလိုက်သည်။ ဒီလူငယ်ဟာ တစ်ခုခုတော့ ပြောချင်နေပုံရသည်ဟုလည်း တွေးလိုက်မိပါသည်။

🍎 🍎 🍎 🍎 🍎

**"ဦးလေးကို ကျွန်တော် ပြောချင်စရာရှိတယ်။ ဒါပေမယ့် ကျွန်တော် ပြောရမှာ ခက်နေတယ်။ ကြောက်လဲကြောက်တယ်ဗျာ"**

လူ့သဘာဝဆိုသည်မှာ အလွန် ဆန်းကြယ်သည်။ ထူးဆန်းသည်ဟုဆိုရပေမည်။ မသိစေချင်တာကို သိချင်သည်၊ မပြောပါနဲ့ဆိုမှပိုပြောချင်ကြသည်။ ဖူးတစ်ရာအပေါက်ကို လုံအောင်ပိတ်နိုင်သည်။ လူ့ပါးစပ်တစ်ပေါက် ပိတ်ရန်မှာ ခဲယဉ်းလှသည်ဟု အဆိုရှိသည်။

အခုလည်းကြည့် သဖန်းချုံရွာမှ လူနာမေးလာသော မောင်ကံမြင့်ဆိုသော လူရွယ်လေးက စခန်းမှူး ရဲအုပ် လှမြင့်အား လက်တို့ကာ လူရှင်းသော တစ်နေရာသို့ ခေါ်သွားသည်။

"ဦးလေးကို ကျွန်တော် ပြောချင်စရာရှိတယ်။ ဒါပေမယ့် ကျွန်တော် ပြောရမှာ ခက်နေတယ်။ ကြောက်လဲကြောက်တယ်ဗျာ"

စခန်းမှူးရဲအုပ်လှမြင့် တွေးလိုက်မိသည်။ အမှုအတွက်တော့ အကွက်ကောင်းဖြစ်နိုင်သည်။ ဒီအခွင့်အရေးကို လက်လွှတ်ခံ၍ မဖြစ်။ ကံမြင့် စကားကို အလိုက်သင့်ခင်းလျက် မိမိ လိုချင်သော အချက်ကို အရယူမည်ဖြစ်သည်။

"ဘာများပြောချင်တာလဲမောင်ကံမြင့်ရဲ့၊ ဘာတွေခက်လို့ ဘာကိုများ ကြောက်နေတာလဲ၊ ဦးလေးက စခန်းမှူး တစ်ယောက်ပါ။ မင်းတို့ပေါက်ခေါင်းမြို့နယ်တစ်ခုလုံးကို အုပ်ချုပ်နေတဲ့သူပါ။ မင်းအတွက် အားလုံးကို တာဝန်ယူနိုင်ပါတယ်"

စခန်းမှူး ရဲအုပ် လှမြင့်က သူ့အပေါ် ယုံကြည်အားကိုးလိုစိတ်များရှိလာစေရန် တမင်သာသာထိုးထိုးလေးပြောလိုက်သည်။ ကံမြင့် မျက်နှာလေး ကြည်လာသည်။ တစ်စုံတစ်ခုကို အလေးအနက်စဉ်းစားကာ သူ့စကား ဆိုလာသည်။

"တစ်ခုတော့ ရှိတယ် ဦးလေးရာ၊ ကျွန်တော်တို့က တစ်ရွာတည်းသားချင်းတွေဖြစ်နေတော့ တစ်ယောက်နဲ့ တစ်ယောက် မျက်နှာပျက်စရာတွေ ဖြစ်ကုန်မှာလဲ စိုးရိမ်တယ်ဗျာ။ ဒီတော့ ဦးလေး ကတိတစ်ခုတော့ပေးပါ။ ဒီကိစ္စကို ကျွန်တော်ပြောတယ်လို့ မသိပါစေနဲ့ဗျာ"

"စိတ်ချစမ်းပါ မောင်



www.burmeseclassic.com

www.burmeseclassic.com



ကံမြင့်ရယ်၊ ဦးလေးကတိပေးပါတယ်။ မောင်ကံမြင့် အမည်ကို လျှို့ဝှက်ထားမှာပါ။ သတင်းပေးတဲ့သူရဲ့အမည်ကို ထုတ်ဖော်မပြောရဘူးဆိုတာ တို့ရဲတပ်ဖွဲ့မှာ စည်းမျဉ်းဥပဒေသတ်မှတ်ချက်ရှိပြီးသားပါ။ မောင်ကံမြင့် ပြောစရာရှိတာကို ရဲရဲတင်းတင်းသာ ပြောစေချင်ပါတယ်''

''ဒါဆို ကျွန်တော်သိတာကို အမှန်အတိုင်းပြောမယ် ဦးလေး။ ဆေးရုံပေါ်မှာ ကိုအောင်ကြီးပြောတာတွေဟာ တစ်ခုမှ မဟုတ်ပါဘူး။ သူလိမ်ပြောနေတာပါ''

မောင်ကံမြင့်က ရဲရဲတင်းတင်းပင် သူသိသမျှဖြစ်ကြောင်းကုန်စင် ပြောပြလေတော့သည်။

🍎 🍎 🍎 🍎 🍎

ပေါက်ခေါင်းမြို့နယ်၊ သဖန်းချိုရွာမှ အောင်ကြီး၊ အောင်လေးနှင့် မောင်သိန်းတို့ တောထဲသို့ ဝါးခုတ် သွားခဲ့ကြသည်။

အောင်ကြီးနှင့် အောင်လေးတို့က ညီအစ်ကိုအရင်းဖြစ်ကြသည်။ အောင်ကြီးက အကြီး၊ အောင်လေးကအငယ် ဖြစ်သည်။ သူတို့နှစ်ယောက်ကြားတွင် မိဖြူဆိုသော မိန်းကလေးတစ်ယောက်ရှိသေးသည်။ မိဖြူကို မောင်သိန်းက ယူထားသဖြင့် သမီးယောက်ဖ တော်ကြသည်။

**မောင်ကံမြင့် ရဲရဲ တင်းတင်းပင် သူသိသမျှ ဖြစ်ကြောင်း ကုန်စင် ပြောပြ လေတော့သည်။**

သုံးယောက်စလုံး သေရည်အရက်ကို စွဲမက်ကြသူများ ဖြစ်ကြသည်။ အရက်သမားတို့ ထုံးစံအတိုင်း တစ်ဦးအပေါ်တစ်ဦး တွယ်တာတတ်ကြသည်။ ခင်မင်တတ်ကြသည်။ သွားအတူလာအတူရှိခဲ့ကြသည်။

အခုလည်း သမီးယောက်ဖ သုံးယောက် ဝါးခုတ်ရန် လှည်းတစ်စီးဖြင့် ထွက်လာခဲ့ကြသည်။ လမ်းခရီးတစ်နေရာ အရောက်တွင် တောချက်အရက်ဆိုင်၌ အရက်ဝင်သောက်ကြသည်။

သူတို့ဒေသ သူတို့အရက်ချက်နည်းတွေကလည်း အန္တရာယ်များပြီး အလွန်ကြောက်စရာကောင်းလှသည်။ အရက်နာမည်တွေကပင် 'နေ့ချင်းပြီး' တဲ့၊ 'ပုလဲ'တဲ့။ သူ့ဟာနဲ့သူ နာမည်ကြီးကြသည်။

နေ့ချင်းပြီး ဆိုတာက တော အရက်ချက်ရာတွင် လုပ်နည်းလုပ်ထုံးအရ ကောက်ညှင်းဆန်ကို အချဉ်ဖောက်ရသည်။ ဤသည်ကို စိမ်ရေအိုးတည်သည်ဟု ခေါ်ကြသည်။ ဆေးတစ်မျိုးလည်း ထည့်ရသည်။ အရက်ချက်နိုင်ရန် သုံးလေးရက်လောက်ခန့် စောင့်ရသည်။

ဒါကို ဝိသမသမား အရက် ချက်သူများက မစောင့်



www.burmeseclassic.com

www.burmeseclassic.com



တော့ဘဲ ဖြတ်လမ်းနည်းနဲ့ လုပ်လာကြသည်။ အင်းဒရင်းပိုးသတ်ဆေးကို သုံးကြသည်။ စိမ်ရည်အိုးထဲသို့ အင်းဒရင်းဆေးရည်ထည့်လိုက်ပါက ခဏအတွင်း ဆူပွက်လာပြီး အချဉ်ပေါက်ကာ အရက်ချက်နိုင်သည်ဟုဆိုသည်။ ဒါကို နေ့ချင်းပြီးဟု ခေါ်ကြသည်။

သူတို့အဆိုအရ အင်းဒရင်းပိုးသတ်ဆေးရည်ကိုတော့ အရမ်းသုံး၍မရ။ နှီးပြားလေးကို ဆေးရည်ထဲ ထိုးနှစ်လိုက်ပြီးနောက် စိမ်ရည်အိုးထဲ ထိုးနှစ်လိုက်ရုံဖြင့် ခဏအတွင်း ဆူပွက်လာသည်ဟုဆိုသည်။ အလွန်ကြောက်စရာကောင်းလှသည်။

ပုလဲ ဆိုတာကတော့ အရက်ချက်ရန် စိမ်ရည်အိုးထဲကို ပုလဲဓာတ်မြေဩဇာကို အတိုင်းအတာ တစ်ခု အနေဖြင့် ထည့်လိုက်ခြင်း ဖြစ်သည်။ အရက် ပိုပြင်းလာရန် ကြံဆထားသည်ဟုဆိုကြသည်။ အရက်ကို ပုလင်းထဲထည့်ထားပါက ပုလင်းအဝနားတွင် အမြှုပ်ပူစီပေါင်းလေးများထနေသည်။ ၎င်းသည်ကို ပုလဲဟု တင်စားကြသည်ဟု ဆိုကြသည်။



အောင်ကြီးအောင်လေးနှင့် မောင်သိန်းတို့ နေ့ချင်းပြီး တစ်ပုလင်းနှင့်ပင်ရေချိန်ကိုက်သွားကြသည်။ အရက်ကလေးမူးလာသည့်အခါ စကားတွေကဟိုရောက်၊ ဒီရောက် ကိုယ်ထင်ရာကိုယ်ပြောနေကြသည်။ အရက်အကြောင်းအငြင်းပွားကြသည်။ တစ်ယောက်က နေ့ချင်းပြီးက ကောင်းတယ်၊ နောက်တစ်ယောက်က ပုလဲကမှကောင်းသည်၊ စသည့်ဖြင့် တစ်ယောက်တစ်ပေါက်ဆိုကြသည်။ ဒါဆိုလျှင် ပုလဲတစ်ပိုင်းထပ်မှာကွာဆိုပြီး သုံးယောက်သား သောက်လိုက်ကြပြန်သည်။ အရက်ရှိန်ကတော့ ပြင်းသည်ထက် ပြင်းသွားကြပြီဖြစ်သည်။

သုံးယောက်သား ယိုင်တိယိုင်တိုင်ဖြင့်ပင် လှည်းပေါ်တက်၍ မောင်းထွက်လာခဲ့ကြသည်။ အရက်သမားတို့ ထုံးစံအတိုင်း လှည်းပေါ်တွင်လည်း



www.burmeseclassic.com

www.burmeseclassic.com



စကားတွေက ဟိုရောက်၊ ဒီရောက်ပြောချင်ရာ ပြောကြရာက မားအကြောင်း ရောက်သွားကြသည်။ သူ့မားက ကောင်းသည်၊ ငါ့မားက ကောင်းသည်။ အငြင်းပွားကြသည်။

ဝါးခုတ်သွားကြသည် ဆိုတော့ မားက ကိုယ်စီပါကြသည်။ ဝါးခုတ်မားဆိုသည်ကလည်း အခြားမားနှင့်မတူ။ အနောင့်အသွား ဟန်ချက်ညီရသည်။ ခုတ်အားကောင်းရသည်။ ထက်နေအောင် သွေးကြရသည်။ ဒါမှသာ ဝါးတစ်ပင်ကို တစ်ချက်တည်းနှင့် ပြတ်လဲသွားစေနိုင်သည်။ ဝါးခုတ်ရာတွင်လည်း နည်းစနစ်တော့ရှိသည်။ ဝါးပင်ကို တည့်တည့် မခုတ်ရ၊ ခပ်စောင်းစောင်း ခုတ်ရသည်။ သို့မှသာ တစ်ချက်တည်းဖြင့် ပြတ်သွားနိုင်သည်။ အဓိကကတော့ မားကောင်းရန်ဖြစ်သည်။

သုံးယောက်သား အရက် ထွေထွေနှင့် သူ့မားက ကောင်းသည်၊ ငါ့မားက ကောင်းသည် အငြင်းပွားနေရာမှ မောင်သိန်းက "ကျွန်တော့်မားက မကွေးမားဗျ၊ ကြားဖူးမှာပေါ့။ မကွေးဆိုတာ ပန်းပဲလုပ်ငန်းမှာ နာမည်ကြီးတယ်။ မားတို့ ကတ်ကြေးတို့၊ ကွမ်းညှပ်တို့ဆိုတာ သိပ်ကောင်းတာ။ ကျွန်တော်တောင် မကွေးရောက်တုန်း ကြုံတာနဲ့ ဒီမားကို ဝယ်လာခဲ့တာ" မောင်သိန်းက အာလေး လျှာလေး လေသံကြီး ဖြင့်ဆိုသည်။

အောင်ကြီးကလည်း မခံချင်စိတ်ဖြင့် သူ့မားကောင်းကြောင်း ညွှန်းသည်။

"ဟေ့ကောင် မောင်သိန်း မင်းမှတ်ထား။ ငါ့မားက ဝဲကြီးမားကွ၊ မားဆိုရင် ဝဲကြီးမားကို ဘယ် မားမှမမီဘူးကွ"

မောင်သိန်းကလည်း မခံချင်စိတ်နှင့် ပြန်ပြောလိုက်ပြန်သည်။ မောင်သိန်း၏ ပြောချက်က အောင်ကြီးစိတ်ကို ဆွပေးလိုက်သလို ဖြစ်သွားသည်။

"တော်စမ်းပါ အစ်ကို အောင်ကြီးရာ ခင်ဗျားဝဲကြီးမားက တစ်ချက်လောက်ပဲ ခုတ်ရသေးတယ်၊ အသွားပဲ့ရတာနဲ့ လိမ်သွားရတာနဲ့ ဘာမှသုံးမရပါဘူးဗျာ၊ ဝဲကြီးမားက ခဝဲသီးလှီးဖို့ပဲ ကောင်းပါတယ်"

အောင်ကြီး ဒေါသထွက်သွားသည်။

"ဟေ့ကောင် မောင်သိန်း မင်း‌ဲ့ကြီးမားအကြောင်း သိစေရမယ်"

ဆိုကာ သူ့မားမကြီးကို ကောက်ကိုင်ကာ ခုတ်ချလိုက်သည်။ အောင်လေးက

"အစ်ကို လွှန်မယ်"

ဟုဆိုကာ လက်မောင်းမြှောက်၍ ကာလိုက်သည်။ မားချက်က မောင်သိန်းကို မထိ အောင်လေးလက်ဖျံကို ထိသွားသည်။ အောင်ကြီးမားကလည်း သူညွှန်းသလို ဝဲကြီးမားပီသပါပေသည်။ အောင်လေးယာဘက်လက်ဖျံ အရိုးပါ ပြတ်ပြီး တွဲလောင်းကြီး ဖြစ်သွားသည်။ သွေးတွေက မြင်မကောင်း ရှုမကောင်း ဖြစ်သွားသည်။

အောင်ကြီး သွေးလေချောက်ချားကာ စိတ်တွေ ကယောက်ကယက်ဖြစ်လျက် သူ့စိတ်သူမထိန်းနိုင်တော့ဘဲ သူ့လက်က မားက မောင်သိန်းထံ ရောက်သွားပြန်သည်။ မားချက်က မောင်သိန်း၏ ယာဘက်ပေါင်ကို ထိသွားသည်။

ခုတ်အားကောင်းသေ



www.burmeseclassic.com

www.burmeseclassic.com



ဘေးချက်က မောင်သိန်းပေါင်ကို အရိုးရောက်သည်အထိ စူးနက်သွားသည်။ သွေးတွေကလည်း ထိန်းမနိုင်သိမ်းမနိုင်ယို ထွက်လာတော့သည်။ မောင်သိန်း ပြင်းထန်သော ဒဏ်ရာကိုလက် နှစ်ဖက်ဖြင့် ဖိလျက် အလူးအလဲ ခံနေရသည်။ အောင်ကြီးက သွေးရူးသွေးတန်းဖြင့် မောင်သိန်းကို လှည်းပေါ်က တွန်းချကာ လှည်းကိုဒုံးစိုင်းမောင်းလာခဲ့သည်။

အောင်ကြီးက ကလိမ် ဉာဏ်ဆင်၍ ညီဖြစ်သူ အောင်လေး ဝါးခုတ်ရာတွင် ဒဏ်ရာ ရခဲ့သယောင် ပြော၍ ဆေးရုံ ပို့ခဲ့ခြင်း ဖြစ်သည်။ ဆင်သေကောင်ကို ဆိတ်သားရေနှင့် ဖုံးသည့်နှယ်ဖြစ်နေတော့သည်။

● ● ● ● ●

စခန်းမှူး ရဲအုပ်လှမြင့် ဆင်ကောင်ကြီးတွေ့နေမှ ဆင်ခြေရှာနေစရာ မလိုတော့ပေ။ လက်ပြတ်ဒဏ်ရာဖြင့် ပြည်မြို့ ဆေးရုံတွင် တက်ရောက်နေသည့် ညီငယ်အောင်လေးကို စောင့်နေသော အောင်ကြီးကို လူသတ်မှုဖြင့် ဖမ်းဆီးလိုက်သည်။

တကယ်တော့ ဤဖြစ်မှု၏အဓိကတရားခံမှာမကောင်းဆိုးဝါး သေရည်သေရက်ပင်ဖြစ်သည်။ အောင်ကြီး၊ အောင်လေးနှင့် မောင်သိန်းတို့ အရက်ကလေးဝင်သွားသည်နှင့် အကြောင်း မရှိ၊ အကြောင်းရှာ စကားတွေက ဟိုရောက် ဒီရောက်၊ ဟုတ်တာလည်းပါသည်၊ မဟုတ်တာလည်း ပါသည်။ အသေးကို အကြီးလုပ်သည်။ အကြီးက အသေးဖြစ်တတ်သည်။ အသိတရားတွေက ခေါင်းပါးလာသည်။

အရက်ရှိန်လေးမြင့်လာလေ အမှားအမှန်ကို မသိလေ ဖြစ်လာသည်။ ပြောရဲဆိုရဲဖြစ်လာသည်။ လုပ်ရဲကိုင်ရဲစိတ်တွေ ဝင်လာတတ်သည်။ နောက်ဆုံး ရာဇဝတ်မှုကျူးလွန်သည်အထိ ကောင်းကျိုးမပေးသော အရက်ပင်ဖြစ်သည်။

အောင်ကြီးတစ်ယောက် မျက်ရည် တွေတွေကျလျက် ခေါင်းငိုက်စိုက် ကျသွားသည်။ သူတို့ရဲ့ မှားယွင်းမှုတွေအပေါ် တွင် နောင်တရသွားပုံရသည်။ သူ၏ နောင်တက နောက်ကျသွားပြီဖြစ်သည်။ ရဲတပ်ဖွဲ့ဝင်တို့၏ လက်ထဲက လက်ထိတ်နှစ်ကွင်းသည် အောင်ကြီး၏ လက်နှစ်ဖက်ဆီသို့ ရောက်သွားခဲ့ပြီ ဖြစ်သည်။

အောင်ကြီးကလည်း မှားမိခဲ့ကြောင်း ဝန်ခံထွက်ဆိုခဲ့သည်။ ဖြစ်မှုကျူးလွန်ခဲ့သော ဝါးခုတ်ဓားမကြီးကိုလည်း ထုတ်ပေးခဲ့သည်။ သွေးစတို့က ထင်ကျန်နေဆဲဖြစ်သည်။

အောင်ကြီးအပေါ် ဖြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၂/၃၂၆ (လူသတ်မှု၊ အပြင်းအထန်နာကျင်စေမှု)တို့အရ သက်သေခံအထောက်အထားခိုင်လုံစွာဖြင့် တရားစွဲတပ်ခဲ့သည်။ အောင်ကြီး တစ်ယောက် တရားဥပဒေ၏ အဆုံးအမကို ခံရမည်သာ ဖြစ်တော့သည်။

***ရဲအုပ်လှမြင့်(ငြိမ်း)သို့***
***အမှတ်တရ***
***မောင်မောင်(ဗိုတောက်မြိုင်)***



www.burmeseclassic.com

www.burmeseclassic.com




မောင်ဆွေ
(တောင်ငူ)




# သေရည်သေရက်
# သောက်စားမက်သော်





www.burmeseclassic.com

www.burmeseclassic.com



## "သေရည်သေရက် သောက်စားမက်သော်"

မောင်ဆွေ(တောင်ငူ)

ကျွန်တော်တို့ကို တင်လာတဲ့ ကားပြာကြီးက တရားရုံးမှအပြန်ထုံးစံအတိုင်း၊ ရန်ကုန်–မန္တလေးလမ်းအတိုင်း တောင်ဘက်မှနေ မြောက်ဘက်ကို တဖြီးဖြီးနဲ့ မောင်းနှင်လာခဲ့ ပြန်ပြီပေါ့။

ဒီကနေ့ ရုံးထုတ်တဲ့နေ့။ တနင်္လာနေ့ ထုံးစံအတိုင်း လူကလည်းများတော့ အချုပ်ကားထဲမှာ ငါးပိငါးချဉ်းသိပ်ထားသလို ပြွတ်ကျပ်လို့ ချွေးနံ့၊သေးနံ့တွေကလည်း အော်ဂလီဆန်အောင် ဟောင်စပ်နေတယ်။

"မ"တစ်ရာသားတွေ မွေးဖွားရာဇာတိ မတူတူ ပညာရည်အဆင့်အတန်း လူနေမှုအဆင့်အတန်း အမျိုးမျိုးကွဲပြားတဲ့ အလွှာစုံတဲ့ မိုက်ဇာတ်ခင်းလာကြသမျှ လူပေါင်းစုံတို့ ပေါင်းဆုံရာ အချုပ်ကား အခန်းက နှစ်ပေါင်းများစွာ ကြာနေပြီပဲ။ ဘယ်လိုသန့်ရှင်းနိုင်ပါ့မလဲ။

တံခါးချပ်သာခြားတဲ့ ဟိုဘက်မှာက အမျိုးသမီးအချုပ်သားတွေ သူတို့ ခမျာလည်း ဆယ်ယောဏ်ကျော်ဆိုတော့ ကျပ်ကျပ်ညပ်ညပ် မလူးသာမလွန့်သာ အခြေအနေ။

အမျိုးသား အချုပ်သားရော အမျိုးသမီးအချုပ်သားတွေပါ ပြစ်မှုတွေကိုယ်စီ ပုဒ်မတွေကိုယ်စီ နေရာဒေသမတူပေမယ့် ပုဒ်မတူနေတဲ့ သူတွေကလည်း ဒုနဲ့ဒေး။ လူသတ်မှု၊ မုဒိမ်းမှုလို့ခေါ်တဲ့ ဗလက္ကာရမှု၊ ရိုက်မှု၊ ဆဲမှု မူးယစ်ရမ်းကားမှု၊ ခိုးမှု၊ နှစ်လုံးထိ၊ သုံးလုံးထိ တရားမဝင် လောင်းကစားမှုစတဲ့ ပုဒ်မတွေကိုယ်စီနဲ့ ဘယ်သူမှတော့ ခေတဲ့သူတွေမဟုတ်ဘူး။ ပုဒ်ထိး ပုဒ်မတွေကိုယ်စီနဲ့။

တပေါင်းနွေဆိုတဲ့အတိုင်း တစ်နေကုန်အောင် ခြစ်ခြစ်တောက် ပူနေတဲ့နေပူထဲမှာ ရပ်ထားရတဲ့ သံဘော်ဒီအိမ် အချုပ်ကားထဲမှာ တစ်နေကုန်တစ်နေခန်း ရေမချိုး၊ မိုးမချိုး ချွေးတစ်လုံးလုံးနဲ့ တရားရုံး အချုပ်ခန်း သံတိုင်တွေကြားမှာ လှောင်ချိုင့်စံလာခဲ့ကြရတဲ့ ကျွန်တော်တို့ လူစုအချုပ်ကားထဲရောက်တော့ ပွက်ပွက်ဆူနေတဲ့ ရေနွေးအိုးထဲ "ဖားလက်တက်"တွေ ထည့်ပြုတ်သလို၊ ဆွေ့ဆွေ့ခုန်ဖျပ်ဖျပ်လူး အရှင်လတ်လတ် ငရဲအိုးထဲ ကျနေသလိုပါပဲ ..။

ဟုတ်တယ် သေသေချာချာ တွေးကြည့်တော့ ကျွန်တော်တို့ ပဋ္ဌာန်းဆက်ပါတဲ့ အချုပ်သားတွေ အားလုံး ခြစ်ခြစ်တောက်ပူနေတဲ့ အချုပ်ကားသံဘော်ဒီအိမ်ထဲမှာ ကိုယ်ပြုတဲ့ကံမကောင်းမှုကြောင့် အရှင်လတ်လတ် လောကငရဲမှာ ဇောက်ထိုးကျနေကြသူတွေဆိုရင် မမှားဘူး အမှန်ပဲဗျ။

တရားရုံးတော်မှာ တရားတအောင် ရင်ဆိုင်နေကြရတဲ့ ကျွန်တော် အပါအဝင် အကျဉ်းကျနေသူ အကျဉ်းသားမှန်သမျှ အရှင်လတ်လတ် ကိုယ် ရှာခဲ့တဲ့ ကိုယ့်ဒုက္ခကြောင့်ပဲ လောကငရဲကျနေကြရတယ်။

စဉ်းစားကြည့်လေဗျာ။ ကိုယ့်ရပ် ကိုယ့်ရွာ ကိုယ့်အိမ်ကိုယ်ယာမှာဆိုရင်ပဲ ကိုယ့် မိသားစုနဲ့ကိုယ်၊ ကိုယ့်အသိုင်း အဝိုင်းနဲ့ကိုယ် လွတ်လွတ်လပ်လပ် ပျော်ပျော်ရွှင်ရွှင် နေလို့ရတယ်။

အိပ်ချင်သလိုအိပ်၊ အိပ်



www.burmeseclassic.com

www.burmeseclassic.com



ချင်တဲ့အချိန်အိပ်၊ စားချင်သလို စား၊ စားချင်သလောက်စား၊ စားချင်တဲ့အချိန်ကျမှစား၊ အော်ချင်သလောက်အော်၊ ပျော်ချင်သလောက်ပျော်၊ စိတ်ကြိုက် လွတ်လပ်ပေါ့ပါးစွာနဲ့ နေထိုင်လို့ရတယ်။ အဲ ‥ သူတစ်ပါး အကျိုးစီးပွားကို မထိခိုက်သရွေ့ပေါ့။



အချုပ်တို့ ထောင်တို့ ရောက်ပြီဆိုရင်တော့ အိမ်မှာ မရှုတ်ဖူးတဲ့ လောကနီတိကို လည်း မရှုတ်ချင်လည်း မရဘူး။ ရှုတ်ကိုရှုတ်ရတယ်။ မရှုတ်ဘူးလား ယား ယား တန်းစီက ရေရေလည်လည် လက်စင်တွေပေးလိမ့်မယ်။ သူက အချုပ်ထဲ ထောင်ထဲမှာ အာဏာပါးကွက်သားပဲ။

ဒါလည်း မရှိလို့ မဖြစ်ဘူးလေ။ အိမ်မှာနေရင် အိမ်စည်းကမ်း၊ ကျောင်းမှာဆိုရင် ကျောင်းစည်းကမ်း၊ ရုံးမှာဆိုရင် ရုံးစည်းကမ်း၊ အချုပ်ထဲ၊ ထောင်ထဲမှာဆိုရင် အကျဉ်းသားစည်းကမ်းဆိုတာ လိုက်နာမှ ဖြစ်မယ် မဟုတ်လား ‥‥။

ခုတောင်မှပဲ ဥပဒေ စည်းကမ်းကို မလိုက်နာဘဲ ဖေါက်ဖျက်ကျူးလွန်ကြလို့ အကျဉ်းသားတွေဘဝ ကိုယ်စီ ရောက်နေကြပြီပဲ။

အကျဉ်းဆိုတဲ့ ဝိသေသ အနက်အဓိပ္ပာယ်အတိုင်း အပြင်လောကမှာလိုတော့ လွတ်လွတ်လပ်လပ် ဘယ်နေခွင့်ရကြပါ့မလဲ။ ဒီတော့ ချုပ်တည်းမှုဆိုတဲ့ တင်းကျပ်တဲ့ စည်းတွေ ဘောင်တွေထဲမှာနေကြရတာပေါ့။ သတ်မှတ်ချိန်မှာအိပ်၊ သတ်မှတ်ချိန်မှာ ပုံစံနဲ့စား၊ အချိန်မှန် ညီညာပျပျ ဘုရားဝတ်တက်ကြ၊ အချုပ်သား စည်းကမ်း ချိုးဖောက်ရင်တော့ အကျဉ်းသား စည်းကမ်း ချိုးဖောက်ရင်တော့ တိုက်ပိတ်ခံရမှာပေါ့ ‥ ဒါ အကျဉ်းသား ဘဝလေ ‥။

ဩော် ‥ ကျွန်တော် အတွေး လွန်လာလိုက်တာ အချုပ်ကားကြီး ကုန်တိုက်ထောင့် မီးပွိုင့်ကို ကျော်လာပြီပဲ ‥ ဒီနေရာ ဒီဒေသကို ရောက်ရင် ကျွန်တော့်ရင်ထဲမှာ ဒေါသလှိုင်းတွေအလိပ်လိပ်တက်လာတယ်။ ရင်ထဲမှာ ဗလောင်ဆူလာတဲ့ ပေါက်ကွဲ သံစဉ်တွေက ကျွန်တော့်ကို တစ်ခုခုလုပ်ဖို့ ဝိုင်းပြီး မီးထိုးပေးကြတယ်။

ဒီနေရာ ရောက်ပြီဆိုရင် ဘေးက ပါလာတဲ့ အချုပ်သားတွေအားလုံးကလည်း ကျွန်တော့်အတွက် လမ်းရှဲပေးကြတယ်။ အဲဒီနောက် ‥

ကျွန်တော့် ထုံးစံ အတိုင်း အချုပ်ကားဘေးဘော်ဒီ



www.burmeseclassic.com

www.burmeseclassic.com



ပြတင်းပေါက်တိုင်တွေကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ပြီး ကျွန်တော်စူးစူးရဲရဲ မော့ကြည့်လိုက်တယ်။

ကျွန်တော် သူ့ကို မြင်လိုက်တာနဲ့ အံ့ကို တင်းတင်းကြိတ်ပြီး တောက်တစ်ချက် ပြင်းပြင်း ခေါက်လိုက်မိတယ်။

"တောက် "

"မင်းကြောင့်ကွ၊ မင်းကြောင့် မင်းကြောင့် ငါတို့တွေ ဘဝပျက်ကြရတာ ‌. မင်းကြောင့် ငါ့တို့ဘဝဆုံးရတာ ‌.‌. မင်းကိုငါ ဒီတစ်သက်မကဘူး နောင်ဘဝ အဆက်ဆက် ငါ မကျေဘူး"

ကျွန်တော့်ရင်ထဲမှာ ရှိသမျှ အစိုင်အခဲတွေ ပေါက်ကွဲလွင့်စဉ်ထွက်လာသမျှ စကားလုံးလက်နက်ကြမ်းတွေနဲ့ သူ့ကို စိန်ခေါ် တိုက်ခိုက် ထိုးနှက်လိုက်တယ်။

ဒါပေမယ့် အချည်းအနှီးပါပဲ။ အချုပ်ကားကြီးက တစ်ဘူးဘူးနဲ့ တစ်လိမ့်လိမ့် မောင်းပြီး သူ့ကို ဖြတ်ကျော်လာခဲ့ပေမယ့် သူကတော့ အပြုံးမပျက် အေးအေးဆေးဆေးပါပဲ။ မင်းတို့လောက်တော့ ပျင်းတောင်ပျင်းသေးတယ်ကွာလို့ ပြန်ပြောနေသလိုပါပဲ။

မြင်ကွင်းက တဖြည်းဖြည်း ဝေးကွာလာပြီး နောက်ဆုံး သူ့ကို လုံးဝမမြင်ရတော့တဲ့အခါမှာတော့ ကျွန်တော်ဟာ တိုက်ပွဲကျသူတစ်ယောက်ပမာ အချုပ်ကားနံရံကို တဖြည်းဖြည်း လျောချ ကျောမှီပြီး ယောက်ျားကြီးတန်မဲ့ တစ်သိမ့်သိမ့် ရှိုက်ငိုခဲ့နေမိတယ်။

ဟုတ်တယ်။ ကျွန်တော် သူ့ကို ရှုံးခဲ့ပြီ။ ကျွန်တော်မှလား မဟုတ်သေးဘူး။ မဟုတ်သေးဘူး။ အရက်ကြိုက်တဲ့ အရက်စွဲနေကြတဲ့ လူတွေအားလုံး ကျွန်တော့်နည်းတူ သူ့ကို ကျရှုံးခဲ့ကြပြီ။ သူ့ခြေဖဝါးအောက်မှာ ပြားပြားမှောက်ခဲ့ကြပြီ။

ကျွန်တော်တို့ တောင်ငူ ရာဇဝင်မှာဆို အထင်အရှားပဲလေ။ ဘုရင်တပင်ရွှေထီး တိုင်းပြည်ဥသျှောင် နိုင်ငံခေါင်းဆောင် သတ္တိအရာမှ စံထားရစ်လောက်အောင် မြန်မာ့သမိုင်းမှာ ရာဇဝင်တွင်ပေမယ့် သေရည်သေရက်ရဲ့ ကျေးကျွန်ဖြစ်ပြီး နောက်ဆုံးမှာ တစ်ပါးသူရဲ့ လွယ်လင့်တကူ လုပ်ကြံသတ်ဖြတ်ခြင်းကို ခံလိုက်ရတာ ရာဇဝင်မှာ အထင်အရှား ရှိတယ်မို့လား။

အရက်ဆိုတာ လူ့ဘဝကိုသာမက တိုင်းပြည်တစ်ခုလုံးကိုတောင် ကမောက်ကမဖြစ်အောင် ဒုက္ခပေးနိုင်တယ်လေ။

အဲဒီနောက် ခေတ် အဆက်ဆက် သမိုင်းအဆက်ဆက် ကျော်ဖြတ်ကုန်လွန်ခဲ့ပြီး အခု ကျွန်တော်တို့ခေတ် မျက်မှောက်ကာလ ရောက်လာခဲ့ပြီ။ အရင်ကတော့ ကျွန်တော်တို့ တောင်ငူ အနောက်ဘက် ပဲခူးရိုးမ တောင်ပေါ်ကို သစ်ခုတ်၊ ဝါးခုတ် တက်ကြတယ်။ ကျွန်တော်တို့လို တောသူတောင်သား အားလုံးက တောမှာချက်တဲ့ ကောက်ညှင်းအရက်၊ ဆန်အရက်၊ ထန်းလျက်အရက်တွေကို အလုပ်ပန်းရင် သောက်ဖို့ဆိုပြီး ဝယ်ဝယ်သွားကြတယ်။

အခု နောက်ပိုင်းကျတော့ အပြင်း၊ အပျော့ ကိုယ်ကြိုက်သလို ချိန်ဆပြီး ရေနဲ့ရောသောက်ရတဲ့ အမျိုးလေ။ အချိန်အဆဆိုတာကလည်း တိကျတဲ့ စံနှုန်းဆိုတာမရှိသေးတော့ လုပ်



www.burmeseclassic.com

www.burmeseclassic.com



တည့်စမ်းပြီး ရောစပ်သောက်ကြတာပါပဲ။ ချဉ်ချဉ်တူးတူး မူးရင်ပြီးရော မဟုတ်လား။

ပြီးတော့ ကျွန်တော်တို့ သစ်ခုတ်၊ ဝါးခုတ်သမားတွေဆိုတာက ကျောင်းနေဖူးတဲ့သူဆိုတာ အတော်ရှား၊ သူငယ်တန်း တစ်တန်း၊ နှစ်တန်း ဒါလောက်နဲ့ပဲ ရွာကျောင်းကထွက်ပြီး တောင်ပေါ်တက်၊ တောထဲဝင်ခဲ့ကြတာသေတဲ့အထိပဲလေ။ ကျွန်တော် တောင် ငယ်စဉ်က မြို့ကျောင်းမှာ ငါးတန်းအထိ နေခဲ့ဖူးလို့။

ငါးတန်း ရောက်တော့ အဖေဆုံးပြီး အမေက ရွာပြန်ပြောင်း၊ ကောက်စိုက်စပါးရိတ် ရှာကျွေးခဲ့ရာမှ ကျွန်တော်အရွယ်ကလေးရောက်လာတော့ အရင်းမစိုက်၊ တောခုတ်လိုက် ဆိုသလို တောင်ပေါ်သွားပြီး သစ်ခုတ်၊ ဝါးခုတ်၊ မီးသွေးဖုတ်တဲ့ အလုပ်ကြမ်း အလုပ်တွေကို ရွာက လူကြီးအချို့နဲ့ အလုပ်သင်လိုက်လုပ်ရင်း နောက်ဆုံးဘဝတူ မိန်းကလေးနဲ့ အိမ်ထောင်ကျခဲ့ရာမှ မြွေဟောက်မြောင်မှာ တဲထိုးပြီး ဘဝဇာတ်မြုပ်ခဲ့ကြတဲ့ အခြေရောက်ခဲ့ရသူပေါ့။

မြွေဟောက်မြောင်ဆိုတာက ပဲခူးရိုးမတောင်ပေါ် တစ်နေရာပေါ့။ နယ်မြေက တောင်ငူမြို့ထဲမှာပါပြီး တောင်ငူမြို့ရဲ့ အနောက်ဘက် မိုင် အစိတ် (၂၅)မိုင် ဝေးတဲ့ တောင်ပေါ်တောထဲမှာ ရှိပါတယ်။

ဇနီးနာမည်က မရွှေကြည်တဲ့ အသက်ကအခု (၃၀) ရှိပြီး ကျွန်တော်နဲ့ဆို နှစ်နှစ်ကွာတယ်။ ကလေးက သားနှစ်ယောက် သမီးတစ်ယောက်။

ပြောရဦးမယ်။ ကျွန်တော့် ညီမ စန်းရီကလည်း ကျွန်တော့်တဲနဲ့ ခြေရင်းခေါင်းရင်း တဲတစ်လုံးထိုးပြီး သူ့ယောကျ်ားနဲ့ လာနေကြတယ်။ သူက မီးဖွားပြီးခုစ ကလေးက မီးထွက်ပြီဆိုရုံပဲ ရှိသေးတယ်။

စန်းရီ မီးဖွားတော့ အမေက အိုကြီးအိုမနဲ့ စန်းရီနဲ့ အတူတောင်ပေါ်တဲမှာ လာနေပြီး သူ့မြေးကိုလည်း စောင့်ရှောက်၊ သူ့သမီးကိုလည်း ပြုစုနဲ့ အတော်ပင်ပန်းခဲ့တာ။ ဒါပေမယ့် အမေက တစ်ချက်ကလေး မညည်းညူတဲ့အပြင် ပျော်နေသလိုပဲ။ ခုထိ တောင်ပေါ်မှာ ရှိ





www.burmeseclassic.com

www.burmeseclassic.com



နေတုန်း ရွာမပြန်သေးဘူး။

ခက်တာက ယောက်ဖ မြင့်ဝင်းဆိုတဲ့အကောင်ပဲ။ စန်းရီကို ပြုစုကူညီဖို့ လာနေတဲ့အမေ့ကို မကြည်ဖြူသလိုပဲ။ ကျွန်တော့်အချိန်မသိမသာပဲ အရက်မူးလာပြီဆိုရင် ပကျိုးပကျဲပြောတော့တာပဲ။

အမေကလည်း သူ့သမီးနဲ့ သူ့မြေး သံယောဇဉ်ကြောင့် သမက်ကို အတော်သည်းခံရှာသား။ သူသည်းမခံနိုင်ရင် ကျွန်တော့်တဲကို လာနေတယ်။ ခဏရှောင်နေလိုက်တာပေါ့။ သမက် အမူးပြေမှ သူ့သမီးနဲ့ မြေးဆီသွားတယ်။ ကဲ မိဘမေတ္တာ ဘယ်လောက်များကြီးမားသလဲလို့။

တစ်နေ့ ကျွန်တော်နဲ့ ကျွန်တော့်နှမ စန်းရီရဲ့ယောကျာ်း ကျွန်တော့် ယောက်ဖ မြင့်ဝင်းနဲ့ သမီးယောက်ဖ နှစ်ယောက် ခပေါင်း ချောင်းအတိုင်း တောင်ငူကို ဝါးဖောင်တွေ စုန်ဆင်းမျှောချပြီး ဝါးဒိုင်ဆီက ဝါးဖိုးရောင်းရငွေတွေ မြိုးမြိုးမြက်မြက် ရခဲ့တာနဲ့ မြို့တက်ပြီး တောင်ပေါ်မှာ လိုအပ်သမျှတွေအတွက် ဈေးဝယ်ထွက်ခဲ့ကြတယ်။

"ဟာ ဟိုမှာကြည့်စမ်း ယောက်ဖ ကြော်ငြာဆိုင်းဘုတ်မီးတွေ နည်းတာကြီးမဟုတ်ဘူး။ အကြီးကြီးပါလား။ ဘာကြော်ငြာတွေပါလိမ့်။ ငါက စာမတတ်တော့ အဲဒါ အတော်ခွကျတာ ပုလင်းပုံစံ ကြည့်ရတာကတော့ အရက်ပုလင်းနဲ့တူတယ်"

မြို့ဝင် မြို့ထွက် မုခ်ဦးကြီးကျော်ပြီး ရန်ကုန်–မန္တလေး လမ်းပေါ်ရောက်တယ်ဆိုရင်ပဲ မိုးပေါ်ကို လွင့်နေအောင် ထောင်ထားတဲ့ ရောမ မိုးပျံဆိုင်းဘုတ်ကြီးတွေကို တွေ့လိုက်ရတော့




ကျွန်တော့်ယောက်ဖ မြင့်ဝင်းက အထူးအဆန်းလိုပဲ အော်ကြီးဟစ်ကျယ် ပြောရှာတယ်။

ထူးဆန်းတယ်လို့လည်း ပြောလို့ရတာပေါ့။ ကျွန်တော်ကသာ မြို့ကျောင်းတက်ဖူးခဲ့သူမို့ မြို့ရဲ့အငွေ့အသက်တွေနဲ့ ယဉ်ပါးနေခဲ့ပေမယ့် မြင့်ဝင်းတို့ကတော့ မွေးကတည်းက တောမှာနေ၊ တောမှာကြီး၊ အတန်းပညာဆိုတာ ဝ တန်း လေးတောင်မသိ။ ဗဟုသုတဆိုတော့ ဗလာနတ္ထိပေကိုး။ တောထဲတောင်ထဲမှာ သစ်ပင်၊ ဝါးပင်၊ ချုံနွယ်တွေနဲ့ပဲ နေ့စဉ်ထိတွေ့နေထိုင်ခဲ့ရသူဆိုတော့ မြို့ရဲ့ ဖွံ့ဖြိုးတိုးတက်မှုတွေက မြင့်ဝင်းတို့လိုလူတွေအတွက် အံ့သြစရာတွေချည်းပဲပေါ့။

"အေးကွ ..အရက်ကြော်ငြာတွေ၊ ဒါ မိုးပျံကြော်ငြာဆိုင်းဘုတ်လို့ ခေါ်တယ်ကွ ယောက်ဖရေ"

"အေးကွာ ..'မင်းက ကျောင်းနေဖူးလို့ စာဖတ်တတ်တော့ အတော်ဟုတ်သားကွ။ ငါတို့မှာတော့ ကျောင်းမနေဖူးတော့ မျက်စိသာ မြင်ရတာ



www.burmeseclassic.com

www.burmeseclassic.com



အကန်းနဲ့ မခြားပါဘူးကွာ။ ဘာရေးလို့ ရေးထားမှန်းမသိ။ ပုလင်းပုံမြင်လို့သာ အရက်ကြော်ငြာလို့ ခန့်မှန်း သိရတာ။ ဒါလောက်တောင် ဆိုင်းဘုတ်ကြီးတွေနဲ့ ဟီးထနေအောင် ကြော်ငြာရင် အတော်ကောင်းလို့ ဖြစ်မှာကွ။ အပြန် ဝယ်သွားရအောင်"

"တောင်ပေါ်မှာ အိုပီတွေရှိတာပဲကွာ၊ အဆီတွေတောင် ကျန်နေသေးတာ မြင့်ဝင်းရာ "

"ဟာကွာ ယောက်ဖကလဲ ဘယ်တူမှာလဲကွ"

"အေးပါကွာ .. ဝယ်ဝယ်"

ယောက်ဖလုပ်သူ မြင့်ဝင်းက ဖွတ်အတင်း ပြောနေတော့သည်း လိုက်လျောလိုက်တယ်။ ကျွန်တော်ကိုယ်တိုင်ကလည်း အမှန်ပြောရရင် အသစ်အဆန်းဆို မြည်းစမ်းကြည့်ချင်တယ်လေ။

"ဘယ်လောက် ဆွဲသွားမလဲ ယောက်ဖကြီး"

"တစ်လစာ ဆွဲသွားမယ် လေကွာ။ တစ်နေ့ နှစ်လုံး၊ တစ်လ အလုံးခြောက်ဆယ်ပေါ့ မြင့်ဝင်းရာ"

"အိုကေ တောင်ပေါ်ရောက်ရင် အမှန်းဆွဲပစ်လိုက်မယ်။ "

မြို့မဈေးကြီးဘေးနားက လူပျိုကြီးဆီက မိုးပုံဆိုင်းဘုတ် ကြော်ငြာအရက်လို့ပြောပြီး အလုံး(၆၀)စက္ကူဖာနဲ့ အကျအန ထည့်ခိုင်းပြီး ဝယ်လိုက်တယ်။

တခြားနေရာမှာသာ ညိုမရရင်ရှိမယ်။ အရက်ကိစ္စကတော့ သမီးယောက်ဖ နှစ်ယောက် ညီမှညီပဲ။ နှစ်ခါပြန်မညိုရဘူး။

အရက်ဝယ်တော့ လူပျိုကြီးက မော်ဒယ်ကောင်မလှလှလေးနဲ့ အရက်ကြော်ငြာပုံတွေ လက်ဆောင်ထည့်ပေးလိုက်လို့ မော်ဒယ်မလေးကိုကြည့်ပြီး သမီးယောက်ဖ နှစ်ယောက် တဖီးဖီးနဲ့ သဘောတွေခွေ့ခဲ့ကြသေးတယ်။ လှရက်ပါပေ့ကွယ် လို့တောင် ပြောမိသေးလား မသိဘူး။

အရက် ကြော်ငြာတွေကလည်း ပြောမယ့်သာ ပြောရတယ် ။ မပေါ်တပေါ် အဝတ်တွေ မလုံ့တလုံနဲ့ ရင်ခုန်စရာ မျက်နှာပေးလေးတွေနဲ့ သင်းတို့ပုံတွေက လူသူ အရောက်အပေါက် နည်းပါးတဲ့ တောထဲတောင်ထဲကိုတောင် ရောက်သဗျို့။ လျှော့တော့ မတွက်နဲ့။ တောင်ပေါ်အလုပ်သမားတွေကလည်း စာသာမတတ်ကြတာ မော်ဒယ်မလေးတွေရဲ့ မျက်နှာဘေးကိုတော့ ဘာသာပြန်ကြတယ်ဗျို့။ လျှော့မတွက်ကြနဲ့။

အဲဒီနေ့ တောင်ပေါ်ပြန်ရောက်ရောက်ချင်းပဲ သမီးယောက်ဖနှစ်ယောက် ခရီးပန်းတာအကြောင်းပြပြီး ဝယ်လာတဲ့ အရက်ပုလင်းတွေ အမှန်းဆွဲလိုက်တာ နှစ်ယောက်တည်းနဲ့ သုံးလုံး ကုန်သွားတယ်။

OP အရက်ဆီကို စပ်ပြီး သောက်တာလောက် အမူးမကြမ်းတော့ သောက်နိုင်တာပေါ့။ သို့ပေမယ့် ကြာလာတော့မှ ဖြည်းဖြည်းချင်း ဒီအရက်တွေက တက်လာတာမျိုး ဆိုတာ မသိလိုက်တဲ့အချက်က မြင့်ဝင်းအတွက်တော့ ထိန်းမနိုင်သိမ်းမရ အခြေစိုက်ခဲ့တာပေါ့။

"ဖုန်း .. ဖုန်း .. ဖုန်း"

"မသာမ .. ကမြင်းမ



www.burmeseclassic.com

www.burmeseclassic.com



နင်ငါ့ကို ဘာအောက်မေ့လို့လဲ သေစမ်း ‥ သေစမ်း ‥ ကဲဟာ ကဲဟာ''

"အောင်မလေးတော့ သေပါပြီ ကိုမြင့်ဝင်းရဲ့ တော်ကို ကျုပ် ဘာပြောလို့လဲတော့ အရက်မူးလာရင် ဒီလိုချည်းပဲ အမြဲ ကျုပ်ကို အနိုင်ကျင့် နှိပ်စက်တယ်။ အစ်ကိုကြီးရေ ဒီမှာ ပြောပါဦး ‥ ညီမကို နှိပ်စက်နေပြီ အီး ဟီး ‥ ဟီး''

စောစောကတည်းက မြင့်ဝင်း အရက်တွေ မူးပြီး ကျွန်တော့် ညီမကို နှိပ်စက်နေသံ ကြားပါတယ်။ ဒါပေမယ့် ကိုယ်နဲ့ နှစ်ယောက်အတူ ထိုင်သောက်ခဲ့တာဆိုတော့ ကိုယ်လည်းအပြစ်မကင်းတာနဲ့ အသာ ငြိမ်နေရတာ။

ဟုတ်တယ် ဒီကောင်က မူးလာရင် အလွန်သွေးဆိုးတဲ့ကောင်၊ အဲဒါက အကြောင်းမဟုတ်ဘူး။ ကျွန်တော့် ညီမက သိကြတဲ့အတိုင်း သွေးနုသားနုနဲ့ မီးထွက်ပြီးခါစ ရှိသေးတာ တော်ကြာ ‥ သွေးပျက်သွားမှဖြင့် အခက်၊ ဒါနဲ့ပဲ။

"ယောက်ဖရေ သိပ်မနှိပ်စက်နဲ့ကွာ ‥ ငါ့ ညီမက သွေးနုသားနုနဲ့နော်''

အရက်မူးနေတာဆိုတော့ ကျွန်တော့်အသံက လိုအပ်တာထက် ပိုမာသွားတယ်




ထင်ရဲ့၊ ရိုးမတစ်ခွင်လုံး ပဲ့တင်ထပ်သွားတယ်။

မိန်းမကတော့

"ကိုသာအောင် ‥ ကိုသာအောင်၊ ကိုယ့်ယောက်ဖနော် သူ့လင်သူ့မယား စကားများတဲ့ အခါများမှာပေါ့။ ကျွဲနှစ်ကောင်ခတ်တဲ့အကြား မြေဖားပင် အဖြစ် မခံနဲ့နော်''

"မင်း အသာနေစမ်းပါ ရွှေကြည်ရာ။ ဒီကောင်က သောက်တဲ့လူချင်း အတူတူ လူပါးဝလို့''

ကျွန်တော့် စကားကို မြင့်ဝင်း တုံ့ပြန်ချင်ပုံရပါရဲ့။ အရက် မူးနေကြသူတွေဆိုတော့လည်း စိတ်ကလေးတွေက သိကြတဲ့အတိုင်းလေ။ ယင်ကောင် နားတာတောင် ခံချင်တာမဟုတ်ဘူး ‥ သွေးဆူနေကြပြီကိုး။

"ဟေ့ကောင် ယောက်ဖ သာအောင် ‥ မင်း တဲပေါ်က ဆင်းခဲ့ဦး''

ည မှောင်ပေမယ့် လရောင်နဲ့ဆိုတော့ လုံးလုံးအမှောင် မဟုတ်ဘူး။ ခြေရင်းဘက်က မြင့်ဝင်း ငှက်ကြီးတောင်ဓားကို ဆွဲဆင်းလာပြီး ကျွန်တော့်တဲ့ရှေ့မှာ လာပြီး စိန်ခေါ်နေပြီ။

"တောက်''

"မြင့်ဝင်း မင်းလောက်ကတော့ကွာ''

"ပြောမနေပါနဲ့ သာအောင်ရာ။ ဆင်းခဲ့စမ်းပါ ။ ငါ့ဓားဘယ်လောက် ထက်သလဲ စမ်းကြည့်ချင်လို့''

"ကိုသာအောင် တော် မဆင်းနဲ့နော်''

ရွှေကြည်က စိုးရိမ်တ



www.burmeseclassic.com

www.burmeseclassic.com



ကြီး ဆွဲလည်းဆွဲ၊ တားလည်းတား၊ ကျွန်တော့်ကို တဲပေါ်က ပေးမဆင်းဘူး။ အရေးထဲမှ ငှက်ကြီးတောင် ဓားက ဘယ်ပျောက်နေမှန်း မသိဘူး။ ခါးကြားထဲမှာ ဓားမြှောင်ကိုတော့ အင်္ကျီနဲ့ ဖုံးပြီး ဝှက်ထားပြီး ဒီအချိန်မှာပဲ အမေဘယ်က ပေါ်လာမှန်းမသိဘူး။

"ဟဲ့ သားကြီး သာအောင်။ မဆင်းနဲ့နော်။ သားလေး မြင့်ဝင်း လိမ်မာပါကွယ်။ ယောက်ဖ ဆိုပေမယ့် ကိုယ့်အစ်ကိုကြီးပဲကွယ်။ ရန် မဖြစ်ကြနဲ့။ သွား––သွား တဲကိုပြန်"

"ဟာ အဘွားကြီး နေရာတကာ ဝင်ပါတယ်။ ကဲ––– ဟာ ••"

"အမယ်လေး သေပါပြီတော် •• ကျွတ် •• ကျွတ်"

မြင့်ဝင်းက ကျွန်တော့်အမေကို ဆောင့်တွန်းလိုက်လို့ အမေ လဲကျသွားတာကို မြင်လိုက်ရတော့ ကျွန်တော်ရဲ့ဒေါသတွေ ငယ်ထိပ်ကို ဒိန်းခနဲ ဆို့တက်ဆောင့်သွားတော့တယ်။ မျက်လုံးတွေ ပြာဝေသွားပြီး မြင့်ဝင်းဆီကို လွှားခနဲ ပြေးခုန်အုပ်ချလိုက်တယ်။ တစ်ဆက်တည်းမှာပဲ ခါးကြားက ဓားမြှောင်က လရောင်ထဲမှာ လက်ခနဲ လက်ခနဲ အချက်ပေါင်းများစွာ မြောက်တက်သွားတယ်။

"အား အား အား"

မြင့်ဝင်းဟာ တအားအားနဲ့ အော်ဟစ်ညည်းတွားပြီး မြေပြင်ပေါ်ကို တအိအိနဲ့ လဲပြိုကျသွားပြီ။

ကျွန်တော့် လက်ထဲမှာ ဓားမြှောင်ကတစ်ဆင့် စေးထန်းထန်းပျစ်ချွဲချွဲ မြင့်ဝင်းကိုယ်က ထွက်လာတဲ့ သွေးတွေ တဖြေးဖြေး စီးကျ ပေကျံကုန်ပြီ။

ခြင်းခြင်းနီနေတဲ့ သွေးတွေနဲ့ ဓားမြှောင်တစ်ချောင်းကို ကျွန်တော် ငူငူကြီးအချိန်တော်တော်ကြာကြည့်နေမိလိုက်တယ်။

ပတ်ဝန်းကျင်မှာ ငရဲပွက်သလို ကမ္ဘာပျက်သလို အော်ဟစ် ငိုကြွေးနေကြတဲ့ မိသားစုတွေ သားသမီးတွေ ကျွန်တော့်မိန်းမ ရွှေကြည်၊ ကျွန်တော့်မိခင်၊ ကျွန်တော့်နှမ စန်းရီတို့ အာလုံးသေနေတဲ့ မြင့်ဝင်းအလောင်းဆီပြေးသွားပြီး ဖက်ငိုလိုက်ကြ၊ ကျွန်တော့်ဆီ ပြန်ပြေးလာကြပြီး ကြိတ်မနိုင်ခဲမရ ရင်ဘတ်ကို တစ်အုန်းအုန်းထုရင်း






www.burmeseclassic.com

www.burmeseclassic.com



မေးမေးပြီး ငိုလိုက်ကြနဲ့. ရိုးမ တောင်ပေါ်မှာ သောကမိုးတွေရွာ ကုန်ပြီ။

"အစ်ကိုကြီး ဘယ်လို လုပ်လိုက်တာတုန်း အစ်ကိုကြီး ရယ်။ ဟောဒီက မိစန်းရီကိုပါ တစ်ခါတည်း ကိုမြင့်ဝင်းနဲ့အတူ သတ်လိုက်ပါလား အစ်ကိုကြီး ရယ်။ ကလေးတစ်ဖက်၊ သွေးနု သားနု ဘာမှလဲ မလုပ်တတ် ကို မြင့်ဝင်းကို အားကိုးနေရတဲ့ မိ စန်းရီ အခု ကိုမြင့်ဝင်း မရှိတော့ ရင် ကျွန်မလူ့လောကကြီးမှာ ဘယ်လို ကူးဖြတ်ရမှာလဲဟင် အစ်ကိုကြီး ပြောဦးလေ"

"အောင်မလေး ကိုသာ အောင် ကိုယ်ကျိုးတော့နည်းကုန် ပြီ။ မြင့်ဝင်းကို ရှင်သတ်တော့ လူသတ်မှုနဲ့ ထောင်ကျတော့ မယ်။ ကျုပ်ပြောတယ် အရက် တွေ အလွန်အကျွံမသောက်ပါနဲ့ လို့။ ခု မြင့်ဝင်းသေတော့ စန်းရီ လဲ ဘဝပျက်ပြီး တော်ကရော ဘာထူးတုန်း၊ မြင့်ဝင်းသေသလို တော်ကလည်း ထောင်ကျရင် ကျုပ်တို့နဲ့ ခွဲရပြီ။ ဒီအခါကျုပ်က ရော စန်းရီလိုပဲ ကလေးတွေ တစ်ပြုံတစ်မကြီးနဲ့ ရှင့်ကို အား ကိုးနေရတဲ့သူ ရှင်သာ မရှိရင် ကျွန်မတို့ မိသားစု ဘာမှရှာဖွေ မစားတတ်နဲ့ ဘယ်သူ့အားကိုးရ မှာတုန်း၊ ခုမှ ခက်ပြီ အားလုံး သောင်ပြင်လွှတ်တဲ့ ခွေးတွေလို ဒုက္ခတွေရောက်ကြတော့မယ် အို ကိုသာအောင်ရဲ့ အီးဟီး"

"သား မောင်သာ အောင် မိုက်ပါဘိ သားရယ်။ မိုက်ပါဘိ။ ဒေါသရှေ့ထားမှားကြ ပြီပေါ့ သားရယ်။ ငါ့မြေးလေး တွေ ဗျက်နှာငယ်ကြရပြီပေါ့"

အသံတွေက နီးလာ လိုက် ဝေးသွားလိုက်နဲ့. ကျွန် တော် ဆောက်တည်ရာမရတော့ ဘူး။ သင်းကြောင့်ဖြစ်ရတာ ဟောဒီ အရက်ဆိုတဲ့ သေရည် ကြောင့်ဖြစ်ရတာ။

သေရည်ကို အလွန် အ ကျွံသောက်လို့ သေရတာ၊ မြင့် ဝင်းက လူသေရသလို၊ ကျွန် တော်က ဘဝသေရတာ။ သင်း ကို ကျွန်တော် ကမ္ဘာမကြေဘူး။ အဲဒီမြို့ပေါ်တွေ အုပ်မိုးနေတဲ့ မိုး ပျံ အရက်ကြော်ငြာဆိုင်းဘုတ် တွေ၊ မလုံ့တလုံ အဝတ်တွေနဲ့ မော်ဒယ်တွေရဲ့ ကြော်ငြာတွေက မြူဆွယ်မှုကြောင့် အရက်တွေ မသောက်ချင်တာကို သောက် ချင် စိတ်တွေဖြစ်လာပြီး ခုလို လူသတ်မှုတွေ ဖြစ်ရတာဆိုတာ အချုပ်ထဲ ရောက်တော့မှသိလာ ရတယ်။

ဟုတ်တယ် ရာဇဝတ် ပြစ်မှုအမျိုးမျိုးဖြစ်ကြတဲ့ အထဲမှာ လူတစ်ရာကို ရှစ်ဆယ်လောက် ဟာ အရက်သောက်ပြီး ဇလက္ကာ ရမှုခေါ်တဲ့ မုဒိမ်းမှု၊ မူးယစ်ရမ်း ကား ဆဲရေးတိုင်းထွာမှု၊ အနိုင့် အထက်ပြု လက်ရောက်မှု၊ လူ သတ်မှု တွေဖြစ်ခဲ့ကြသတဲ့။

အခုပဲကြည့် အရက် သောက်ပြီး ကျွန်တော် မြင့်ဝင်း ကို သတ်လိုက်လို့ ထောင်ဒဏ် (၁၀)နှစ်တဲ့။ ထောင်ထဲမှာ (၁၀) နှစ် ဘဝသေရဦးတော့မယ်။ ဒါ ကြောင့် ဒီအရက်ကြော်ငြာတွေနဲ့ အရက်မှန်သမျှ အားလုံးကို ငါ ကမ္ဘာမကြေဘူး။ ရှောကြည်ရာ ငါ့ကိုခွင့်လွှတ်ပေးကြပါလို့ ..။

**မောင်ဆွေ(တောင်ငူ)**



www.burmeseclassic.com

www.burmeseclassic.com

# နားလည်ပေးပါ မညိုမြ

မောင်မျိုးသက်(ဟင်္သာတ)





www.burmeseclassic.com

www.burmeseclassic.com



## "နားလည်ပေးပါ မညိုမြ"

ဟသ်ာတ

မောင်မျိုးသက်

ရောဝတီတိုင်း ဒေသကြီး၏ ဒုတိယတိုင်း မြို့တော်သို့ ကျွန်တော် ပြောင်းရွှေ့လာခဲ့သည်မှာ သုံးလကျော်ပြီ ဖြစ်သော်လည်း တာဝန်နှင့်ဝတ္တရားကို ကျေပွန်စွာ ထမ်းဆောင်နေရသဖြင့် မြို့ပေါ်သို့ နံ့နံ့စပ်စပ် မရောက်ချေ။ အပေါင်းအသင်းလည်း သိပ်မရှိသေး။ စာရေးကြီး အညွန့်ကောင်း၍ သူနှင့်အတူ လက်ဖက်ရည်ဆိုင် ကောင်းကောင်းကို မနက်တိုင်း ရောက်ပါ၏။ ကျယ်ဝန်းလှသော ပဒေသာဈေးကြီးနှင့် နီးပါသော်လည်း ရောက်ခဲလှသည်။ သွားရန်လည်း အကြောင်းမရှိ၊ လိုအပ်လျှင် ကျွန်တော်တို့ ရဲ ဝန်းဆိုင်ခန်းတွင် ပစ္စည်းမျိုးစုံရသည်။ အား/ကာ ဆိုင်ခန်းတွေလည်း နီး၏။ သစ်တောဆိုင်ခန်းတွေလည်း နီး၏။

မြို့၏ ထူးခြားချက်မှာ ရပ်ကွက်ကြီးများ ဝိုင်းရံလျက် မြို့လယ်တွင် ဈေးဖြစ်နေသည်။ အိမ်ဆိုင်၊ ပွဲရုံ၊ စတိုး၊ ကုန်တိုက်တို့သည် နေရာတိုင်းတွင် လက်ညှိုးထိုးမလွဲ၊

တစ်နေ့ ...

ပဒေသာဈေးကြီး အတွင်းသို့ ကျွန်တော် ရောက်ခဲ့ရာ မမျှော်လင့်ဘဲ အမျိုးသမီးတစ်ဦးနှင့် ဆုံခဲ့ရသည်။ သူမက ကျွန်တော်ကို မသိပါ။ ကျွန်တော် ပုသိမ်တက္ကသိုလ်တွင် စတုတ္ထနှစ်ဖြေဆိုစဉ်က အကူအညီပေးခဲ့ရဖူးသူဖြစ်သည်။

ပဒေသာဈေးကြီး အတွင်းရှိ ပုဆိုးဆိုင်တွင် ပုဆိုးတစ်ထည် ဝင်ဝယ်ရင်း အဆင်ရွေးနေခိုက် အပြင်မှ ပြန်လာသောသူကိုတွေ့လိုက်ရာ အံ့အားသင့်မိသွားသလိုပင် မှတ်လည်းမှတ်မိလိုက်၏။

အမှတ်မထင် "မညိုပြာလား"ဟု နှုတ်မှထွက်သွားရာ အမျိုးသမီးသည် ကျွန်တော်ကိုကြည့်ပြီး–

"ဟုတ်ကဲ့ ညိုပြာပါ။ ကျွန်မကို သိလို့လား ဟင်။ အဲအားတော့နာပါတယ်။ ကျွန်မ ရှင့်ကို မသိပါဘူးရှင်"

"ဟာ ဟုတ်ပါတယ်။ မညိုပြာ မသိနိုင်ပါဘူး။ ကျွန်တော်ကသာ မှတ်မိလို့ လွှတ်ခနဲ ထွက်သွားမိတာပါ"

"ဘယ်မှာ ဆုံဖူးပါသလဲရှင်။ စိတ်တော့ မရှိပါနဲ့။ ကျွန်မ မမှတ်မိလို့ပါ"

ဟု အားတုံ့အားနာ ပြောလာသည်။

"ပုသိမ် တက္ကသိုလ်မှာ နောက်ဆုံးနှစ်ဖြေတုန်းက မညိုပြာ မူးလဲသွားလို့ ကျွန်တော်တို့ သူငယ်ချင်းတစ်သိုက် အစစအရာရာ ကူညီခဲ့မိတာ မညိုပြာ မသိပါဘူး။ ဆေးရုံရောက်တဲ့အထိ မညိုပြာ သတိမရသေးဘူး။ သတိရတဲ့ အချိန်မှာတော့ ကျွန်တော်တို့ ဆေးရုံမှာ မရှိတော့ပါဘူး။ မညိုပြာရဲ့ သူငယ်ချင်းတွေနဲ့ ထားခဲ့တာ နောက်တော့လဲ မတွေ့ကြပါဘူးလေ"

"ရှင်"

မညိုပြာ အံ့သြသွားသည်။ ဝမ်းသာသွားသည်။ ကျေးဇူးတင်သွားသည် ဆိုသည့် သုံးပန်လှ မျက်နှာကို တစ်ပြိုင်နက် ကျွန်တော် တွေ့လိုက်ရသည်။

"အို ... ဝမ်းသာ



www.burmeseclassic.com

www.burmeseclassic.com



လိုက်တာ သူငယ်ချင်းတွေ ပြော ပြလို့ ဒီက---''

''ကျွန်တော့် နာမည် အောင်ခန့်သူပါ''

''ဟုတ်ကဲ့ ကိုအောင် ခန့်သူ။ ကျွန်မ ရှင်တို့တစ်သိုက် ကို ရှာသေးတယ်။ လူတွေက များ စာမေးပွဲရက်လဲဖြစ် ဆို တော့ နောက်ပြီး မူးလဲခဲ့တဲ့ ဒဏ်ကြောင့် အပြင်လဲ မထွက်ခဲ့ ဘူး။ ကျေးဇူးသိပ်တင်ပါတယ် ရှင်။ ဩော် ဒါနဲ့ ကိုအောင်ခန့် သူက''

''ကျွန်တော် ပြောင်း လာတာ မကြာသေးပါဘူး။ ဒု လုံခြုံရေးမှူးပါ''

သည်ကဲ့သို့ ကျွန်တော် နှင့် မညိုပြာ ခင်မင်ရင်းနှီး သွားသလို ပဒေသာ ဈေးကြီး အတွင်းသို့လည်း ချောင်းပေါက် မတတ် ကျွန်တော် ရောက်မိ သွားပါသည်။ တစ်လခန့် အ ကြာတွင် ကျွန်တော်နှင့် မညို ပြာတို့ ခင်မင်မှု အတိုင်းအတာ ထက် ကျော်လွန်၍ နှလုံးသား ရေးကိစ္စ ပွင့်လင်းခဲ့ကြသည်။

မညိုပြာ့ မိသားစုနှင့် လည်းရင်းနှီးကျွမ်းဝင်ရှိခဲ့ရသည်။ မညိုပြာအထက် အစ်မ တစ် ယောက် ရှိသည်။ မဖြူပြာ၊ မောင်ငယ်က ထွန်းရီပြာ၊ မောင် နှမ သုံးယောက် ထွန်းရီပြာ သည် အငယ်ဆုံးမို့ အားလုံးက အလိုလိုက်ထားသည်။ အသက် ၁၈ နှစ်အရွယ် လူငယ်တစ်ဦး ဖြစ်၏။ ကျွန်တော့်ကိုလည်း ခင် မင်သည်။

ကျွန်တော်က မှည့်ခေါ် ထားသော အမည်များ၏ နောက်ဆုံးမှ ပြာထည့်ထား သည်မှာ ဘာကြောင့်လဲဟု မေး ကြည့်မိရာ ဖခင်အမည် ဦး မောင်ပြာ၏ နောက်ဆုံး စာလုံး ကို ယူမှည့်ခဲ့ကြောင်း ဖခင်တွင် ညီအစ်ကိုများရှိရာ ဦးမောင်နီ၊ ဦးမောင်ဖြူ ၊ ဦးမောင်ညို အစ ရှိသဖြင့် အရောင်များ မှည့်ခဲ့ရာ ဖခင်အမည် ဦးမောင်ပြာ ဖြစ်ခဲ့ ကြောင်း ရှင်းပြရင်း ရယ်မောမိ ကြသည်။ မညိုပြာတို့ ညီအစ်မ သည်လည်း အရောင်ထဲမှ မ ထွက်။

သည်မြို့မှာ ကျွန်တော် ပျော်သွားပြီ။ အထက်လူကြီးများ ကလည်း သဘောပြည့်ကြ သည်။ ခရိုင်မြို့ဖြစ်သည့် အား လျော်စွာ တန်ခိုးကြီး ဘုရားများ လည်းပေါများသည့် အလျောက် တာဝန်မှ အားလပ်ရက်များတွင် ဘုရားစုံ ကျွန်တော်တို့ ရောက် ကြ၏။ ဤသို့ ဤနယ်တွဲသွား တွဲလာနှင့် ပျော်ခဲ့ကြသည်မှာ လမှန်းစ်ကူးလာခဲ့သည်။ သို့သော် တစ်နေ့ သည်တစ်နေ့ကို ကျွန် တော် မေ့နိုင်စွမ်းမရှိပါ။ တာဝန် သိပြည့်သူတစ်ဦး၏ သတင်းပေး ချက်အရ မြို့စွန်ရှိခြံကြီး တစ်ခြံ ထဲတွင် မကောင်းမှုဒုစရိုက်လုပ် ငန်းများ လုပ်ကိုင်နေကြောင်း သတင်းပေးသဖြင့် ကျွန်တော် ဦးဆောင်၍ တာဝန်ယူဝိုင်းဝန်း ခဲ့ကြသည်။ :

**အရက်လည်း ရောင်းသည်။ ဖဲဝိုင်းလည်း လုပ်သည်။ မူးယစ်ဆေးဝါးလည်း ရသည်။**

မှန်ပါသည်။

အရက်လည်း ရောင်း သည်။ ဖဲဝိုင်းလည်း လုပ်သည်။ မူးယစ်ဆေးဝါးလည်း ရသည်။



www.burmeseclassic.com

www.burmeseclassic.com



မမျှော်လင့်ဘဲ ဝိုင်းဝန်းခြင်း ခံရသဖြင့် ပြေးသူပြေး၊ ပုန်းသူပုန်းနှင့် ရှုတ်ရှုတ်သဲသဲ ဖြစ်သွားကြသည်။ သို့သော် ဝါရင့်ရဲကြပ်များ ရဲတပ်သားများ၏ ကျွမ်းကျင် ထိန်းသိမ်းမှုအောက်တွင် မလှုပ်သာခဲ့ကြ။ အိမ်တွင်း တစ်နေရာတွင်မူ မူးယစ်ဆေးဝါး သုံးစွဲနေသူ တစ်သိုက်ကို စုစုစည်းစည်း ဖမ်းမိလိုက်၏။

''ဟင်''

ကျွန်တော် အံ့အားသင့်သွားသည်။ မထင်မှတ်ဘဲ ထွန်းရီပြာကို တွေ့လိုက်ရသည်။ ဒီကလေး မူးယစ်ဆေးဝါး သုံးစွဲနေပါလား။ ကျွန်တော် ဘယ်သို့လုပ်ရပါ့မည်လည်း။ အားကိုးသော ထွန်းရီပြာ၏ မျက်လုံးအစုံကို ကျွန်တော်မြင်ပါသည်။ ကျွန်တော်၏ ဦးခေါင်းထက်တွင် တာဝန်ကြီး ပိနေပါသည်။ ခေါင်းဆောင်က ကျွန်တော်ပါ။ ကျွန်တော်နှင့်အတူ ရဲတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်လူကြီးများ ပါဝင်နေပါသည်။ ထွန်းရီပြာကို ကယ်ချင်ပါသော်လည်း မကယ်နိုင်၊ မူးယစ်ဆေးဝါးသုံးစွဲနေသည်ကို ပက်ပင်း မိခဲ့သည်။ သက်သေ လူကြီးများ ရှေ့မှာမို့ သူတို့ကို ကျွန်တော်လေးစားရမည်။ ဖမ်းမိသည်မှာ သူတစ်ယောက်တည်းမဟုတ်၊ ငါးယောက်ဖြစ်သည်။ မလွှယ်ပါ။ အထူးသဖြင့် ဦးဆောင်တာဝန်ယူ ဖမ်းဆီးသူမို့ ကျွန်တော်၏ သိက္ခာ အရှက်နှင့် ပေးအပ်ထားသော တာဝန်ပိုင်းကို မကျော်လွှားချင်၊ သစ္စာ၊ သမာဓိ၊ သတ္တိဆိုသည်ကို ဦးထိပ်ထားရပေမည်။




မညို့ပြာနှင့် သူ၏



www.burmeseclassic.com

www.burmeseclassic.com



မိသားစုကိုလည်း ကျွန်တော် ရင်ဆိုင်ရပေလိမ့်မည်။ မျှော်လင့်ထားသလိုပင် မညိုပြာတို့ ညီအစ်မနှစ်ယောက် ညဘက်တွင် ကျွန်တော့်ထံ ရောက်ရှိလာကြသည်။ သူတို့ နှစ်ယောက်၏ မျက်နှာထားကား တင်းမာသလိုလို၊ ကျွန်တော်၏ မျက်နှာ အထားရ ခက်လှပါသည်။

"မောင်လေး ကိစ္စကို ကိုအောင် ဘယ်လို စီစဉ်ထားသလဲ"

ဟု မညိုပြာက စမေးသည်။

"ကိုယ့်အတွက် ဘေးကျပ်၊ နံကျပ်ဖြစ်နေပါတယ်"

"ဘယ်လိုလဲ မောင်အောင်၊ ဗွီဒီယိုတို့ ရုပ်ရှင်တို့ ဝတ္ထုတွေထဲကလို တာဝန်နဲ့ ဝတ္တရားကို ဦးထိပ်ထားတဲ့ သူပါများလို့ ပြောချင်နေသလား"

မဖြူပြာက ခနဲ့သလိုလို စကားဖြင့် ကျွန်တော့်အား တိုက်စစ်ဆင်လာသည်။

"ဆေးဖော်စပ်သလို မျိုးပါ မဖြူပြာ။ အချိုးအစား ဘယ်ရွေ့ဘယ်မျှ ထည့်ရမယ်ဆိုတဲ့ ဖော်မြူလာရှိသလိုပါပဲ။ အမှုတစ်ခု ကျူးလွန်လာပြီဆိုရင် ဒီအမှုရဲ့ အပြစ်အတိုင်းအတာကလဲ အချိုးအစားရှိပါတယ်။ ဥပဒေအရ စီရင်ပိုင်ခွင့်ကို ဖောက်ဖျက်လို့ မရပါဘူး။ မညိုပြာ ပြောသလိုပဲ ကျွန်တော်တို့ဟာ တာဝန်နဲ့ဝတ္တရားကို သိပ်လေးစားရပါတယ်။ သစ္စာ၊ သမာဓိ၊ သတ္တိဆိုတာကို ဦးထိပ်ထားရပါတယ်။ မောင်ထွန်းရှိပြာရဲ့ အမှုမှာ သူတစ်ဦးတည်း မဟုတ်ပါဘူး။ ငါးဦးပါ။ ကျန်တဲ့ သူတွေ--"

**"ပြောမနေနဲ့ မမ၊ ပြောလဲအပိုပဲ။ ဒီမှာ ကိုအောင်ညိုပြာ့အနေနဲ့ ကိုအောင်ကို ဘဝခရီးဖော်အဖြစ် ရွေးချယ်ခဲ့တာ သိတယ်နော်"**

ကျွန်တော် စကား အဆုံးမသတ်လိုက်ရပါ။ မညိုပြာသည် ထိုင်ရာမှ ဝုန်းခနဲ ထလိုက်၍-

"ပြောမနေနဲ့မမ၊ ပြောလဲ အပိုပဲ။ ဒီမှာ ကိုအောင် ညိုပြာ့အနေနဲ့ ကိုအောင်ကို ဘဝခရီးဖော်အဖြစ် ရွေးချယ်ခဲ့တာ သိတယ်နော်။ မိဘတွေကလဲ သဘောတူပြီးသား။ ဒီတော့ ညိုပြာတို့ မိသားစု မျက်နှာကိုတော့ ထောက်ပါ၊ ဒါပါပဲ"

မျက်နှာထား တင်းတင်းဖြင့် ထပြန်သွားသည်။ ကျွန်တော် မတားမိပါ။ နှုတ်ဆွံ့အ နေမိပါသည်။ ရင်ထဲမှာလည်း ပူလောင်သွားပါသည်။

"မတတ်နိုင်ပါ မညိုပြာ"

ဥပဒေကို ကျူးလွန်လျှင်ပုဒ်မနှင့်ပါ။ ဖမ်းဆီးရာတွင်လည်း သက်သေနှင့်ပါ။ သက်သေခံပစ္စည်းကိုလည်း ဖျောက်



www.burmeseclassic.com

www.burmeseclassic.com



ဖျက် မရပါ။ ထွန်းရီပြာ တစ်ဦး တည်းကိုမှ ဦးစားပေးခဲ့လျှင် ခံယူထားသော ကတိသစ္စာတို့နှင့် ညီပါမည်လား။ ကျန်သူများက လည်း ပြောကြပေလိမ့်မည်။

''နားလည် ပေးပါ မညိုပြာ''

ကျွန်တော့် ဘက်မှ ကြည့်၍ အရာရာကို အမှန်တရား ဆုံးဖြတ်ပေးစေချင်ပါသည်။

နောက်ထပ်လည်း ကျွန်တော့်ထံသို့ မညိုပြာမလာတော့ပါ။ ကျွန်တော်လည်း မညိုပြာတို့ဆိုင်ဘက်မရောက်ခဲ့ပါ။ မညိုပြာတို့မိသားစုနှင့်လည်း ရင်ဆိုင်ရန် မဝံ့ပါ။ ကျွန်တော်၏ အားနည်းချက်ဟု ဆိုချင်ဆို။ သို့သော် ... မညိုပြာထံမှစာတစ်စောင်တော့ရောက်လာပါသည်။

**ကိုအောင်ခန့်သူ**

ကိုအောင်လို့ ခေါ်နေရာက ခုလို ကိုအောင်ခန့်သူလို့ ပြောင်းလဲခေါ်လိုက်ကတည်းက ကျွန်မရဲ့ သဘောထားကို ရှင်သိလိမ့်မယ်ထင်ပါတယ်။ ရှည်ရှည် မရေးလိုပါဘူး။ ကျွန်မဘဝကို လက်တွဲခေါ်သွားမယ့်သူကို အရေးအကြောင်း ရှိလို့မှ အားမကိုးရ အဖြစ်မျိုး ကြုံလာရလေတော့ ရှေ့ဆက်ဘယ်လိုမျိုးအားကိုးရနိုင်မှာလဲ။မောင်လေးအတွက် ရှင် အရာရာကို ရင်မဆိုင်ရဲဘူး။ အလုပ် ပြုတ်သွားမှာကိုကြောက်နေတာလား။ အလုပ်ပြုတ်သွားရင် တစ်သက်လုံး ရှင့်ကို ကျွန်မ ရှာကျွေးနိုင်တယ်။ ဒါပေမယ့် ရှင်က သစ္စာ သမာဓိ သတ္တိဆိုတာကို ဦးစားပေးတယ်။ ရှင့်ဌာနအတွက်ပေါ့။

ကျွန်မအတွက် သစ္စာရှိရှိ သမာဓိရှိရှိ အချစ်အတွက် ဘဝခရီးအတွက် သတ္တိရှိရှိ ရင်ဆိုင်ရဲခဲ့ရင် ဘယ်လောက်ကောင်းမလဲ၊ ရှင်က ရှင့်ဌာနရဲ့ ချီးကျူးသံတွေ၊ ဂုဏ်ပြုသံတွေနဲ့ ရှင့် ရာထူးတိုးရေးကိုသာ ဦးစားပေးလေတော့ ရှင်နဲ့ကျွန်မ ဘဝဟာ ပြဒါးတစ်လမ်း၊ သံတစ်လမ်းဖြစ်နေပါပြီ။

ဒီတော့ ဒီဘဝ ဒီမျှသာပဲလို့သာ သဘောပိုက်လိုက်ပါတော့။

ညိုပြာ

မညိုပြာကို ကျွန်တော် ဘယ်သို့ ရှင်းပြရပါမည်လဲ။ အဆိပ် တက်နေသူကို ချက်ချင်းဖြေဆေးကျွေးလည်း ပြေလိမ့်မည် မဟုတ်။

တကယ်ဆိုလျှင် ... ဘဝခရီးအတွက် ကျွန်တော်နှင့် လက်တွဲမည်ဆိုလျှင် ကျွန်တော် 'ဘာလဲ'ဆိုသည်ကို မညိုပြာ နားလည်ရပေမည်။ ရဲအရာရှိ တစ်ဦး၏ ဇနီးသည်ဖြစ်လာလျှင် ခင်ပွန်းသည်၏ တာဝန်နှင့်ဝတ္တရားကို လေးစားလိုက်နာတတ်၍ ဥပဒေတွင် ဆွေမျိုး မရှိဆိုသည်ကို သဘောပေါက်နားလည်ရပေမည်။

မညိုပြာသည် ခေတ်ပညာတတ် မိန်းကလေး တစ်ဦးမို့ အမှားအမှန်ကို ဝေဖန်ချင့်ချိန်ခွဲခြားနိုင်စွမ်းရှိပါသည်။ အဆိပ်တက်နေချိန်တွင် အဆိပ်ဖြေဆေးက ဆေးစွမ်းမပြပါ။ ကျွန်တော်၏ ရဲဝန်ထမ်းဘဝကို အမှန်တရားဘက်မှ မြင်တတ်လာမည့်နေ့ နားလည်လာမည့် နေ့တစ်နေ့ကို စောင့်နေပါမည်။

နားလည်ပေးပါ မညိုပြာ။


**ဟသ်ာတ**

**မောင်မျိုးသိက်**



www.burmeseclassic.com

www.burmeseclassic.com



# ပြီးဆုံးသွားသော ပုံပြင်တစ်ပုဒ်

တွင်းကြီးသား (တင်ဝင်းဦး)



www.burmeseclassic.com

www.burmeseclassic.com



# ပြီးဆုံးသွားသော ပုံပြင်တစ်ပုဒ်

တွင်းကြီးသားတင်ဝင်းဦး

"အေးမာ"

ကိုမြခင်၏ အသံက မာကျောလွန်းသည်။ ဖခင်အသံမာမာကြောင့် သမီးဖြစ်သူ အေးမာသည် ရွာထဲက အပြန် အိမ်ထဲအဝင် ခြေလှမ်းများတန့်သွားသည်။ ရင်ထဲထိတ်ပျာသွားရင်း ဖခင် ကိုမြခင်ထံ လာခဲ့သည်။

"ရှင်"

ရှင်ဟုသာ အသံပြုရင်း ဖခင်အနား မရဲတရဲရပ်၊ ခေါင်းငုံ့ထားသည်။

"ထိုင်"

"ဟုတ်ကဲ့"

"ဘယ်ကလာတာလဲ"

"ဟို ဟို ရွာထဲက"

အေးမာ ခေါင်းငုံ့ရင်း ဖြေနေသည်။ ဖခင်ဖြစ်သူ ကိုမြခင်မှာ ဒေါသအလိပ်လိပ်တက်နေသည်။ မီးတောက်နေသည့် မျက်လုံးများဖြင့်ကြည့်ရင်း ထိုင်ရာမှ ဝုန်းခနဲ ထလိုက်သည်။ ဇနီးဖြစ်သည့် မမြခင်မှာ မီးဖိုချောင်ထဲ ထမင်း ဟင်းချက်ရင်း မရဲတရဲ ကြည့်နေရှာသည်။ ဝင်ရောက်မပြောရဲ။ အသာငြိမ်ရင်း နားစွင့်နေသည်။

"ငါ သိတယ်၊ ငါ နားလည်တယ်။ ငါ ငယ်ရာက ကြီးလာတာ၊ နင်မောင်ကျော်နဲ့ တွေ့လာတာ မဟုတ်လား"

"ရှင်"

ဖခင်ဖြစ်သူ စကားကြောင့် အေးမာ မျက်လုံးဝိုင်းသွားသည်။ အဖေပြောသလို ဒီကနေ့ ချစ်သူဖိုးကျော်နှင့် သူငယ်ချင်းကျင်ယုံတို့အိမ်မှာ ခဏချိန်းတွေ့ခဲ့သည်မဟုတ်ပါလား။ အပြစ်ရှိသူပေမို့ အေးမာခမျာ ဖခင်ဖြစ်သူကိုကြည့်ရင်း မေ့နေသည့်အလား။

"ဒီမယ် အေးမာ၊ နင်ဒီကောင်နဲ့ အဆက်ဖြတ်၊ လုံးဝအဆက်အသွယ်မလုပ်နဲ့၊ အေးနောက်ထပ် ဒီသတင်းကြားရင် နင့်အတွက်က ဓား၊ ဟောဒီဓား"

ကိုမြခင်သည် ပြောရင်းနှင့်လက်ထဲကိုင်ထားသည့် ငှက်ကြီးတောင်ဓားရှည်ကို ထောင်ပြရင်းပြောသည်။ သမီးအတွက် ဒေါသဖြစ်နေသည့် ကိုမြခင်၏ မျက်လုံးများ ရဲရဲတောက်နေသည်။ အသားတွေ တဆတ်ဆတ်တုန်နေသည်။ မီးဖိုချောင်ထဲရှိ မမြခင်သည်သူ့ယောက်ျားကိုမြခင် စိတ်ကိုသိသည်။ တကယ်များ သတ်လိုက်လေမလားဆိုပြီး ရင်တထိတ်ထိတ်နှင့်ကြည့်ရင်း မရဲတရဲဖြင့် ထွက်လာကာ သမီးဘေးမှာရပ်သည်။ ပြီးသည်နှင့် အိမ်ထဲခေါ်လာခဲ့သည်။ ကိုမြခင်သည် မရေရာသော အတွေးများနှင့် ရပ်ရင်းရှိသလို၊ သမီး အေးမာမှာလည်းနားမလည်နိုင်သည့်သဘော၊ အဖြေရှာသည့် သဘောတွေနှင့် ရှိနေသည်။ မမြခင်ကတော့ အဖြေကိုသိထားသည့် ကျောင်းသားတစ်ဦးနှယ် ရှိနေပေမယ့် တသွင်သွင်ခေါင်းခါရင်း သက်ပြင်းချနေသည်သာ။

"သမီးရယ် ညည်းအဖေ ပြောသလို မောင်ကျော်နဲ့ အဆက် ဖြတ်လိုက်ပါအေ။ ညည်းတို့ကို တကယ်သတ်မယ့်ပုံအေ"

"ကိုကျော်မောင်နဲ့ ဘာပြုလို့များ သဘောမတူတာလဲ အမေ။ ပိုက်ဆံချမ်းသာ



www.burmeseclassic.com

www.burmeseclassic.com



တယ်။ ပညာလဲတတ်၊ ရုပ်လဲချော၊ သဘောလဲကောင်းပါရက်နဲ့အမေရယ်''

''ဟူး''

အေးမာ၏ အမေးကို မဖြေခင်မဖြေနိုင်၊ မဖြေဝံ့။ လက်ရှိအခြေအနေကတော့ သမီးနှင့် မောင်ကျော်တို့ အဆက်ပြတ်ရေးသာ အဓိက။

''ဒါတွေ မေးမနေနဲ့ သမီး၊ အဖေနဲ့အမေပြောသလို သာလုပ်၊ စကားသာနားထောင်၊ ညည်းနဲ့မောင်ကျော် အဆက်ဖြတ်နေ''

ထိုညက အေးမာ အိပ်မပျော်။ ထို့အတူ ကိုမြခင်တို့ လင်မယားလည်း အိပ်မပျော်ခဲ့။ ကိုမြခင်မှာ ဇနီးဖြစ်သူကို တပ်ကူတောင်းရင်းရှိသည်။ သမီးကို နောက်ဆုတ်ခိုင်းဖို့ပြောသည်။ မမြခင်ကလည်းပြောထားကြောင်း၊ ဆူထားငေါက်ထားကြောင်းပြောပြသည်။ ညဥ့်နက်မှ မှေးခနဲ အိပ်ပျော်သွားကြသည်။ အဲ အေးမာကတော့ လုံးဝ အိပ်မပျော်ခဲ့။

တကယ် တွေးကြည့်မြင်တော့ တရားခံသည် မည်သူနည်း။ အေးမာနှင့် ဖိုးကျော်သည် ဤကုန်းကြီးရွာမှာ လူချမ်းသာ စာရင်းဝင်သူတွေ၏ သားသမီးများဖြစ်ကြသည်။ ဤရွာမှာ ကိုမြခင် မမြခင် ဆိုရင် တောင်သူကြီး။ အဲ မောင်ကျော့် မိဘများ ဖြစ်ကြသည့် ကိုသာရင်၊ မကျင်မြဆိုရင်လည်း တည်းအတူနေကြသည့် သူငယ်ချင်းတွေ။ သူငယ်တန်းမှ ခြောက်တန်း၊ ခုနစ်တန်းအထိ နေလာပြီး ရှစ်တန်းအရောက်မှာတော့ ပြောင်းလဲလာသည်။ ပြောင်းလဲလာသည်က အရုပ်အမောင်းနှင့် ခံစားချက်စိတ်။



တောင်သူကြီးစာရင်းဝင်။ စီးပွားရေး၊ လူမှုရေးတွေမှာ ထိပ်ဆုံးက။ အဲ မောင်ကျော်နှင့်အေးမာတို့က အသက်ကွာခြားမှု မရှိ။ နှစ်လပိုင်းမျှသာ ကွာခြားသည်။

ကျောင်းနေတော့လည်း အတူတူ။ နေရသည်က ရွာမြောက်ဖျားလမ်း။ တစ်လမ်းသည်တော့ ခင်မင်ရင်းနှင့် သံယောဇဉ် ဖြစ်လာပြီးသည့်နောက် ကိုးတန်းမှာတော့ ကျောင်းဆက် မနေရတော့။ မောင်ကျော်ရော အေးမာပါ မိဘတောင်သူလုပ်ငန်းမှာ ကူညီကြရအောင် ကျောင်းထွက်လိုက်ကြရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် မောင်ကျော်၊ အေးမာ ကျောင်းထွက်ရတော့မှာ။ နင်သိတဲ့အတိုင်းပဲ အိမ်က လူနည်းတယ်လေ။ ဒီတော့ အေးမာ ကျောင်းထွက်ပြီး လုပ်ငန်းကူမှရတော့မှာ"

"အေးမာရယ် ကိုယ်လဲ အေးမာလိုပါပဲ။ ကျောင်းထွက်ရတော့မယ်လေ"

"ဟင်"

နှစ်ဦးသား ရှစ်တန်းအောင်စာရင်းကြည့်ရာက အပြန် ရွာထိပ်မှာဆုံကြသည်။ စကားပြောဖြစ်သည်။

"နင် ငါ့ကို မေ့မသွားပါနဲ့ အေးမာရယ်နော်"

"အို–မောင်ကျော်ရယ် အေးမာ နင့်ကို မမေ့ပါဘူး"

ထိုစဉ်က သံယောဇဉ်တွေ လွှမ်းခြုံနေသည့် မျက်ဝန်းများနှင့်ကြည့်ရင်း လမ်းခွဲခဲ့ကြသည်။ နောက်ရက်တွင်တော့ ရွာထဲမှာ သာရေးရှိတိုင်း၊ နာရေးရှိတိုင်း၊ ဘုရားပွဲရှိတိုင်း ဆုံဖြစ်ကြသည်။ မကြာပါ မောင်ကျော်နှင့် အေးမာတို့ ချစ်သူတွေအဖြစ် ရောက်ခဲ့သည်။

"ငါတို့ရဲ့ ကျောင်းနေစဉ်က သံယောဇဉ်တွေ မပျက်ပြယ်ခဲ့ဘူးဆိုတာ ယုံကြည်သွားပြီ အေးမာရယ်"

"ဟုတ်တယ် မောင်ကျော် အေးမာလေ ဟိုတုန်းကတည်းက နင့် အပေါ်ကို"

"ချစ်နေခဲ့တာပေါ့"

"အင်း"

နှစ်ဦးသား တွေ့ကြစဉ်က အချစ်စကားလှလှလေးများနှင့် ခွန်းဆင့်သီကျူးခဲ့ကြသည်။ နောက်တွင်တော့ ချစ်သူဘဝနှင့် တစ်နှစ်အကျော်။ မောင်ကျော်နှင့် အေးမာတို့၏ ချစ်သူဇာတ်လမ်းပမာသည် တောမီးပမာ ပြန့်နှံ့သွားပြီ။ မောင်ကျော်၏ ဆွေမျိုးတွေ၊ အေးမာ၏ ဆွေမျိုးတွေ သူတို့နှစ်ဦး၏ မိဘတွေ သိသွားခဲ့ပြီ။ မောင်ကျော့်မိဘတွေက သားဖြစ်သူ အေးမာနှင့် ချစ်သူဖြစ်နေတာ။ တကယ်ယူကြတော့မှာကို သိပေမယ့် ဘာမှမပြောခဲ့သေး။ အဲ တစ်ဖက်က ငြိမ်နေသလောက် မငြိမ်မသက်နှင့် သွေးလေပျက်မတတ်ခံစားရသူက အေးမာရဲ့ဖခင်ကိုမြခင်။

ကိုမြခင်သည် သမီးဖြစ်သူ မောင်ကျော်နှင့် ချစ်သူတွေ ဖြစ်နေပြီဆိုသည့် သတင်းကြားရသည့် နောက်တွင်တော့ အရူးမီးဝိုင်းဖြစ်ခဲ့ရချေပြီ။ ကိုမြခင် သို့ကလိုဖြစ်နေသည့်အချိန် ကိုမြခင် မိဘတွေ၊ မမြခင်မိဘတွေ နှစ်ဖက်ဆွေမျိုးတွေကတော့ အေးမာကို မောင်ကျော်နှင့် ပေးစားချင်ကြလွန်းလို့။ သဘောတူကြလွန်းလို့စကားတခေါ်ခေါ်နှင့် ဖြစ်နေကြသည်။ သဘောမတူဘဲရှိပါမည်လား။ မောင်ကျော် မိဘတွေ စီးပွားရေးအရှိန်ကကြီးခဲ့သည်ကိုး။ ဒီတော့ မသိဟန်ပြုကာ မသိမသာတွန်းအားပေးခဲ့ကြသည်။ မောင်ကျော်ကို လက်လွှတ်မခံဖို့ အေးမာကို အဆင်းဘီးတပ်ပေးကြသည်။

အဲ ကိုမြခင်ကတော့ ရှေ့တိုးရအခက်၊ နောက်ဆုတ်ရအခက်။

ဆုပ်လည်းစူး၊ စားလည်းရှူးရတော့မည့်အဖြစ်။

"မဖြစ်ဘူး မဖြစ်ဘူး သမီးကို မောင်ကျော်နဲ့ ပြတ်အောင်ဖြတ်မှ ဖြစ်မှာ။ ဘယ်လိုလုပ်ရမလဲ၊ဘယ်လိုလုပ်ရမလဲ"

ကိုမြခင်သို့ကလို တွေးနေဆဲဖြစ်ပေမယ့် အေးမာက



www.burmeseclassic.com

www.burmeseclassic.com



တော့ ချစ်ခဲ့ရသူမောင်ကျော်နှင့် တွေ့နေဆဲ၊ တွေ့နေမြဲ။

~~~~~

နယ်ထိန်း မြင့်ထွန်းသည် ကုန်းကြီးဥက္ကဋ္ဌ ပြောနေသည့် မှုခင်းနှင့်သက်ဆိုင်သော အကြောင်းအရာ အချို့ကို နားထောင်ရင်း ကိုမြခင် အလောင်းကို မော့ကြည့်ရင်းရှိသည်။ ပျဉ်ထောင်အိမ် အနောက်ဘက်ကပ်လျက်ရှိသည့် နွားစာတိုက်ခေါင်ထုပ်တန်းမှာတော့ ကြိုးတန်းလန်းနှင့် ကိုမြခင်၏ ဘ၀နိဂုံးချုပ်နေသည်က အသည်းယား ရင်နင့်ဖွယ်နှင့် ထိတ်လန့်ကြောက်လန့်စရာအပြည့်။

ဥက္ကဋ္ဌသည် ကိုမြခင်၏ သမီး အေးမာနှင့် မောင်ကျော်တို့၏ အဖြစ်ကို ဆက်မပြော။ နယ်ထိန်း မြင့်ထွန်းကလည်း ဆက်မမေး။ တပည့် မြင့်နိုင်ထွန်း၊ ကြည်ဝင်းနှင့် မျိုးအောင်တို့မှာ အလောင်းကို ဓာတ်ပုံရိုက်သူကရိုက်။ သဲလွန်စ ရှာသူရှာ။ တကယ်တော့ ကိုမြခင်တစ်ယောက် သူ့ဘာသာသူ ဘ၀ဇာတ်သိမ်းတာဟုတ် မဟုတ်။ အခြားသူတစ်ဦးဦး၏ ပယောဂဖြင့် သေဆုံးတာဟုတ်မဟုတ် အဖြေရှာရမည် မဟုတ်လား။

"ကဲ ဥက္ကဋ္ဌ ကျွန်တော် မြို့နယ်ကို အကျိုးအကြောင်း ဆက်သွယ်လိုက်ဦးမယ်"

"ဟုတ်ကဲ့ပါဆရာ"

"ခင်ဗျားတို့ ဆင်းချင်ဆင်းတော့။ ကြိုးဖြတ်ချမယ့်လူ အရန်သင့် လွှတ်လိုက်"

"ဟုတ်ကဲ့"

ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်တို့ နွားစာတိုက်ပေါ်မှ အပြေးဆင်းသွားကြသည်။ အစကတည်းက ကိုမြခင်သေဆုံးရာ တိုက်ပေါ်ကို မလိုက်ချင်ကြ။ လန့်နေကြသည်။ နွားစာတိုက်ဘေးနှင့် အိမ်ဘေးမှာ၊ ပြီးတော့ လမ်းပေါ်မှာ ရွာထဲကလူတွေအပြည့်။ ကိုမြခင် သေဆုံးသည့် သတင်း ပြောရင်းရှိနေကြဆဲ နယ်ထိန်း မြင့်ထွန်းသည် ဒီကနေ့ မြို့နယ် အစည်းအဝေးကအပြန် စခန်းမှာ နားမည်ဟု ကြံဆဲ။ ကုန်းကြီးဥက္ကဋ္ဌနှင့်အဖွဲ့ရောက်လာပြီး သေမှုသေခင်းအကြောင်းသတင်း လာပို့သည်။ သတင်းပို့ချိန်က နှစ်နာရီ။ သုံးနာရီခန့်မှာ ကုန်းကြီးရောက်ခဲ့ပြီး သွေးရိုးသားရိုး ဆုံးတာဟုတ်မဟုတ် စစ်ဆေးမှု မပြုခင် မြို့နယ်ကို အကြောင်းကြားပြီးသား။ ယခုအလောင်းကို စစ်ဆေးအပြီး နောက်တစ်ကြိမ် သတင်းပို့ရပြန်ပြီ။

ဒါက နယ်ထိန်းမြင့်ထွန်းရဲ့တာဝန်။

"ဟုတ်ကဲ့ပါ မြို့နယ်မှူး။ အလောင်းအခြေအနေကတော့ သူ့သမီးကိစ္စနဲ့ ပတ်သက်ပြီး အကြောင်းကြောင်းကြောင့် သူ့ကိုယ်သူ စီရင်သွားတဲ့ပုံပဲ။ ဟုတ်ကဲ့ အခုပဲဆောင်ရွက်လိုက်ပါ့မယ်။ ပြီးရင်အလောင်းကို မြို့နယ်ပို့ပါမယ်။ သြော် အေးမာတဲ့ ကောင်လေး အမည်က မောင်ကျော်။ ဗျာ ... ဟုတ်ကဲ့ မြို့နယ်မှူး။ အတိအကျမေးမြန်းပြီး သူတို့အဖြစ်ကို မြို့နယ်မှူး ဆီရောက်မှပဲ ပြောပြပါ့မယ်၊ ဟုတ်ကဲ့ ဟုတ်ကဲ့ ခင်ဗျာ"

မြို့နယ်မှူးထံ တင်ပြပြီး အလောင်းကို ကြိုးဖြတ်ချစေသည်။ ကြိုးဖြတ်သူက ကိုမြခင်ရဲ့ညီ ကိုလှခင်ဖြစ်သည်။ ကိုလှခင်သည် ချုံးပွဲချငိုရင်း မချိတင်ကဲနှင့်ငိုရင်း ကြိုးဖြတ်သည်။



www.burmeseclassic.com
~~~~~

www.burmeseclassic.com



အလောင်းသည် တိုက်ကြမ်းပြင်ပေါ် ဘုန်းခနဲ ကျလာသည်။ နယ်ထိန်းမြင့်ထွန်းသည်အသေးစိတ်စစ်ဆေး၊ ဓာတ်ပုံရိုက်၊ မှတ်တမ်းရေးအပြီး အလောင်းကို မြို့နယ်သို့ ပို့ရန်စီစဉ်သည်။

"ကဲ ဦးကျော်၊ လှည်းပြင်တော့ဗျို့၊ အချိန်သိပ်မရှိဘူး"

"ဟုတ်ကဲ့ဆရာ"

အလောင်းကို နွားစာတိုက်ပေါ်မှချသည်။ ငိုသူငိုကြ။ ထွက်ပြေးသူပြေးကြနှင့်ရှိနေဆဲ။ မရဲတရဲကြည့်သူကြည့်ကြ။

"အမလေး ကိုမြခင်ရဲ့ ကိုမြခင်ရဲ့။ တော်က ကျုပ်ကို ပစ်သွားပြီပေါ့။ ကျုပ်အတန်တန်ပြောတဲ့ကြားထဲက စိတ်လိုက်မာန်ပါမလုပ်ပါနဲ့လို့ ပြောရက်သားနဲ့ အခုတော့ တော့်ဘဝတော် အသေဆိုးနဲ့ နိဂုံးချုပ်သွားပြီပေါ့"

မမြခင်မှာ ငိုယိုရင်း သမီးဖြစ်သူ အေးမာကို ဖက်ကာ ငေးကြည့်နေသည်။

"ညည်းကြောင့် ညည်းကြောင့် ညည်းအဖေသေရတာ အမိုက်မရဲ့"

"အဖေ ...အဖေ.. အဖေ"

"ကိုမြခင်"

သားအမိ နှစ်ယောက် ငိုနေဆဲ။ ကာလသား အချို့က မမြခင်နှင့် အေးမာ၊ ပြီးတော့ ကိုမြခင်၏ ညီမတွေ၊ အစ်မတွေကို ဆွဲခေါ်ပြီး အိမ်ထဲဝင်စေသည်။ ငိုသံတွေ တစ်ရွာလုံး ဆူညံနေသည်။ အလောင်းကို လှည်းပေါ်တင်၊ ဆေးရုံသို့မောင်းနှင်ခဲ့ပြီ။ ကိုမြခင်ဘက်မှ ယောကျ်ား လေးငါးဦးနှင့် ကာလသားအချို့ ပါလာသည်။

တရွေ့ရွေ့ မောင်းနှင်ခဲ့ရာ မြို့သို့ ခြောက်နာရီခန့်တွင် ရောက်သည်။ ညတွင်းချင်းပင် ရင်ခွဲရုံပို့၊ ဆေးမှတ်တမ်းယူသည့်အခါ.. သူ့ဘဝသူဇာတ်သိမ်းသွားခြင်းတဲ့လေ..။

~~~~~

"ကဲ ဒေါ်မြခင်"

"ပြော ပြောပါဆရာ"

"မေးစရာရှိတယ်"

"ဟုတ်ကဲ့"

"ဒီကနေ့က ကိုမြခင် ရက်လည်တဲ့နေ့ပဲ။ ဒီတော့ မေးသင့်တဲ့အချိန်ရောက်ပြီလို့ ကျွန်တော် ထင်လို့ပါ"

နယ်ထိန်း မြင့်ထွန်းတို့အဖွဲ့ ကိုမြခင် ရက်လည်နေ့ နေ့ခင်းပိုင်းမှာ လာခဲ့ကြသည်။ လူချမ်းသာ ရက်လည်နေ့မို့ ကြက်ပျံမကျစည်ကားဆဲ။ ယခုတော့ လူစုကွဲသွားပြီ။ ဆွေမျိုးတော်စပ်သူလောက်သာ ကျန်ရစ်သည့်အချိန်၊ နယ်ထိန်းမြင့်ထွန်းတို့ မမြခင် အိမ်ထဲသို့ ဝင်ခဲ့ကြသည်။

"ကျွန်တော်တို့ အလောင်းကို ဆေးရုံပို့မယ်အလုပ်မှာ မမြခင်ငိုလိုက်တယ်။ ငိုတဲ့အထဲမှာ စကားတစ်ခွန်းပါတယ်။ အဲဒါ မှတ်မိလား"

"ဟင့်အင်း.."

နယ်ထိန်းမြင့်ထွန်း အမေးကို မမြခင်က ခေါင်းခါရင်း ဖြေသည်။

"ဒီလိုလေ ကျုပ်အတန်တန်ပြောတဲ့ကြားက စိတ်လိုက်မာန်ပါ မလုပ်ပါနဲ့လို့ ပြောရက်သားနဲ့ အခုတော့ တော့်ဘဝတော် အသေဆိုးနဲ့ နိဂုံးချုပ်သွားပြီပေါ့ဆိုတဲ့စကားပါ။ ကျွန်တော်မေးချင်တာက ကျုပ် အတန်တန်ပြောတဲ့ကြားကဆိုတဲ့စကားကို ဘာပြုလို့ပြောခဲ့တာလဲ၊ ဒီ



www.burmeseclassic.com
~~~~~

www.burmeseclassic.com



**"ဟုတ်ရမယ်လေ၊ သဘောတူသင့်တာပေါ့။ ဘာပြုလို့လဲဆိုတော့ လူချမ်းသာအချင်းချင်းပဲ မဟုတ်လား။ ဒါမဆန်းပါဘူး"**

စကားရဲ့ အဓိပ္ပာယ်က အလွန်လေးနက်တဲ့စကား၊ အကြောင်းရှိရမယ် မမြခင်"

"ရှင်"

နယ်ထိန်း မြင့်ထွန်းစကားကြောင့် မမြခင်မျက်လုံးပြူးသွားပြီး စဉ်းစားဟန်ပြုနေပုံရသည်။

"ကျွန်တော် မေးတာ သဘောပေါက်ရဲ့လားမသိဘူး။ ဘာ့အကြောင်းတွေရှိလို့ ဘယ်လိုအကြောင်းတွေရှိခဲ့လို့ ကိုမြခင်ကို အဲဒီစကားပြောခဲ့တာလဲ၊ အဲဒီအကြောင်း သိပါရစေ။ ဆိုလိုတာကဗျာ မမြခင်တို့မှာ တစ်ဦးတည်းသောသမီး အေးမာရှိတယ်။ မမြခင်တို့က ချမ်းသာတယ်။ ဆွေမျိုးတောင့်တယ်။ အဲအေးမာနဲ့ဖြစ်တဲ့ မောင်ကျော်တို့ကလဲ ဆွေမျိုးတောင့်တယ်။ ချမ်းသာတယ်။ ဒါပေမဲ့ ချစ်သူတွေဖြစ်နေကြတဲ့ မောင်ကျော်နဲ့အေးမာကို သဘောမတူဘူး။ သဘောမတူတာက ကိုမြခင်က သူ့သမီးကို မောင်ကျော်နဲ့ သဘောမတူဘူး။ အဲဒီလို ဟုတ်တယ်နော်"

"ဟုတ်----ဟုတ်ပါတယ်"

"ပြောရရင် ဆွေမျိုးတွေရော၊ မမြခင်ကိုယ်နှိုက်ကပါ အေးမာကို မောင်ကျော်နဲ့ ယူစေချင်တယ်မဟုတ်လား"

"ဟုတ် ... ဟုတ်ပါတယ်"

"ဟုတ်ရမယ်လေ၊ သဘောတူသင့်တာပေါ့။ ဘာပြုလို့လဲဆိုတော့ လူချမ်းသာအချင်းချင်းပဲ မဟုတ်လား။ ဒါ မဆန်းပါဘူး"

"ဟုတ်ပါတယ်"

"ဒါပေမဲ့ သူ့သမီးကို ကိုမြခင်က ဘာပြုလို့မောင်ကျော်နဲ့ သဘောမတူတာလဲ။ ကျွန်တော် သိထားတာက သမီးဖြစ်သူကို မောင်ကျော်နဲ့ အဆက်ဖြတ်ရင်ဖြတ်၊ မဖြတ်ရင်သတ်မယ်။ အဲ မောင်ကျော်နဲ့ သွားတွေ့ပြီး အေးအေးဆေးဆေးပဲ နောက်ဆုတ်ကြဖို့ ကိုမြခင်က မောင်ကျော်ကိုပြောခဲ့သေးတယ်ဟုတ်"

"ဟုတ် ဟုတ်ပါတယ်"

နားထောင်ရင်း တွေဝေမှုနှင့် ဖြေသူက မမြခင်။

"ကျွန်တော်မေးချင်တာ သဘောပေါက်ရဲ့လား၊ အဲသလို ဘာပြုလို့ ကိုမြခင်ကို မမြခင်က ပြောခဲ့တာလဲ"

အတော်ကြာမှ ဖြေသူက မမြခင်။

"ဩော် ဒီ--ဒီလိုပါ။ ကိုမြခင်က သမီးနဲ့မောင်ကျော်ကို သဘောမတူဘူး။ သတ်ပစ်မယ်ချည်း ပြောလိုက်၊ တစ်ခါတလေ သူ့ကိုယ်သူသတ်မယ်၊ သတ်သေမယ်လို့ ပြောလိုက်နဲ့ ဖြစ်နေလို့ ကျွန်မက အဲသလို ပြောခဲ့တာပါ။ ကိုမြခင်ကြည့်ရတာ သူ့သမီးကိစ္စကြောင့် စိတ်နောက်နေတဲ့ပုံ၊ အရူးလိုပုံစံဖြစ်နေတယ်ထင်လို့ပါ။ ပြောတဲ့အတိုင်း လုပ်တော့မယ်သဘော



www.burmeseclassic.com

www.burmeseclassic.com



မျိုးတွေ့နေရလို့ပါ ဆရာ။ အဲဒါကြောင့် တားတဲ့သဘောပါ''

မမြခင် စကားအဆုံး နယ်ထိန်း မြင့်ထွန်းမှာ သက်ပြင်းတစ်ချက်ချရင်း မေးမိသည်။

''မောင်ကျော်တို့ဘက်က ချမ်းသာရက်နဲ့ ဘာပြုလို့ ကိုမြခင်က သဘောမတူတာလဲ။ အခြားမိန်းကလေးရှင်ဆိုရင် သဘောတူလို့ ညားပြီးတာကြာပြီ။ ခုတော့ မောင်ကျော်က ရုပ်ရည်ကလဲသန့်၊ လူချမ်းသာ၊ ရိုးသားကြိုးစားမှုလဲ ရှိရက်နဲ့ ဘာကြောင့်များ သဘောမတူရတာလဲ မမြခင်''

နယ်ထိန်း မြင့်ထွန်း စကားအဆုံး မမြခင်နှုတ်ခမ်းနှစ်လွှာမှာ တွန့်ခါနေသည်။

~~~~~

ည

မှောင်နေဆဲ။

ကုန်းကြီး တစ်ရွာလုံး အိပ်မောကျနေသည့်အချိန်။

''အို့ . . ကိုမြခင်''

''အင်း ဟုတ်တယ်၊ ငါ မြခင်လေဟာ''

''လွှတ် . . လွှတ်စမ်းပါ။ အဖေသိရင် သတ်လိမ့်မယ် . . ''

''ဟာ ကျင်မြကလဲ နင့်ကိုလွှတ်ရအောင် လာတာမှ မဟုတ်ဘဲ၊ ချစ်လို့လာတဲ့ဥစ္စာ''

''အို့ . . ကိုမြခင်''

ကိုမြခင်သည် အရက်အရှိန်၊ ရာဂအရှိန်နှင့် အရဲကိုး



အရဲစွန့်က အပျိုစင် ကျင်မြ၏ ဘဝကို အရယူလိုက်သည်။ အပျိုလူပျိုဘဝ၊ မျက်စိကစားရင်းနှင့် တစ်ဦးနှင့်တစ်ဦး ငယ်ပေါင်းတွေလည်းဖြစ်၊ ကြီးလာသည့်အရွယ်ရောက်ပြန်တော့ စိတ်ကစားရင်း ခင်မင်ရင်းနှီးမှုယူခဲ့သည်။ တကယ်တော့ မြခင်က လူချမ်းသာ သားသမီးပီပီ ပွေသည်။ ရှုပ်သည်။ မြခင်သည် ထိုအားသာချက်ကို အသုံးချရင်း ကျင်မြဘဝကို အရယူလိုက်သည်။

ကျင်မြက ငိုသည်။

''မငိုနဲ့ကျင်မြ၊ နင့်ကိုငါယူမှာ။ တကယ်ယူမှာပါဟာနော်၊ သြော် နင်နဲ့ငါ့အကြောင်း ဘယ်သူမှ မပြောရဘူးနော်''

''ဟုတ်ကဲ့''

ကြောက်ကြောက်နှင့် ခေါင်းညိတ်အဖြေပေးသူက ကျင်မြ။

~~~~~

''တကယ်တော့ ဇာတ်လမ်းက အဲဒါပါပဲ ဆရာ''

''နားရှင်းအောင် ပြောပါ မမြခင် . . ''

''ဒီလိုပါဆရာ လူပျို



www.burmeseclassic.com

www.burmeseclassic.com



အပျို အရွယ်တုန်းက ကိုမြခင်ဟာ ကျင်မြနဲ့ လွန်ကျူးခဲ့တယ်။ အဲသလို လွန်ကျူးခဲ့တာ လေးငါးကြိမ်ရှိခဲ့ပြီးတဲ့နောက် ကိုမြခင်က ကျွန်မကို ရိုးသဲ့သဲ့လုပ်ရင်းနဲ့ နှစ်ဖက်မိဘတွေကြောင့် ကျွန်မနဲ့ရခဲ့တယ်။ ကျွန်မတို့ မင်္ဂလာဆောင်အပြီး မကြာပါဘူး ကျင်မြလဲ ကိုသာရင်နဲ့ယူခဲ့ကြတယ်လေ''

''ဟုတ်ပြီ ... နောက်တော့...''

မမြခင်သည် ဘေးဝန်းကျင်ကို ကြည့်ရင်း ပြောရမှာ အားနာရုက်ရွံ့ နေပုံရသည်။ တော်ပါသေးသည်။ စကားဝိုင်းမှာ နယ်ထိန်း မြင့်ထွန်းအဖွဲ့နှင့် မမြခင်သာရှိသည်။ အခြားလူတွေက အဝေးမှာ...

''ပြောပါ မမြခင်၊ သူတို့ မကြားရပါဘူး''

''ဒီလိုပါဆရာ ကျွန်မက ကိုမြခင်နဲ့ မယူခင်ကတည်းက ကျင်မြနဲ့ မှားခဲ့တာကို သိပေမယ့် ကျွန်မ လက်ထပ်ခဲ့ရတယ်လေ။ ထားပါတော့။ အဲဒီနောက် ကိုယ့်ဘဝနဲ့ကိုယ် ကိုယ့်လမ်းကိုယ် လျှောက်ကြတယ်။ သားသမီးတွေရရင် အားလုံး အတိတ်ကို အတိတ်မှာပဲထားခဲ့မယ်လို့ ဆုံးဖြတ်ခဲ့တာကိုး။ ဒါပေမဲ့ ကိုမြခင်ရဲ့ ယုတ်မာမှုက အခန်းဆက်ဖြစ်လာပြီလေ''

''ဟုတ်ပါပြီ– ပြောပါဦး''

''ဆရာတို့ သိတဲ့အတိုင်းပဲလေ။ သမီးနဲ့ ကျင်မြသားနဲ့ ဖြစ်တယ်''

''ဟုတ်ပြီ...''

''အဲသလိုဖြစ်တဲ့အချိန်မှာ ကိုမြခင်စိတ်ထဲ ဘယ်လိုခံစားရသလဲဆိုတော့''

ပြောရင်းနှင့် မမြခင်သည် စကားဖြတ်သည်။ ခေါင်းငုံ့ထားသည်။ မျက်ရည်များကျလာသည်။

''မငိုပါနဲ့ မမြခင်ရယ်၊ ပြောမှုပြီးမယ့်ကိစ္စပါ။ ကဲ ဆက်ပါဦး။ ဇာတ်ပေါင်းခန်း ရောက်တော့မှာလေ''

သည်တော့ မမြခင်သည် တီးတိုးဆိုလာသည်။ မမြခင်အသံက တုန်တုန်ခါခါ။

''ကိုမြခင် စိတ်ထဲမှာ မောင်ကျော်ဟာ သူ့သား၊ သူ့သားလို့ မှတ်ယူနေတယ်။ သူ့သမီးနဲ့ရမယ်ဆိုတော့ မောင်နှမလို့ ထင်နေပြီး သူ့ကိုယ်သူ ဆောက်တည်ရာမရ၊ ဖြေဆည်ရာမရဖြစ်နေခဲ့တာပေါ့''

''အဲဒီနောက်တော့''

''အဲဒါကြောင့် ကိုမြခင်ဟာ သမီးကိုလဲတား၊ မောင်ကျော်ကိုလဲဖျက်၊ လုံးဝသဘောမတူဘူးဆိုပြီး အမိန့်ထုတ်တော့တာပေါ့''

မမြခင် စကားကြောင့် သဘောကျမိပေမယ့် မပြုံးမရယ်ဘဲနှင့် နယ်ထိန်း မြင့်ထွန်းက မေးလိုက်သည်။

''တကယ်ရော မောင်ကျော်က ကိုမြခင် သွေးဟုတ်ရဲ့လား''

နယ်ထိန်းမြင့်ထွန်း စကားအဆုံး မမြခင်က မဲ့ပြုံးတစ်ချက်ပြုံးရင်း ပြောသည်။

''မဟုတ်ပါဘူး ဆရာ၊ တကယ်တော့ သူ့လိပ်ပြာ သူမသန့်ဖြစ်၊ သူ့လိပ်ပြာသူလန့်ပြီးဖြစ်နေတာပါ။ သူ့ရဲ့ မကျင်မြအပေါ် အပျိုဘဝက မှားယွင်းထားတာကို အစွဲပြုပြီး သူ့ဘာသာလန့်ပြီး ဖြစ်နေတာပါ''

''ဟုတ်ပြီ သဘော



www.burmeseclassic.com

www.burmeseclassic.com



ပေါက်ပြီ မမြခင်''

''ဆရာ စဉ်းစားကြည့်ပါ။ လွန်ကျွံမှု လေးငါးကြိမ်ဖြစ်ပြီးတဲ့နောက် ကျင်မြဟာ အရပ်လက်သည်နဲ့ ကိုယ်ဝန်ဖျက်ချခဲ့တာ ကျွန်မသိပါတယ်။ တိုတိုပြောရရင် ကိုမြခင်သွေးမရှိတော့ဘူး။ လင်သားကိုသာ ရင်သွေးနဲ့ပဲ သန့်စင်တော့မယ်ဆိုတဲ့ သဘော။ အဲဒါ ကိုမြခင်က သူ့အမှားသူ၊ သူ့သွေးသူလန့်ပြီး ဖြစ်နေတာ၊ အခုတော့ သူ့အမှားက သူ့ကို သတ်သွားပါပြီလေ''

နယ်ထိန်း မြင့်ထွန်း ဘာမျှ မမေးနိုင်တော့။

''အင်း ဒီအကြောင်းကို မြို့နယ်မှူးနဲ့တွေ့မှ ပြောရဦးမယ်။ ဩော် လူတွေ လူတွေ လူတွေ''

~~~~~

ထို စခန်းမှခွာပြီး အခြားမြို့နယ်ကို နယ်ထိန်း မြင့်ထွန်း ပြောင်းခဲ့သည်။ ဆယ်နှစ်ကျော် တာဝန်ထမ်းအပြီး ထိုစခန်းမှာ ပြန်ရောက် တာဝန်ထမ်းခဲ့သည့် နယ်ထိန်း မြင့်ထွန်း။

ရေသစ်မြေသစ်မဟုတ်တော့။ အလျှင့်အလျှင်က မိတ်ဆွေတွေနှင့် ပြန်လည်တွေ့ဆုံအပြီး ကုန်းကြီးရွာ ချုံကိုစွတစ်ခုကြောင့် ရောက်ခဲ့သည်။

''ဆရာ ရှေ့ကလာနေတာ မောင်ကျော်နဲ့ အေးမာတို့ လင်မယားလေ။ ဘေးက ကလေးနှစ်ယောက်က သူ့သားနဲ့ သမီးပဲ''

''ဘယ်က--ဩော်--သိပြီ သိပြီ၊ ကိုယ်အရင်က တာဝန်ယူ ဖြေရှင်းပေးခဲ့တဲ့--''

''ဟုတ်တယ်လေ။ သူ့ကိုယ်သူအဆုံး စီရင်သွားတဲ့ ကိုမြခင်သမီးနဲ့ မကျင်မြသားလေ''

''အင်း ...အင်း သူတို့က တကယ်ယူလိုက်ကြတာကိုး''

''ဆရာပြောင်းတဲ့ နှစ်မှာပဲ လက်ထပ်လိုက်ကြတာ ဆရာရဲ့''

''ကောင်းတာပေါ့ကွာ''

သားနှင့်သမီးကိုလက်မှဆွဲရင်း လာနေသည့် ကိုမောင်ကျော်နှင့် မအေးမာတို့ မိသားစုကိုကြည့်ရင်း အသေဆိုးနှင့် သေခဲ့သည့် ကိုမြခင်ကို မြင်ယောင်မိသည်။

ဩော်..

ထင်ယောင် ထင်မှားဖြစ် မှားခဲ့သည့် ကိုမြခင်..

ယုန်ထင် ကြောင်ထင်ဖြစ်ခဲ့သည့် ကိုမြခင်..

သူ့စိတ်ထဲ တကယ့်ဖြစ်ရပ်ကြီးတစ်ခုဟု ထင်ခဲ့သည့် ကိုမြခင်။ သို့ကြောင့်လည်း စိတ်မသန့် လိပ်ပြာမသန့် ဖြစ်ပြီး သွေးရူးသွေးတန်းဖြစ်ကာ သူ့ဘဝသူ ဇာတ်သိမ်းသွားပြီးသည့်နောက်မှာတော့ သားသမီးတွေရသည်အထိ ပျော်ရွှင်စွာ ပေါင်းသင်းနေကြသည့် သမီးအဖြစ်ကို မြင်တွေ့သွားမယ်ဆိုရင်။

ကိုမြခင် ဘယ်လိုဖြေပါ့မလဲ။

''အင်း ဇာတ်လမ်းကအဲ သူထင်နေတဲ့ ပုံပြင်ကပြီးလို့ တကယ့် ဘဝရသဇာတ်လမ်းက နေကြပြီပဲလေ''

နယ်ထိန်း မြင့်ထွန်း တွေးရင်း သင်ခန်းစာတွေရနေဆဲ...။

**တွင်းကြီးသားတင်ဝင်းဦး**




www.burmeseclassic.com
~~~~~


www.burmeseclassic.com


# တောင်ပေါ်သား

## ဟိုတယ်










အမှတ်(R-1)၊ ဂန္ဓမာလမ်း နှင့် (၆)လမ်းထောင့်၊ မင်္ဂလာဥယျာဉ်မြို့တော်အိမ်ယာစီမံကိန်း

မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့ ။

ဖုန်း - ၂၉၂၉၉၂၊ ၂၉၆၇၄၆၊ ၂၉၉၂၆၇၊ ၂၀၅၇၅၄၊ ၂၀၅၄၀၄၊ ၂၀၅၇၁၉

www.burmeseclassic.com

www.burmeseclassic.com





မော်ကျွန်းရှိခိုင်

# ရဲအုပ်သာဦးနှင့်
# မိုက်ဂုဏ်ပြသူများ

www.burmeseclassic.com

www.burmeseclassic.com



## “ရဲအုပ်သာဦးနှင့် မိုက်ဂုဏ်ပြသူများ”

မော်ကျွန်းရဲခိုင်

(၁)

“ပျောက်သောသူ ရှာရင်တွေ့”ဟု ဆိုရိုးစကားရှိသော်လည်း တကယ်လက်တွေ့ရှာရသောအခါ စကားလောက် မလွယ်လှပေ . . .။ မြို့ကလေးက ကျဉ်းကျဉ်းလေးသာ ဖြစ်ပါ၏။ သို့သော် အမှတ်မသိ၊ လမ်းမသိ ဘယ်ရပ်ကွက်တွင် ရှိမှန်းမသိ .။ ကောက်ရိုးပုံထဲ အပ်ပျောက်ရှာရသည်နှင့် မခြားပေ . .။ ခြစ်ခြစ်တောက်ပူနေသော နေမင်းသူရိန်ကလည်း အရှိန်မြှင့် အစွမ်းပြနေလေသည် . .။

တစ်လမ်းဝင် တစ်လမ်းထွက် ခြေလျင်လျှောက်နေရင်း အတွေးတစ်ခု ဝင်လာသည်။ “ရပ်ကွက်ထဲ လိုက်ရှာနေမည့်အစား လူစုံသော ဈေးများတွင် ရှာဖွေကြည့်ပါက ပို၍နီးစပ်နိုင်သည်”ဟူသော အတွေးပင် . .။ အတွေးကို အကောင်အထည်ဖော်ရန်အတွက် ဆိုက်ကားဂိတ်တစ်ဂိတ်တွင် ဆိုက်ကားတစ်စီး အနားကပ်သွားလိုက်၏။ ဈေးရုံများ မည်သည့်နေရာတွင်ရှိသည်ကို စုံစမ်းလိုက်သည်။ ထိုအခါ ဆိုက်ကားဆရာ ရွတ်ပြသော ဈေးအမည်များကြောင့် မျက်လုံးပြူးရလေသည်။

မြို့သာ ကျဉ်းသည်ဆိုသော်လည်း ဈေးရုံများက မနည်းလှပေ။ (၅) လမ်းကမ်းနားက ‘ဗိုလ်ချုပ်ဈေး’တဲ့။ ယခုရောက်နေသော နေရာနှင့်မဝေးလှ။ ပြီး မြို့မဈေး။ လဟာပြင်ဈေး။ အောင်သာယာဈေး။ စက်ကုန်းဈေး။ ထိုအပြင် ကွက်သစ်တို့ချဲ့ထဲတွင် ဈေးတစ်ဈေးရှိသေးကြောင်း သိရသည်။ မတတ်နိုင်ပြီ။ ဘယ်သူမပြု မိမိမှုသာ ခံယူ၍ တစ်ဈေးဝင် တစ်ဈေးထွက် ရှာရတော့မည်။ အရေးထဲအရာပေါ် ဆိုသလို အရေးထဲမှ ဗိုက်ကလည်း တဂွီဂွီမြည်လာသည်။

“နောင်ကြီး . . နောင်ကြီး . ခဏ . . ခဏနေပါဦးဗျာ”

ကိုယ့်အတွေးနှင့် ကိုယ်လမ်းလျှောက်နေရင်း နောက်က ခေါ်သံကြောင့် “ဘယ်သူကများ ဘယ်သူ့ကိုခေါ်နေပါလိမ့်” ဟု တွေးရင်း ဆတ်ခနဲလှည့်ကြည့်လိုက်သည်။ နောက်က အသံရှင်က ဇဝေဇဝါကြည့်ရင်း . . . .

“နောင်ကြီး . . နောင်ကြီးက . . ကိုမိုးများလားလို့”

မျက်နှာကို သေသေချာချာ မမှတ်မိသော်လည်း အသံကို မှတ်မိ၍ . .

“အေး ဟုတ်တယ်ကွာ ငါ ငမိုးပါ။ ဒါနဲ့ မင်းကသံချောင်းလား မသိဘူး”

“ဟာ ဟုတ်တာပေါ့။ ကိုမိုးရာ . . အစ်ကို့ကို လေးစားတဲ့ သံချောင်းပါ”

“အား အဟား . .။ ဝမ်းသာလိုက်တာကွာ . .။ ဒါနဲ့ အခု ဘယ်မှာနေလဲ၊ မြို့ကို ဘာလာလုပ်တာလဲ”

“ကျွန်တော်လဲ ဝမ်းသာတယ် ကိုမိုးရယ် ။ လာဗျာ ဟော ဟိုလက်ဖက်ရည်ဆိုင်သွားကြရအောင် လမ်းပေါ်မှာ နေပူတယ်ဗျာ”

မလှမ်းမကမ်းတွင် ရှိသော လက်ဖက်ရည်ဆိုင်ထဲ ဝင်ထိုင်လိုက်ကြသည်။

“ကဲ ဘာသောက်မလဲ၊ ဘာစားမလဲ ကိုမိုး ကျွန်တော် ဒါနပြုပါ့မယ်”



www.burmeseclassic.com

www.burmeseclassic.com



"အေး ကောင်းတာပေါ့ ကွာ။ ငါက ဗိုက်ဆာနေတာ သံချောင်းရ၊ ထမင်းကြော်ဖြစ်ဖြစ်၊ မုန့်ဟင်းခါး ဖြစ်ဖြစ် မှာပေးကွာ"

နေ့လယ်အချိန် ဖြစ်၍ ထမင်းကြော်က မရှိတော့။ သံချောင်းက မုန့်ဟင်းခါးကို အကြော်နှင့်မှာလေသည်။ သူကတော့ ချိုပစ်တစ်ခွက် မှာသောက်လေသည်။

"ကိုမိုး ဘယ်တုန်းက လွတ်လာတာလဲ"

"နှစ်ရက်ပဲ ရှိသေးတယ်ကွ။ ရွာကို သွားတော့ အမေလဲ မရှိတော့ဘူးကွာ။ ပြီးတော့ နှင်းမြနဲ့ သားလေး ချစ်ဦးကလဲ မရှိကြတော့ဘူး။ အခု ဒီမြို့ပေါ်မှာ ရှိနေတယ်ဆိုလို့ လာရှာနေတာကွ"

"ဟုတ်တယ် ကိုမိုး။ ကိုမိုး အဖမ်းခံလိုက်ရပြီ ဆိုတဲ့ သတင်းကြားပြီးနောက် သိပ်မကြာပါဘူး။ ဒေါ်လေး ဆုံးသွားတာ။ အစ်မနှင်းမြတို့ သားအမိကိုတော့ ဘေးအိမ်က အဒေါ်တရုတ်မကြီးက ဆက်သွယ်ပေးပြီး ဒီမြို့ကိုပို့ထားတာ။ ကျွန်တော်လဲ အောက်ဘက်ကို ပြောင်းပြီး လယ်လုပ်နေရတော့ ရွာနဲ့အဆက်သွယ်ပြတ်နေတာ ကြာပြီဗျာ"

"အေးကွာ အခု ဒေါ်တရုတ်မကြီးကလဲ ရန်ကုန်က သူ့သားတွေဆီသွားနေတာ ဆိုတော့ နှင်းမြတို့ရှိတဲ့ လိပ်စာကလဲ ဘယ်သူမှ မသိကြဘူးကွာ။ ငါလဲ စမ်းတဝါးဝါးနဲ့ပဲ မနက်ကတည်းက ရှာနေတာကွာ"

"အေးဗျာ ◦ ကျွန်တော်ကို ခွင့်လွှတ်ပါလို့ တောင်းပန်ရတော့မယ့်ဗျာ။ အစ်မ မနှင်းမြတို့ကိုလဲ ကျွန်တော် ကူညီစောင့်ရှောက်မပေးနိုင်ခဲ့ဘူး။ ပြီးတော့ ကိုမိုး ထောင်ကျသွားပြီလို့ သတင်း ကြားတော့ ကျွန်တော် လိုက်လာဖို့ ကြိုးစားပါသေးတယ်။ ဘယ်ထောင်မှာမှန်းလဲ မသိ။ တိတိကျကျ သိတဲ့လူက မရှိနဲ့ဆိုတော့ဗျာ။ အဲနောက် အိမ်က လူတွေကလဲ မသွားရဘူး ဘာညာတားကြတယ်ဗျာ"

"ကိစ္စ မရှိပါဘူး သံချောင်းရာ။ ငါနားလည်ပါတယ်။ အခုရော အောက်ဘက်မှာပဲလား။ အိမ်ထောင်ရော ကျနေပြီလား"

"ကျပြီ ကိုမိုး ◦ ကလေးတောင် (၃) နှစ်ရှိပြီ။ အခုအောက်က ကျားဟုန်းရွာမှာပဲ အခြေချနေတယ်လေ"

"ကောင်းပါတယ်ကွာ။ အေးအေးဆေးဆေး နေတယ်မို့လား"

"ဟာ အေးအေးဆေးဆေးပဲ ကိုမိုး။ ကိုမိုး မရှိကတည်းက အားကိုးမဲ့ပြီးတော့ မမိုက်ရဲတော့တာဗျ။ နောက်တစ်ခု အသိတရား ရလိုက်တာက 'သြော် လူမိုက်ဆိုတာ သေလမ်းနဲ့ ထောင်နန်း' ပါလားလို့ ပေါ့ဗျာ"

"ဟေ ဟုတ်လား။ အင်း အင်း မှန်တာပေါ့ကွာ မှန်တာပေါ့"

သံချောင်း၏ အပြောကို သဘောကျပြီး ထောက်ခံစကားပြောရင်း အတွေးစိတ်များ အတိတ်ဆီသို့ ရောက်ရှိသွားလေသည်။

ဓဓဓဓဓ

(၂)

"နှင် တစ်ယောက်နဲ့တော့ တော်တော်ခက်ပါလား။



www.burmeseclassic.com

www.burmeseclassic.com



ငမိုးရယ်၊ ဘယ်တော့များမှ လိမ်မာ ယဉ်ကျေးလာမှာလဲဟယ်။ နင့်က ဟိုပုံနိုင်းလို ဖြစ်နေပြီ၊ 'ရေညှောင့်ငှက်ကို မျက်စိနောက်လို့ အမြီးဆွဲနုတ်ပစ်ခါမှ ပိုညှောင့်' ဆိုသလိုပါလား ငမိုးရယ်။ ခြေငြိမ်မလားလို့ မိန်းမပေးစားခါမှ ပိုဆိုးလာတယ်''

မိခင်ကြီး ဒေါ်ငြိမ်း၏ ညည်းညူခြင်း ဖြစ်သည်။ ကိုမိုး မူးယစ်ရမ်းကားပြီး လူတစ်ဦးကို ဓားဖြင့် လိုက်ထိုးသောကြောင့် ဖြစ်သည်။ ဒေါ်ငြိမ်းကပြေရာပြေကြောင်း တောင်းပန်ခဲ့ပြီး ကိုမိုးကို အတင်းဆွဲခေါ်လာခဲ့သည်။

''အမေကလဲ အမေရယ်။ မသိရင် ကျွန်တော်က မိုက်နေသလိုပဲ။ ဟိုကောင် သံချောင်းကို အကြောင်းမဲ့လူအင်းအားနဲ့ အနိုင်ကျင့်နေကြလို့ဗျ။ ဒါ့ကြောင့် သံချောင်း ကိုယ်စားကလဲ့စားသွားချေပေးတာ။ သွားပြီး ဆုံးမတာ အမေရဲ့''

''တော်စမ်းပါဟယ်။ နင့်ကိုယ် နင် ဆုံးမရမှာ သိရဲ့လား။ ဟင်း ငါ မပြောလိုက်ချင်တော့ဘူး။ ပြောရမကောင်း ရှိရော့မယ်''



ကိုမိုးသည် သိုင်းပညာအားကိုးဖြင့် နေရာတကာ လက်စွမ်းပြလေ့ရှိသည်။ အသောက်အစားကလည်း ရှိလေရာ ဘယ်အရာမှ ချိန်ဆမနေ။ ထစ်ခနဲရှိ ထိုးလိုက် ကြိတ်လိုက် ရိုက်လိုက်။ နောက်က လိုက်ရှင်းရသူက မိခင်ကြီး ဒေါ်ငြိမ်း။ ပေးရလျော်ရ၍လည်း ရှိသမျှကုန်နေချေပြီ။ ယခု နပ်မှန်မှန်စားနေရသည်က ဇနီးနှင်းမြက ကြံရာကျပန်းလုပ်ကိုင် ကျွေးနေသောကြောင့်ပင်။ စိတ်ကူးရလျှင် အလုပ်ကို ကုန်းကျုံးလုပ်သည်။ စိတ်ကူးမရပြန်လျှင် တစ်လကိုးသီတင်း ဘာမှ မလုပ်တော့။ လုပ်သည်က ပြဿနာသာဖြစ်သည်။

''ကိုမိုးရယ် ကလေး တစ်ယောက်လဲ ရနေပါပြီရှင်။ အေးအေးဆေးဆေး နေပါတော့လား ကိုမိုးရယ်။ ဒီမှာ ကိုမိုး ကိုမိုးသားလေးကို ထိန်းကျောင်းရင်း အိမ်မှာ အေးအေးဆေးဆေးသာနေ။ ဘာအလုပ်မှ လုပ်မနေ



www.burmeseclassic.com

www.burmeseclassic.com



လဲမလိုဘူး။ နှင်းမြ လုပ်ကျွေး မယ်သိလား”

“အောင်မာကွာ ကြီးကျယ်လို့ နှင်းမြရယ်။ ငါက မိန်းမ လုပ်စာထိုင်စားရအောင် ငါက ကျိုးကန်းနေတဲ့လူလား။ နေပါဦး မေးပါဦးမယ်။ နှင်ရော အမေပါ လေသံက တစ်လေသံတည်းပဲ။ အေးအေးဆေးဆေး နေပါတော့ ဆိုတော့ ငါက တော်တော်လေး ပဲ ဆိုးနေလို့လား နှင်းမြရဲ့။ ကဲ ပြောပါဦး”

နှင်းမြက ထမင်းအိုး ငှဲ့ရင်း မျက်စောင်းတစ်ချက် ထိုးလိုက်သည်။

“တော်တော်လေးပဲ ဆိုးနေတာ မဟုတ်ပါဘူးရှင်။ တော်တော်ကြီးကို ဆိုးတာပါ”

“တော်ပါ နှင်းမြရယ်။ ထွက်တော့ ထွက်တယ်။ သွားတော့ သွားတယ်။ အိမ်မှာနေပြန်တော့လဲ နားကိုပူနေတာပဲ။ တော်ပြီ အပြင် သွားနေတာပဲ ကောင်းတယ်”

“ဖေကြီး ဖေကြီးက ဘယ်ကိုသွားမှာလဲ။ သားသားကို သိုင်းသင်ပေးမယ်ဆို”

အပြင် ထွက်ရန် ပြင်လိုက်စဉ် သားဖြစ်သူ မောင်ချစ်ဦး ရောက်လာခြင်း ဖြစ်သည်။

“ဟဲ့ ဘာသိုင်းသင်မှာလဲ မသင်ရဘူး ‥ မသင်ရဘူး။ ဘယ်နှယ့်တော် လူက လက်မ လောက်ရှိသေး”

နှင်းမြက လှမ်းဟန့်လိုက်ရာ မောင်ချစ်ဦးက ကိုမိုးရင်ခွင်ထဲ တိုးဝင်လိုက်သည်။

“မရဘူး ‥ မရဘူး သင်မှာပဲ။ ဖေကြီး သားသား သိုင်းသင်မှာနော်”

“အေး သင်ရမှာပေါ့ သားရဲ့။ ဟဲ့ နှင်းမြ ကလေးကို မဟန့်နဲ့ဟ။ သင်တော့ ဘာဖြစ်လို့တုန်းဟ နှင်ကလဲ”

ထိုအချိန် ဒေါ်ငြိမ်းက အနားရောက်လာပြီး ...

“သင်တော့ ဘာဖြစ်လို့လဲ ဟုတ်လား။ နင့်သားကို မေးကြည့်လိုက်လေ ။ ဘာလို့ သင်ချင်ရတာလဲ ဆိုတာ”

ကိုမိုးက သားမျက်နှာကိုကြည့်ရာ သားဖြစ်သူက ကိုမိုး မျက်နှာကို အားကိုးတကြီး မော့ကြည့်နေသည်။

“ကဲ သားလေး သားလေးကဘာလို့ သိုင်းသင်ချင်တာလဲ ဖေကြီးကို ပြောပြပါဦး သားရယ်”

“သား သား သိုင်း တတ်ချင်လို့ပေါ့ ဖေကြီးရဲ့။ သားသား သိုင်းတတ်ရင် မြင့်လှိုင်တို့ ညီအစ်ကိုတွေကို ချမှာပေါ့။ ဒီကောင်တွေက ညီအစ်ကို လေးယောက်ဆိုတော့ သိုင်းမတတ်ရင် သားသားပဲ ခံရမှာပေါ့”

“အေး ဟုတ်တာပေါ့ကွ။ ဒါနဲ့ နေပါဦး သူတို့တွေက သားကို ဘာလုပ်လို့တုန်း သားရဲ့”

“ဟာ လုပ်တာပေါ့ ဖေကြီးရဲ့။ သားကို နားခေါင်းဆွဲတယ်။ ပါးကိုလဲ ညှစ်တယ်။ ပြီးတော့ သား သား သူငယ်ချင်း ပေါ်စံကိုလဲ အနိုင်ကျင့်တယ် ဖေကြီးရဲ့။ ဒါကြောင့် သိုင်းတတ်ရင် ဒီကောင်တွေကို သား သားက ချမှာ”

“အဲဒါပဲ ကြည့်ပေါ့။ ရှင့် အမျိုးတစ်မျိုးတည်းပဲ။ သူများကိုချဖို့ သိုင်းသင်ချင်တာတဲ့လေ ရည်ရွယ်ချက် ဘယ်လောက်ကောင်းသလဲလို့”

နှင်းမြ စကားအဆုံးတွင် ဒေါ်ငြိမ်းက ခါးထောက်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်နေရာမှ . . .

"ဟုတ်ပ့ါတော် ။ တော်တော်ကောင်းတဲ့ ရည်ရွယ်ချက်။ ငမိုး နင့်သားပြောတာ နင် ကြားပြီနော်။ သင်ရဲ သင်ကြည့်လေ ဖအေရော။ သားပါ ဝါးစိမ်းတုတ် စာမိမယ်သာမှတ်"

ဒေါ်ငြိမ်းက ပြောပြီး ခြံအပြင်ထွက်သွား၏။ နှင်းမြကမီးဖိုထဲတွင် ရှိနေဆဲ။

"သား သား ကြားတယ်နော်။ သား သား မေမေနဲ့ အမေကြီးက မသင်ရဘူးတဲ့"

"ဟာ မရဘူး မရဘူး သင်မှာပဲ ဖေကြီးပဲ သင်ပေးမယ် ပြောပြီးတော့ သင်ပေး သင်ပေး"

ကိုမိုးက ဆိုးသာဆိုးသော်လည်း သားဖြစ်သူ ချစ်ဦးကိုတော့ ချစ်ရှာသည်။ အစစအရာရာ အလိုလိုက်၊ အကြိုက်ဆောင်လေ့ရှိသည်။ ထို့ကြောင့်လည်း သားဖြစ်သူက နားပူ နားဆာလုပ်နေခြင်းပင်။

"ရှူး တိုးတိုး ။ ဖေကြီးပြောတာ နားထောင်။ နောက်ရက် သားသား မေမေနဲ့ အမေကြီးငြိမ်း မရှိတဲ့နေ့တွေမှာ တိတ်တိတ်ကလေး သင်ပေးမယ်။ အခုတော့နေဦး အခု အဖေကြီး အပြင်ခဏ သွားလိုက်ဦးမယ်"

"ဖေကြီး ဘယ်ကိုသွားမှာလဲ သားသားလဲ လိုက်မယ်လေ"

"ရှူး တိုးတိုးပါဆို။ ဒီမှာ သားသား လိုက်လို့မရဘူး။ ဖေကြီးက အရက်ဆိုင်ကို သွားမှာ၊ အရက်သောက်မှာ သောက်ပြီး ချက်ချင်းပြန်လာခဲ့မယ် သိလား"

"ဟာ ဖေကြီးကလဲ သား သားလဲ အရက်ဆိုင်လိုက်မှာပေ့ါ။ သားသားလဲ အရက်သောက်မယ်လေ ဖေကြီးရဲ့"

"ကဲ ဟော့ အဲဒီသား အဖတွေ ဘာတွေကျိတ်ကြံနေတာလဲ။ ကဲ ထမင်းစားကြရအောင်"

နှင်းမြက ထမင်းပွဲများ ပြင်ဆင်ရင်း လှမ်းပြောခြင်း ဖြစ်သည်။ ကိုမိုးတို့ သားအဖ အိမ်ရှေ့ကွပ်ပျစ်တွင် ဇက်ကလေး ပုကာ ငြိမ်နေကြ၏။

"သားလေး သွားသွား ထမင်းသွားစား။ နှင်းမြရေ သားကို ကျွေးထားနှင့်ကွာ။ ငါပြန်လာမှ စားမယ်"

"ဒီမှာ ပြင်ဆင်ပြီးနေပြီ။ ဘယ်ကို သွားဦးမှာလဲ။ လာ တစ်ခါတည်း လာစား"

"ခဏလေးပါဟာ။ ငါ အခုချက်ချင်း ပြန်လာခဲ့မယ် စောင့်နေ"

ကိုမိုး သားဖြစ်သူကို တွန်းလွှတ်ပြီး ခပ်သုတ်သုတ် လမ်းပေါ် ထွက်လိုက်လေသည်။ ထမင်းမစားမီ တစ်စိတ်လောက် သောက်လိုက်ဦးမယ်ဟု တွက်ကာ ထွက်လာခဲ့ခြင်း ဖြစ်သည်။ သို့သော် . . . . .

၈၈၈၈၈

(၃)

သို့သော် ထိုနေ့၏ ကံကြမ္မာကို မည်သူကြိုမြင်နိုင်မည်နည်း။ ထမင်းစားအမီ ကိုမိုး ပြန်ရောက်မလာပါ။ ညနေလည်း မရောက်။ ညထိလည်း ပြန်မရောက်လာပါ။ နှင်းမြ စောင့်ရင်း အိပ်မပျော်။ ဒေါ်ငြိမ်းကတော့ ပြောဖွယ်ရာမရှိ။ ထိုင်လိုက် ထလိုက်ဖြင့် မိုးသာလင်းသွားသည် တရေးမှ မအိပ်ဖြစ်ကြပါပေ။

တကယ်တမ်း ရောက်လာသည်က သတင်းဆိုး။ ထို



www.burmeseclassic.com

www.burmeseclassic.com



သတင်းကို သံချောင်းက လာပြောခြင်း . . .

"ဒေါ်လေး ဒေါ်လေး ငြိမ်း ။ မနှင်းမြ အစ်မနှင်းမြ"

ခြံထဲကို ခေါ်ရင်း ဝင်လာသော သံချောင်း အသံကြောင့် ဒေါ်ငြိမ်းရော နှင်းမြပါ ကသောကမျော အိမ်ရှေ့ ပြေးဆင်းလာသည်။

"ဟဲ့ သံချောင်း ဘာဖြစ်လို့လဲ။ အမယ်လေး ရင်တွေ တုန်လိုက်တာဟယ်"

"ကိုမိုးလေ ညက ကိုသန်းရှိန်တို့ အရက်ဆိုင်မှာ စန်းဝေတို့ ညီအစ်ကိုနဲ့ ပြဿနာတက်ပြီး ဓားနဲ့ထိုးသွားလို့တဲ့ဗျာ"

"အို ဘုရား ဘုရား"

"ဘုရားရေ ။ ဒါနဲ့ သူက အခုဘယ်မှာလဲ ။ ဟို ညီအစ်ကိုရော ဘာဖြစ်သွားသေးလဲဟင်"

"ဟို ညီအစ်ကိုတွေကတော့ နှစ်ယောက်စလုံး ပွဲချင်းပြီး သေပြီဗျာ။ ကိုမိုးကတော့ ညကတည်းက လစ်သွားတာပဲ။ ဘယ်ရောက်နေလဲတော့ မသိဘူး အစ်မရယ်။ အခု ရဲတွေရောက်နေပြီ။ မကြာခင် ဒီကိုလာပြီး မေးကြမြန်းကြတော့မှာ အဲဒါလာပြောထားတာ"

သံချောင်းက ပြောပြီး ပြန်ထွက်သွားလေ၏။ ဒေါ်ငြိမ်းကတော့ အရုပ်ကြိုးပြတ် လဲကျသွားလေသည်။ သတိလစ်မသွားရန် နှင်းမြက ထိန်းကူဖေးမကာ အိပ်ရာထဲ တွဲခေါ်သွားရသည်။ မကြာပါ ရဲတပ်ဖွဲ့ဝင်များနှင့် ရဲအုပ်သာဦး ရောက်လာ၏။ ကျေးရွာလူကြီး ဦးသောင်းတင်လည်း ပါလာလေသည်။

**အခု ရဲတွေရောက်နေပြီ။**
**မကြာခင် ဒီကိုလာပြီး မေးကြမြန်းကြတော့မှာ**
**အဲဒါလာ ပြောထားတာ**



ရဲ လုပ်ထုံး၊ လုပ်နည်းအတိုင်း မေးကြ၊ မြန်းကြ၊ စစ်ဆေးကြလေသည်။ ဒေါ်ငြိမ်းကတော့ စကားကောင်းကောင်း မပြောနိုင်တော့ပေ။ နှင်းမြကပဲ အဖြစ်မှန်ကို ပြောပြနေလေသည်။ ကျေနပ်လောက်အောင် မေးမြန်း စစ်ဆေးပြီးသောအခါ "ရာဇဝတ်ဘေးဆိုတာ ပြေးလို့မလွတ်ကြောင်း၊ ရင်ဆိုင်လိုက်တာ အကောင်းဆုံးဖြစ်ကြောင်းနှင့် အကယ်၍ ပြန်ရောက်လာပါက ကျေးရွာလူကြီးကို ဖြစ်စေ၊ ရဲတပ်ဖွဲ့ဝင်တွေကို ဖြစ်စေ တာဝန်သိသိဖြင့် အကြောင်းကြားပေးစေလိုကြောင်း" ပြောဆိုပြီး ပြန်သွားကြလေသည်။

ဖြစ်စဉ်ကား ထစ်ကြီးခေါ် ခင်မောင်ကြည်က ကိုမိုးကို ပြဿနာရှာပြီး ဝါးရင်းတုတ်ဖြင့် ရိုက်လေသည်။ ကိုမိုး ရုတ်တရက် ရှောင်လိုက်သော်လည်း ခေါင်းကို ပွတ်ကာ သီကာ ထိသွားလေ၏။ ထိုအခါ ကိုမိုးက ခါးကြားမှာ အသင့်ပါလာသော ဓားဖြင့် သုံးလေးချက် ဆင့်ကာဆင့်ကာ ထိုးပစ်လိုက်ရာ ထစ်ကြီး ခေါ် ခင်မောင်ကြည်မှာ လဲ

www.burmeseclassic.com

www.burmeseclassic.com



ကျသွားလေ၏။ ထိုစဉ် စန်းဝေက ကိုမိုးနောက်စေ့ကို ဝင်ရိုက်ရာ ကိုမိုးက ငုံ့ရှောင်လိုက်ပြီး စန်းဝေကို ပူးချုပ်၍ အသင့်ရှိသော ဓားဖြင့် နှစ်ချက်ဆင့်ထိုးလိုက်ပြီး နေရာက လစ်ထွက်သွားခြင်း ဖြစ်လေသည်။

ရဲအုပ် သာဦး ပြောသွားသည့်အတိုင်း ကိုမိုး ပြန်လာပါက အဖမ်းခံပြီး အမှုရင်ဆိုင်ရန် တိုက်တွန်းမည်ဟု နှင်းမြနှင့် ဒေါ်ငြိမ်းတိုင်ပင်ထားကြ၏။ သို့သော် ကိုမိုးပြန်မလာပါ။ ခြေရာလည်းပျောက် ရေလည်း နောက်ဆိုသလို ပျောက်ချက်သားကောင်းနေလေသည်။

တစ်ရက် နှစ်ရက် သုံးရက်။ ငါးရက် မြောက်သောနေ့တွင် ရဲလုပ်ငန်းများ ပြီးပြည့်စုံအောင်ဆောင်ရွက်ပြီး အလောင်းများကို မီးရှို့သင်္ဂြိုလ်လိုက်ကြသည်။ ကိုမိုးကတော့ ပျောက်နေဆဲပင်။ ရဲအုပ် သာဦးနှင့်အဖွဲ့သည်း အတော်ပင် အလုပ်ရှုပ်ကြရသည်။ သို့သော် ရဲအုပ် သာဦးကတော့ "ရာဇဝတ်ဘေး ခြေးမလွတ်"ဟူသော ဆောင်ပုဒ်ကို လက်ကိုင်ထားရင်း ပြောနေကျ စကားအတိုင်း "ကြောင်ကြာကြာရေမငုပ်နိုင်ပါဘူးကွာ" ဟု ပြုံးပြုံးကလေး ပြောနေလေသည်။

တစ်ရက်ပြီး တစ်ရက် ပြောင်းလဲ လာခဲ့သည်။ သေဆုံးသူများ ရက်လည်ညသို့ပင် ရောက်ခဲ့ချေပြီ။ လဆန်းရက် ဖြစ်၍ ညဥ့်နက်လာလသည်နှင့်အမျှ လကွေးကွေးလေးပင် ပျောက်ကွယ်သွားလေသည်။ ထိုအချိန် မည်းမည်း အရိပ်တစ်ရိပ်က အမှောင်ထုကို အကာအကွယ်ယူ၍ ဒေါ်ငြိမ်းတို့အိမ်နား ပြေးကပ်သွားလေ၏။ ခဏအကြာတွင်

"အမေရေ အမေ အမေ့။ နှင်းမြ နှင်းမြ"

ခပ်အုပ်အုပ် ခပ်တိုးတိုး ခေါ်သံကြားရ၏။ အိပ်မပျော်သေးသော ဒေါ်ငြိမ်း ဆတ်ခနဲ ထထိုင်လိုက်သည်။ နှင်းမြလည်း ကုန်းထလိုက်သည်။ ခေါ်သံက နောက်ဖေးက ခေါ်နေခြင်းဖြစ်ပြီး ကိုမိုးမှန်းလည်း သိကြသည်။

"ဟဲ့ ငမိုး နင်ဘယ်တွေ လျှောက်သွားနေတာလဲ သားရယ်။ ကဲ လာ လာ အိမ်ရှေ့က နေ လှည့်ပြီး တက်လာခဲ့လေ"

"ဟုတ်တယ် ကိုမိုး ပြောင်ပဲ လာခဲ့စမ်းပါ ကိုမိုးရယ် ခိုးချောင်ခိုးဝှက်လာစရာ မလိုပါဘူး။ ပြောင်လာပြီး အဖမ်းခံလိုက်စမ်းပါ ယောက်ျားပဲရှင်"

"ဟာ တိုးတိုး လုပ်ကြစမ်းပါ။ အမေရော နှင်းမြပါ သေချာနားထောင်၊ အချိန်သိပ်မရဘူး။ လောလောဆယ် အဖမ်း မခံနိုင်ဘူး။ တကယ်လို့များ မလွှဲသာမရှောင်သာ အဖမ်းခံရရင် ဘယ်သူမှ လိုက်မလာကြပါနဲ့။ စုံလဲ မစုံစမ်းကြပါနဲ့။ ကျွန်တော်ကလဲ အကြောင်းကြားမှာ မဟုတ်ဘူး။ အဲဒါလာပြောတာ"

"ဟဲ့ သား ငမိုး၊ အမေပြောတာ နားထောင်စမ်း။ ယောက်ျားပဲကွယ်။ လုပ်ရဲရင် ခံရဲတဲ့ သတ္တိရှိရမှာပေါ့။ အဖမ်းခံပြီး ရင်ဆိုင်လိုက်စမ်းပါ သားရယ်။ ကျီးလန့်စာစား ရှောင်တိမ်းနေရတာ ပင်ပန်းပါတယ်ကွယ်"

"မဟုတ်သေးဘူး အမေ။ လုပ်ရဲရင် ခံရဲတဲ့ သတ္တိ အပြည့်ရှိပါတယ်။ ခပ်လွယ်လွယ် အဖမ်းခံလိုက်ရတာမျိုးတော့ အ



www.burmeseclassic.com

www.burmeseclassic.com





ဖြစ်မခံနိုင်ဘူး အမေ''

စင်စစ် မည်မျှပင် သတ္တိရှိစေ၊ မည်မျှပင် မိုက်ပါစေ၊ ရဲနှင့် ရင်ဆိုင်ရမှာတော့ ဒူးတုန်ကြစမြဲပင်။ ဟန်ကိုယ့်ဖို့လုပ်ကာ ပြောနေခြင်းပင်။

''ခက်လိုက်တာ ကိုမိုးရယ်''

''ကဲ ခက်မနေနဲ့ နှင်းမြ။ အမေနဲ့ သားလေးကို ဂရုစိုက်ပါ။ ဘယ်လိုပဲ ဖြစ်ဖြစ် ငါပြန်လာလို့ ရတဲ့အချိန် ရောက်ရင် ငါ ပြန်လာခဲ့မယ်။ ငါပြောထားတဲ့အတိုင်းသာ နားထောင်ပါ။ ကဲ . . သွားပြီ''

''ကိုမိုး . . ကိုမိုး''

''ဟဲ့သား . . ငမိုး . . သား''

ခေါ်ရင်း နောက်ဖေးပေါက်ကလေးက ကြည့်လိုက်၏။ ကိုမိုး မရှိတော့ပေ။ ဒေါ်ငြိမ်းရောနှင်းမြပါ ခြေပစ်လက်ပစ် ထိုင်ချလိုက်ပြီး ငိုချလိုက်ကြတော့သည်။ ကိုမိုးက ပြောပြီးသည်နှင့် ခပ်သုတ်သုတ် အိမ်နားမှ ထွက်ခွာလိုက်ခြင်းဖြစ်ပြီး ခြံစပ်အရောက်တွင် အသင့်စောင့်ဆိုင်းနေသော ရဲအုပ်သာဦးနှင့် အဖွဲ့က လျင်မြန်စွာ ဖမ်းဆီး လက်ထိပ်ခတ် လိုက်လေသည်။

မိခင်ကြီးနှင့် ဇနီးကို မိမိကြောင့် ဒုက္ခ မရောက်စေလို၊ အချုပ်ခန်းတို့ ထောင်တို့ကို မရောက်စေချင်။ ထို့ကြောင့် လာပြောထားခြင်း ဖြစ်သည်။ ယခုတော့ . . . . .

◎◎◎◎◎

(၄)

''ကိုမိုး ဟာဗျာ ဘာတွေများ ဒီလောက်အတွေးလွန်နေရတာလဲဗျ။ ဒီမှာ ကျွန်တော် ပြောနေတာရော ကြားရဲ့လား မသိပါဘူးဗျာ''

သံချောင်းက လက်နှင့် ပုတ်ပြောမှ ကိုမိုးတုန့်ခနဲ ဖြစ်သွားလေသည်။

''ဟင် ဘာ ဘာပြောတာလဲ သံချောင်း။ အေးကွာ ဆယ်နှစ်ကျော် အဖြစ်အပျက်က ငါ့အတွက် အိပ်မက်တစ်ခုလိုပါပဲကွာ။ အဲဒါကို ဖျတ်ခနဲ ပြန်တွေးမိလို့ကွာ ။ ကဲ ပြောပါဦး ခုန ဘာပြောလိုက်တာလဲကွ''

''ကျွန်တော် အချိန်မရ

www.burmeseclassic.com



တော့လို့ အစ်မတို့ သားအမိကို ကူမရှာနိုင်တာ ခွင့်လွှတ်ပါဗျာ။ အမြန်ပြန်တွေ့ပါစေလို့ပဲ ဆုတောင်းပေးပါတယ် ကိုမိုးရာ''

''ရပါတယ်ကွာ ဒီလိုပဲပေါ့။ လူတိုင်း ကိုယ့်အကြောင်းနဲ့ ကိုယ်ရှိကြတာပဲကွာ မင်းသွားစရာရှိသွားပါ''

''စိတ်တော့ မရှိပါနဲ့ဗျာ။ ကိုမိုးလဲ သုံးရေးစားရေးရှိမှာပဲ။ ရော့ဗျာ နည်းတယ် များတယ်တော့ မအောက်မေ့ပါနဲ့''

သံချောင်းက နေရာက ထရင်း ကိုမိုး အိတ်ကပ်ထဲကို တစ်ထောင်တန် (၂)ရွက် ထိုးထည့်ပေးလိုက်၏။ ကိုမိုးက အားတုံ့အားနာ ဖြစ်သွားလေသည်။

''အေးကွာ ငြင်းချင်ပေမယ့် ငြင်းရမယ့် အင်အားမရှိလို့ ကျေးဇူးတင်ပါတယ်လို့ပဲ ပြောပါရစေတော့ သံချောင်းရာ''

''ကျေးဇူးတင်စရာ မလိုပါဘူး ကိုမိုးရယ်။ ဒီထက်မက ကူညီချင်ပေမယ့် အခွင့်မသာလို့။ ကဲ ကျွန်တော် လစ်ပြီဗျာ''

ပြောပြောဆိုဆို လက်ဖက်ရည်ဖိုး မုန့်ဟင်းခါးဖိုးပါ ရှင်းပြီး သံချောင်းက ထွက်သွားလေသည်။ ကိုမိုးလည်း ထိုင်နေ၍ မဖြစ်တော့ချေ။ ဇနီးနှင့်သားကို

**''စိတ်တော့ မရှိပါနဲ့ဗျာ။ ကိုမိုးလဲ သုံးရေးစားရေး ရှိမှာပဲ။ ရော့ဗျာ နည်းတယ် များတယ်တော့ မအောက်မေ့ပါနဲ့''**

ရှာရန် ဆိုင်ထဲမှ ထွက်လာခဲ့လေသည်။ ခြေဦးတည့်လိုက်သည်က အနီးဆုံးဖြစ်သော (၅)လမ်း ကမ်းနားက ဗိုလ်ချုပ်ဈေးဆီ ဖြစ်လေသည်။ အတွေးထဲတွင် ဆယ်နှစ်ကျော် ခွဲခွာခဲ့ရသည်ဖြစ်၍ သားကိုတွေ့ရင်တောင်မှ မှတ်မိဖို့ မဖြစ်နိုင်။ သားကရော အဖေ့ကို မှတ်မိပါ့မလား။ လူကိုတွေ့၍ မမှတ်မိရင်တောင် နှင်းမြဆိုသော နာမည်။ မောင်ချစ်ဦး ဆိုသော နာမည်ပဲ ကြားရ ကြားရဟူ၍ ဖြစ်သည်။ စင်စစ် ထောင်ဒဏ် (၁၇)နှစ် ကျခဲ့ခြင်းဖြစ်ပြီး (၁၂)နှစ်နီးပါးဖြင့် လွတ်ငြိမ်းချမ်းသာအခွင့်ရေးနှင့် လွတ်မြောက်လာခြင်း ဖြစ်သည်။

ထောင်ထဲတွင် နေခဲ့ရသော (၁၂)နှစ်နှင့် အဖမ်းခံရစဉ်က သားလေး မောင်ချစ်ဦး အသက် (၆)နှစ်။ ပေါင်းလိုက်ရင် ယခုဆို သားက (၁၈)နှစ်။ လူပျိုကြီး ဖြစ်နေတော့မည်ဟုလည်း တွေးလိုက်သေးသည်။ ရုပ်ရှင်ဗီဒီယိုတွေထဲကလို ဇနီးဖြစ်သူ နှင်းမြနှင့်တွေ့။ လွမ်းရ ဆွေးရကြောင်းများပြော။ ဇနီး နှင်းမြက

''ကိုမိုး ဒါ ရှင့်သား မောင်ချစ်ဦးပေါ့ ကိုမိုးရဲ့။ သား ဒါ သားအဖေလေ''

ဟု ပြော။ သားက

''ဖေကြီး''

ဟု ဆိုကာ ပြေးဖက်



www.burmeseclassic.com

www.burmeseclassic.com



မိမိကလည်း သားကို တင်းတင်းကျပ်ကျပ် ပြန်ဖက်။ ရင်ခုန်ပျော်ရွှင်စရာ ကောင်းလိုက်သည့် ဖြစ်ခြင်း။ စိတ်ကူးယဉ်ကြည်ရင်းပင် ရင်ထဲတွင် ကြည်နူးလှိုက်မောရသေးသည်။

ကိုယ့်အတွေးနှင့်ကိုယ် တစ်ဈေးဝင် တစ်ဈေးထွက် ရှာရင်း မိုးချုပ်သွားသည်ကိုပင် သတိမထားမိ။ သတိထားမိသောအခါ မှိန်ဖျော့ဖျော့ လမ်းမီးများပင် လင်းနေချေပြီ။ ထိုအခါမှ ဆာလောင်မှုနှင့် ညောင်းညာမှုတို့ကိုပါ သတိထားမိတော့သည်။ တစ်နေရာတွင် ဗိုက်ဖြည့်မည်၊ ပြီးလျှင် နီးစပ်ရာ ဘုန်းကြီးကျောင်းတစ်ကျောင်းတွင် ခွင့်တောင်း၍ တစ်ညတာ တည်းခိုမည်ဟု တွေးလိုက်၏။ အတွေးနှင့်အတူ လမ်းသွယ်လေးတစ်ခုကနေ လမ်းမကြီးဆီဦးတည်ကာ ခက် သွက်သွက်ကလေး လျှောက်လိုက်သည်။ လမ်းမနားအရောက်တွင် လူငယ်လေးတစ်စု ဂစ်တာတီးကာ သီချင်းဆိုနေကြ၏။

"သြော် ငါ့သားလေးလဲ သူတို့လေးတွေလောက် ရှိရောပေါ့"

တွေးရင်း ငေးရင်း လျှောက်ခဲ့ရာ လူငယ်လေး တစ်ယောက်ကို ဝင်တိုက်လိုက်မိလေသည်။

"တောက်"

စိတ်ကူးယဉ် အတွေးပျက်သွားသောကြောင့်လား။ ဗိုက်ဆာပြီးပင်ပန်းနေခြင်းကြောင့်လား မသိ။ ဘာကြောင့်မှန်းမသိ။ မကျေမနပ် တောက်ခေါက်မိလိုက်ခြင်း ဖြစ်သည်။ ထို့ကြောင့် အတိုက်ခံရသော လူငယ်က ရှူးရှူးရှဲရှဲဖြစ်သွား၏။

"ဒီမှာ ခင်ဗျားကလဲ ဝင်တိုက်သေးတယ်။ ခင်ဗျားကပဲ တောက်ခေါက်လား ဘာလား နဲ့ ခင်ဗျားက ဘာလဲ"

ကိုမိုး ရှင်းပြ တောင်းပန်ရန် ပြင်လိုက်ပေမယ့် နောက်ကျသွားလေ၏။

"ခွပ်"

"အား . . . ဖုန်း"

လူငယ်၏ လက်မြန်မှုနှင့် အားပါသော လက်သီးချက်ကြောင့် ကိုမိုး ဖင်ထိုင်လဲကျသွားသည်။

"ဘဲကြီးက လူစိမ်းထင်တယ်။ မှတ်ထားဗျ ဒီရပ်ကွက်မှာ ငစိုးကို တောက်ခေါက်ဖို့ မပြောနဲ့ ငစိုးမျက်နှာကို စေ့စေ့ကြည့်လို့တောင် မရဘူး။ ခင်ဗျားနားလည်လား"

လူငယ်က ကြိမ်းမောင်းပြောဆိုရင်း မှတ်လောက်အောင်တွယ်လိုက်မယ် စိတ်ကူးဖြင့် အနားကပ် သွားလိုက်ရာ ကိုမိုးက ထိုင်လျက်ကနေ လက်တစ်ဖက်ထောက်ပြီး လူငယ်၏ ရင်ဝကို ဆောင့်ကန်လိုက်သည်။ လူငယ်မှာ ဖင်ထိုင်လျက်ကျသွားလေ၏။ ကိုမိုးက ထိုမျှနှင့်မရပ်။ ငယ်စိတ်က ဖျတ်ခနဲ နိုးထလာသည်။ လက်ထောက်မိသောအရာကို ကြည့်လိုက်ရာ အုတ်ခဲကျိုးဖြစ်နေ၏။ ထိုအုတ်ခဲကျိုးနှင့် လူငယ်၏ ခေါင်းကို ထထုလိုက်လေသည်။

"အန်တီမြရေ အန်တီမြ လာပါဦး။ ဒီမှာ ငစိုး ပြဿနာတက်နေပြီ"

ဂစ်တာတီးနေသော လူငယ်ထဲကနေ မလှမ်းမကမ်းက အိမ်ကို ကြည့်ကာလှမ်းခေါ်နေခြင်းဖြစ်သည်။ လူငယ်အုပ်စုက ခံလိုက်ရသူ လူငယ်ကို ကာကွယ်



www.burmeseclassic.com

www.burmeseclassic.com



ကိုမိုးကို ဝိုင်းထားလိုက်သည်။

"သား သားရေ ဘယ်မှာလဲ ငါ့သား"

ငစိုးဟု ခေါ်သော လူငယ်၏ မိခင်က ခေါ်ရင်း အော်ရင်း ရောက်လာပြီး အခြေအနေကို ကြည့်ကာ သားဖြစ်သူကို ပြေးပွေ့သည်။ လူငယ်က ရွှဲနစ်နေအောင် ထွက်လာသော သွေးကို လက်နှင့်ဖိရင်း ကိုမိုးကို စားတော့ဝါးတော့မည့်ဟန်ဖြင့် မီးတောက်တော့မည့် မျက်လုံးနှင့် ကြည့်သည်။

"သား သားရယ်။ ငါ့သားကို လုပ်တာ ဘယ်သူလဲ ဘယ်သူလဲ"

သားကို ပွေ့ရင်း ပြောရင်း မော့ကြည့်လိုက်ရာ ....

"ဟင် နှင်း နှင်းမြ။ နှင်းမြ ဟုတ်တယ်နော်။ ငါ ငါလေ။ ငါ ငမိုးလေ"

"ရှင်"

လူငယ်၏ မိခင်အံ့အားသင့်သွား၏။ ကိုမိုးကတော့ ဝမ်းသာလိုက်လှဲ့ မျက်နှာကနေ မျက်မှောင်ကျုံ့ကာ ဖျတ်ခနဲ မျက်နှာညိုးသွားသည်။

"နှင်း နှင်းမြ သူ့ကသူက"

"ဒါ ရှင့်သားပေါ့ လူမိုက်ကြီးရဲ့။ ရှင်နဲ့ တစ်ထေရာတည်းတူတဲ့ ရှင့်သား ချစ်ဦးလေ။ ဖအေလူမိုက်ကို အားကျပြီး သူ့ကိုယ်သူတောင် ငမိုးသား ငစိုး ဆိုပြီး မိုက်ဂုဏ်ပြနေတဲ့ လူမိုက်ပေါ့ရှင့်။ အဟင့် အဟင့်။ အခုတော့ အီး အဟီးဟီး"

မနှင်းမြ ချုံးပွဲချ ငိုလေသည်။ ထိုစဉ် ရဲကို ဘယ်သူက ဖုန်းဆက်လိုက်သည်မသိ။ ရဲတပ်ဖွဲ့ဝင်များ ရောက်လာကြသည်။ လူငယ် တစ်ယောက်က လက်ညှိုး ထိုးပြလိုက်ရာ ဆတ်ခနဲ ကိုမိုးနားကပ်ပြီး လျှပ်တစ်ပြက် ဆိုသလိုပင် ကိုမိုးလက်ကို လက်ထိတ်ခတ်ပြီးသား ဖြစ်သွားလေသည်။

"သား သားလေး မောင်ချစ်ဦး"

"ကဲ ဆရာ မင်းထွန်း ဒဏ်ရာရထားတဲ့ သူကို ဆေးရုံပို့ဖို့ အမြန်လုပ်ပါ"

"ဖေ ဖေကြီး ဖေကြီး မှန်း မသိလို့နော် ..သားကို ခွင့်လွှတ်"

"သား သားလေးရယ် ဖေကြီးလဲ သားမှန်း မသိလို့ပါကွာ။ ဒီနေ့ တစ်နေကုန် သားတို့သားအမိကို လိုက်ရှာနေတာ သားရဲ့"

ရဲအုပ်သာဦးက လုပ်စရာရှိများ ဆောင်ရွက်ရင်း–

"ခင်ဗျားတို့က သားအဖတွေလား"

"ဟုတ်ပါတယ်ဗျာ။ ကျွန်တော်သား ...ဟင်"

"ကောင်းရော ..။ ဟင် လက်စသတ်တော့ ခင်ဗျားကိုး"

ကိုမိုးက တိုက်ဆိုင်လွန်းသော အဖြစ်များကြောင့် အံ့အားသင့်ရင်း ...

"ဗိုလ်သာ ဗိုလ်သာနော်။ ဖြစ်မှ ဖြစ်တတ်လေဗျာ"

မောင်ချစ်ဦးအား အချိန်မီ ဆေးဝါးကုသနိုင်ရန် ဆေးရုံသို့ ခေါ်သွားကြလေပြီ။

ကိုမိုးကတော့ မျက်ရည်ပေါက်ကြီးများ ကျဆင်းရင်း။

မော်ကျွန်းရဲနိုင်



www.burmeseclassic.com

www.burmeseclassic.com

# အိမ်နိမ့်စံ

မောင်မောင်စိန်လင်း(နတ်မောက်)





www.burmeseclassic.com

www.burmeseclassic.com



**အိမ်နိမ့်စံ**

**မောင်မောင်စိန်လင်း**

**(နတ်မောက်)**

(၁)

မနီသည် အလွန်ရုပ်ချောသူလေး ဖြစ်သည်။ အလွန်သနားစရာ ကောင်းသူလေး ဖြစ်သည်။ သူ့ဘဝကို စတေးပြီး ရှုံးကန် ရပ်တည်လာခဲ့ရသူလေး ဖြစ်သည်။ သူ့ရင်သွေး သားကလေးကို အသက်တမျှ ချစ်ခဲ့သူလေးဖြစ်သည်။ သူ့ခင်ပွန်း အောင်အောင်ကို အလွန်ချစ်ခဲ့သူလေးဖြစ်သည်။

စိန္တိ တာတိ ဘဝတိ၊ အစိန္တိ တာတိ ဝိနာသတိ။ လူတွေဟာ ကိုယ်မျှော်လင့် တောင့်တ ကြံစည် အားထုတ်သော်လည်းမဖြစ်၊ မမျှော်လင့် မတောင့်တ၊ မကြံစည် အားမထုတ်သော်လည်း ဖြစ်၏။ ရ၏။

အိမ်နိမ့်စံ မလေး မနီ (ခ) နီနီမြင့်၏ ဘဝမှာလည်း ထို့အတူပင်။

မနီ(ခ)နီနီမြင့်ဆိုသော မိန်းကလေးမှာ (၇)တန်းကျောင်းသူလေးဖြစ်သည်။ အသက်က (၁၅)နှစ်သာရှိသေးသော်လည်း ကိုယ်ခန္ဓာဖွံ့ဖြိုးသည်။ အရပ်အမောင်းကောင်းသည်။ ခါး၊ တင်၊ ရင် အချိုးအဆစ်ကျသည်။ အသားမှာ ရွှေရောင်ဖြစ်သည်။ မျက်ဝန်းကျယ်သည်။ မျက်ခုံးကောင်းသည်။ နှာတံပေါ်သည်။ ပြုံးလိုက်တိုင်း သွားတက်ကလေးက အလျှင်ပေါ်လာသည်။ ထာဝရ ပြုံးရွှင်သောမျက်နှာပိုင်ရှင်မလေးဖြစ်သည်။ [မေဘရဏီလို ရွှေပန်းချီတောင် လက်မှိုင်ချရ သကိုး (မမိုး)မမိုး]

ဝင်းဦး၏ သီချင်းစာသားတို့ထက် သာပါသေးသည်။

ထို့ကြောင့်လည်း အောင်အောင်သည် မနီတို့ကျောင်း မုန့်စားလွှတ်သည့်အချိန်တိုင်း သူစားရန် ခွဲတမ်းချပေးသောမုန့်များကို သူမစားဘဲ မနီကို နေ့စဉ်ကျွေးလာရသည်မှာ နိစ္စဓူဝ သူ၏အလုပ်။

"မနီ ငါတို့ အတူတူနေကြရအောင်လား အချစ်လေးရယ်"

"ကိုအောင် စောလွန်းပါသေးတယ်။ နီ အသက်က (၁၅)နှစ်ပဲရှိသေးတယ်"

"ကိုအောင် နီနီကို လုံး ဝ (လုံး၀) စိတ်မချနိုင်တော့ဘူး။ နီနီကို ချဉ်းကပ်နေသူတွေကလဲ ဝိုင်းဝိုင်းလည် ဖြစ်နေတယ် မဟုတ်လား"

"စဉ်းစားပါ ကိုအောင်ရယ်၊ ကိုအောင်ရဲ့ အိမ်က သိသွားလို့ လုံးဝသဘောမတူဘူးဆိုတာလဲ ကိုအောင်အသိပဲမဟုတ်လား"

"မီးစင်ကြည့်ကတာပေါ့ အချစ်ရယ်၊ ကို စီစဉ်လိုက်မယ်"

(၈)တန်း စာမေးပွဲတွေဖြေဆိုပြီးသည့်နေ့တွင် အောင်အောင်သည် မနီအား ကားပေါ်သို့ တင်ခေါ်သွားသည်။ မနီသည် အဝတ်တစ်ထည် ကိုယ်တစ်ခုဖြင့် လိုက်ပါသွားရလေသည်။

"ဟေး နီနီ ဟန်းနီးမွန်းထွက်ကြတာလား၊ ငါတို့လဲလိုက်မယ်"

မနီ၏ သူငယ်ချင်းများက နောက်ပြောင်ပြောဆိုကြသည်။ သူတို့ ဘယ်ကိုသွားပြီး၊ ဘာတွေ ဆုံးဖြတ်ထားကြသလဲ ဆိုသော အချက်ကား သူမ၏ သူငယ်ချင်းများ မသိကြပေ။

ပဲခူးမြို့စွန်မှ ချောင်ကြ



www.burmeseclassic.com

www.burmeseclassic.com



"ပေးစားမှာပေါ့သား။ မပေးစားရင် သား ထောင်ကျသွားမှာပေါ့။ ကောင်မလေးက အသက်မပြည့်သေးဘူး။ သူ့မိဘတွေကို ကျေနပ်အောင် ပြောထားပြီးပါပြီ။ သားတို့ ပြန်လာပြီး တစ်ရက်၊ နှစ်ရက်မှာ မင်္ဂလာအထိမ်းအမှတ် ဘုန်းကြီးဆွမ်းကျွေး အသိအမှတ်ပြုမယ်။ သား ပြန်လာပေတော့"

"တောင်းစုတ် ပလုံးစုတ်ကိုသာ ပစ်ရိုးထုံးစံရှိသည်။ သားဆိုး သမီးဆိုးကို ပစ်ရိုးထုံးစံမရှိ" ဆိုသည့် ရှေးလူကြီးသူမတို့၏ အဆိုအမိန့်အတိုင်း ပြဿနာကို ငြိမ်းအောင်ပြုလုပ်ကြလေသည်။ အောင်အောင်နှင့်နီနီတို့သော တည်းခိုခန်းတွင် လွတ်လပ် ပျော်ရွှင်စွာ တည်းခိုနေကြသည်။ အချစ်ဇိမာန်ကြီး တည်ဆောက်နေကြသည်။ တဏှာနွံအတွင်း နစ်မွန်းနေကြသောကြောင့် စားဝတ်နေရေး၊ ဘဝ၏ရှေ့ရေးတို့ကို မတွေးတောနိုင်ကြပေ။

မနီ (ခ) နီနီမြင့်၏ မိဘများက အသက်မပြည့်သေးသော သမီးဖြစ်သူအား ခိုးယူသွားမှုဖြင့် သက်သေ ကျောင်းသား၊ ကျောင်းသူများကို တင်ပြကာ ရဲစခန်းတွင် အမှုဖွင့်ထားသည်။

မနီ၏ မိဘများနှင့် မပြေလည်ပါက သားဖြစ်သူ အောင်အောင်မှာ ထောင်ကျမည့်ကိန်းဆိုက်ရောက်နေကြောင်း အောင်အောင်၏ မိခင် ဒေါ်ဝင်းမင်းထွန်းတို့ သိနေကြသည်။ "မချစ်သော်လည်း အောင့်ကာနမ်း၊ မနမ်းသော်လည်း ပင့်သက်ရှူ" ဆိုသကဲ့သို့ ပြုလုပ်ရပေတော့မည်။

"သား အောင်အောင် အမြန်ပြန်လာပါ။ သားတို့ ကိစ္စအားလုံး အဆင်ပြေအောင် စီစဉ်ထားသည်။ ရောက်ရာအရပ်မှ အမြန်ပြန်လာပါ"

(ဒေါ်ဝင်းမင်းထွန်း)၊

စံရိပ်ငြိမ်– ဝင်ဒါမီယာ။

နေ့စဉ်ထုတ် သတင်းစာနှစ်စောင်မှ နေ့စဉ်ရက်ဆက် ကြော်ငြာခဲ့သည်။ ဒုတိယမြောက်နေ့တွင် အောင်အောင်နှင့် မနီတို့ ဖတ်ရှုရသည်။ အောင်အောင်က တော့ ပျော်နေသည်။ မနီကတော့ မယုံတစ်ဝက် ယုံတစ်ဝက်။

"ကလင် ကလင် ကလင်"

"ဟဲလို ပြောပါရှင်"

"မေမေ သားပါ မေမေ သားတို့ကို ပေးစားမှာလား မေမေ"

"သား အောင်အောင် အမြန်ပြန်လာပါ။ သားတို့ကိစ္စ အားလုံး အဆင်ပြေအောင် စီစဉ်ထားသည်။ ရောက်ရာအရပ်မှ အမြန်ပြန်လာပါ"



www.burmeseclassic.com

www.burmeseclassic.com




ပြန်လာကြပြီဖြစ်၍ စံရိပ်ငြိမ်ခြံကြီးတွင် မင်္ဂလာအထိမ်းအမှတ်ဘုန်းကြီးငါးပါးကို ဆွမ်းကပ်သည်။ နှစ်ဖက်မိဘများ အတူတကွ တရားနာကြသည်။ တစ်ကြိမ်တစ်ခါသာ တွေ့ဖူး၊ ကြုံဖူးသူများဖြစ်၍ ဖက်လှဲတကင်းတော့မရှိကြပါ။

(၂)

"ကဲ သား လင်မယား ဆိုတာ လွတ်လွတ်လပ်လပ် နေရတာ ကောင်းတယ်။ ဒါကြောင့် သားတို့ စိုက်ပျိုးခင်း+ကြက်ခြံထဲက ဒရိုင်ဘာ ဦးဝင်းနိုင်တို့ နေသွားတဲ့ အိမ်မှာ သားတို့သွားနေကြ။ စားရေးသောက်ရေးကတော့ ချိုင့်နဲ့ဆွဲသွားပြီး အတူစားကြပေါ့"

"ဟုတ်ကဲ့ မေမေ"

သားတို့ကိစ္စ အားလုံး အဆင်ပြေအောင် လုပ်ပေးမယ် ဆိုတော့ လူကုံထံ အသိုင်းအဝိုင်းကြီးဖြစ်ကြလို့ စီဒိုးနား၊ ထရိတ်ဒါးတို့မှာ မင်္ဂလာဆောင်ပေးမှာလား။ စံရိပ်ငြိမ်ခြံကြီး၏ အပေါ်ထပ်၊ အောက်ထပ်၊ အခန်းလွတ်မှာ နေဖို့ပေးမှာလား အောင် မျှော်လင့်ခဲ့သည်။ မဟုတ်ပါ။ လုံးဝမဟုတ်ပါ။ ကြက်ခြံစိုက်ခင်းမှာ ဒရိုင်ဘာ ဦးဝင်းနိုင်တို့ကိုထားသော ဓနိမိုးထရံကာ ပျဉ်ခင်းတဲအိမ်ကလေးတွင်သာ နေခွင့်ရသည်။



"မေမေ သား တစ်သက်လုံး အိမ်ကြီးပေါ်မှာ အဲယားကွန်း အခန်းနဲ့ နေလာခဲ့တာ၊ အိမ်ထောင်ပြုမှ သားကို တဲမှာနေခိုင်းတာ ဘာသဘောလဲ မေမေ၊ သား သားရဲ့အခန်းမှာ ပြန်နေချင်တယ် မေမေ"

"သား အခန်းမှာ ပြန်နေချင်နေပါ။ ဒါပေမယ့် နီနီကို



www.burmeseclassic.com

www.burmeseclassic.com



တော့ ခေါ်လာပြီး မနေရဘူး။ အဆင့်အတန်းချင်း မတူဘူးသား၊ အဆင့်အတန်းမတူရင် စိတ်မချရဘူး"

အောင်အောင်နှင့် မနီတို့သည် "တူနှစ်ကိုယ် တဲအိုပျက်မှာနေရ ချစ်တာ ချစ်တာ ပဓာနလို့ ဆိုချင်ပါတယ် မောင်ရယ်၊ ချစ်တာ ချစ်တာ ပဓာနမို့ ဆိုချင်ပါတယ် မောင်ရယ်" သီချင်း စာသားလေးအတိုင်း အကြင် လင်မယား ပေါင်းသင်းနေထိုင်လာခဲ့ကြသည်။ မနီတွင် ကိုယ်ဝန်ပင် လေးလကျော်ရှိလာခဲ့ပေပြီ။

"မေမေ မနီမှာ ကိုယ်ဝန် ငါးလရှိနေပြီ၊ မေမေ တဲအိမ်လေးမှာနေရတာ မလုံခြုံပါဘူး မေမေ၊ ဒါကြောင့် သားအခန်းမှာ နေခွင့်ပြုပါမေမေ"

"မဖြစ်ဘူးသား မဖြစ်ဘူး။ မေမေတို့ ဘိုးစဉ်ဘောင်ဆက် ဘွားလက်ထက်က တည်ဆောက်ထားတဲ့ ဒီစံအိမ်ကြီးပေါ်မှာ အဆင့်နိမ့် ဇာတ်နိမ့်တွေနေလို့မရဘူး။ ထားလို့မရဘူး။ ရတနာပစ္စည်းတွေအတွက်လဲ စိတ်မချနိုင်ဘူး။ ဒါကြောင့် မေမေ ခွင့်မပြုနိုင်ဘူး သား"

အောင်အောင်သည် ဒုတိယ အကြိမ် ကြိုးစားအားထုတ်မှု မအောင်မြင်သောကြောင့် စိတ်အပျက်ကြီး ပျက်နေရလေသည်။ (အိမ်နိမ့်စံ) ဘဝမှ



ဘယ်တော့များမှ လွတ်မြောက်နိုင်မလဲ မတွေးတောနိုင်၊ စိတ်ကူးမယဉ်နိုင်ဖြစ်နေရလေသည်။

မိန်းမတို့၏ ဓမ္မတာတရားအတိုင်း မနီသည် ကိုးလလွယ် ဆယ်လဖွားဆိုသည့် စကားအတိုင်း သားယောကျ်ားလေးကို ဗဟိုအမျိုးသမီးဆေးရုံကြီးတွင် အောင်မြင်စွာ ဖွားမြင်ခဲ့လေပြီ။

ဆေးရုံမှ ဆင်းသည်နှင့် တပြိုင်နက် ဒေါ်ဝင်းမင်းထွန်းသည် မြေးကလေးအား စံရိပ်ငြိမ်အိမ်ကြီးပေါ်တွင် ကလေးထိန်းဆရာမငှားပြီး ခေါ်ယူထားလေသည်။ ဆရာဝန်ညွှန်ကြားသည့်အတိုင်း နေ့စဉ်ဇယားဖြင့် နို့တိုက်ရသည်။ နို့တိုက်သောအခါတွင် အိမ်နိမ့်စံတွင်နေရသော မနီထံသို့ ကလေးထိန်း နာ့စ်မက ခေါ်လာပြီး နို့တိုက်ကျွေးရလေသည်။

အကာလ ညအခါတွင် ကလေး သဘာဝ ချေးပါသေးပေါက်ပြီး စိုရွှဲနေသောကြောင့်လည်းကောင်း၊ နို့ဆာသောကြောင့်လည်းကောင်း၊ အာပြဲအောင်ငိုလေသည်။ မနီ၏ နို့များမှာလည်း ပြည့်တင်းလာပြီး နို့သက်လေသည်။ နို့ထွက်သည်။ မခံသာသောကြောင့် ညှစ်ထုတ်ပစ်ရသည်။ သားငယ်လေး၏ ငိုသံကြောင့် မိခင် မနီမှာ အိပ်မပျော်နိုင်။ [ မာတာယထာ နိယံ ပုတ္တံ မာယုသာ ဧကပုတ္တ မ



www.burmeseclassic.com

www.burmeseclassic.com



ရကော့။ မိဖိ၏ သားကလေးကို မင်္ဂလာတရားနှင့်အညီ ပြုစုစောင့်ရှောက်လိုသော်လည်း ရင်အုပ်မကွာ စောင့်ရှောက်ခွင့်မရရှာပေ။

(၃)

သားကလေး၏ နာမည်ကို ဗေဒင်ပရောဟိတ် ဆရာများ ပင့်ဖိတ်ပြီး နာမည်ပေး ကင်ပွန်းတပ် ပြုလုပ်ကြသည်။ ဘိုးစဉ်ဘောင်ဆက် ဘွားလက်ထက်မှ စိုးစံပိုင်ဆိုင်လာခဲ့သော စံရိပ်ငြိမ်ခြံကြီးနှင့်တကွ ရတနာစိန်ရွှေအဖြာဖြာတို့ကို ဆက်ခံပိုင်ဆိုင်စိမ့်သောငှာ(သက်ပိုင်စိုး)ဟု နာမသညာ ခေါ်တွင်စရာ နာမည်ပေးကင်ပွန်းတပ်ခဲ့ကြလေသည်။

နှစ်နှစ်သား အရွယ်သို့ ရောက်ရှိနေပြီဖြစ်သော သားငယ်လေးသည် မနီကို နှလုံးသားချင်းပေါင်းစပ်မှုကြောင့် ခင်တွယ်သည်။ မြင်လိုသည်။ ကြားလိုသည်။ ထိတွေ့လိုသည်။ သို့သော် ဘွားဖြစ်သူ ဒေါ်ဝင်းမင်းထွန်း၏ ဟန့်ထားမှု၊ ပိတ်ပင်မှုတို့ကြောင့် ပြုံးပြုံး ရယ်ပြရုံမျှဖြင့်သာ ကျေနပ်နေကြရသော သားအမိဖြစ်လေသည်။



"သား မင်း ဖနီးအတွက် ကျွေးမွေးပေးကမ်းရသော စရိတ်၊ မင်းသားအတွက် စရိတ်တွေရှိလာတယ်။ ဒါကြောင့် မင်း စက်ရုံ ကားကို မောင်းရမယ်၊ မမောင်းချင်လို့မဖြစ်ဘူး"

အောင်အောင်သည် (၉)တန်းအောင် (၁၀)တန်း သုံးကြိမ်ကျဖြစ်သောကြောင့် ပညာအရည်အချင်း ချို့ငဲ့သည်။ စီးပွားရေး မလုပ်တတ်၊ ကားမောင်းတတ်သော အတတ်ပညာမှတစ်ပါး အခြားမရှိ။ အခြားဘာသင်တန်းမျှလည်း မတက်လို။ ပေါ့ပေါ့စား ပေါ့ပေါ့နေ၊ ဆန်ကုန်မြေလေး အတန်းအစားမျိုးဖြစ်လေသောကြောင့် မိခင်ကြီး ဒေါ်ဝင်းမင်းထွန်း၏ အမိန့်ဩဇာကို မလွန်ဆန်နိုင်သူဖြစ်သည်။

တစ်သားမွေး တစ်သွေးလှဖြစ်နေသော မနီသည် အိမ်နီမ့်စံ ဘဝဖြင့် သုံးနှစ်သုံးမိုးတိုင်တိုင် ခံစားနေရသော မိမိဘဝကို ပြုပြင်ပြောင်းလဲရန် စိတ်ဆန္ဒတွေ ပြင်းပြလာသည်။ ခင်ပွန်းသည်ကိုကား တိုင်ပင်၍မဖြစ်။ သူကတော့ ချစ်လွန်းလို့ အိမ်နီမ့်စံဘဝမှာ ကျေနပ်ပြီး နေစေချင်သည်။

ကိုအောင်ရဲ့ မွေးသဖခင်ကြီးဖြစ်သော (ဦးစမူရှိုင်း) နှင့် တွေ့ဆုံတိုင်ပင်ရန် အကြံပေါ်သည်။ ရွှေတောင်ကြားတွင် နေထိုင်သည့် ယောက္ခထီးကြီးကို သွားတွေ့သည်။ အိမ်နီမ့်စံ ဘဝ လွတ်မြောက်ရေး အကြံတောင်း တင်ပြသည်။

"ဒီမှာ မိန်းကလေး အန်ကယ်ဟာ အောင်အောင်ရဲ့ ဖခင်၊ ဒေါ်ဝင်းမင်းထွန်းရဲ့ခင်ပွန်းပါ။ အန်ကယ်တို့ အင်္ဂလန်နိုင်ငံမှာ ဆေးပညာဘွဲ့ယူဖို့ ကျောင်းသွားနေရင်းနဲ့ ညားသွားကြတယ်ပေါ့ကွာ။ အောင်အောင်



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ဝန်ခြောက်လနဲ့ ရန်ကုန်ပြန်ရောက်တယ်။ သဘောမတူပေမယ့် အသိအမှတ်ပြုခဲ့တယ်ပေါ့ကွယ်---

"ဒါပေမယ့် စံရိပ်ငြိမ်အိမ်ကြီးပေါ်မှာ မနေရဘူး။ ခြံဂိတ်က မာလီ(မန်းနီး)တို့နေခဲ့တဲ့အိမ်မှာ အန်ကယ် တစ်ယောက်တည်းနေခဲ့ရတယ်၊ ဝင်းမင်းထွန်းနဲ့ သမီးရည်စားတွေ့သလိုသာတွေ့နေခဲ့ရတယ်၊ အဲဒါဟာ ဝင်းမင်းထွန်းရဲ့ မိခင်ကြီး အန်ကယ်ရဲ့ ယောက္ခမကြီး(ဒေါ်ထိပ်တင်သိန်း)ရဲ့ အတ္တ လွန်ကဲမှုတွေကြောင့်ပဲ"

ဦးစမူရိုင်းသည် မိမိ၏ခံစားချက်များ၊ အတွေ့အကြုံများ ရင်တွင်းဖြစ်များကို ဘဝတူ ချွေးမ မနီအားဖောက်သည်ချပြောပြနေလေသည်။ သူတို့က မင်းမျိုးမင်းနွယ်မို့လို့တဲ့ကွာ။ တကယ်ဆိုတော့ နန်းကျဘုရင်ရဲ့ အနွယ်အဆက်တွေပါ---

"ဒီမှာ သမီး မင်းထက်ငါ ပိုပြီး ခံစားရတာရှိသေးတယ်၊ ထမင်းစားတာ ကိုယ့်ပန်းကန်ပြားကိုယ့်ဇွန်း၊ ကိုယ့်သောက်ရေခွက်နဲ့ သောက်ရတယ်။ ကိုယ့်လက်သုတ်ပဝါနဲ့ သုတ်ရတယ်။ သူတို့အိမ်က ရေအိုးစင်က ရေကိုတောင် သောက်လို့ မရဘူး"

"အဲဒါနဲ့ အန်ကယ်နဲ့ ဒေါ်ဝင်းမင်းထွန်းတို့ ဘယ်လိုလမ်းခွဲခဲ့ကြပါသလဲ အန်ကယ် သိခွင့်ရရင် သိချင်လို့ပါ"

(အိမ်နိမ့်စံ) ဘဝတူ ချွေးမနှင့် ယောက္ခထီးတို့၏ ခံစားချက်များ အရှိန်မြင့်တက်နေကြသည်။ ဘဝ၏ အဆုံးအဖြတ်အဆုံးသတ်ကြပုံကို သိချင်နေကြသည်။

"အဘွားကြီး(ဒေါ်ထိပ်တင်သိန်း)ကွယ်လွန်သွားပြီဖြစ်လို့ အန်ကယ် အတူနေကြရအောင် ကြိုးစားပါသေးတယ်။ ဒါပေမယ့် သူ့အမေရဲ့ မှာတမ်းရှည်အရ လက်မခံခဲ့ပါဘူး။ အန်ကယ် လက်လျှော့ခဲ့ရပါတယ်–

"ဒါပေမယ့် မအေးဆေးဘူး သမီး။ သူတို့ရဲ့ နန်းစဉ်ရတနာပစ္စည်းတွေခိုးယူပြီး ဒီရွှေတောင်ကြားခြံကို ဝယ်တယ်လို့ သိက္ခာချတယ်။ ဒါကြောင့် သူ့ကားကို အန်ကယ်ရဲ့ပရာဒိုကားနဲ့ ပြည်လမ်းပေါ်မှာ လိုက်တိုက်ခဲ့တယ်။ သူ့ကား ဖင်ကောက်နှစ်လိမ့်လောက်လိမ့်သွားတယ်။ သူဘာမှ မဖြစ်ဘူး။ အန်ကယ်သွားကြည့်တယ်၊ သူ့ကို မသတ်ပါနဲ့။ သူမှားပါတယ်။ တောင်းပန်ပါတယ်ဆိုပြီး တောင်းပန်ခဲ့တယ်"

"ဒေါ်ဝင်းမင်းက ရဲစခန်း မတိုင်ဘူးလား။ အမှု မလုပ်ဘူးလား"

"မလုပ်ပါဘူး။ သူ့ဘာသာသူ စလစ်ဖြစ်ပြီး မှောက်တာပါလို့ ယာဉ်ထိန်းရဲကို အစစ်ခံပြီး သူ့အပြစ်အဖြစ်ခံခဲ့ပါတယ်--

"အဲဒီနောက်မှာတော့ အန်ကယ်နဲ့ စီးပွားဘက် နာစ့်မနော်အဲနေနဲ့ ယူလိုက်ကြပါတယ်သမီး"

"ဒါဆို အန်ကယ်က (မယားကြီးကို ကားနဲ့တိုက်၊ မယားငယ်ကို တိုက်နဲ့ကား)ဆိုသလိုဖြစ်သွားတာပေါ့ ဟဲဟဲဟဲ"

"ကဲ အန်ကယ် သမီးရဲ့ အိမ်နိမ့်စံ ဘဝအတွက် အထောက်အကူ များစွာဖြစ်လို့ အန်ကယ်ကို အထူးကျေးဇူးတင်ပါတယ်"

မနီ(ခ)နီနီမြင့်သည် မိမိဘဝပြုပြင်ပြောင်းရေး၊ တိုးတက်မြင့်မားရေးအတွက် အကြံဉာဏ်



www.burmeseclassic.com

www.burmeseclassic.com



လည်းရ၊ အတွေ့အကြုံလည်းရလေသောကြောင့် ကျေနပ်ခဲ့ရလေသည်။ ဘဝတစ်ခု အလှပြုရန် စိတ်ဆုံးဖြတ်လိုက်လေသည်။

မနီ (ခ) နီနီမြင့်သည် (ဒေးကာနက်ဂီ)၏ လူပေါ်လူဇော် လုပ်နည်း စာအုပ်ကိုလေ့ကျင့်ပြီး စီးပွားရေးကောင်းမွန်နေသော (ကေခက်ခက်ခိုင်)၏ ဆိုင်သို့ သွားရောက်ခဲ့သည်။

"အစ်မ နီနီ အလုပ်လုပ်ချင်တယ်။ ဘာလုပ်ရင်ကောင်းမလဲ"

"ညီမ အလုပ်လုပ်ချင်တာက ငွေလိုချင်လို့လား။ အပျော်အလုပ် လုပ်ချင်တာလား"

"အစ်မရယ် နီနီ့ဘဝအကြောင်း သိရက်သားနဲ့ ငွေလိုချင်လို့ပေါ့ အစ်မရယ်"


"ညီမ ဘာအလုပ်မှ လုပ်စရာမလိုဘူး။ အစ်မဆိုင်မှာ လာထိုင်နေ။ တစ်နေ့ နှစ်သောင်း သုံးေ[illegible] ငါးသောင်း ရစေရမယ်။ အစ်မကိုတော့(၃၀%) ပေးရမယ်"

"စိန်လိုက် အစ်မရေ စိန်လိုက်"

နီနီ၏ဘဝ၊ အလှတို့မှာ ယခင်ကလို (အနေစုတ်ပေမယ့် ရွှေထုပ်တဲ့မြပဝါ) မဟုတ်တော့ဘူး။ ဖြိုးဖြိုးပြောင်ပြောင် လှလှပပ။ ရှုမဝအောင် အလှအပတွေ ပိုနေသည်။ ညနေပိုင်း၊ ညနေပိုင်း ပြန်ရောက်လေတိုင်း လင်တော်မောင် ကိုအောင်အတွက် ခေါက်ဆွဲကြော်၊ ထမင်းကြော်၊ ထမင်းပေါင်း တစ်နေ့တစ်မျိုး မရိုးနိုင်အောင် အကြင်နာတရားတွေ ပိုနေလေသည်။

"ဒီမှာ နီနီ မင်းအလုပ်က ဘာအလုပ်လဲ ဘယ်မှာလဲ"

"အစ်ကိုကလဲ အစ်ကိုနောက်ပိုးခဲ့တဲ့ (မကေ) (ကေခက်ခက်ခိုင်)ရဲ့ ဆိုင်လေ။ ဆံပင်ညှပ်သူကညှပ်၊ ခေါင်းလျှော်ပေးသူကပေး၊ ဆံပင်ဆိုးပေးသူကပေး။ မျက်နှာပေါင်းတင်ပေးသူကပေး ကိုယ့်ကျွမ်းရာ ကျွမ်းရာပေါ့ အစ်ကိုရယ်"



အောင်အောင်သည် ဇနီးအပေါ် စိတ်မချလို့ မေးရသော်လည်း အိမ်နိမ့်စံ ဘဝမှာ စားရမဲ့၊ သောက်ရမဲ့၊ အဝတ်ဆင်းရဲအနေဆင်းရဲဘဝ ခါးစည်းခံနေရသူလေးမို့ ခွင့်လွှတ်ကျေနပ်ရလေသည်။

"သား အောင်အောင်



www.burmeseclassic.com

www.burmeseclassic.com



မင်း မိန်းမက အရင်နဲ့ မတူဘူး။ နေ့တိုင်းအပြင်ထွက်တယ်။ ပြင်လိုက်ဆင်လိုက်၊ ဝတ်လိုက်တာကလဲ မင်းသမီးတွေ၊ မော်ဒယ်တွေ အရှုံးပေးရမလောက်ပဲ။ သူဘာလုပ်နေသလဲ”

“အလှပြင် ဆံပင်ညှပ်ဆံပင်အလှပြင်ဆိုင်မှာပါ မေမေ”

“အေး မှန်မှန်ကန်ကန်တွေရှိသလို အရှုပ်ထုပ်တွေလဲရှိတယ်။ တို့ သိက္ခာထိမယ်နော်သတိထား”

“သားရဲ့ သူငယ်ချင်း (ကေခက်ခက်ခိုင်) ရဲ့ ဆိုင်မှာပါမေမေ”

မိမိ ရင်သွေး သားကလေး (သက်ပိုင်စိုး)မှာ အသက်လေးနှစ်အရွယ်သို့ ရောက်ရှိပြီဖြစ်၍ မူကြိုထားနေလျက်ရှိသည်။ သူတို့ သားအမိမှာ နှလုံးသားကသက်သေတည်ဆိုသကဲ့သို့ ရင်သွေးမှာ အတွယ်အတာရှိနေကြပါသည်။ သို့ရာတွင် (ချောင်းကြည့်၊ ပြုံးပြန်၊ ခွေးဟောင်ပြန်လစ်) ဆိုသကဲ့သို့သာ မြင်ရတွေ့ရသော သားအမိဖြစ်လေသည်။

(၅)

အချိန်ကား နံနက်(၁၁)နာရီခွဲအချိန်ခန့်တွင် ဖြစ်သည်။ ဦးဝင်းကျော်ထွန်းသည် ညီမဝမ်းကွဲဖြစ်သူ ဒေါ်ဝင်းမင်းထွန်းထံသို့ တစ်လတစ်ကြိမ်၊ နှစ်လတစ်ကြိမ် လာရောက် ကြည့်ရှုလည်ပတ်လေ့ရှိသည်။ ဒီနေ့လာရောက်ခဲ့ရာတွင် ခြံတံခါး ပွင့်နေသည်။ အိမ်မကြီး တံခါး လူခေါင်းလောင်းဖြင့် အကြိမ်ကြိမ်ခေါ်သော်လည်း မည်သူမျှ ထွက်မလာ။ အိမ်မကြီးသစ်သားတံခါးကြီးကို ထုရိုက်ခေါ်သော်လည်း မည်သူမျှ ထွက်မလာ။ (၁၉၉)သို့ အကြောင်းကြား အကူအညီတောင်းလိုက်သည်။ နယ်မြေရဲစခန်းမှ ရဲအရာရှိနှင့် အဖွဲ့ရောက်ရှိလာကြသည်။

“ကျွန်တော် ဦးဝင်းကျော်ထွန်းပါ ဆရာ။ ခေါ်မရတံခါးခေါက်မရလို့ တစ်ခုခု ဖြစ်နေမလားလို့ ဆရာတို့ထံ အကူအညီ တောင်းရတာပါ ဆရာ”

“ကဲ ဆရာတို့ နောက်ဖေးပေါက်၊ ပြတင်းပေါက်တွေပွင့်နေလား အနေအထားကြည့်ကြပါ”

“ဆရာ နောက်ဖေးပေါက် ပွင့်နေပါတယ်ဆရာ”

“ကဲ လာ အန်ကယ်ဆရာတို့ ကျွန်တော်တို့ ဝင်စစ်ကြည့်ကြမယ်”

ရဲအုပ် ကျော်စိန်လင်းသည် စံရိပ်ငြိမ်ခြံကြီးအတွင်းရှိ နှစ်ထပ် ရှေးအိမ်ကြီးသို့ ဝင်ရောက် စစ်ဆေးကြသည်။ အောက်ထပ်ဧည့်ခန်းဘေးရှိ အခန်းတွင် ဒေါ်ဝင်းမင်းထွန်းပါးစပ်မှ အမြှုပ်များထွက်ပြီး သေဆုံးနေသည်ကို တွေ့ရှိရသည်။

“ဆရာတို့ မြေပုံကြမ်းဆွဲပါ။ ဓာတ်ပုံ လေးဘက်ရိုက်ပါ။ ပါးစပ်က အမြှုပ်တွေကို ဂွမ်းနဲ့တို့ယူ သိမ်းဆည်း။ အလောင်းမှာ ဘာဒဏ်ရာရှိလဲ စစ်ပါ။ အလောင်းအနီးမှာ ဘာပစ္စည်းရှိလဲရှာပါ”

“ဆရာ ဟောဒီမှာ သော့တွဲကြီးဆရာ၊ သော့တွေကလဲ အများကြီးပဲ”

“အန်ကယ် သူတို့ မိသားစု ဘယ်နှစ်ယောက်ရှိလဲ”

“ဆရာ အောင်အောင်က သူ့သား၊ သူဇာက အိမ်အလုပ်သမား၊ သူ့မြေး (၄)နှစ်



www.burmeseclassic.com

www.burmeseclassic.com



သား သက်ပိုင်စိုး၊ နောက်ပြီး ခြံထဲက တဲအိမ်မှာနေတဲ့ အောင်အောင်ရဲ့ဇနီး မနီတို့နဲ့အတူ နေကြပါတယ်ဆရာ''

''အောင်အောင်က ဘယ်မှာလဲ''

''စက်ရုံမှာပါ ဆရာ''

''ဖုန်းဆက်ခေါ်ပေးပါအန်ကယ်''

ကျောင်းသွား ကြိုသော သူဇာနှင့် သက်ပိုင်စိုးတို့ ရောက်ရှိလာကြသည်။ အောင်အောင်လည်း ရောက်ရှိလာသည်။ မနီကိုလည်း ဖုန်းဆက်ခေါ်ထားကြသည်။ တုန်လှုပ်ချောက်ချားနေကြသည်။

''ကဲ ကျွန်တော်တို့ ဘာပစ္စည်းတွေ ပျောက်ဆုံးသလဲ ခြေရာလက်ရာ ပျက်သလဲ စစ်ကြည့်ရအောင်''

ရပ်ကွက် လူကြီးများ၊ အိမ်ရှင်များ၊ ဆွေမျိုးများရှေ့တွင် မီးခံသေတ္တာကြီးကို ဖွင့်ကြည့်သည်။ ငွေကျပ်သိန်းတစ်ရာ၊ ခြေရာလက်ရာ မပျက်တွေ့ကြသည်။ ရတနာပစ္စည်းထည့်ထားသော မီးခံသေတ္တာငယ်ကို ဖွင့်ကြည့်သည်။ ရတနာပစ္စည်းများ ခြေရာလက်ရာ မပျက် တွေ့ရသည်။ အဝတ်အစားဗီရိုကြီးကို ဖွင့်ကြည့်သည်။ နန်းဝတ်နန်းစား အဝတ်အထည်များ၊ မျက်မှောက်ခေတ်အဝတ်အစားများ၊ ခြေရာလက်ရာမပျက် တွေ့ရှိရသည်။

ရဲအုပ် ကျော်စိန်လင်းသည် ရဲလုပ်ငန်း လုပ်ထုံးနည်းအရ လုပ်စရာရှိသည်ကို ဆက်လက်ဆောင်ရွက်သည်။

''ကဲ ကျွန်တော်တို့ အလောင်းကို ဆေးရုံပို့ပြီး ရင်ခွဲစစ်ချက်ရယူမယ်---

''နောက်ပြီး ကျွမ်းကျင်တဲ့ စိန်အကဲဖြတ်၊ ကျောက်အကဲဖြတ်၊ ရွှေအကဲဖြတ် အကူအညီယူပြီး ပစ္စည်းစာရင်း လုပ်မယ်။ ပြီးတော့ ချိပ်ပိတ်ပြီး ကိုအောင်အောင်တို့ ဦးဝင်းကျော်ထွန်းတို့ထံ အပ်ခဲ့မယ်။ တာဝန်မယူနိုင်ဘူးဆိုရင်တော့ ကျွန်တော်တို့ ရဲတပ်ဖွဲ့က ထိန်းသိမ်းပေးပါ့မယ်''

(စိုင်ကော်လို့ ချုပေါ်ရောက်) ဆိုသကဲ့သို့ အိမ်နိမ့်စမနီ(ခ)နီနီမြင့်သည် အိမ်ကြီးပေါ်တွင် ခင်ပွန်းဖြစ်သူ အောင်အောင်၊ သားကလေးဖြစ်သည့် သက်ပိုင်စိုးတို့နှင့်အတူ နေထိုင်ခွင့်ရရှိခဲ့လေပြီ။ အိမ်မြင့်စံဘဝ ရောက်ရှိရလေသည်။

ရဲအုပ် ကျော်စိန်လင်းသည် လူသတ်မှုလော၊ လူသေမှုလော၊ ဝေခွဲမရ ဖြစ်နေရသည်။ ရာဇဝတ်ဆရာဝန်၏ ရင်ခွဲဆေးစစ်ချက်ကို စောင့်ပြီးမှသာ ဖြစ်မှု၏ အခြေအနေကို ကောက်ချက်ချနိုင်မည် ဖြစ်လေသည်။

ဆရာဝန်ထံမှ ဆေးစစ်ချက်ရရှိပြီ ဖြစ်သည်။ (သေသူသည် နှလုံးရောဂါ ရှိသူဖြစ်ကြောင်း ဆေးစာအုပ်အရ သိရသည်။ သေဆုံးရခြင်းမှာ ထိတ်လန့်မှု၊ ကြောက်ရွံ့မှု၊ ပြင်းထန်သော စိတ်လှုပ်ရှားမှုကြောင့် ဖြစ်ကြောင်း၊ သေသူအလောင်းတွင် မည်သည့်ဒဏ်ရာမျှ မရှိကြောင်း စစ်ဆေးပေါ်ပေါက်သည်။)

(၆)

သေမှုသေခင်းနှင့် ပတ်သက်ပြီး စစ်ဆေးတွေ့ရှိချက်များကို တရားခံမပေါ်ပေါက်သောကြောင့် လမ်းညွှန်မှု ပေးနိုင်ရန် ခရိုင်ရဲမှူးထံ တင်ပြသည်။

ခရိုင်ရဲမှူးက လူသတ်



www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်းယူမှုလည်းမဟုတ်၊ သေသူပိုင် ပစ္စည်းရယူရန်ပြုလုပ်မှုလည်း မဟုတ်သောကြောင့် (သေသူထံတွင်) သူ့ရတနာပစ္စည်းတွေထက် ငွေများနှင့်ပစ္စည်းများထက် တန်ဖိုးရှိသောအခြားပစ္စည်း၊ အရာဝတ္ထုများရှိခဲ့သလား၊ ကြားဖူးသလား၊ အနီးစပ်ဆုံးဆွေမျိုးများထံ စစ်ချက်ယူ တင်ပြရန် လမ်းညွှန်သည်။

ရဲအုပ် ကျော်စိန်လင်းသည် သေသူနှင့် အနီးစပ်ဆုံး ဒေါက်တာစမူရိုင်း၊ အောင်အောင်၊ မနီ၊ အိမ်အလုပ်သမသူဇာ၊ ဦးဝင်းကျော်ထွန်းတို့ထံမှ သတင်း အချက်အလက် စစ်ချက်ရယူခဲ့သည်။


(မေမြို့ ပြင်ဦးလွင် တစ်နေရာတွင်) ရှေးအိမ်ဟောင်းကြီးနှင့် သတင်းအချက်အလက် စစ်ချက်ရယူခဲ့သည်။ ဒေါ်ဝင်းမင်းထွန်း၏ အစ်ကို ဦးဝင်းကျော်ထွန်း၊ အစ်မ ဒေါ်ဝင်းကေခိုင်ထွန်းတို့ သုံးဦး အမွေဆိုင်များဖြစ်ကြသည်။ အမှုဖြစ် ပစ္စည်းအဖြစ်တရားရုံးက တားဝရမ်းကပ်ထားပြီး ချိပ်ပိတ်ထိန်းသိမ်းထားသည်၊ (ထိုအိမ်ကြီးအတွင်းမှာ မြေမြှုပ်ရတနာပစ္စည်းများ တွေ့ရှိသည်ဟု ကြားဖူးကြောင်း သတင်းအချက်အလက်ရရှိသည်။) ဦးဝင်းမောင်ထွန်း၊ ဒေါ်ဝင်းကေခိုင်ထွန်းတို့မှာလည်း ကွယ်လွန် သွားခဲ့ကြပြီး ဖြစ်ကြောင်းနှင့် သားသမီးများ ကျန်ရစ်ခဲ့ကြောင်း သိရှိရလေသည်။

ခရိုင်ရဲမှူးကြီး၏ လမ်းညွှန်ချက်အရ ရဲအုပ် ကျော်စိန်လင်းသည် ပြင်ဦးလွင်မြို့ရဲတပ်ဖွဲ့နှင့် ဆက်ကြောင်းယူသည်။ အမွေဆိုင်အိမ်ကြီးအနီး ကင်းပုံးဝပ်စေသည်။ စောင့်ကြည့်စေသည်။

အတာကူးသည့် လတန်ခူးအခါသမယတွင် ဖြစ်သည်။ ပြင်ဦးလွင်မြို့တစ်ခွင် ပြပြစ်စင်အောင် သင်္ကြန်ရေပက်ကြ၊ သင်္ကြန်မဏ္ဍပ် အလှပြပွဲများကြည့်ကြဖြင့် ပျော်ပျော်ပါးပါးလှုပ်ရှား ရေကစားနေကြသည်။ သက်ကြီးရွယ်အိုများမှာလည်း ဘုရားသွား၊ ကျောင်းသွား၊ တရားစခန်းဝင်ကြသောကြောင့် ရှေးဟောင်းအိမ်ကြီး ပတ်ဝန်းကျင်မှာ တိတ်ဆိတ်နေသည်။

ရဲအုပ် ကျော်စိန်လင်းနှင့် တပည့်များမှာ သင်္ကြန်ရေပင် မထိလိုက်ရ။ တာဝန်အပြည့်ဖြင့် အိမ်မည်းကြီးကို စောင့်ကြည့်နေရသည်။ အိမ်မည်းကြီး၏ နောက်ဘက် သစ်ပင်ကြီး၏မှောင်ရိပ်ခို အကာအကွယ်ယူပြီး လူလေးယောက် ဝင်လာကြသည်။

"ဝင်ပေါက် တံခါးကြီးမှ ခြေလမ်း (၁၁)လမ်း၊ မျက်နှာချင်းဆိုင်တောင်ဘက်နံရံသို့ ခြေလမ်း (၁၁)လမ်း၊ နောက်ဖေးဘက်တွင် ထွက်ပေါက်မှာ ခြေလှမ်း (၁၅) လမ်း၊ အလယ်ဆုံရာအရပ်မှ ဘုရားစင်အထိ ခြေလှမ်း (၁၅) လမ်း"




ရဲအုပ်ကျော်စိန်လင်း



www.burmeseclassic.com

www.burmeseclassic.com



နှင့် တပ်ဖွဲ့ဝင်တို့သည် ဘာဆက် လုပ်ကြမလဲ၊ လုံခြုံသတိဖြင့် ဆက်လက် စောင့်ကြည့်နေကြလေသည်။ ဖြစ်ပေါ်လာနိုင်သည့် အခြေအနေအပေါ် မည်ကဲ့သို့ ဆောင်ရွက်ရမည်ကိုလည်း စောင့်ကြည့် ပြင်ဆင်နေကြသည်။

"ကဲ ဒေါ်ဝင်းမင်းထွန်း ပြောတဲ့ စကားနဲ့ သူပေးတဲ့ မြေပုံအရ တစ်တပ်တည်းကျတယ်ကွ။ ကဲ ဒီနေရာကို တူးကြဟေ့"

အိမ်မည်းကြီးအောက်တွင် သိုက်တူးရန် လာရောက်သူလေးဦးတို့သည် ပေါက်တူး၊ ပေါက်ပြား၊ ပုဆိန်၊ သံတူရွင်းတို့ဖြင့် တူးဖော်ကြသည်။ မြေပုံကိုလည်း ကြည့်ရှုကြသည်။ (၄)ပေခန့်အရောက်တွင် မီးခံသေတ္တာ (၂ ပေ × ၃ ပေ) တစ်လုံးတွေ့ရှိကြသည်။

"အောင်ပြီ အောင်ပြီ"

ပြိုင်တူ အော်လိုက်ကြလေသည်။ မျက်နှာများလည်း ပြုံးပြုံးရွှင်ရွှင်၊ လောဘပီတိဖြစ်နေကြသည်။ မီးခံသေတ္တာငယ်ကို ရယူလိုက်ပြီး ဆေးကြောနေကြသည်။

"အားလုံး လက်မြှောက်လိုက်ပါ။ အေးအေးဆေးဆေး အဖမ်းခံကြပါ။ ပစ်ထည့်လိုက်မယ်"

"မင်းတို့က ဘာကောင်တွေလဲ၊ ရဲဝတ်စုံဝတ်တိုင်း ရဲလို့ယုံရမှာလား။ သူခိုးလက် သူဝှက်လုတဲ့ကောင်တွေ ကဲကွာ ပြောင်းဖြန်းအွန့် ဒုတ် ဒုတ် အား အား"

ရဲအုပ် ကျော်စိန်လင်းတို့ အဖွဲ့လေးယောက်နဲ့ လူဆိုးအဖွဲ့ လေးယောက်တို့ အပြန်အလှန် ဖိုက်နေကြသည်။ (ဆန်နီချီးပန်း)၊ (ဂျက်ကီချမ်း)တို့၏ ဇာတ်ကြမ်း၊ ဇာတ်လမ်း၊ ဖိုက်တင်ခန်းကြည့်နေရသည့် အလားပွဲကောင်းလှပေသည်။ ရဲအုပ် ကျော်စိန်လင်း၏ သိုင်းကွက်၊ တိုင်ကွမ်ဒို၊ ဂျူဒို ပညာစွမ်းအား လူဆိုးများ၊ မယှဉ်နိုင် အတုံးအရုံးမှောက်ကုန်ကြ လေသည်။ လူဆိုးများကို လက်ထိတ်ခတ်ဖမ်းဆီးလိုက်ကြသည်။



(၇)

ရဲအုပ် ကျော်စိန်လင်းသည် နယ်မြေခံ ပြင်ဦးလွင်မြို့ ရဲတပ်ဖွဲ့၏ အကူအညီဖြင့် ရပ်ကွက်လူကြီးများနှင့်အတူ ရဲစခန်းသို့ခေါ်ယူ ပဏာမ စစ်ကြောရေး လုပ်သည်။ စိန်၊ ကျောက်၊ ပတ္တမြား၊ ရွှေရတနာပစ္စည်း အကဲဖြတ်များဖြင့် မီးခံသေတ္တာကို ဖွင့်ဖောက်ပြီး စာရင်းပြုလုပ်သည်။ ပြင်ဦးလွင်မြို့ ရဲစခန်းအပိုင်တွင် ပြုလုပ်သော ပြစ်မှုဖြစ်သော်လည်း ရန်ကုန်မှ လူသေမှုနှင့် ဆက်စပ်မှုရှိ-မရှိ စစ်ဆေးရဦးမည် ဖြစ်သည်။ ရတနာပစ္စည်းများ၏ ကာလတန်ဖိုးမှာ



www.burmeseclassic.com

www.burmeseclassic.com



အတော်ကြီးမားသည်။

ခရိုင်ရဲမှူး၏ လမ်းညွှန်ချက်အရ ရတနာပစ္စည်းများကို ပြင်ဦးလွင်မြို့ရဲစခန်းတွင် အပ်နှံခဲ့သည်။ တရားခံ လေးဦးကို ရန်ကုန်သို့ ခေါ်လာပြီး စစ်ကြောရေးလုပ်သည်။

ရဲအုပ် ကျော်စိန်လင်းသည် တရားခံ လေးဦးတို့အား သီးခြားခွဲပြီး စစ်ဆေးခဲ့သည်။ တရားခံများက အမှန်ကို အမှန်အတိုင်း ဖြောင့်ဆိုချက်ပေးပြီး ထွက်ဆိုသောကြောင့် အချိန်တိုအတွင်း တရားစွဲဆိုနိုင်သည့် အခြေအနေကို ဆိုက်ရောက်ခဲ့လေသည်။

"အခုလို အမှန်ကို အမှန်အတိုင်း ဝန်ခံတာ ကောင်းပါတယ်။ ကိုထွန်းထွန်းက ၎င်းအဖေ ဦးဝင်းမောင်ထွန်းရဲ့ အမွေကိုရယူလိုမှု၊ ကိုလှမြင့်ထွဋ်က မိခင်ကြီး ဒေါ်ဝင်းကေခိုင်ထွဋ်တို့ရဲ့ အမွေပုံဝေစုကို အဒေါ်ဖြစ်သူ ဒေါ်ဝင်းမင်းထွန်းထံမှာ ဖြတ်လမ်းနည်းနဲ့ ရယူဖို့ ပြုလုပ်ရာက ဒီရာဇဝတ်မှုကို ပြုလုပ်ကြခြင်း ဖြစ်ပါတယ်"

"ဟုတ်ပါတယ် ဆရာ ဟုတ်ပါတယ်"

တရားခံ ထွန်းထွန်း၊ လှမြင့်ထွဋ်တို့နှင့် ၎င်းတို့၏ တပည့် နှစ်ဦးတို့က အမှုဖြစ်စဉ် အမှုပြုလုပ်မှုများကို ဝန်ခံသောကြောင့် အချိန်တိုအတွင်း တရားစွဲဆိုနိုင်ပြီ ဖြစ်ပေသည်။

အမှုကိုင် ရဲအရာရှိက ခရိုင်ဥပဒေရုံးသို့ ဥပဒေအကြံပြုချက်တောင်းခံသည်။ ခရိုင်တရားရုံးက တရားခံများအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၄(က)၊ ၃၈၀/၁၁၄ ဖြင့် တရားစွဲဆိုင်ရန် အကြံပြုချက်ပေးသည်။

ထို့ကြောင့် တရားစွဲရဲအရာရှိက ခရိုင်တရားရုံးတော်သို့ တရားစွဲဆိုတင်ပို့သည်။ ရုံးတော်မှ ပြစ်မှုကြီးမှု အမှတ် (၀၀၇/၁၂)ဖြင့် လက်ခံစစ်ဆေးကြားနာခဲ့သည်။

တရားခံများက ပြစ်မှုပြုလုပ်မှုများကို ဝန်ခံဖြောင့်ချက်ပေးခဲ့သည့်အတိုင်း အမှုကို ဝန်ခံထွက်ဆိုကြသည်။ ရုံးတော်မှ တရားလိုဘက်ဆိုက်၊ တရားခံဘက်ဆိုက်တို့ကို ကြားနာပြီးဖြစ်၍ အမိန့်ချရန် ချိန်းဆိုသည်။

## "အမိန့်"

အဘ– ဝင်းမောင်ထွန်း၏ သား ထွန်းထွန်းနှင့် အဘ– ဦးဝင်းမြင့်၏သား လှမြင့်ထွဋ်တို့သည် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၄(က)လူသေမှု၊ ၃၈၀ ခိုးမှုတို့ကို ပြုလုပ် ကျူးလွန်ကြောင်း ထင်ရှားသောကြောင့် အလုပ်နှင့်ထောင်ဒဏ် (၁၀)နှစ်စီ ကျခံစေ။ အဘ– ဦးမောင်ကြီး၏သားမောင်မောင်၊ အဘ– ဦးကြီးမောင်၏သား မောင်ပြုံးတို့သည် ပြစ်မှုပုဒ်မ ၁၁၄ အားပေးကူညီမှုကို ပြုလုပ် ကျူးလွန်သောကြောင့် အလုပ်နှင့်ထောင်ဒဏ် သုံးနှစ်စီကျခံစေ။ သက်သေခံ ရတနာပစ္စည်းများကို အမွေစီမံမှုတရားရုံးအစီအမံဖြင့် အမွေရှင်တို့အား ပေးအပ်စေ။ (ဘယ်သူမပြုမိမိမှု)။

မောင်မောင်စိန်လင်း
(နတ်မောက်)



www.burmeseclassic.com

www.burmeseclassic.com







# အပုလှိုင်း



## ရဲတံခွန်



www.burmeseclassic.com

www.burmeseclassic.com



## အပူလှိုင်း

**ရဲတံခွန်**

လေရှူးက ဝှန်းခနဲ ပင့်တိုက်လိုက်၏။

မြသားရောင် ရိုးတံတို့သည် အပိုင်းပိုင်းပြတ်ကျကုန်သတည်း။

* * *

ဥတုက ဖောက်ပြန်နေ၏။ ပကတိ မြေသားသည်ပင် ဟက်တက်ကွဲလာသည်။ ပွဲ၌ ပွဲ၌ လွင့်ထွက်သွားကြပြန်လေ၏။

ဟုတ်ပေ့ ... ပူလိုက်ပြန်သည့် နေ၊ မီးထတောက်ခမန်း၊ သစ်ပင် ပန်းမာလာတွေ အရှိန်ပြိုင်းပြိုင်း။ တကယ်ပဲ နေပူလေပူ ဖုန်မှုန့်တွေ သဲလုံးတွေ လှိုင်းတံပိုးပမာ အကြားက ကျွန်တော့် ခြေလှမ်းသည် မရပ်တန့်နိုင်ပါ။ စိတ်ပူရင်ပူတို့သည် နေပူကို စိုးမိုးထားနိုင်လေ၏။

ကျွန်တော့် ရုပ်ခန္ဓာသည် ချွေးဖုန်အလိမ်းလိမ်း ပြာလူးထားသော မျောက်အိုကြီးနှယ် ဖြစ်နေပြန်၏။ မြင်ရသူများ မသတီစရာပင်။ ချွေးစက်ချွေးနံ့တို့ကလည်း ဟောင်ပုပ်နေပြန်လေ၏။ (၉)မိုင်ခန့် ခရီးလမ်းကို (၃)နာရီခန့်အပြင်းနှင်ခဲ့ရသည် မဟုတ်ပါလား။

ဇကျုန်းရဲစခန်းနှင့် (၉၉)ချောင်း ပေါင်းဆုံလာသည်ဟု ဆိုသော ဆင်တဲဝ ချောင်ကြီးသည်လည်း ဖြတ်ကျော် ကျန်ရစ်ခဲ့ပြီ။ တောင်သာမြို့ငယ်လေးသို့ ရောက်ပြီး မီးရထားဘူတာ အတွင်း၌ လူအများ ငိုက်မျဉ်းနေကြသည်။ သည်နေ့မှ ရထား နောက်ကျနေပြန်သည်။

တမာ တစ်ပင်က ထူးထူးခြားခြား ကိုးတိုကျဲတဲ အရိပ်ထွက်နေ၏။ကျွန်တော် သည်နေရာ၌ နားခိုလိုက်သည်။ ကျွန်တော် နားခိုနေသည့် အရိပ်တွင် သူတို့ အရိပ်မခိုလိုကြ၊ လှည့်ပင်မကြည့်၊ ရှောင်ကွင်းသွားကြသည်ချည်း။

နဖူးမှ ချွေးတို့ တဖြိုက်ဖြိုက် စီးဆင်းကျလာ၏။ ချွေးစိုနေသော လက်နှင့် အိတ်ကပ်ထဲမှ စာကို ဆွဲထုတ်လိုက်မိသည်။ မညီညာ မသပ်ရပ်သော ချစ်ဖနီးထံမှ သည်စာကို ပထမအကြိမ်ဖတ်လိုက်မိတော့၏။

နွေသရုပ်ကို လွှမ်းစဖွယ်ဖော်ကျူး သီဆိုတတ်လေသည် ဆိုသော ဥသြငှက်ပျိုသည် ဟိုးအဝေးတစ်နေရာက တွန်သံပေးနေ၏။ သဲ့သဲ့လေး ကြားနေရသည်။

* * *

"ဟော့ ... မောင်၊ ဟော့ ... မောင် "

ဟု ကန္တဲ့ကရနှင့် ခေါ်တတ်သည်တော့မဟုတ်၊ ကျွန်တော့်ကို ခေါ်သည်တိုင်း သည်သို့သာ။ ဤသည်ကို မရင့်သီးပါ။ မထိတတိလေးခေါ်ခြင်းမျှသာ၊ စာရေးပြီးဆိုလျှင်ပင် "ဟော့ ... မောင်" ဟူ၍ခေါ်ပြီး ရေးတတ်စမြဲ ဖြစ်သည်။ ဤသို့ ခေါ်သံလေးနှင့် ရေးလိုက်သည့်စာ ဖတ်ရလျှင် ဘဝင်အေးမြ ကျေနပ်နေတတ်ပါသည်။ အားအင်တို့ ပြည့်ဖြိုးလာတတ်ပြန်ပါ၏။

ကဲ ... ကြည့်

"ဟော့ ... မောင်၊ မောင့် သားလေးပေါ့။ ည ည အိမ်လည်သွားသလို ပျောက်သွားတတ်တယ် မောင်ရဲ့။ ရှိရှိလဲ သားလေးကို လိုက်ရှာတာပဲ မတွေ့ဘူး။

နေ့စဉ် ရက်ဆက်တော့



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူး မောင်၊ ချော့တစ်ခါ ချောက်တလှည့်နဲ့မေးတော့ . . .

"အမေနဲ့ ညီမလေးတွေကို သနားလို့ဗျတဲ့" မျက်ရည်လေး တရစ်ဝဲဝဲနဲ့၊ သည်တော့ ဆူမယ့်ကြိမ်းမယ့် စကားတွေ တစ်ဆို့နေပြီပေါ့။ တစ်နေ့ပေါ့ မောင်ရယ်၊ ညဦးနက်သန်းခေါင် ညမှောင်မှောင်မှာပေါ့။ ခြေသံလုံလုံနဲ့ အိမ်ပေါ်ကို ကုပ်ကုပ်လေးတက်လာတယ်။ "သူခိုး" လို့အော်မိတော့မလို့။ သားလေးက သိပ်ပြီးအကင်းပါတာ သိလား။

"အမေ မအိပ်သေးဘူးလားဗျတဲ့"လေ။ အသံလေးတွေ တုန်လို့၊ မောဟိုက်နေသလိုပဲ မောင်၊ သားလေး ကိုယ်မှာလဲ ချွေးတွေ ရွှဲရွှဲစိုလို့၊ သူ့အင်္ကျီချွတ်လဲပေးတော့ နောက်ကျောမှာ ကြိမ်ရာနှစ်ချက်နဲ့၊ သွေးထွက်လုခမန်း၊ အစင်းရာကြီးတွေနဲ့လေ။ ရီရီလည်း သားလေးကိုဖက်ပြီး ငိုချပစ်လိုက်တယ်သိလား။

"သား သား ဘယ်သွားနေလဲကွယ်လို့" ချော့မော့မေးပြန်တော့လဲ၊ သူက–

"သား အ,နလို့ ခံရတာ အမေရဲ့တဲ့။ အရှောင်အတိမ်းမတတ်တော့ သား ခံရတာပေါ့ဗျ"လို့ပဲ ပြောတာ။ ဒီလိုတွေ မကစားနဲ့ သားလို့ တားခဲ့မိတယ်။ သိုင်းကစားကြတယ်ထင်တာကိုး မောင်ရဲ့၊ သားလေးက ဘာပြောသလဲသိလားမောင်ရဲ့၊

"အမေ မနက်ကို ထမင်းချက်ပါဗျာ ဟိုမှာဆန်တဲ့" ပြတယ်။ ဟုတ်တယ်မောင်ရယ်၊ သမီးလေး၊ သားလေးတွေကို ဆန်ပြုတ်ချည်းကျွေးရတဲ့ရက်က မနည်းတော့ဘူး။ "အေး အေး စိတ်ချ သား အိပ်တော့ အမေ ထမင်းချက်ကျွေးလိုက်မယ်"လို့ ချော့မော့ သိပ်ရတော့တယ်။

ရထားဝင်လာပြီ၊ ဝင်လာပြီ၊ လူတွေလှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။ အားရဝမ်းသာ ဖြစ်သွားကြလေသည်။ ချစ်ဇနီးထံမှ စာကို ဖတ်၍မဆုံးမီ သည်စာကို ပြန်သိမ်းလိုက်ရသည်။ တောင်စွယ်တွင် နေကွယ်လုလု အချိန်ဖြစ်နေပြီ။

❦ ❦ ❦

ကျွန်တော်သည် ကျောပိုးအိတ်ကို တင်းတင်းလွယ်လိုက်၏။ ပြီးတော့ နေရာရဖို့ အလုအယက်တက်ရသည်။ တစ်နေရာအတွက် မနည်းကြီးကြိုးစားခဲ့ရ၏။

"ဆရာ ဆရာ့ကို ခေါ်နေတာ ရှင့်––ရဲ့"

မိန်းမပျို၏ အသံသာသာလေး ပေါ်လာသည်။ ကျွန်တော့်ကို ကြည့်ပြီး ပြောလာပြန်၏။

"ဗျာ ကျွန်တော့်ကို လား"

---

**"သား အ,နလို့ ခံရတာ အမေရဲ့တဲ့။ အရှောင်အတိမ်း မတတ်တော့ သားခံရတာပေါ့ဗျ"**



www.burmeseclassic.com

www.burmeseclassic.com



"စိမ်း ...ကို မမှတ်မိတော့ဘူးလား ဆရာရယ်"

"ခက်လိုက်ပါ ဘိတော့"

ရဲတင်းလွန်းလှချည့်ရဲ့လား စိမ်း ဆိုသူရယ်။ ထိုင်ချလိုက်သည်မှာ လူချင်းထိလုနီးပါလား၊ သူလေးအတွက် ကျွန်တော် တစ်ဖက်သို့ ဖိထိုးပေးလိုက်မိသည်။

"သေတော့မယ်။ တကတည်းတော် ...တိုးလှချည့်လား"

မကျေမချမ်း နိုင်သည့် တစ်ဖက်မှ အမျိုးသမီးကြီး အသံပေါ်လာ၏။

"အို ... ရှင် ခရီးသည်ချင်းပဲ"

စိမ်းဆိုသူက ဝင်ပြော၏ ၊ ပြီးတော့..

"မဟုတ်ဘူးလား ... ဆရာရယ် ...နော်"

ဟုကန္တဲ့ကလျနှင့် ပြောလာပြန်၏။

ကျွန်တော် စိမ်း ဆိုသူလေးကို အထပ်ထပ် စဉ်းစား၏။ သတိမရ။ မန္တလေးသူလား၊ ပျဉ်းမနားသူလေးလား၊ သူ့ရုပ်သဏ္ဍာန်ကို ရှာမတွေ့ခဲ့နိုင်။ သည်တော့ သည် စိမ်းဆိုသူသည်..

"အို သည်သို့ စိမ်းလည်းမဖြစ်တန်ရာ"

"ဆရာ ပျဉ်းမနားမှာ နေဖူးတယ် မဟုတ်လား"

"ပျဉ်းမနားသားပဲ စိမ်းရဲ့၊ တာဝန်နဲ့လဲ နေခဲ့ဖူးပါတယ်"

"ဆရာ အမှုစုံထောက် မဟုတ်လား။ ဆရာသောင်းရယ် ...ဟဲ ..ဟဲ"

"ဟုတ်တယ်လေ စိမ်းရဲ့" ကန္တဲ့ကလျသံဖြင့် ပြန်စလိုက်မိ၏။

"ဒါနဲ့များ ဆရာရယ် စိမ်းကို" သည်သို့ပြောသည်။ ပြီးတော့ ... လက်ကိုင်အိတ် "ဖစ်"ကို"ဗြိ"ခနဲ မြည်အောင် ဆွဲဖွင့်လိုက်သည်။ ရာတန်ဆယ်တန်တို့ အထပ်လိုက် မြင်တွေ့နေရ၏။ ကျွန်တော်သည် ကြက်ဥရသော ကျီးကန်းနှယ် မလုံမ





www.burmeseclassic.com

www.burmeseclassic.com



လဲဖြစ်သွားသည်။ ငွေတွေ ပေါချင်သူမှာ ပေါနေပါလား'' ဟူ၍သာ။ ပြီးတော့ မှန်ဝိုင်းလေးက သူ့မလက်ထဲပါလာ၏။ သူ့မျက်နှာ လှလှလေးနှင့် မိတ်ဆက်ပေးလိုက်သည်။ နှုတ်ခမ်းလှသည့် တို့ပတ်လေးနှင့် စို့နေသော ချွေးဖုန်တို့ကို ဖိနေလိုက်သည်။

ချွေးဖုန်တို့ အလိမ်းလိမ်း ဖြစ်နေသော ကျွန်တော်က သူလေးကို အားနာရသည်။

''ငါ့ ချွေးနံ့တွေ နံနေမှဖြင့်'' သည်စေတနာပင်ဖြစ်၏။ တစ်ဖက်သို့လည်း တိုးကပ်ရန်မဝံ့ရဲ။ သည်တော့ နေရာဖယ်ပေးရုံမှအပ အခြားနည်းလမ်းမရှိ၊ နေရာဖယ်ပေးရမည်။

ကျွန်တော် ထ,ရပ်လိုက်မိ၏။ သူမက ကျွန်တော့်အင်္ကျီစ,ကို လျင်မြန်စွာ ဆွဲကိုင်ထားသည်။

''စိမ်း သိတယ် ဆရာရဲ့၊ ပြန်ထိုင်''အမိန့်သံလေးလိုပြောသည်။ လွန်မင်းစွာ အံ့ဩမိလိုက်၏။ အလွန်အကင်းပါးလျင်သူလေးဟု–

''ခဏလေးပါကွယ်။ ခါးဆန့်မလို့ပါ''

''ဟင့်အင်း မရဘူး''

သူ့ စကားသံနှင့်အတူ ရထားကြီးသည်လည်း မောကြီးပန်းကြီးသဖွယ် ရပ်လိုက်လေ၏။

* * *

မိတ္ထီလာ ဘူတာသို့ ရထားဝင်ပြီကော။ ရဲတပ်ဖွဲ့နှင့် ရှာဖွေရေးအဖွဲ့တို့ တက်လာကြ၏။ ရှာကြ၊ ဖွေကြ၊ ဖမ်းကြပြီ။ သည်တော့ သမင်မ မျက်လုံးလေးကဲ့သို့ လှပရွှန်းလက်နေသော သူမ၏ မျက်လုံးလေးများသည် ဖီးကွက်မ မျက်လုံးလေးကဲ့သို့ ဝိုင်းစက်သွားလေ၏။ စိုးထိတ်ရွံ့လန့်မှုများ အထင်းသားပေါ်လာ၏။

ကျွန်တော်မှအပ မည်သူမှ မရိပ်မိကြ။

''စိမ်း စိတ်မချမ်းသာလိုက်တာ ဆရာရယ်''

''ဘာဖြစ်လို့လဲ … စိမ်းရဲ့''

''ဟို လွန်ခဲ့တဲ့ ငါးရက်ခန့်ကပေါ့ 'စိမ်း' ပျဉ်းမနားဘူတာမှာ ရှိတဲ့ ည''

''ဆိုစမ်းပါဦး''

''ရထားတွဲ ဆန်ချူယူတဲ့ ကောင်ကလေးကို ရဲကြီးက ကြိမ်နဲ့ဆော်လိုက်တယ် ဆရာရဲ့''

''ဆော်မှာပေါ့ ခိုးတာကိုး၊ သူခိုးလေးပဲ''

''အာဂ ကောင်လေး ဆရာရဲ့၊ ခင်ဗျားတို့ ဆန်သုံးလုံးလောက်ရှိတာ မကျေနပ်ရင် တစ်ခါတည်း သတ်ကြစမ်းဗျာ'' တဲ့။

''ရော့ ဆရာ၊ ခဏ'' သူတို့ အနီးသို့ရောက်လာသည်။ သူကစကားလွှဲလိုက်ပြီး တိုးတိုးညင်ညင်ပြောကား တစ်ခဏ

**သူ့ စကားသံနှင့်အတူ ရထားကြီးသည်လည်း**

**မောကြီးပန်းကြီးသဖွယ်**

**ရပ်လိုက်လေ၏။**



www.burmeseclassic.com

www.burmeseclassic.com



ချင်းပင် လက်ကိုင်အိတ်လှလေး ရင်ခွင်ပေါ်သို့ ဖျတ်ခနဲ ကျလာ၏။ သူလေးက တည်ငြိမ်သော ဣန္ဒြေနှင့် မှင်ကောင်းကောင်း ဖြစ်နေသည်။

ကျွန်တော်သည်လည်း ခရီးသွားလာခွင့်အမိန့်နှင့် ရထားစီးလက်မှတ်ကို စစ်ဆေးခံပြီးဖြစ်၏။ သူတို့အဖွဲ့ ဖြတ်ကျော်သွားကြပြီ။ ရထားသည်ပင် ထွက်ခွာနေလေပြီ။ ဖိုးလှိုက်သလို တုန်ယင်သလို ဖြစ်နေလေသော "စိမ်း"ဆိုသူ၏ ရင်မို့မို့သည် ငြိမ်စ, ပြုလာသည်ကို သတိထားလိုက်မိ၏။ "စိမ်း" ဖာတိပြုလာပြီ၊ငွေရောင်ကြွ၍ လှပလွန်းလှသော စီးကရက်ဘူးသည် သူလေး၏ လက်ထဲတွင် အရောင်တဟပ်ဟပ် ဖြစ်နေ၏။

"ရော့ ... ဆရာ၊ သောက်လေ"

"ဆေးလိပ် မသောက်တတ်ဘူး စိမ်းရဲ့"

"ဩော်"

ဟန်ပါပါ ယိုးဒယား မီးခြစ်လေးကို ခြစ်လိုက်၏။ ပြီးတော့ စီးကရက်ကို မီးတို့လိုက်သည်။ ဖွာရှိုက်လိုက်သည်မှာ သုံးလေးရှိုက်၊ အငန်းမရ၊ သူလေး၏ နှုတ်ခမ်းလေးတို့သည်လည်း တဆတ်ဆတ် တုန်ယင်နေသလိုလို။

ညှော်နံ့ သင်းခနဲ ပျံ့ထွက်လာ၏။ ဟုတ်ပြီ၊ ကျွန်တော် သည်လောက်ဖြင့် မညံ့တောရဲဖြစ်သော်လည်း မြို့ရပ်မှာ လက်တွေ့ မရှိသော်လည်း စာတွေ့ရှိ၏။ လေ့လာပြီးသား။

"စိမ်း" ကျွန်တော် ဆတ်ဆတ်ကလေး ခေါ်လိုက်သည်။

"ဘာလဲ ...ဟင် ... ဆရာ"

မျက်တောင် ကော့ကော့လေး မှိန်းပြီး ကြည့်၍ပြန်ထူးသည်။

"ဘာလဲ ... ဆရာ ... ရှင်" ထပ်တုံ့လာချေသေး။

"စိမ်း စီးကရက် ဘိန်းဖြူ မဟုတ်လား"

"ဘာဖြစ်လဲ . ဆရာ ရှင်ရယ်"

"စိမ်း ရုပ်ရည်နဲ့"

"ဒါ အဆန်းလား ဆရာရဲ့"





www.burmeseclassic.com

www.burmeseclassic.com



"သေလမ်းကို ဖြတ်လမ်းက လိုက်ချင်နေပြီလား စိမ်း"

"အို ... ဆရာ ကြည့်စမ်း စိမ်းကို"

သူလေး၏ ဝဝတစ်တစ် ကိုယ်ခန္ဓာလေးကို လှုပ်ပြသည်။

"ဒီပုံမျိုး ချိုးရင် ဒီလုချင်းမျိုးက တခဏရယ်ပါ စိမ်း"

"ဒါ နှစ်ဆယ်ရာစု ခေတ်လေ ဆရာရဲ့၊ ဟင်း ---ဟင်း"

စိမ်း၏ မခိုတရို ရယ်သံလေးလွှမ်းနေသည်။ ရထားကြီး ငြိမ့်ခနဲရပ်သွားသည်။ တစ်ဘူတာသို့ ဆိုက်ပြန်ပြီ။ သည်တော့ ဆင်းသူတက်သူတွေ ရှုပ်ယှက်ခတ်နေသည်။ ဆူညံပွသံတွေက စိတ်မချမ်းမြေ့ဖွယ်ရာ ဖြစ်သည်။ လေပြင်းသည် ဆောင့်၍ ဝင်လာတတ်သည်။ အပူရှိန်သည် သိသိသာသာ သက်သာသွား၏။ "စိမ်း"ထံမှ အသက်ပြင်းပြင်း ရှူရှိုက်ပေါ်လာသည်။ ကျွန်တော်သည်ပင် အိပ်ငိုက်၍ 'မေ့ခနဲ'ဖြစ်သွားသည်။ စူးစူးဝါးဝါး သည်အသံကြောင့် လန့်နိုးလာ၏။

"ရေ ... ရမယ်၊ ရေတဲ့"

သာစည် ဘူတာသို့ ရထားဆိုက်မှန်း "စိမ်း'မသိသေး။ လှုပ်ပင်မလှုပ်၊ ဆင်းသူတွေ ပျားပန်းခပ်မျှ ဖြစ်နေသည်။ သည်လမ်း သည်ခရီးသည် ဆုံးနေလေပြီ မဟုတ်ပါလား။

စိမ်း ဆိုသူ၏ ငိုရှိုက်သံလေး လွှမ်းနေလေပြီ။ အချုပ်ခန်းသံတိုင်ကြားမှ မိန်းမလှလေး၏ မျက်ဝန်းညိုညိုလေးကို အမှတ်တရ ဖြစ်ခဲ့ရသည်။

"ခွင့်လွှတ်ပါ။ စိမ်း ရယ်၊ မင်းဘဝ ထာဝရ သာယာစေဖို့ပါ"

❦ ❦ ❦

ဘဝတစ်ခု ပြုပြင်ပေးနိုင်ခဲ့သော်လည်း ရင်နင့်ခဲ့ရသည်။ "စိတ်"မှာ လန်းဆန်းမှု မရှိတော့။ ထိုင်းမှိုင်းလေးလံလို့ ဖြစ်နေသည်။ ရထားပြေးနှုန်းသည် မြန်ဆန်လှသည်။ ပျဉ်းမနားသို့ ရောက်လိုသည့် ဆန္ဒသည် ပြင်းပြလွန်းနေ၏။ ရှည်လျားလိုက်သည့် သည်ခရီးကြောင့်–

စိတ်နွမ်း ကိုယ်နွမ်း၍ နေလေပြီ။ မလှုပ်ချင်တော့၊ ညဥ့်နက်လာသည် နှင့်အမျှ လေနုအေးက ပို၍ရလာသည်။ ပင်ပန်းနွမ်းနယ်မှုကို သည်လေနုအေးက ယုယုယယ ထွေးပိုက်လေသည်။ နှစ်နှစ်ခြိုက်ခြိုက် အိပ်ငိုက်သွား၏။ လေးလံလွန်းသော အထုပ်ကြီးတစ်ထုပ် ခြေဖမိုးပေါ်ပစ်ကျလာ၏။ ကျွန်

**"ဒီပုံမျိုးချိုးရင်**

**ဒီလုချင်းမျိုးက တခဏရယ်ပါ**

**စိမ်း"**



www.burmeseclassic.com

www.burmeseclassic.com



တော်သည်လန့်နိုးလာ၏။ စိုးရွံ့စွာ ကျွန်တော်၏ ရတနာထုတ် ကျောပိုးအိတ်ကို ရှာလိုက် မိတော့၏။

"ကျွန်တော့် ကျောပိုးအိတ် ဘယ်မှာလဲဗျ"

အနီးရှိ ခရီးသည်တွေကလည်း ပြူးတူးပြဲတဲ ကြည့်နေကြ၏။ ပြောဖော်ပင်မရ။ လူမှုရေးတရား ခေါင်းပါးနေကြပြီလား မသိ။

ကြည့်လေ ဝမ်းကြုတ်ကြုတ်ပစ်မည်အောင် စုဆောင်းထားခဲ့ရသော ပစ္စည်းများ။

တစ် ငစိန်ဆန် သုံးပြည်၊ နှစ် ကလေးဝတ်အင်္ကျီကြမ်းနှစ်ထည်၊ သုံး ပရုတ်ဆီနှစ်ဘူး၊ လေး ထန်းလျက် နှစ်ပိသာ၊ ဟုတ်ပါပြီ ကျွန်တော်သည် မေးခွန်း မရှိသော ပုစ္ဆာကို အဖြေရခက်နေပါပြီတည်း။ ကျွန်တော် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ အမှုစစ်(စုံထောက်)၊ လျှင်မြန်ဖျတ်လတ် ရဲလုပ်ငန်းကျွမ်းကျင်အောင်မြင်သောရဲဟု နိုင်ငံတော်မှ ချီးမြှင့်သော အမှုထမ်းကောင်း ဆုလက်မှတ်များ များပြားစွာရရှိခဲ့သူဖြစ်သည်။ သည်အချိန်၊ သည်အခါ၌ မည်သို့ဖြစ်နေပြီနည်း။ မေးခွန်းရှိသော ပုစ္ဆာကို အဖြေသည် စမ်းတဝါးဝါး။

ဟော ကြည့် ပျဉ်းမနားမြို့၏ ညဥ့်အလှသည် မန်းမြို့၏ ညဥ့်အလှထက် လှလွန်းနေသည်ဟု ထင်ပါသည်။ ရှုမငြီးဖွယ်ရာ ဖြစ်နေလေသည်။ ဘူတာ စင်္ကြံလမ်းပေါ်မှာ ခြေလှမ်းတို့က လေးတွဲနေပါသည်။ မလှမ်းချင်လှမ်းချင် ဖြစ်နေ၏။

သည် ခုံတန်းလျားတွင် အမှောင်ရိပ် ထိုးကျနေသည်။ သည် ခုံ၌ပင် ခြေပစ်လက်ပစ် ထိုင်ချလိုက်၏။ ထိုမှတစ်ဖန် ဇနီးနှင့် သားသမီးလေးတို့ထံ ကြားရထားစောင့်၍ စီးရပေဦးမည်။ ဘူတာတွင်းမှ ချိတ်ဆွဲထားသော နာရီကြီးကလည်း ညဥ့်(၂)နာရီရှိနေပြီဖြစ်ကြောင်း၊ အချက်ပြနေ၏။ စိတ်တွေကလည်း မငြိမ်၊ "ဖေဖေ ဘာပါသေးလဲ"ဟု ဝိုင်းဖက်၍ မေးကြမြန်းကြမည့် အသံစာစာလေးတို့ကလည်း နားဝလျှံလို့နေလေပြီ။ မောဟိုက် ရပါ၏။

"သူခိုး သူခိုး ဆန်တွဲဖောက်လို့"

သည်အသံကြောင့် ကျွန်တော် "မြုန်းခနဲ"ထ,ရပ်လိုက်၏။ ငါးဆယ်သားခန့် ကျောက်ခဲကို တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်ထားလိုက်ပြီး ဖြစ်နေ၏။

လျှပ်စစ် မီးရောင်အောက်မှာ သူခိုးတွေ တွေ့မြင်နေရပြန်သည်။

"ရပ် မဂပြေးနဲ့"

ကျွန်တော် ဟစ်အော်လိုက်သံကြောင့် တချို့ရပ်နေ၏။ တချို့ ဖြတ်ပြေးကြသည်။ အရွယ်စုံတွေ မြင်နေရ၏။

ကျွန်တော်၏ လက်ထဲမှ ကျောက်ခဲသည် လျှင်မြန်သော အဟုန်ဖြင့် "ဝီခနဲ"ပြေးထွက်သွားသည်။ ကျွန်တော်ပစ်သည်က ရထားတွဲကြီးသို့ လှန့်ရုံသာ၊ သူတို့ရပ်နေရုံသာ။ သို့သော် မမျှော်လင့်သည့် အဖြစ်အပျက် လျှပ်တစ်ပြက် တွေ့ကြုံလာသည်။

ကြည့်စမ်း ဖြတ်ပြေးလာသည့် ကလေး၏ ဦးဆက်သို့ "ဖောင်းခနဲ"ထိမှန်သွားသည်။ မကြာချေ။ ငိုက်စိုက်လဲ



www.burmeseclassic.com

www.burmeseclassic.com





ကျသွားသည်။ ကျွန်တော့်တွင် လူသားစိတ် အပြည့်ရှိပါသည်။ သည်စိတ်ဓာတ် တည်ရှိနေခြင်းကြောင့် ကျွန်တော်၏ လှုပ်ရှားမှုက မြန်ဆန်လွန်းပါသည်။ မမျှော်မှန်းသည်ထက် ပို၍ပင် သွက်လက်နေပါသည်။

ကျွန်တော် ကလေးထံ အမြန်ပြေးသွား၏။ ကလေးသည် မှောက်လျက်လဲကျနေလေသည်။ လက်ထဲတွင် လွယ်အိတ်ငယ်လေးနှင့် ထည့်ထားသည်။ နို့ဆီဘူး ၄ လုံးခန့်ရှိ ဆန်အိတ်လေး အရှည် (၂)ပေခန့်ရှိ တစ်ဖက်ချွန် ဝါးချွန်လေး (၁)ခု ဆွဲကိုင်ထားလျက်တွေ့ရ၏။ ကလေးကို ပွေ့ယူလိုက်သည်။

"ဟာ သားသားလေး ရယ်"

စိတ်တို့သည် အကွေ့အပတ် ကုမ္မေကုမ္မာဝက်ပါလမ်းကြီး၊ ပတ်နေရသည်နှယ်၊ ခြာခြာလည်သွားလေ၏။

"လူလေး၊ သားလေး၊ အဖေ့သား ဖူးငုံရယ်"

လှုပ်ကာ လှုပ်ကာ ခေါ်လိုက်သည်။ ပြန်ထူးနိုင်ဖို့ ဝေးပါသည်။ မျက်စိပင် ဖွင့်မကြည့်နိုင်တော့ အသက်ပြင်းပြင်း ရှူရှိုက်သံသည်သာ တုံ့ပြန်နေလေသည်။

"လုပ်ကြစမ်းပါဦးဗျာ တို့၊ ဒီအတိုင်းကြည့်မနေကြပါနဲ့ သား၊ ဆရာကြီးများ လာကြပါဗျို့"

သားလေးကို ကုစားပေးနိုင်သည့် ဆရာကြီးဆိုသူများ ပေါ်မလာကြ။ ဆရာကြီးဆိုသူများ ဆိတ်သုဉ်းကုန်ပြီလား။ အ၊ ကုန် ကန်းကုန်ကြပြီလား။

လူတွေ ဝိုင်းအုံ၊ စုပြုံကြည့်ရှုနေသည့်အတွက် မနှစ်မြို့။ အချည်းနှီးဖြစ်နေ၏။

ကျွန်တော်၏ ဝတ်ဆင်ပါရှိသော အင်္ကျီစ ဆွဲဆုတ်ပစ်လိုက်၏။ စိမ့်စိမ့်ယိုစီးနေသော သားလေး၏ ဦးခေါင်းကို ထွေးယစ်လိုက်သည်။ မေ့မြောနေသည့် သားငယ်ကို ပိုက်ထွေးလျက် ဆေးရုံကြီးဆီသို့ အပြေးထွက်ခဲ့မိ၏။

"ဒီခုတင်မှာ သွေးကွက်တွေနဲ့၊ သား ဒီနေရာ မထားဘူး"

ကျွန်တော် အော်ဟစ်ပြောလိုက်မိ၏။

"ဒါ ဆေးရုံဗျ။ သွေးလွတ်တဲ့ ခုတင်မရှိဘူး"

လူကြီးတစ်ယောက်၏ ဖျောင်းဖျသံ ကြားလိုက်ရပါ သတည်း။

ရဲတံခွန်



www.burmeseclassic.com

www.burmeseclassic.com





## "ထိုက်တန်တဲ့နေရာဆိုတာ"

ဆွေးသစ်

**ညီလေးရေ ---**

သိပ်မကြာသေးခင် ကာလတစ်ခုမှာ အစ်ကိုတို့ ကုမ္ပဏီသူဌေးက အလုပ်သမားလေးတစ်ယောက်ကို နောင်အနာဂတ်မှာ အစ်ကိုတို့လို ဘေးအန္တရာယ်ကင်းရှင်းရေး ဝန်ထမ်းအဖြစ် အဆင့်မြှင့်ပေးဖို့ရှိလို့ အစ်ကိုနဲ့တွဲပြီး Training သဘောမျိုးလိုက်ဖို့ အဲဒီအလုပ်သမားလေးကို ပြောပြပြီး အစ်ကိုနဲ့ ထည့်ပေးပါတယ်။

သူဌေးက ရွေးပေးတဲ့လူဆိုတော့ အစ်ကိုဘာမျှမမေးပါဘူး။ မြန်မာဖြစ်နေတာရယ် အစ်ကိုတို့ Safety လုပ်မှာရယ်ကြောင့် အစ်ကိုသိသလောက်တော့ ပြောပြမယ်လို့ စိတ်ပိုင်းဖြတ်ခဲ့ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုနဲ့ လုပ်ကွက်ထဲ စသွားတော့ သူဌေးက သူတို့ကို ဘယ်လိုရွေးလိုက်သလဲဆိုတာ အစ်ကိုမေးကြည့်ပါတယ်။ အင်္ဂလိပ်စာရေးနိုင်၊ ဖတ်နိုင်၊ ပြောနိုင် အတန်အသင့်ဆိုရပြီတဲ့။ အဲဒီအထဲက သုံးယောက် ရွေးတာ ရွေးပြီးတော့ သင်တန်းစလွှတ်တယ်တဲ့။ Safety supervisor သင်တန်းပါ။ ဖိလစ်ပိုင်တစ်ယောက်က သင်တန်းတက်နေရင်း ပျက်ရက်ထိတော့ သူဌေးက ပယ်လိုက်တယ်တဲ့။ ဒါနဲ့ အိန္ဒိယ တစ်ယောက်နဲ့ မြန်မာတစ်ယောက်ပဲ ကျန်ပါတော့တယ်။

အဲဒီ မြန်မာလေးက သူတို့တက်ထားတဲ့ သင်တန်းရဲ့ အောင်စာရင်းမထွက်သေးဘူးလို့ အစ်ကို့ကို ပြောပါတယ်။ ဘေးအန္တရာယ်ကင်းရှင်းရေးဝန်ထမ်း (Safety supervisor)ဖြစ်ဖို့ စင်္ကာပူမှာ သင်တန်းတွေ တက်ရပါတယ်။ သင်တန်းတိုင်း စာမေးပွဲရှိပါတယ်။ အောင်အောင်ဖြေရပါတယ်။ အဓိကက အဆောက်အအုံတည်ဆောက်ရေး (Building Construction) O.I^Petrol Chemical (ရေနံ/ဓာတု) ဘေးအန္တရာယ်ကင်းရှင်းရေး သင်တန်းတွေပါ။

သူဌေးက အစ်ကို့ကို ပြောတာက အဲဒီ မြန်မာလေး သင်တန်းတွေအောင်ပြီး အစ်ကိုရဲ့လက်ဟွေ့ပိုင်း ပေးတာပြီးရင် တခြားပရောဂျက်တစ်ခုမှာ အစ်ကို့အောက်မှာ အဲဒီမြန်မာလေးကို ထားထားမယ်။ လက်လွှဲရပြီဆို အစ်ကိုက သူ့ကို အဲဒီပရောဂျက်မှာ ထားခဲ့ပြီး အဲဒီပရောဂျက်ထက်ပိုအရေးကြီးတဲ့ ပရောဂျက်ကို ရွှေ့ရမယ်တဲ့။ သူဌေးကတော့ သူ့အစီအစဉ်နဲ့ သူတော့ဟုတ်နေတာပါပဲ။

ဒီလိုနဲ့ အဲဒီမြန်မာလေး အစ်ကိုနဲ့ စလိုက်ပါတယ်။ အစ်ကိုက လုပ်ကွက်ထဲက မြင်သမျှအပေါ် အခြေခံပြီး အစ်ကို့အတွေ့အကြုံနဲ့ လုပ်ငန်းလိုအပ်ချက်တွေပေါင်းပြီး ရှင်းပြပါတယ်။ သူက သေသေချာချာ နားထောင်ပါတယ်။ ဒါပေမယ့် သူစပြီးလိုက်တဲ့ လေးငါးရက်အတွက်း သူဘယ်လိုမှတ်သလဲဆိုတာကို အစ်ကို သတိထားကြည့်တော့ လုံးဝရေးမမှတ်ပါဘူး။ အဲဒါကတော့ သူ့အတွက်သာမက အစ်ကို့အတွက်ပါ ပြဿနာရှိပါတယ်။

ဘာဖြစ်လို့လဲဆိုတော့ သူဌေးက အစ်ကို့ကို ဘာတွေရှင်းပြလဲ မေးရင် အစ်ကိုက ပြောနိုင်ပေမယ့် သူကတော့ ပြစရာသက်သေ ရှိမှာမဟုတ်ပါဘူး။ အဓိကက သူ့မှာ စာရွက်စာတမ်းသက်သေမရှိတာပါပဲ။ ပြီးတော့ အစ်ကိုလုပ်ခဲ့တဲ့ ဘေးအန္တရာယ်ကင်းရှင်းရေးနယ်ပယ်က ဆယ့်တစ်နှစ်နီးပါး အတွေ့အကြုံကို သူ့ဦးနှောက်နဲ့ လိုက်မှတ်လို့မှ မဖြစ်နိုင်တာ။

ဒီတော့ အစ်ကို သူ့ကိုမေးပါတယ်။ အစ်ကို





www.burmeseclassic.com

www.burmeseclassic.com



ပြောတာတွေ မှတ်မိလားဆိုတော့ မှတ်မိတယ်တဲ့။ ပြန်မေးတော့ သိတာသိ၊ မသိတာမသိ။ မင်း ဘာနဲ့ မှတ်လဲဆိုတော့ အိမ်ရောက်ရင် ပြန်ချရေးတယ်တဲ့။ အစီပွာယ်မရှိပါဘူး။ တစ်နေကုန်ပြောသမျှ သူ ဘယ် မှတ်မိနိုင်ပါ့မလဲ။ ဒီကတည်းက သူ့မှာ အမှန်ကို ဝန်ခံရဲတဲ့အကျင့် အားနည်းနေတယ်လို့ အစ်ကိုသုံးသပ်မိတယ်။

ဒါနဲ့ အစ်ကိုက စာအုပ်အသေးလေးရှာဖို့ ပြောတယ်။ မှတ်စုလိုက်ရေးဖို့ပေါ့။ အစ်ကိုပြောသမျှ လိုက်မှတ်၊ သူသိချင်တာမေး၊ အားလုံးချရေးလို့ ရတာပါပဲ။ သူပြန်ပြီး အသုံးချချင်ရင် ပြန်ဖတ်လို့ရတာပေါ့။ ပထမသူလုပ်နေတဲ့ ပုံက လက်ဗလာနဲ့ ဦးနှောက်နဲ့ ပဲ မှတ်တဲ့ပုံပဲ။ သူ့လိုသာဆို ကျောင်းတက်နေတဲ့ ကျောင်းသူ/ကျောင်းသားတွေ ဆရာ/ဆရာမ ပြောတာ တစ်နေကုန်လိုက်နားထောင်ပြီး အိမ်ရောက်မှ စာအုပ်ထဲ ချရေးကုန်တော့မှာပေါ့လို့ တွေးမိသေးတယ်။

**ညီလေးရေ---**

အဲဒီ မြန်မာလေးက လေ့လာမှုပိုင်းမှာတော့ မဆိုးပါဘူး။ အစ်ကိုပြောသမျှတော့ နောက်ပိုင်းမှာ သူ တော်တော်လိုက်မှတ်ပါတယ်။ ဒါပေမယ့် သူ့ရဲ့ အကျင့်ဆိုးတစ်ခုက သိပ်မကြာခင်မှာ ပေါ်လာပါ တော့တယ်။

အစ်ကိုတို့ ကုမ္ပဏီမှာ အလုပ်သမား တစ်ယောက် ဘာအကြောင်းပြချက်မှ မရှိဘဲ ပျက်ရင် ပျက်ကွက် (Absent)ပါ။ အဲဒီပျက်ကွက် နှစ်ရက်ဆက်တိုက်ဆို Dismiss လို့ခေါ်တဲ့ အလုပ်ကနေ ထုတ်ပစ်တာပါ လုပ်လို့ရပါတယ်။ တစ်လထဲမှာ ပျက်ကွက် နှစ်ခါဆို ကုမ္ပဏီက သတိပေးစာ (Warning Letter) ထုတ်ပါတယ်။ အဲဒီစာရတဲ့လူရဲ့ Supervisor က ထောက်ခံမှု၊ မထောက်ခံမှုနဲ့ အလုပ်သမားရဲ့ စည်းကမ်းလိုက်နာမှု၊ မလိုက်နာမှုတွေပေါ် မူတည်ပြီး နှစ်ကုန်ရင်ရတဲ့ Bonus ပါ ပြုတ်ချင်ပြုတ်နိုင်ပါတယ်။

အဲဒီ အလုပ်သမားလေးက စင်ကာပူက ရုံး ပိတ်ရက် တစ်ရက်မှာ နားပါတယ်။ အဲဒီနေ့က ဗုဒ္ဓဟူးနေ့ပါ။ အစ်ကိုတို့ နားသလို အားလုံးနားပါတယ်။ ဒါပေမယ့် ကြာသပတေးနေ့ အကုန်အလုပ်ပြန်တက်ရမှာပါ။ သူမလာပါဘူး။ ဘာကြောင့်ဆိုတဲ့ အကြောင်းပြချက်မပေး၊ ခွင့်စာမလာနဲ့ ပျက်တဲ့အတွက် Absent လို့ခေါ်တဲ့ ပျက်ကွက်မှုပါ။

ဒါပေမယ့် သူနဲ့တစ်ဆောင်တည်းနေသူတွေရဲ့ ပြောပြချက်အရ ရုံးပိတ်ရက်မှာ မူးအောင်သောက်ပြီး နောက်တစ်ရက်မှာ မထနိုင်တော့တာလို့ အစ်ကို ပြန်သိရပါတယ်။ အဲဒီလိုမျိုး ပထမတစ်ခါ ပျက်ဖူးပါတယ်။ အဆောင်က လူတွေကလည်း အကုန်လုံးက အစ်ကိုမေးရင် မဖုံးကွယ်ကြပါဘူး။ အစ်ကိုက အခြေအနေမှန်ကို သိချင်တာကြောင့်ပါ။ အဲဒီ ပထမတစ်ခါ တုန်းက အစ်ကို သူ့ကိုမေးပါတယ်။ ဝမ်းလျှောနေလို့ ဆိုပြီး ဖြေပါတယ်။ သူညာတာသိပေမယ့် ပထမအကြိမ်မှာ အစ်ကို နားလည်ပေးလိုက်ပါတယ်။ အမှန်အတိုင်း ပြောရရင် အဲဒီကတည်းက သူ့ရဲ့အကျင့်ကို မကြိုက်တော့ပါဘူး။ ကိုယ်တကယ် ဖြစ်တာကို ဝန်မခံရဲဘဲ ဘယ်သူမျှမသိသလို ညာနေလို့ပါ။

ခုတစ်ခါ ပိတ်ရက်နဲ့ဆက်ပြီး နောက်တစ်ရက်ပျက်တော့ ဒါလည်းမူးတာပဲဆိုတော့ အစ်ကို လက်မခံနိုင်တော့ပါဘူး။ ဒါနဲ့ နောက်တစ်ရက်မှာ

www.burmeseclassic.com

www.burmeseclassic.com



မေးမယ်ကြံပြီး စောင့်နေတော့ သူက သူနဲ့တစ်ခန်းတည်း အခန်းဖော်ကို ခွင့်စာပါထည့်ပေးလိုက်ပါတယ်။ ဘာဖြစ်လို့လဲမေးတော့ အခန်းဖော်လည်း မဖြေနိုင်ပါဘူး။

ဗုဒ္ဓဟူးနေ့ ရုံးပိတ်ရက်၊ ကြာသပတေးနေ့ပျက်ကွက်၊ သောကြာမှာ အကြောင်းပြချက်မရှိ ခွင့်စာလှမ်းပေးပြီး ဘယ်ကြီးကြပ်ရေးမှူး၊ မန်နေဂျာမှ အကြောင်းမကြားဘဲ အလုပ်သမားတစ်ယောက်ကို အစ်ကို ခွင့်မပေးနိုင်ပါဘူး။ ပြီးတော့ သူ့အကြံကို အစ်ကို သိနေတယ်။ စနေ တစ်နေကုန်အချိန်ပို လာဆင်းဦးမယ်။ အဲဒီလိုဆို တစ်ပတ်လုံး လာဆင်းတဲ့ကျန်တဲ့ အလုပ်သမားတွေအပေါ် တရားမျှတရာ မကျဘူးလို့ အစ်ကိုခံစားရတဲ့အတွက် သောကြာခွင့်ကို အစ်ကိုတို့ Site Manager လက်ထဲထည့်ပေးပြီး အစ်ကို မထောက်ခံနိုင်ကြောင်းနဲ့ အဲဒီအလုပ်သမားကို စနေပါ လာမဆင်းခိုင်းကြောင်းပြောတော့ Site Managerက သူလည်း အဲဒီလို ဆုံးဖြတ်ကြောင်း ပြောပါတယ်။



အရင် ပရောဂျက်တွေကတည်းက သူက မူးပြီး အလုပ်မဆင်းနိုင်တဲ့နေ့ဆို မလာတော့ဘဲ နောက်နေ့မှ သက်ဆိုင်ရာ ကြီးကြပ်ရေးမှူးကို လက်မှတ်ထိုးခိုင်းလို့ သူ့ပျက်ကွက်ရက်ကို ပြန်ဆယ်ယူတာမျိုး လုပ်လေ့ရှိတာ အစ်ကိုသိထားပြီးသားပါ။ အခုနဲ့အရင် မတူတာက အစ်ကိုက ကိုယ့်အလုပ်ကိုယ်တန်ဖိုးထားစေချင်တာပါ။ သူဟာတခြား အလုပ်သမားတွေ ပင်ပင်ပန်းပန်းနဲ့ အလုပ်လုပ်နေချိန်မှာ အစ်ကို့နောက်ကလိုက်ပြီး မှတ်စုလေးရေး သာသာလေးနေရတာကိုတောင် ပျက်ကွက်လို့ တမင်ဆုံးမချင်လို့ပါ။ တစ်ခါလွှတ်ပေးပြီးသားကို နောက်တစ်ခါ ပိုဆိုးတော့မှာ သိလို့ တမင်ပေးမလွှတ်တော့တာပါ။ ဒါပေမယ့် အစ်ကို မှန်သွားခဲ့ပါတယ်။

နောက်တစ်ပတ်ထဲမှာ ရုံးချုပ်က အုပ်ချုပ်ရေးပိုင်းက သူ့ငွေမေးခိုင်းလို့ဆိုပြီး အစ်ကို့ကို ဖုန်းဆက်မေးပါတယ်။ အဲဒီအလုပ်သမား ဘာကြောင့်နှစ်ရက်ဆက်တိုက် ပျက်သလဲတဲ့။ အစ်ကို ရှင်းပြလိုက်ပါတယ်။ အစ်ကို လက်မှတ်ထိုးမပေးခဲ့တဲ့အကြောင်း၊ စနေပါ မဆင်းခိုင်းတဲ့အကြောင်းပြောတော့ ရုံးချုပ်က မင်းလုပ်တာမှန်တယ်။ ငါတို့ မင်းကို ယောက်ခံတယ်။



www.burmeseclassic.com

www.burmeseclassic.com



သူဌေးကို ပြောပေးမယ်ဆိုပြီး ပြောပါတယ်။

ဖြစ်ချင်တော့ အဲဒီမြန်မာလေး ပထမဖြေထားတဲ့ သင်တန်း စာမေးပွဲကျပါတယ် ညီလေးရေ။ သူဌေးက အစ်ကိုတို့ ပရောဂျက်ကိုလာတော့ အစ်ကို့ကို မေးပါတယ်။ အဓိက အစ်ကိုတို့ ပြောဖြစ်တာကတော့ အဲဒီအလုပ်သမားလေးရဲ့ Attitude ပါ။ ပြင်လို့ မရတော့ဘူးလို့ အစ်ကိုထင်ပါတယ်။ သူရုံးပြန်တက်တဲ့နေ့မှာ အစ်ကိုမေးတော့လည်း အမှန်အတိုင်းဝန်မခံခဲ့ပါဘူး။ သောကြာနေ့ သူမလာတာက ကျတဲ့စာမေးပွဲအတွက် စာဖတ်ချင်လို့တဲ့။ နောက်ပြန်တက်ရမယ့် သင်တန်းက ဘယ်နေ့မှန်းတောင် မှသိသေးဘူး။ သူမရရအောင် လိမ်နေသေးတယ်။

နောက်ဆုံးတော့ သူဌေးက သူ့ကို ကုမ္ပဏီတွင် အဆင့်မြှင့်ပေးမယ့် အစီအစဉ်ကို ဖျက်သိမ်းလိုက်ပါတော့တယ်။ အကြောင်းကလည်း ရှိပါတယ်။ နောက်လုပ်မယ့် ပရောဂျက်မှာ သူ့ကိုထားခဲ့ရင် အဲဒီလို မှုးပြီးမလာနိုင်တဲ့နေ့ဆို အစ်ကိုက တခြားပရောဂျက်ကနေ လှမ်းပြေးရမှာ။ ပြီးတော့ Safety ဝန်ထမ်းမရှိရင် အလုပ်ပါရပ်ထားရမှာဆိုတော့ ပရောဂျက်ကို တာဝန်ယူရတဲ့ Safety ဆိုတာ ကိုယ့်အလုပ်ကိုယ်တာဝန်သိတတ်မှ ဖြစ်မှာလေ။ သူ့ရဲ့အကျင့်နဲ့ဆိုဖြစ်မှာမဟုတ်ဘူးလို့ အားလုံးက သိလိုက်ရပြီကိုး။

**ညီလေးရေ---**

တကယ်တော့ သူသာပုံမှန် အစ်ကို့နောက်လိုက်ပြီး စာရေးစာဖတ်သင်တန်းကို အောင်အောင်လုပ်ခဲ့ရင် သူရောက်နေတဲ့ ဦးထုပ်အဝါဆောင်းရတဲ့ အလုပ်သမားဘဝကနေ ဦးထုပ်အပြာဆောင်းရတဲ့ ဘေးအန္တရာယ်ကင်းရှင်းရေး ဝန်ထမ်းဘဝကို ရောက်မှာပါ။ ရာထူး၊ လစာအကုန်တက်မှာ သိသိနဲ့ လုပ်တာကတော့ သူရဲ့စိတ်နေစိတ်ထားပါပဲ။ "ငါ ကြိုးကြပ်ရေးမှူး ရာထူးရတော့မယ်။ ငါ့စိတ်ကိုပါ ပြင်မှရမယ်"လို့ မတွေးခဲ့ဘဲ "ငါလုပ်ချင်တာလုပ်လည်း အချိန်တန်ရင်ဖြစ်မှာပဲ"ဆိုတဲ့ အတွေးမျိုးကတော့ သူရဲ့ အတွေးအခေါ်ကို ပြုပြင်သင့်တယ်ဆိုတာ ပြနေတာပါပဲ။ ဒါပေမယ့် အခုတော့ အချိန်မမီတော့ပါဘူး။

**ညီလေးရေ---**

လူတချို့ဟာ ကိုယ်ရနိုင်တဲ့ အခွင့်အရေးကို ကိုယ်ရဲ့ စိတ်အလိုလိုက်မှုနဲ့ပဲ စွန့်လွှတ်ပစ်ခဲ့ရပါတယ်။ ကိုယ်က အဆင့်တစ်ဆင့်ကို ပြောင်းတော့မယ်ဆိုရင် အဲဒီအဆင့်နဲ့ ညီမျှတဲ့ အနေအထိုင်၊ အပြောအဆို၊ အပြုအမူတွေ လိုအပ်ပါတယ်။ နေရာတိုင်း သူ့နေရာနဲ့ သူ့အကျင့်နဲ့ပါ။ အဲဒါမှ သူ့အဆင့်ကို ရမှာပါ။ သူတောင်းစားလမ်းဘေးမှာ ဘယ်လိုအိပ်အိပ် ပြဿနာ မရှိပေမယ့် အရာရှိကြီးတစ်ယောက် လမ်းပေါ် အိပ်နေပြီဆို တော်တော်ကြီးလွဲသွားပါပြီ။

အလုပ်လုပ်တဲ့အခါ ကိုယ့်ရှေ့ရေးကို ကိုယ်မြင်ရင် ကိုယ့်အမူအကျင့်ကိုလည်း ပြုပြင်သင့်တာ ပြုပြင်၊ ထိန်းသိမ်းသင့်တာ ထိန်းသိမ်းမှ ထိုက်တန်တဲ့ နေရာ တစ်နေရာကိုရမယ်ဆိုတာ သိစေချင်လှပါတယ် ညီလေးရေ။

**ဆွေးသစ်**

**၁၃း၂၈နာရီ**

**(၁၆-၆-၁၃)**



www.burmeseclassic.com

www.burmeseclassic.com


ဒါရိုက်တာ 'ဦးဦးသက်' ဖန်တီးပုံဖော်ထားတဲ့

# AUDIO WAVE

## အသံလှိုင်း တေးဂီတအဖွဲ့ နှင့်

ရင်ခုန်ဖွယ်ရာ၊ ပျော်ရွှင်ဖွယ်ရာ၊ စွဲမက်ဖွယ်ရာဖြစ်အောင် ကပြဖျော်ဖြေပေးမယ့်
စတိုင်ကျပြီးချောမောလှပတဲ့ နတ်မိမယ်လေးများနှင့်ဖွဲ့စည်းထားသည့်

# BLUE LADY

## GENERAL ENTERTAINMENT GROUP

ဖွင့်ပွဲအထိမ်းအမှတ်အခမ်းအနားများ၊ ဂေါက်သီးရိုက်ပြိုင်ပွဲအထိမ်းအမှတ်အခမ်းအနားများ၊
အလှူမင်္ဂလာပွဲများ၊ ရန်ပုံငွေရှာဖွေသည့်ပွဲများ၊ ပါတီဧည့်ခံပွဲများ၊
ဈေးပွဲတော်နှင့်ပရိုမိုးရှင်း(အရောင်းမြှင့်တင်ရေး)ပွဲများအတွက်ရောင်စုံဆလိုက်မီးစုံလင်စွာဖြင့်
ခမ်းခမ်းနားနားစီစဥ် ဆောင်ရွက်ပေးပါမည်။

ဆက်သွယ်ရန်ဖုန်း - ၀၉၃၁၄၂၉၄၅၇၊ ၀၉၄၃၁၁၀၃၂၂၀ ၊ ၀၁ ၃၉၇၁၆၄၊ ၀၁ ၂၉၇၂၉၇၊
၀၁ ၉၀၀၀၀၁၇ (ရန်ကုန်မြို့)၊ ၀၆၃ ၂၇၁၁၃ (ပြည်မြို့ရုံးခွဲ)


www.burmeseclassic.com

www.burmeseclassic.com

# သံယောဇဉ် "ဦး" ရယ်



နှလုံးသားရှုထောင့်
ပြောင်းချက်နှလုံးသား



**အေးဝင်းဦး (ဘူမိဗေဒ)**

"ဟော ကောင်မတွေ ဘယ်သူမှမရှိကြတော့ဘူး။ ငါတစ်ယောက်တည်း သန့်ရှင်းရေးလုပ်ရတော့မှာပေါ့လေ"

ခု 'ခက်ခက်' တစ်ယောက်တည်း ဆံပင်/မျက်နှာအလှပြင်ဆိုင်ကို ခင်းကျင်း၍ တံမြက်စည်းလှည်းလိုက်၊ ကြက်မွေးနဲ့ ဖုန်တွေသုတ်လိုက် အလုပ်ရှုပ်နေရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ခက်ခက်" သည်ဆိုင်လေးကို ရောက်တာ မကြာသေး။ ပထမ၊ ရန်ကုန်မြို့ ပါရမီလမ်းထဲတွင် ဗျူတီဆလွန်းဖွင့်နေရာက ပိုင်ရှင်ဦးနန္ဒက သည်မြို့မှာ စားသောက်ဆိုင်၊ ကေတီဗွီနှင့် မိုတယ်ဖွင့်နေသော ဦးလေးမောင်နှင့် ရှယ်ယာလုပ်ရင်း အဲဒီမှာ ဆိုင်ခွဲကလေးထပ်ဖွင့်ခြင်းဖြစ်သည်။ အပေါ်ထပ်တွင် ဘီယာဂါးဒင်းနှင့် စင်တင်တေးဂီတ၊ အောက်ထပ်တွင် အလှပြင်ဆိုင်၊ နောက်ဘက်တွင် ကေတီဗွီခန်းများရှိသည်။ ခက်ခက်က ဆံပင်/မျက်နှာအလှပြင်ဆိုင်မှာ မန်နေဂျာ။

ပြောသာပြောရသည်။ သည်ဆိုင်က မြို့ထဲနှင့် အတော်လှမ်းသည်။ မွန်းလွဲပိုင်းတစ်နာရီခန့်လောက်တွင် ဘီယာဂါးဒင်းမှ ဆင်းလာဟန်တူသော ဦးလေးကြီးတစ်ယောက်က "ခက်ခက်"တို့ ဆိုင်ကို မြင်သွားပြီး–

"အလို-- ဟောဒီမှာ ဗျူတီဆလွန်းဆိုပါလား။ အတော်ပဲ မျက်နှာသန့်လိုက်ဦးမယ်။ ဘီယာသောက်ထားတော့ မျက်နှာကြီးနီမြန်းနေတာ ကေတီဗွီက ကောင်မလေးတွေ မကြိုက်ဘဲ နေဦးမယ်"

"ဦးအကြံ သိပ်ကောင်းတာပေါ့။ ဦး မျက်နှာကို တစ်ခါတည်းလှသွားအောင် 'ခက်ခက်' လုပ်ပေးမယ်။ တော်ကြာကောင်မလေးတွေ အရမ်းခိုက်သွားရင် ခက်ကုန်လိမ့်မယ်နော်"

"အိုကေ"

"အိုကေ"



"ဒါနဲ့ ဒီမှာ ခုံတွေ အများကြီးပဲ။ ဆံပင်ညှပ်တဲ့ အလှပြင်တဲ့ မိန်းကလေးတွေလဲ မမြင်ပါလား။ ဘယ်သွားကုန်ကြလို့လဲ"

"နေ့ဘက်က လူသိပ်မလာဘူး ဦးရဲ့၊ ညဘက်ကျမှ လူစုံတာ။ တချို့ကလဲ ဘုရားပွဲသွားကြ၊ တချို့က အိမ်လည်နေကြတယ်။ သမီးကတော့ မန်နေဂျာဆိုတော့ ဆိုင်ကိုပစ်သွားလို့ ဘယ်ရမလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုရင် မန်နေဂျာကိုယ်တိုင် ဦးကို မျက်နှာသန့်ပေးမှာပေါ့လေ။ ပိုပြီး အဆင့်ပြေတာပေါ့"

အဲဒီ ဦးလေးကြီးကို မျက်နှာသန့်စင်ပေးရင်း တစ်ယောက်အကြောင်း တစ်ယောက် မေးမြန်းစုံစမ်း အင်တာဗျူးဖြစ်ကြသည်။

သူ့နာမည်က ဦးဇော်ဦးတဲ့၊ အရာရှိကြီး တစ်ဦးဖြစ်မှာ သေချာသည်။ သူနှင့်အတူ လိုက်ပါလာသော တပည့်နှစ်ဦးက အလွန်ဂရုစိုက်ကြသည်။ ဒါပေမယ့် သူတို့က ဒီမြို့က ဝန်ထမ်းငယ်တွေဖြစ်မည် ထင်သည်။

"ဦးက ဒီမှာ ငါးနှစ်လောက် တာဝန်ကျခဲ့ဖူးတယ်။ ဒီမြို့က ဦးဘဝမှာ ပျော်စရာ အကောင်းဆုံးပဲ။ တပည့်တွေကလဲ ဦးကို အတော်ချစ်ကြတယ်။ ဒီကိုလာလည်တိုင်း ရယ်ပြုံးစုကြတယ်။ ဒီတစ်ခေါက်ကတော့ ဦးလေးမောင် အလှည့်ပေါ့လေ"

ဦးဇော်ဦး၏ မျက်နှာကို ဆေးကြောသန့်စင်ပေးရင် ခက်ခက် သတိထားမိသည်မှာ ဦးရဲ့ပြောဟန်ဆိုဟန် စကားသံတွေဟာ တစ်ဖက်သားကို ဆွဲဆောင်နေသလို ရယ်သံ ကရုဏာသံတွေ ထည့်ထားတော့ တော်ကီကောင်းသည်။

"ဦးက ရုပ်ရှင်မင်းသား ဝင်းဦးလိုလို ဘာလိုလို၊ နှုတ်ခမ်းမွေး ပါးမြိုင်းမွေးနဲ့ မုတ်ဆိတ်မွေးများ ရိတ်ထားတော့ ကြည့်လို့ အလွန်ကောင်းသည်။ အသက်ကလည်း လေးဆယ်ကျော်ဆိုတော့ အတွေ့အကြုံ ရင့်ကျက်ပြီးသားနေမှာပေါ့လေ။

ပြီးတော့ သူ့ကိုယ်သူ လူပျိုကြီးတဲ့။ လုံးဝမယုံပေါင်။

"ခက်ခက် ဒီကပြီးရင် ဦး ကေတီဗွီအခန်းထဲ ဆက်ဝင်ဦးမှာ။ ဦးနဲ့ သီချင်းလိုက်ဆိုမလား။ ဆိုခွင့်ကောရှိလား"

"ရပါတယ်။ ခက်ခက်လဲ အလုပ်မရှိပါဘူး။ ဦး သွားနှင့်လေ။ နောက်က လိုက်ခဲ့မယ်။ အဝတ်အစား လဲလိုက်ဦးမယ်"

ဟောတော့––မစ္စမ်းရင်းလည်းရှိ ကန့်စွန်းခင်းကလည်း ငြိဆိုသလို ဦးနဲ့ စကားပြောရာကနေ ဦးရဲ့ ဆွဲဆောင်မှုနောက်ကို တကောက်ကောက် ပါသွားပြီး ကေတီဗွီအခန်းမှာ နှစ်ယောက်တည်း သီချင်းဝင်ဆိုဖြစ်သွားကြသည်။

အဲဒီ ဦး သီချင်းဆိုကောင်းတာကတော့ လက်ဖျားခါလောက်တယ်။ စတီရီယိုအဆိုတော် စိုးပိုင်ရဲ့ 'နွေအလွမ်း'စီးရီးထဲက 'အချစ်ညရင်ခုန်သံ'သီချင်းကို ဦးက စလည်းဆိုလိုက်ရော အသည်းမှာ ဆတ်ခနဲ





www.burmeseclassic.com

www.burmeseclassic.com



တုန်သွားသလို ကြက်သီးမွေးညင်းတောင် ထမိတယ်။ ရင်တွေလည်း အရမ်းခုန်တာပဲ ဦးရယ်။ အဲဒီ သီချင်း ဦးဆိုတာကို ကေတီဗွီစက်ထဲက လာနေတာပဲလို့ ထင်မှတ်ရတယ်။

ဦးကို သိပ်ကြိုက်သွားတယ်။ ခက်ခက်က ရည်းစားလည်း မထားဖူးဘူး။ ခုထိ ချစ်တယ်ကြိုက်တယ်လို့ ပြောလာတဲ့ ယောက်ျားသားလည်း တစ်ယောက်မှ မရှိသေးဘူး။ ဦးတစ်ယောက်ပဲ ဘီယာမူးမူးနဲ့ သီချင်းဆိုရင်း ခက်ခက်ကို အရမ်းချစ်တာပဲ။ ‘နှစ်ယောက်တည်း နေချင်တယ်’လို့ တဖွဖွပြောတော့ အသည်းနုနုကောင်မလေး တစ်ယောက် ဦးအပေါ် တစ်ခါတည်းနဲ့ ကြွေမိတော့တာပါပဲ။

ဦးက ဘီယာဂါလည်း တော်တော်သောက်နိုင်တယ်။ သီချင်းဆိုရင်လည်း ဘီယာတွေ တစ်ခွက်ပြီး တစ်ခွက်သောက်လိုက်၊ အမြည်းစားလိုက်နဲ့ တစ်ချက်တစ်ချက် ခက်ခက်ကိုလဲ နိုးပြီးနမ်းလိုက်သေးတယ်။

ခက်ခက်ကလည်း အားကျမခံ ပြန်နမ်းပြလိုက်တယ်။ ကေတီဗွီခန်းမှာ တစ်နာရီဆက်ရှင်လည်း ပြည့်ရော ဦးနဲ့ခက်ခက်တို့က သမီးရည်းစား မကာ၊ လင်မယားလည်း မကျ။

“မြို့ထဲ လိုက်ခဲ့မလား။ ဘုရားပွဲဈေးလဲ လျှောက်ရင်း ဦး ဘည်းနေတဲ့နေရာလဲ လိုက်လည်ရင်းပေါ့။ ညဘက်ဆိုင်ဖွင့်ချိန်အမီ ပြန်ပို့ပေးမယ်လေ”

“ကောင်းသားပဲ။ ညကိုသာ ဆက်ဆက် ပြန်ပို့ပေး”

ဦးက ကျောင်းခံတွင်းပျက် ဖြစ်ကောင်းဖြစ်မည်။ ခက်ခက်ကတော့ ဆက်ရက်တောင်ပံကျိုး မဟုတ်ပါ။ အချစ်ပျောက်မလေး (သို့မဟုတ်) အချစ်ငတ်မလေးတစ်ဦးဆိုရင်တော့ ဖြစ်နိုင်ခြေရှိသည်။

ဒါကြောင့်လည်း ဦး ဆွဲဆောင်ရာနောက် တကောက်ကောက်ပါပြီး အချစ်ရေလျှဉ်ကြောမှာ မျောပါမိခဲ့ခြင်း ဖြစ်ပါသည်။

ဦးရဲ့အချစ်က ညင်သာသည်။ တမင်တကာလား အစဉ်အလာလား မသိ။ ခက်ခက်ဘ၀တွင် ဖရဏာပီတိ၊ ဂွမ်းဆီထိသလို အသည်းထဲစွဲငြိသွားအောင် သွေးသားခန္ဓာကိုယ်ကို ပုံအပ်ပြီး စိတ်တူကိုယ်တူ ကြည်ဖြူစွာ အပေးအယူမှုခဲ့ကြသည်။

ဦး အံ့ဩသွားလောက်အောင် ခက်ခက်၏ အပျိုစင်ဘ၀ကို အနီရောင်စွန်းထင်းစေပြီး တင်းပြည့်ကျပ်ပြည့် စတေးခံခဲ့ရပေမယ့် ခက်ခက် နောင်တလုံး၀ မရပါ။ အဘယ်ကြောင့်ဆိုသော် ဦးထံမှ ခက်ခက် လိုချင်သော အချစ်ကို ရခဲ့ခြင်းကြောင့် ဖြစ်ပါသည်။ အဆုံးစွန်သော ခရီးသို့ လျှောက်လှမ်းပြီး အမောအပန်းဖြေစဉ် ခဏ၀ယ် ခက်ခက်က ဦးကို မေးခွန်းထုတ်ခဲ့သည်။

“ဦး ခက်ခက်ကို အထင်သေးသွားလား”

“အို အချစ်လေးရယ် အချစ်လေးကို အထင်မသေးရက်ပါဘူးကွာ။ ဦးကို ချစ်လွန်းလို့ အလိုလိုက်တာကို ဦး ခံစားနားလည်ပါတယ်ကွာ”

‘ခက်ခက်’ စိတ်သက်သာရာရသွားသည်။ ဦးရဲ့လက်ချောင်းလေးများကို ဆုပ်ကိုင်ကြည့်သည်။ လက်ချောင်းလေးများကား အင်မတန်နုနယ်သည်။ မိန်းမတွေရဲ့လက်က အရှုံးပေးရမည်။ ဘာအလုပ်ကြမ်းမှ လုပ်ခဲ့ရပုံမပေါ်။



www.burmeseclassic.com

www.burmeseclassic.com



ဦးက 'ခက်ခက်'ရဲ့ လက်ချောင်းကလေးများကို ဖွဖွကလေးကိုင်တွယ် နမ်းရှုပ်ရင်း 'ခက်ခက်'ရဲ့ ဆံနွယ်လေးများကို ဆုပ်ကိုင်ကစားရင်း–

"ဦးက ကလေးကို မုန့်ပေးကြိုက်သလိုဖြစ်နေပြီ၊ ဦးကျွေးတဲ့မုန့်က စားလို့ကောင်းရဲ့လား"

"သွား ရွံစရာကြီး"

ရှင်းရှင်းနှင့် ဘွင်းဘွင်း၀န်ခံရလျှင် ဦးကို 'ခက်ခက်'အင်မတန်စွဲမက်ခဲ့ပါသည်။ ဦးရဲ့ပခုံးပေါ်မှာ ခေါင်းမှီပြီး ချစ်စကားကြိုက်စကားတွေပြောစဉ် ငယ်ငယ်တုန်းကဖတ်ခဲ့ဖူးသော တက္ကသိုလ်က ကဗျာဆရာ မောင်ပန်းမွှေး၏ ကဗျာလေးတစ်ပုဒ်ကို သွားသတိရမိသည် –

"ဘာရယ်မဟုတ်ဘူး၊ ပခုံးဦးမှာ
နဖူးဖြင့်သာ၊ မှီပါရစေ
အညာလွယ်သူ၊ ထင်မှာပူ၍
ကလူသလို၊ မြူသလိုနှင့်
မို့သောပါးကလေး၊ ပစ်မပြေးနဲ့
အချစ်ကလေးရယ် ... တဲ့"

"ဦးကတော့ ခက်ခက်ကို ပစ်ပြေးမယ်ဆိုတာ သိပြီးသား။ ဘာပြုလို့လဲဆိုတော့ ဦးက အရာရှိတစ်ယောက်လေ။ 'ခက်ခက်'လေ ဦးရဲ့ဘ၀လမ်းကို အနှောင့်အယှက် ဖြစ်စေလိုတဲ့စိတ် လုံး၀မရှိရိုး အမှန်ပါ။ ဒါပေမယ့် 'ခက်ခက်'ဆီကို မကြာမကြာလာခဲ့ရမယ်နော် ဦး"

"ကဲ–– ဒီညတော ဦးနဲ့ ဟိုတယ်မှာလာပြီး အနားယူနိုင်လို့လား။ 'ခက်ခက်'လာနိုင်ရင် တစ်ညလုံး မအိပ်တမ်းချစ်ပြမယ်လေ"

"စိန့်လိုက်လေ၊ ဒါဖြင့် ခု 'ခက်ခက်'ကိုပြန်ပို့၊ ည(၁၀)နာရီကျတော့ ဦးလာခေါ်ပေါ့"

ခက်ခက်တို့ ရေမိုးချိုး၊ အ၀တ်အစားလဲပြီးတော့ ဦးရဲ့တပည့်က ဆိုင်ကယ်နဲ့လိုက်ပို့ပေးတယ်။ 'ခက်ခက်'က အနွေးထည်မပါလို့ ဦးက ငွေတစ်သောင်းထုတ်ပေးတယ်၊ "အပြန်ပွဲဈေးမှာ ၀င်၀ယ်သွားတဲ့"

"ဦး၀ယ်ပေးတဲ့ အနွေးထည်လေးကို တကယ့်အမှတ်တရ၀တ်ထားမယ်၊ ခက်ခက်က အစိမ်းရောင်ကြိုက်တော့ အစိမ်းရောင်အနွေးထည်လေး ၀င်၀ယ်မယ်၊ ဟုတ်လား"

"ကောင်းပါပြီဗျာ"

'၀ဇီဗေဒ၊ ထိတိုင်းရှ'တဲ့။ 'ဗမ္ဘူထိပ် နိမိတ်'တဲ့။

အစိမ်းရောင်အနွေးထည်လေး ၀ယ်လိုက်မိလို့ ဦးတစ်ယောက် 'ခက်ခက်'ကို စိမ်းကားသွားတာလား ဦးရယ်။

ည ... 'ခက်ခက်'တို့အလုပြင်ဆိုင်ပေါ်ထပ်က စတိတ်ရှိုး ပြီးဆုံးသွားသည့်တိုင် 'ဦး' မလာဖြစ်တော့ဘူး။ ဦးက လုံး၀ကို စုပ်စုပ်မြုပ်ပျောက်ကွယ်သွားတော့တာပါ"

'ဦး'စကားပြောကောင်းတာကို 'ခက်ခက်' ယုံကြည်ပါသည်။ ယုံ၍လည်း တစ်ကိုယ်လုံးပုံအပ်ခဲ့ပြီမဟုတ်ပါလား။

ဆရာမောင်ပန်းမွှေးရဲ့ ကဗျာထဲကလို ခက်ခက်ကို အညာလွယ်သူလို့ထင်လိုက်ပြီလားဟင်။

'ဦး'နဲ့ 'ခက်ခက်'တို့ဇာတ်လမ်းက 'ဦး' က



www.burmeseclassic.com

www.burmeseclassic.com





စတင်ဖန်တီးခဲ့တာပါ ဦးရယ်။ **ယောကျ်ားကြိုက်**တော့ စိုက်စိုက်လာဆိုတဲ့စကားလို 'ခက်ခက်'ဘဝထဲကိုတိုးပြီး အရင်ဝင်ရောက်လာတာ 'ဦး'**ရယ်ပါ။** ဒါပေမယ့် လူတွင်ပါလို့ ကျားကိုက်ခံရတယ်လို့ မှတ်ယူလိုက်ပါ့မယ်။

ခုတော့ 'ဦး'ကို ကြိုက်မိတော့၊ 'ဦး'မလာနိုင်မှန်းသိပေမယ့် မျှော်တော်ဇောနဲ့မောနေရတာ 'ခက်ခက်'တစ်ယောက်တည်းပါ။ ဒါပေမယ့် 'ဦး'ကို အမြဲမျှော်လင့်နေပါ့မယ်။

'ခက်ခက်'က ချစ်ခဲ့ဖူးသူတစ်ယောက်ကို တစ်ခါတည်းချစ်ချင်လို့မဟုတ်ပေမယ့် တစ်ခါချစ်ခဲ့ရဖူးတာကိုပဲ ဝမ်းသာမိပါတယ်။ နေစိမ့်နိုင်လွန်းတဲ့ 'ဦး' ရယ်။ 'ခက်ခက်'ကို ဘယ်လိုအပြုံးနဲ့များ ရောင်ပြေးပစ်ထား**ရက်**ခဲ့တာလဲကွယ်။ 'ခက်ခက်'သိနိုင်ခွင့်ရှိမယ် ဆိုရင် သိပါရစေလား 'ဦး'ရယ်။

**သံယောဇဉ်'ဦး'ရဲ့ ခက်ခက်**

**(အေးဝင်းဦး)(ဘူမိဗေဒ)**

ကဲ ... **"အေးဝင်းဦး (ဘူမိဗေဒ)"**ရဲ့ **"သံယောဇဉ်'ဦး'ရယ်"**ဆိုတဲ့ နှလုံးသားရှုထောင့် ထဲက **'ခက်ခက်'**ရဲ့ ခံစားချက်တွေကို **'ဦး (ခေါ်) ဦးဇော်ဦး'**ရဲ့ ကိုယ်စား၊ ကိုယ်ပွားခံစားပြီး (၁၁-၈-၂၀၁၃)နေ့ နောက်ဆုံးထားကာ ရေးသားပေးပို့ ကြပါလို့ မေတ္တာရပ်ခံအပ်ပါတယ်။

**မောင်ငြိမ်းသူ(ကြို့ပင်ကောက်)**


**တာဝန်ခံအယ်ဒီတာ-ရှုထောင့်မှုခင်းနှင့်ရသစုံမဂ္ဂဇင်း**



www.burmeseclassic.com

www.burmeseclassic.com






၂၀၁၃ခုနှစ်၊ မေလထုတ် မှုခင်းရှုထောင့်ရသစုံမဂ္ဂဇင်းထဲမှာ ဖော်ပြခဲ့တဲ့ **'ငွေရည်သွန်းစံ (ရွှေဘို)'** ရဲ့ **'စောင့်ကြိုနေဆဲပါ'**ဆိုတဲ့ နှလုံးသားရှုထောင့်ထဲက **'စံစံ'**ရဲ့ခံစားချက်တွေကို **'ညီ'**ရဲ့ ကိုယ်စားကိုယ်ပွား ခံစားပြီး ဖြေရှင်းပေးထားသူတွေထဲက ပဏာမရွေးချယ်ထားတဲ့ (၁၀)ဦးရဲ့ စာရင်းကို ဖော်ပြလိုက်ပါတယ်–

| | | |
|---|---|---|
| (၁) | မင်းသော်က | "အခြေမလှသူမို့ပါ" |
| (၂) | ဝေမျိုးသက် | "ကြိုနှင့်ပါစံ" |
| (၃) | အောင်မင်းကျော် | "မေ့လိုက်ပါတော့နော်" |
| (၄) | ကျော်ကျော်လတ် | "ဖြေနိုင်ပါစေ" |
| (၅) | သူဇာမိုး | "စာနာမိပါသည်" |
| (၆) | အေးအေးခိုင် | "သူ့ကိုယ်စား" |
| (၇) | နှင်းဖြူသျှင် (သံတွဲ) | "စိတ္တဇသင့် ရင်မှာနင့်" |
| (၈) | ကိုရဲ (သာကေတ) | "ယုံကြည်စွာမျှော်လင့်ရင်း" |
| (၉) | ဟန်နီ (တောင်ကြီး) | "ကမ်းလက်ကိုမြဲစေမယ်" |
| (၁၀) | လူထက်မင်းဝေ | "ဝေးလွင့်ခြေရာ" |



www.burmeseclassic.com

www.burmeseclassic.com



## ပြန်လည်စိစစ်သုံးသပ်ချက်

**(၁) မင်းသော်က "အခြေမလှသူမို့ပါ"**

စာမူပေးပို့ရင် နှလုံးသားရှုထောင့်က ကိုယ့်ဇာတ်လမ်းကို ကိုယ်ရေးတာမို့ရှင်းပါတယ်။ ဖြောင့်ချက်နှလုံးသားကဏ္ဍကို ရေးရင်တော့ ဘယ်လထုတ် ဘယ်သူရေးတာကို ပြန်လည်ဖြေရှင်းချက်ပါလို့ စာမူရဲ့ထိပ်ဆုံးမှာ ရေးသားဖော်ပြပါ။ ဒါမှ စာမူကို ခွဲခြားတဲ့အခါ လွယ်ကူအဆင်ပြေပါတယ်။ ဖြောင့်ချက်နှလုံးသားကဏ္ဍရေးသူတိုင်း လိုက်နာကြပါ။ ကျိုးကြောင်းဖော်ပြချက်သင့်ပါတယ်။

**(၂) ဝေမျိုးသက် "ကြိုနှင့်ပါစ်"**

အရေးအသား ပြေပြစ်ပေမယ့် ကျိုးကြောင်းဖော်ပြချက်က ပိပြင်ပေါ်လွင်မှုမရှိပါ။

**(၃) အောင်မင်းကျော် "မေ့လိုက်ပါတော့နော်"**

စာမူက ရှည်လွန်းရင်းလည်း ဟုန်သွားသလို တိုလွန်းရင်လည်း မပြည့်စုံပါ။ အနည်းဆုံးတော့လေး မျက်နှာခန့် ရေးမှ ပြည့်စုံကောင်းမွန်ပါတယ်။

**(၄) ကျော်ကျော်လတ် "ဖြေနိုင်ပါစေ"**

ကျိုးကြောင်းဖော်ပြချက်သင့်ပေမယ့် စကားပြေအရေးအသားက မပြေပြစ်ဘဲ ထောင့်နေပါတယ်။ ရေးပြီးပြန်လည်ဖတ်ရှုကြည့်ပါ။

**(၅) သူဇာမိုး "စာနာမိပါသည်"**

ညီရဲ့ ညီမက သူ့အစ်ကိုညီ ကားအက်စီးဒင့်ဖြစ်ရာမှ ညာခြေထောက်ဖြတ်လိုက်ရလို့ ဒုက္ခိတဘဝရောက်နေကြောင်း ညီရဲ့ကိုယ်စား ရှင်းပြထားတာ သင့်ပါတယ်။

**(၆) အေးအေးခိုင် "သူ့ကိုယ်စား"**

ညီရဲ့ဇနီးက သူ့ယောက်ျားကို မုန်းမေ့လိုက်ပါလို့ ရေးသားထားတာသင့်ပေမယ့် ဖြေသိမ့်ပေးရမယ့်အစား ရန်ထောင်တာများသွားပါတယ်။

**(၇) နှင်းဖြူသျှင် (သံတွဲ) "စိတ္တဇသင့်ရင်မှာနှင့်"**

ရုပ်ရှင်၊ ဗီဒီယိုဇာတ်လမ်း ဆန်သွားပါတယ်။ အရေးအသားသင့်ပါတယ်။

**(၈) ကိုရဲ (သာကေတ) "ယုံကြည်စွာ မျှော်လင့်ရင်း"**

အစချီလာတာ ကောင်းပြီး အဖျားရှူးသွားပါတယ်။ အရေးအသားကိုတော့ သဘောကျပါတယ်။ ဆက်လက်ကြိုးစားပါ။ ဖော်ပြခံရတဲ့စာမူတွေကို နမူနာယူပါ။

**(၉) ဟန်နီ (တောင်ကြီး) "ကမ်းလက်ကို မြဲစေမယ်"**

ကျိုးကြောင်းဖော်ပြချက်က သင့်ပါတယ်။ ဒါပေမယ့် ဆွဲဆောင်မှုမှာ အားနည်းနေပါတယ်။

**(၁၀) လူထက်မင်းဝေ "ဝေးလွင့်ခြေရာ"**

အရေးအသား ကျိုးကြောင်းဖော်ပြချက် သင့်သလို ဆွဲဆောင်မှုလည်းရှိပါတယ်။ ရသသင်ခန်းစာလည်း ပါရှိပါတယ်။

**အကြိုက်ဆုံးဖြောင့်ချက်နှလုံးသားပိုင်ရှင်**


ဒီလအတွက် အကြိုက်ဆုံးဖြောင့်ချက်နှလုံးသားပိုင်ရှင်အဖြစ် 'လူထက်မင်းဝေ"ကို ရွေးချယ်လိုက်ပါတယ်။ ကဲ "လူထက်မင်းဝေ"ရဲ့ "ဝေးလွင့်ခြေရာ"ဆိုတဲ့ ဖြောင့်ချက်နှလုံးသားကို ခံစားကြည့်ကြပါစို့။

**မောင်ငြိမ်းသူ(ကြို့ပင်ကောက်)**
**တာဝန်ခံအယ်ဒီတာ**
**ရှုထောင့်မှုခင်းနှင့်ရသစုံမဂ္ဂဇင်း**



www.burmeseclassic.com

www.burmeseclassic.com



"ဖြောင့်ချက်နှလုံးသား"

# ဝေးလွင့်ခြေရာ

လူထက်မင်းဝေ

"ဒီအနမ်းလေးကို နဖူးပေါ်မှ ယူသွားပါကွယ်၊ ပြီးတော့--- မင်းအပါးက အခု ခွဲခွာသွားခြင်းကိုပါပေါ့၊ များပြားတဲ့ ဖွင့်ဟဝန်ခံစကားတွေကိုလဲ ပြောခွင့်ပေးပါ၊ မင်းမမှားပါဘူး"

အင်္ဂလိပ်အယ်လင်းပိုးရဲ့ "A Dream Within a Dream"ကို "အိပ်မက်တစ်ခုထဲက အိပ်မက်တစ်ခု"ဆိုပြီး ဘာသာပြန်ခဲ့တဲ့ ဆရာနွမ်ဂျာသိုင်းရဲ့ ကဗျာလေးလိုပါပဲ၊

"စံ"ရေ---

"မင်း မမှားပါဘူး၊ ညီ--ညီကိုသာ ဖွင့်ဟဝန်ခံစကား ပြောခွင့်ပေးပါတော့ကွယ်"

မြီးကောင်ပေါက်အရွယ်ဆိုတာ လေတိုက်လို့ သစ်ရွက်ကလေးလှုပ်ရင်တောင် ရင်ခုန်တတ်တဲ့ အရွယ်မို့ ဖြူစင်နနယ်တဲ့ နှလုံးသားကိုတင်စားပြီး ပြောကြတာတွေကို "ညီ"ကြားဖူးခဲ့ပါတယ်၊ အရာရာမတည်ငြိမ်သေးတဲ့ ဒီအရွယ်မှာစတင်ဖြစ်ပေါ်လာတဲ့ ရင်ခုန်သံချစ်ခြင်းကာရန်တွေကရော တည်ငြိမ်ပါ့မလား၊



www.burmeseclassic.com

www.burmeseclassic.com



မတည်ငြိမ်နိုင်ဘူးလို့ ပြောတဲ့စကားဟာ တခြားသူတွေ အတွက်တော့ မှန်ကောင်းမှန်ပါလိမ့်မယ်။ ဒါပေမယ့် "စံ"နဲ့ "ညီ"တို့အတွက်တော့ ခြွင်းချက်တစ်ခုပါပဲ။

ဘာပြုလို့လဲဆိုတော့ ဖြူစင်နူးညံ့တဲ့ နှလုံးသားမှာ စတင်ဖြစ်ပေါ်လာခဲ့တဲ့ "စံ"နဲ့ "ညီ"တို့ရဲ့ ရင်ခုန်သံချစ်ခြင်းတေးသွားတွေက ခုထိအနည်မထိုင် မငြိမ်မသက် လှုပ်ရှားရှင်သန်မြဲ၊ တစ်ယောက်ရဲ့ ရင်ထဲမှာ တစ်ယောက်က ခုထက်ထိ ကျောက်နဲ့ထွင်းတဲ့အက္ခရာတစ်ခုလို မပျောက်မပျက်ရှိနေဆဲ မဟုတ်လား။ သို့ပေမယ့်လည်း---။

"မင်း အကြောင်းတွေကို စံ မေးနေတယ် ညီ"

"ဘယ်မိန်းကလေးမှ သူ စိတ်မဝင်စားတဲ့ ယောကျ်ားတစ်ယောက်အကြောင်းကို တကူးတက နဲ့ မိန်းကလေးဣန္ဒြေအပျက်ခံပြီး မမေးဘူး ညီ။ ငါ ထင်တယ်၊ စံလဲ မင်းကိုချစ်နေလိမ့်မယ်"

ဆိုတဲ့ ရွှေဘိုက ညီအစ်ကိုတွေ ဖုန်းဆက်ပြောသံကို ကြားရတော့ "ညီ" တအားကိုပျော်ရွှင်သွားမိတယ်၊ သိပ်လည်းဝမ်းသာကျေနပ်မိတယ်၊ တစ်ဘဝစာ နိုင်မာတဲ့စိတ်နဲ့ ညီ့ရဲ့မိဘနှစ်ပါးကိုလည်း ရှင့်ပြပြောကြားခဲ့တယ်။ မိဘနှစ်ပါးရဲ့ "သား ကျောင်းပြီးအောင်တက်ပါဦး။ သားရဲ့အိမ်ထောင်ရေးကို အမေတို့ မကာန့်ကွက်ပါဘူး"ဆိုတဲ့ စကားကို ကြားလိုက်ရချိန်မှာတော့ ငါ့လောက် ကံကောင်းတဲ့သူ ဒီကမ္ဘာမှာ ရှိပါဦးမလားလို့ သွေးနားထင်ကြီးမိတယ်။ ကိုယ်ချစ်တဲ့သူက ကိုယ့်ကိုပြန်ချစ်၊ ပြီးတော့ အဲဒီအချစ်ဒီနေ့ပဲ ဘဝတစ်သက်တာ လက်တွဲခွင့်ရတဲ့ ကိုယ့်ရဲ့ကံကြမ္မာကို "ညီ"တော်တော်လေး ကျေးဇူးတင်မိတယ်။ အဲဒီအချိန်မှာ "ညီ"အတွက်တော့ အရာရာဟာ ခမ်းနားစွာလှပနေခဲ့တယ်။

ဒီလိုနဲ့ "ညီ"ရဲ့ အောင်ပွဲကို ယမကာခိုင်တစ်ဆိုင်မှာ ဂုဏ်ပြုခဲ့ကြတယ်။ လူငယ်တို့ရဲ့ အတွေးမြင် အတတ်သင်ဇီဇကြောင့် "ညီ"တို့ သူငယ်ချင်းတစ်စု ယမကာတွေ မှီဝဲခဲ့ကြတယ်။ မြတ်ဗုဒ္ဓက ရှောင်ကြဉ်ဖို့ ဟောကြားခဲ့တဲ့ "သုရာမေရယ"ကံကို





www.burmeseclassic.com

www.burmeseclassic.com





"ညို"တို့ သူငယ်ချင်းတစ်စု ကျူးလွန်ခဲ့ကြတယ်၊ အရက်သေစာဆိုတာ လူကိုယစ်မူးစေပြီး အသိစိတ်ကို ယိုင်နဲ့ကာ အမှားအမှန်ကို ကောင်းစွာခွဲခြားဖို့ အသိဉာဏ်က ထင်သလောက်မဖြစ်တော့ဘူးလေ၊ ဒါကို "ညို"သိပါတယ်၊ ဒါပေမယ့် အဲဒီ "သုရာမေရယ"ကံကို ကျူးလွန်လိုက်မိလို့ ဖြစ်ပေါ်လာတဲ့ နောက်ဆက်တွဲ အကျိုးဆက်ကိုတော့ ကိုယ်တိုင်ခံစားလိုက်ရမှပဲ "ညို" ကိုမိုခံစားသိမြင်တော့တယ် "စံ"ရယ်၊ အဲဒီသိမြင်ခြင်းမှာ "စံ"နဲ့ "ညို"တို့ရဲ့ ဘဝကာလည်းလေ နီးချင်လျက်နဲ့ ဝေးခဲ့ရတာပါပဲကွယ်၊

အဲဒီနေ့က "ညို"တို့ သူငယ်ချင်းတစ်စု အောင်ပွဲခံပြီး ပြန်လာရင်း လမ်းမှာ "ညို"တို့လို ရွယ်တူအုပ်စုတစ်စုနဲ့ စကားများကြတယ်၊ ယမကာ သုံးစွဲမှုကြောင့် အသိဉာဏ်ရဲ့ ထိန်းချုပ်မှုမှ လွတ်လပ်သွားတဲ့ "ညို"တို့ သူငယ်ချင်းတစ်စုဟာ စိတ်ရိုင်းတွေရဲ့ ခေါ်ဆောင်ရာနောက်ကို မတွန့်မဆုတ်ဘဲ ရဲဝံ့စွာ ဆင်းသက်ခဲ့ကြတယ်၊ စကားများရာကနေ တဖြည်းဖြည်း လက်တွေပါလာပြီး ကိုယ်ထိလက်ရောက်တွေ ဖြစ်ကုန်တယ်၊ ဖျန်ဖြေတောင်းပန်ပေးမယ့်သူ မရှိကြဘူး၊ ကိုယ့်စိတ်ရိုင်းနဲ့ကိုယ် ချွန်းဖွင့်ခဲ့ကြတယ်လေ၊ ဒါကြောင့် နှစ်ဖက်စလုံးအထိနာခဲ့ကြတယ်၊ "ညို"ကတော့ ချွန်ထက်တဲ့အရာတစ်ခုရဲ့ တိုက်ခိုက်မှုကြောင့် မျက်လုံးတစ်ဖက်ဆုံးရှုံးသွားတယ်၊ ပြီးတော့ "ညို"မျက်နှာမှာ ကန့်လန့်ဖြတ်ဒဏ်ရာတစ်ခုပါ ရရှိခဲ့တယ် "စံ"ရေ၊

"ရယ်ဖန်များငိုရ"ဆိုသလို အဲဒီအဖြစ်အပျက်တွေ ဖြစ်ပွားပြီးနောက်ပိုင်းမှာ "ညို"ဘဝရဲ့ ပျော်ရွှင်ခြင်းတွေ ဆိတ်သုဉ်းပျောက်ကွယ်ခဲ့ရတယ်၊ "ချောတယ်"ဆိုတဲ့ မိန်းကလေးအများစုရဲ့ နှုတ်မှအပြောခံရလေ့ရှိတဲ့ "ညို"ဟာ ခုတော့ ကျေနပ်ပီတိဖြစ်မှုတွေအစား သိမ်ငယ်မှုဆိုတဲ့ ဝေဒနာဟာ ရင်တစ်ခုလုံးကို တိုးပွားနာကျင်စေခဲ့တယ်၊ အရာရာကို ဆုံးရှုံးလိုက်ရပြီဆိုတဲ့ အသိက "ညို"နှလုံးသားကို ဝိုရှိုက်စေတတ်ခဲ့ပြီလေ၊ ဟိုတစ်ချိန်တုန်းက "စံ"ရဲ့မျက်နှာလေးကို ငေးကြည့်ချင်မိတဲ့ ဆန္ဒတွေက အခုအချိန်အခါမှာ ဆန့်ကျင်ဘက်တွေ ဖြစ်ခဲ့ရပြီလေ၊ တစ်ချိန်က ဖြစ်ပေါ်ခဲ့တဲ့ "စံ"ရဲ့ လက်ကိုတွဲပြီး လောကခံကို ရင်ဆိုင်ဖြတ်ကျော်ချင်တဲ့ ဆန္ဒတွေက ခုတော့ "စံ"ရဲ့ အဝေးဆုံးမှာပဲ တစ်ကိုယ်တည်း အထီးကျန်စွာ နေချင်မိတော့တယ်--



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်မိုက်မဲမှုနဲ့ကိုယ်၊ ကိုယ့်သိမ်ငယ်မှုနဲ့ ကိုယ် နှောင်တတွေနဲ့ "ညို" နေခဲ့ရပါပြီ၊ "ဘယ်သူ မပြုမိမိမှု''ပဲပေါ့ "စံ''ရယ်၊ သိမ်ငယ်မှုတွေနဲ့အတူ "ညို''ရဲ့ စိတ်တွေလည်းပြောင်းလဲခဲ့ပြီလေ၊ ဒါပေမဲ့ "စံ့''အပေါ်ထားတဲ့ "ညို''ရဲ့ အချစ်စိတ်တွေကတော့ ဘယ်ရာသီ ဘယ်လိုပြောင်းပြောင်း မပြောင်းလဲဘဲ ရင်ထဲမှာ ထာဝစဉ်တည်ရှိနေပါတယ်၊ "မဖြစ်နိုင် တော့ဘူး''ဆိုတဲ့ အသိစိတ်တစ်ခုရယ်ကြောင့်သာ "စံ'' ရယ် "ညို''တစ်ယောက် အထီးကျန်မှုတွေနဲ့ အကျည်းတန်ရင်း---

ဒါကြောင့်ပဲ ရွှေဘိုက ညီအစ်ကိုတွေကို "ညို''အကြောင်းတွေ "စံ့''ကို မပြောမိဖို့ ဖုန်းဆက် ပြောခဲ့မိတယ်၊ "လှံ့ထမ်းလာတာကို မြင်ရတယ်၊ ကံထမ်းလာတာကို မမြင်ရဘူး''ဆိုတဲ့ စကားလို ကြမ္မာဆိုးက "ညို''ဘဝကို မုန်တိုင်းတစ်ခုလို ရိုက် ခတ်သွားပြီလေ၊ မမြင်ကွယ်ရာကနေ ရုတ်တရက် ဝင်လာတဲ့ အဲဒီကံကြမ္မာဆိုးရဲ့အောက်မှာ "ညို''ရဲ့ နှလုံးသားတစ်ခုလုံးလည်း ဝေဒနာတွေထဲက ရုန်းမ ထွက်နိုင်ခဲ့ပါဘူး "စံ''၊ ပြီးတော့ "ရှင်တော်ပေဟာ သည့် အဆိပ်ရည်''ကို မဆင်မခြင် သောက်သုံးမိတဲ့ "ညို''ရဲ့အဖြစ်ကိုလည်း နောင်တရမဆုံးဖြစ်ခဲ့ရပါပြီ လေ၊

လူငယ်တစ်ယောက်ရဲ့ ခဏတာလွဲမှားတဲ့ စိတ်က ခုတော့ ဘဝတစ်သက်တာ သေရောပါခဲ့ပြီ ကွယ်၊ ဒါကြောင့် "စံ''ကို "ညို''ဘဝတစ်သက်တာ ရည်ရွယ်ပြီး ချစ်ခဲ့ပေမယ့်လည်း "ညို''ရဲ့ သိမ်ငယ်ရ တဲ့ ဘဝထဲ "စံ့''ကို ဆွဲမခေါ်ရက်တော့ဘူးလေ၊ ဆိုရွားလှတဲ့ ကံကြမ္မာရဲ့အဆိုးဘက်အခြမ်းက "ညို'' ရဲ့ လက်တစ်စုံက ဘယ်လိုစိတ်မျိုးနဲ့ "စံ''ကို တွဲခေါ် ရက်ပါ့မလဲကွယ်--

မကြောင်နာလို့မဟုတ်ပေမယ့်
ရင်မှာ အမြင်မတင့်တာမို့
အကျည်းတန်ရဲ့ အထီးကျန်အလွမ်းမှာ
စံရေ---
ဒီဘဝအငွေကဲ့တော့
ဒီအမှုပဲပေါ့ကွယ်---

"ညို''ရဲ့ ဖွင့်ဟဝန်ခံချက်တွေဟာ "အ ကျည်းတန်ရဲ့ အထီးကျန် အလွမ်းပုံပြင်'' ဆိုတဲ့ သီချင်း ခေါင်းစဉ်လိုပါပဲ "စံ''၊ လူတိုင်းလူတိုင်းဟာ မိမိရဲ့ အားနည်းချက်တွေကို တစ်ပါးသူကို ဖွင့်ဟပြောဖို့ ခက်ခဲစိုးရွံ့ကြပါတယ်၊ (ညိုလည်း ဒီလိုပါပဲ) အထူးသ ဖြင့် ကိုယ်ချစ်ရသူကို ကိုယ့်ရဲ့ အကျည်းတန်လွန်း တဲ့ အားနည်းချက်တွေကို ဝန်ခံပြောဖို့ဆိုတာပေါ့၊ ဒါပေမယ့် "ညို''မှာတော့လေ---

"ယူတာတတ်ရင်သင်ခန်းစာ''ဆိုတဲ့ စကားလို "ညို''ရဲ့ အရက်သေစာသောက်စားမှုကြောင့် ဖြစ်ခဲ့ ရတဲ့ ဘဝရဲ့နာကျင်ကြေကွဲ အကျည်းတန်မှုတွေကို နောင်လာမယ့် ညီငယ်တွေကို "ညို''လို မဖြစ်ရ အောင် "ညို''ဘဝကို နမူနာယူပြီး ဆင်ခြင် ရှောင် ရှားနိုင်အောင် "ညို''ခုလို စာတစ်စောင်ပေတစ်ဖွဲ့နဲ့ ဖွင့်ဟဝန်ခံခဲ့တာပါ၊ ပြီးတော့ မျှော်လင့်ချက်နဲ့မောရ တဲ့ "စံ''လည်း "ညို''ရဲ့ ဖြစ်ကြောင်းကုန်စင်ကို သိသွားတဲ့အခါ မမှားသင့်တာမမှားဘဲ သေချာနိုင်မာ တဲ့ ဆုံးဖြတ်ချက်တွေကို နှလုံးသားနဲ့ မယှဉ်ဘဲ အသိ ဉာဏ်နဲ့ယှဉ်ပြီး ဆုံးဖြတ်ရအောင်လို့ပါကွယ်၊

ဒီလောက်ဆိုရင် အငြိမ်မစုံတော့တဲ့ လူငယ်



www.burmeseclassic.com

www.burmeseclassic.com





ယောက်ရဲ့ ဝေးလွင့်ခဲ့ရတဲ့ ခြေရာတွေကို "စံ"တစ်ယောက် သိမြင်ပါပြီနော်။ ရှေ့ဆက်ရမယ့် အနာဂတ်ခရီးလမ်းမှာ "စံ"နဲ့အတူ တွဲလျှောက်ခွင့်မရတော့ပေမယ့် "စံ"တစ်ယောက် ပျော်ရွှင်ချမ်းမြေ့တဲ့မေတ္တာရိပ်မြုံလေးမှာ ထာဝရပျော်ရွှင်ပါစေလို့ "ညီ" တစ်ယောက် ဆုတောင်းပေးလိုက်ပါတယ်ကွယ်။

အကျည်းတန်တစ်ယောက်ရဲ့

ဖြူစင်တဲ့ချစ်ခြင်းမေတ္တာနဲ့-ညီ

လူထက်မင်းဝေ



www.burmeseclassic.com

www.burmeseclassic.com



# လက်ပံ
# (Red Flower)

ကျော်ဇောဟိန်း–ဒေါ်ပုံ

လွန်ခဲ့တဲ့ နှစ်ပေါင်းနှစ်ဆယ်ခန့်က နယ်မြို့လေးတစ်မြို့မှာ ဆရာဝန်ကြီးတစ်ဦးရဲ့သား ရာဇာကျော်ဟာ တစ်နေ့ သူ့ဖခင်လို ဆရာဝန်ကြီးတစ်ဦးဖြစ်လာဖို့ သန္နိဋ္ဌာန်ချထားသူဖြစ်တယ်။ နယ်မြို့လေးရဲ့ အနီးပတ်ဝန်းကျင်ရှိ ညောင်ပင်တဲရွာသူ ခင်မဏိနဲ့ ရာဇာကျော်တို့ လူငယ်တို့ဘဝ ချစ်သူများဖြစ်ခဲ့ကြတယ်။ တစ်နေ့ ချစ်သူနှစ်ဦးဆုံနေကျ လက်ပံပင်ကြီးအောက်မှာ ခင်မဏိအတန်တန် ငြင်းဆန်နေတဲ့ကြားက စိတ်အလိုကို မထိန်းချုပ်နိုင်တဲ့ ရာဇာကျော်ကြောင့် အချစ်နယ်ကျွံခဲ့ကြလေတယ်။

အကျိုးဆက်အဖြစ် ခင်မဏိ ကိုယ်ဝန်ရှိလာတယ်။ ဘဝရည်မှန်းချက်ကြီးမားတဲ့ ရာဇာကျော်က လုံးဝလက်မခံနိုင်ဘဲ ပိုက်ဆံထုတ်ပေးကာ ကိုယ်ဝန်ကို ဖျက်ချဖို့သာ တိုက်တွန်းခဲ့တယ်။ ခင်မဏိမှာ မိမိအလွန်ချစ်ရသူကို ခါးသီးနာကြည်းစွာနဲ့ လမ်းခွဲဖို့ ဆုံးဖြတ်လိုက်တယ်။ ခွဲခွာခါနီး လက်ပံပွင့်များနဲ့ လက်ပံဆိုတဲ့ အမည်ကိုကြားတိုင်း မိမိကိုသတိရနေဖို့သာ မှာကြားလိုက်တယ်။

ရာဇာကျော်မှာ မိမိရည်မှန်းထားခဲ့တဲ့အတိုင်း ဆရာဝန်ကြီးတစ်ဦး ဖြစ်လာခဲ့ပြီး မိဘသဘောဘူသူနဲ့ လက်ထပ်ပေါင်းသင်းလာခဲ့ပေမယ့် ဇနီးသေဆုံးသွားလို့ မိမိကိုအလွန်ချစ်တဲ့ ခင်မဏိနဲ့ မိမိရဲ့ရင်သွေးလေးကိုပါ ပြန်လည်ဆုံတွေ့ခွင့်ရှိနိုင်တယ်ဆိုတဲ့ အတွေးနဲ့ ခင်မဏိနေထိုင်ခဲ့တဲ့ ရွာလေးကို သွားရောက်စုံစမ်းခဲ့တယ်။ လင်ကောင်မပေါ်ဘဲ ကလေးတစ်ယောက်ရခဲ့တဲ့အဖြစ်ဆိုးကြောင့် ခင်မဏိရဲ့ဖခင်လည်း အသက်ဆုံးခဲ့ပြီး လူတကာလက်ညှိုးထိုးခံရရှာသူ ခင်မဏိမှာလည်း ရွာမှထွက်သွားတာ နှစ်ပေါင်းများစွာကြာခဲ့ပြီဖြစ်ကြောင်းသာ သိရှိခဲ့ရတယ်။

သားသမီးမရှိတဲ့ ဦးရာဇာကျော်က အိမ်မှာမွေးထားတဲ့ ခွေးကြီးကို အလွန်ချစ်သူဖြစ်တယ်။ ခွေးကြီးက ကျန်အချိန်များမှာ လိမ္မာရေးခြားရှိသလောက် အနီရောင်ကိုမြင်တိုင်း ထိန်းမနိုင်သိမ်းမရ သွေးဆူလာတတ်တဲ့ အကျင့်ရှိတယ်။ တစ်နေ့မှာ လမ်းမပေါ်က မိမိခွေးကြီး အော်သံကြားလို့ အပြေးအလွှား သွားကြည့်ရာ အနီရောင်ဝတ်စုံကို ဝတ်ဆင်ထားတဲ့ မိန်းမငယ်တစ်ဦးရဲ့ ဓားချက်နဲ့ မိမိခွေးကြီး သေဆုံးနေတာကို တွေ့လိုက်ရတယ်။ ဒါပေမယ့် ဦးရာဇာကျော်အဖို့



www.burmeseclassic.com

www.burmeseclassic.com



မိမိ အလွန်ချစ်တဲ့ ခွေးကြီးသေဆုံးခြင်းထက် ငယ်ရွယ်နုပျိုသလောက် ခံစားချက်မဲ့သူ မျက်နှာပိုင်ရှင် လက်ပံလို့ခေါ်တဲ့ မိန်းကလေးကိုသာ တအံ့တသြကြည့်နေမိတယ်။

ဦးရာဇာကျော်က လက်ပံရဲ့ဘဝကို သိလိုကြောင်း တောင်းဆိုလို့ လက်ပံကလည်း ဦးရာဇာကျော်ကို အိမ်သို့ခေါ်ပြီး အိမ်မှာအမြတ်တနိုးချိတ်ဆွဲထားတဲ့ ပန်းချီကားချပ်ကြီးတစ်ချပ်ကို ပြတယ်။ ဒီပန်းချီကားကြီးမှာ မိမိတို့ဘဝနဲ့ ပါဝင်ပတ်သက်ခဲ့တဲ့ လက်ပံပင်ကြီးဖြစ်ကြောင်း ဦးရာဇာကျော်မြင်တာနဲ့ သိလိုက်တော့တယ်။ လူအများနဲ့ မပတ်သက်ဘဲ ခပ်တင်းတင်းနေခဲ့သူ လက်ပံကလည်း မိမိလူ့ဘဝရောက်လာဖို့ အစပျိုးကတည်းက ဖခင်ဖြစ်သူက မလိုလားခဲ့ကြောင်း မိမိဘဝဇာတ်လမ်းကို ရင်ဖွင့်ပြောပြလိုက်တယ်။

လက်ပံမှာ မိမိနဲ့ ခင်မဏီတို့ရဲ့ ရင်သွေးလေးဖြစ်ကြောင်း ဦးရာဇာကျော် သိလိုက်ရတဲ့အပြင် မိမိတစ်ကိုယ်ကောင်းဆန်ခဲ့မှုအတွက် မဏီနဲ့ သမီးလေးတို့ရဲ့ဘဝမှာ ပြောမပြနိုင်တဲ့ နာကြည်းချက်များ တစ်သက်လုံး ခံစားခဲ့ရတာကို ယူကျုံးမရ သိရှိလိုက်ရတယ်။ ခင်မဏီမှာလည်း သေဆုံးသွားပြီဖြစ်တဲ့အပြင် သမီးလေး လက်ပံကလည်း ရက်စက်စိမ်းကားတဲ့ ဖခင်ကို ပြန်တွေ့တာနဲ့ အသေသတ်ဖို့ သန္နိဋ္ဌာန်ချထားကြောင်း သိလိုက်ရတယ်။ ဦးရာဇာကျော်မှာ အဖြစ်မှန်ကို ဖွင့်ပြောလိုက်ချင်ပေးမယ့် အငြိုးအတေးနာကြည်းမှုများ ကြီးမားလှတဲ့ သမီးလေး အဇာတသတ်လက်သစ်ဘဝရောက်မှာ စိုးရိမ်လို့ ရင်ထဲမျိုသိပ်နေဖို့ကိုသာ ဆုံးဖြတ်လိုက်တော့တယ်။ ရှေ့ဆက်ဘာဖြစ်ကြမယ်ဆိုတာ စောင့်မျှော်ကြည့်ကြစေချင်ပါတယ်။

"လက်ပံ" လို့ အမည်ပေးထားတဲ့ ရုပ်ရှင်ဇာတ်ကား သက်ဝင်လှုပ်ရှားဖို့ ဒါရိုက်တာပိုင်းက စိန်ရွှေး ဗီဒီယိုထုတ်လုပ်ရေးအတွက် မြွားစစ်သည်ရဲ့ ဝတ္ထု၊ သီဟစိုးရဲ့ ဇာတ်ညွှန်းကို ပြေတီဦး၊ စိုးမြတ်သူဇာ၊ ဖွေးဖွေး၊ ဆုဝတီ၊ ကလေးသရုပ်ဆောင် ယွန်းယွန်းတို့နဲ့ သရုပ်ဆောင်များစွာ ထည့်သွင်းကာ ပုံဖော်အသက်သွင်းရိုက်ကူးထားခြင်း ဖြစ်ပါတယ်။


ကျော်ဇော်ဟိန်း—ဒေါ်ပို

(ပန်းနီ) (Red Flower)



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com



**တိမ်မင်းသမီးဒဏ္ဍာရီရုပ်ရှင်ဇာတ်ကား**

**နိုင်စင်သန့်**



မြို့သာဆိုတဲ့ မြို့လေးမှာ ကိုမောင်မောင်နဲ့ သက်ထားသွယ်တို့ ပညာတစ်ပိုင်းတစ်စနဲ့ အိမ်ထောင်သည်ဘဝ တိုးဝင်မိခဲ့တဲ့ သူငယ်ချင်းလင်မယားဖြစ်တယ်။ သက်ထားသွယ် မိဘများက ဆင်းရဲသလောက် ကိုမောင်မောင့် အသိုင်းအဝိုင်းက ချမ်းသာတယ်။ သက်ထားသွယ်ကို လက်ထပ်လို့ ကိုမောင်မောင်မှာ အမွေဖြတ်ခံရတယ်။ ကိုမောင်မောင်ရဲ့ မိဘများ မရှိတော့တဲ့အခါ ညီအစ်ကိုမောင်နှမအရင်းများက အမွေခွဲယူကာ ခြေရာဖျောက်ကုန်ကြတယ်။ ကိုမောင်မောင်က ဘာမျှဂရုမစိုက်ဘဲ ကြိုရာကျပန်းအလုပ်လုပ်ကာ ဘဝကို ရိုးသားစွာ ရုန်းကန်ခဲ့တယ်။ သက်ထားသွယ်ခများလည်း ‘အမွေမက်လို့ယူတဲ့မိန်းမ’ ဆိုတဲ့ စကားကို ချေဖျက်ဖို့ မောင်တစ်ထမ်းမယ်တစ်ရွက် အလုပ်လုပ်ခဲ့တယ်။ သူတို့မှာ သုံးနှစ်ကျော်သာကွာတဲ့ “မေမြတ်ထန်”နဲ့ “သစ်ရိပ်စံ”ဆိုတဲ့ သမီးငယ်နှစ်ယောက်ပင် ထွန်းကားခဲ့တယ်။

ကိုမောင်မောင်က နေ့ခင်းမှာ ပန်းရန်လုပ်တယ်။ ညနေပိုင်းမှာ ကလေးကစားတဲ့ ဖီးကွက်ရုပ်များလုပ်တယ်။ သက်ထားသွယ်က နေ့ခင်းပိုင်းမှာ အိုးအငှားရိုက်တယ်။ မေမြတ်ထန်က ကလေးဘဝမှာ အိုးဖိုပိုင်ရှင်နဲ့ အိုးရိုက်သူများဘဝ ကွာခြားမှုကိုသတိထားမိတယ်။ ပညာတတ်မှ ဆင်းရဲတွင်းက လွတ်မှာကို သိတယ်။ စာကိုကြိုးစားတယ်။ မအိပ်ဘဲစာကျက်လို့ အကြီးအကျယ်ဖျားခဲ့တယ်။ ဆရာဝန်က နုနယ်တဲ့ ကလေးရဲ့ ပြင်းထန်တဲ့စိတ်ကို ထိန်းဖို့ သတိပေးခဲ့တယ်။ ကြမ်းတမ်းပြင်းထန်တဲ့ ဘဝများကြားမှာ မေမြတ်ထန်လေးမှာ ငယ်စဉ်ကပင် ဘဝင်မြင့်ချင်တဲ့ စိတ်ရောဂါရှိနေခဲ့တယ်။

အငယ်မ သစ်ရိပ်စံက မိဘမှာ မရှိမှန်းသိလို့ မြိုးခြိုးညှာတာခဲ့တယ်။ သစ်ရိပ်စံမှာ သူငယ်ချင်းများနဲ့ ဆော့ကစားရင်း သူများပေးစာ၊ ကျွေးစာ စားတာကို မေမြတ်ထန်က ရိုက်နှက်ဆုံးမခဲ့တယ်။ မေမြတ်ထန်က အဖေချစ်ဖြစ်၊ သစ်ရိပ်စံက အမေချစ်ဖြစ်ခဲ့တယ်။

တစ်နေ့ ကိုမောင်မောင် ကျောက်တွင်းပိကာ ဆေးရုံပေါ်ရောက်နေကြောင်း အခြေအနေမကောင်းလို့ အမြန်လိုက်ခဲ့ဖို့ သတင်းရောက်လာတယ်။ သက်ထားသွယ်က ကိုမောင်မောင်ရဲ့ အစ်ကိုဝမ်းကွဲတော်သူ




www.burmeseclassic.com

www.burmeseclassic.com



ဦးဘလှထံ အကူအညီတောင်းတယ်။ ဦးဘလှရဲ့ဇနီး ဒေါ်တမာခိုင်က မကူညီချင်ပေမယ့် သမီးလေးနှစ်ယောက်ကို အိမ်ဖော်အဖြစ် ခိုင်းစေဖို့ အကြံနဲ့ ခရီးစရိတ် ငွေနှစ်သောင်းချေးလိုက်တယ်။ သက်ထားသွယ်က သမီးနှစ်ယောက်ကို ဦးဘလှထံအပ်ကာ ကိုမောင်မောင်နောက်ကို လိုက်သွားခဲ့တယ်။ အဲဒီအချိန်ကစပြီး ကိုမောင်မောင်ရော သက်ထားသွယ်ပါ မြို့သာသို့ ပြန်မရောက်လာတော့ဘူး။

လမှနှစ်သို့ တိုင်ခဲ့လေပြီ။ ဦးဘလှနဲ့ ဒေါ်တမာခိုင်တို့ လင်မယားမှာ နေ့စဉ်စကားများရတယ်။ မဟုတ်မခံ မေမြတ်ထန်က အမြဲပြန်ပက်ကာ ခိုင်းတာမလုပ်။ သစ်ရိပ်စံကတော့ ညီအစ်မနှစ်ယောက်စာ အလုပ်ပိုလုပ်ပေးရာတယ်။ သက်ထားသွယ် ပြန်မလာလို့ ဒေါ်တမာခိုင်က ဘယ်သူ့ကိုမျှ ကျောင်းထားမပေး



နိုင်ကြောင်း စစ်ကြေညာတယ်။ ဦးဘလှမှာ မတတ်သာတဲ့အဆုံး သားသမီးမထွန်းကားသူ ဦးသိန်းဟန်နဲ့ ဒေါ်ခင်ဦးတို့ထံ မေမြတ်ထန်ကို အမွေစားအမွေခံ ပေးအပ်လိုက်တော့တယ်။ မေမြတ်ထန်ရဲ့ ကံကြမ္မာက ထူးဆန်းတယ်။ မွေးစားမိဘများရဲ့ အထူးအလိုလိုက်ခြင်းကို ခံရလို့ ပိုပြီးဘဝမြင့်လာခဲ့တယ်။ မခံချင်စိတ်နဲ့ ကြိုးစားတာကြောင့် စာတော်တဲ့ အချက်က မေမြတ်ထန်ကို အမြင့်ပို့ပေးနေတယ်။

ညီမ သစ်ရိပ်စံက ဦးဘလှ၊ ဒေါ်တမာခိုင်တို့ထံမှာ အိမ်ဖော်ဘဝနဲ့နေခဲ့ရတယ်။ ဦးဘလှက သမီးရင်းလို ချစ်ခင်အရေးပေးပြီး ဒေါ်တမာခိုင်နဲ့ သမီးရင်း တင်မာသွဲ့တို့က အနိုင်ကျင့်ခဲ့ကြတယ်။ ရှေ့ဆက်ဘာဖြစ်မလဲဆိုတာ စောင့်ကြည့်ကြပါ။

ဒီဇာတ်ကားမှာ နဝရတ်က မေမြတ်ထန်၊ သစ်ရိပ်စံဆိုတဲ့ စရိုက်နှစ်မျိုးနဲ့ အထူးသရုပ်ဆောင်ထားပြီး ရဲအောင်၊ နေအောင်၊ ထွန်းထွန်းဝင်း၊ ဟိန်းဝေယံ၊ ထွန်းအိန္ဒြာဗို၊ မေသဥ္ဇာဦး၊ ခင်မို့မို့အေး၊ မိုခမ်း၊ ဇော်ဝင်းနိုင် (မန်း)၊ ဂွမ်းပုံကြီး၊ သျှင်ဒီစော၊ ချစ်တိုး၊ ကလေးသရုပ်ဆောင် ယွန်းယွန်းတို့လည်း ပါဝင်ထားကြပါတယ်။

နဝရတ် ရုပ်ရှင်ထုတ်လုပ်ရေးရဲ့ ပွဲဦးထွက်အဖြစ် ရှင်မရဲ့ ဝတ္ထု၊ ငြိမ်းမင်းရဲ့ ဇာတ်ညွှန်း၊ မြတ်လှိုင်း (ကဗျာ)ရဲ့ ရိုက်ညွှန်းကို ဒါရိုက်တာနေပိုင်က သူရဲ့ ပထမဆုံးရုပ်ရှင်ဇာတ်ကားအဖြစ် ပုံဖော်အသက်သွင်း ရိုက်ကူးထားခြင်း ဖြစ်ပါတယ်။

ခိုင်စင်သန့်



www.burmeseclassic.com

www.burmeseclassic.com



# စာအုပ်စင်ရှုထောင့်

ကိုကြီးထူး

## "ဥတ္တရလမင်းခံစားမှု မိဘမေတ္တာဘွဲ့ဝတ္ထုများ"





မြစ်ကြီးနားမြို့မှ ဥတ္တရလမင်းစာပေ (စာတည်း)အဖွဲ့က ရသစာပေများကိုနှစ်စဉ်ရွေးချယ်ပြီး စာချစ်သူများကို စာပေအကျိုးရှိအောင် အကျိုးဆောင်ပေးနေခဲ့သည်မှာ နှစ်စဉ်ပင်ဖြစ်ရာ စာချစ်သူများက လည်း ဥတ္တရလမင်းကို စာပေအလင်းဆောင်သူများအဖြစ် မှတ်ကျောက်တင်ပေးထားပြီးဖြစ်သည်။

ယခုနှစ်တွင်လည်း စာရေးဆရာ ဆရာမကြီး (၁၇)ဦး၏ "မိဘမေတ္တာဘွဲ့ခံစားမှုဝတ္ထု(၁၇)ပုဒ်"ကို စိစစ်ကာ စုစည်းပြီးထုတ်ဝေလိုက်ခြင်းဖြစ်သည်။ ဆရာကြီးသိန်းဖေမြင့်၊ သုခ၊ လှသမိန်၊ နေဝင်းမြင့်၊ မောင်ငြိမ်းသူ (ကြို့ပင်ကောက်)၊ ညိုထွန်းလူ၊ မောင်ညိုမှိုင်း (သန်လျင်)၊ ထွန်းတောက်ထွန်း (သချာ)၊ ကိုချစ်၊ ဦးဆွေ (ဒဿနိက) လက်ာရည်ကျော်၊ လင်းဇော်ဦးနှင့် ဆရာမကြီး မစန္ဒာ၊ ကြူကြူသင်း၊ မဟူရာ (လှိုင်ကော်)၊ မိချမ်းဝေ၊ ယဉ်ယဉ်နုတို့၏ မိဘမေတ္တာဘွဲ့များကို နှစ်ခြိုက် ကျေနပ်စွာဖတ်ရှုခွင့်ရကြပေလိမ့်မည်။ စာကြည့်တိုက်တိုင်း နေအိမ်တိုင်းတွင် ဆောင်ထားသင့်သည်။ရာပြည့်စာအုပ်ဆိုင် (ရန်ကုန်/မန္တလေး)မှ တစ်အုပ်လျှင်(၂၅၀၀ိ/–) နှုန်းဖြင့် တစ်ပြည်လုံးသို့ ထုတ်ဝေဖြန့်ချိလိုက်သည်။

---

## "ကန္တာရပန်းတစ်ပွင့် (သို့မဟုတ်) တေးသံရှင် စိုင်းဆိုင်မော်"

ရှမ်းတိုင်းရင်းသား အဆိုတော်နှစ်ဦးဖြစ်သည့်အပြင် ကျောင်းနေဖက်သူငယ်ချင်းများဖြစ်ကြသည့် စိုင်းထီးဆိုင်နှင့် စိုင်းဆိုင်မော်တို့ နှစ်ယောက်အနက် စိုင်းထီးဆိုင်ကတော့ ကွယ်လွန်သွားရှာလေပြီ။ မြန်မာသံစဉ်နှင့်အတူ သက်ရှိထင်ရှားရှိနေဆဲဖြစ်သော စိုင်းဆိုင်မော်၏ ကိုယ်ရေးအတ္ထုပ္ပတ္တိကို ဆရာမ **"နန်းရွှေလီကြိုင် (မိုင်းပန်)"**က ရေးသားပြုစုထားရာ စိတ်ဝင်စားဖွယ်ကောင်းလှသည်။ ဆရာမောင်စိန်ဝင်း (ပုတီးကုန်း)၏ အမှာစာနှင့်အတူ ရန်အောင်စာပေမှ တစ်အုပ်လျှင် (၁၀၀၀ိ/–)ကျပ်နှုန်းဖြင့် တစ်ပြည်လုံးသို့ ထုတ်ဝေဖြန့်ချိလိုက်သည်။





www.burmeseclassic.com

www.burmeseclassic.com



## "ဓမ္မရက္ခိတ (သို့မဟုတ်) လောက၏အမှန်တရားကို ရှာဖွေသူ"




ဂန္ထဝင်စာရေးဆရာကြီး လင်းယုန်သစ်လွင်၏ ဤစာအုပ်ကို ယခင်ကထပ်မံထုတ်ဝေခွင့်မရ ခဲ့သော်လည်း ယခုစာပေလွှတ်လပ်ခွင့်အရ ဒုတိယအကြိမ် ထုတ်ဝေလိုက်ခြင်းဖြစ်ရာ စာချစ်သူများအကြိုက်ဖြစ်သွားပါသည်။ လူသေပေမယ့် နာမည်မသေဘဲ မြန်မာစာပေလောကတွင် ဂန္ထဝင်တင်နေသည့်ဆရာကြီးလင်းယုန်သစ်လွင်၏ စာအုပ်တိုင်းလိုလို စာချစ်သူများက လက်ကမ်းကြိုဆိုလျက် ရှိနေကြသည့်မှာ ဆရာကြီး၏ပါရမီဟု ဆိုရပေမည်။ခိုင်ဖင်မိုးစာပေ၊အမှတ်–၂၁၇၊ (၃၂)လမ်း(အထက်)၊ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း ၀၁–၃၈၅၅၁၀မှ တစ်အုပ်လျှင် (၃၅၀၀ိ/–) နှုန်းဖြင့် တစ်ပြည်လုံးသို့ ထုတ်ဝေဖြန့်ချိလိုက်သည်။

---

## "နပျိုသောခြေလှမ်းသစ်များ"



မြန်မာနိုင်ငံစာရေးဆရာအသင်း စာရေးနည်းလမ်းညွှန်သင်တန်းအမှတ်စဉ် (၃/၂၀၁၃) သင်တန်းသား/သင်တန်းသူများ၏ ကဗျာ၊ ဆောင်းပါးဝတ္ထုတိုများကို စုစည်းပြီး ထုတ်ပေထားရာ ရသသုတစုံလင်လှသည်။ သင်တန်းဆင်းခါစဖြစ်ကြသော်လည်း အတွေးနှင့်အရေးများက သွက်လက်ထက်မြက်စူးရှမှုလှသည်။ နိုင်ငံ့ဂုဏ်ရည်စာပေတိုက်မှ တစ်အုပ်လျှင် (၂၀၀၀ိ/–)နှုန်းဖြင့် တစ်ပြည်လုံးသို့ ထုတ်ဝေဖြန့်ချိလိုက်သည်။

**ကိုကြီးထူး**



www.burmeseclassic.com

www.burmeseclassic.com



# တစ်လတာသင့်ကံကြမ္မာ

တက္ကသိုလ်စိုးမိုးနိုင်

## တနင်္ဂနွေ



ပျော်စရာ ရွှင်စရာ မင်္ဂလာပြည့်ဝသော ကာလဖြစ်ပေသည်။ သင့်အိပ်မက်များကို လက်တွေ့အကောင်အထည်ဖော်နိုင်မည်။ လှုပ်လှုပ်ရှားရှားကိစ္စလေးများက သင့်ကိုဖိတ်ခေါ်နေမည်။ သစ်လွင်သော အတွေးစိတ်ကူးကောင်းများ ရရှိမည်။ ကိုယ့်ဒူးကိုယ်ချွန်ပြီး ကြိုးစားနေမည်။

သင့်အချစ်ရေးက အလွမ်းရုပ်ရှင်ဖြစ်နေမည်။ ချစ်သူပြောသော အလွမ်းပုံပြင်ကြောင့် တီးတိုးငိုရှိုက်ရမည်။ ချစ်သူ၏ အမုန်းကို အပြုံး အရွှံးပေးရတတ်သည်။ ချစ်ခြင်းရင်ခုန်သံများ ကမောက်ကမဖြစ်နေမည်။

**ထီထိုးရမည့်နေ့** – ကြာသပတေး၊ စနေ။

**အကျိုးပေးဂဏန်း** – (၅ ၈ ၀) (၂ ၈ ၀)

**ယတြာ**– ဘဝအဆင့် အခြေမြင့်စေရန် သီလရှင်များကို ဆန်၊ ဆီ၊ ဆေးနှင့် ငွေကြေးလှူဒါန်းပါ။

## တနင်္လာ



BURMESE CLASSIC .com

ကြံစည်တွေးတောမှု များပြားနေသောကာလဖြစ်သည်။ လက်ရှိအခြေအနေကို သင် မကျေမနပ်ဖြစ်နေပေမည်။ စိတ်ကသိကအောက် ဖြစ်စရာ ကိစ္စရပ်များ ကြုံရမည်။ လုပ်ငန်းသစ်ကိစ္စက အောင်မြင်တော့မလိုလိုနှင့် အဖျားရှူးသွားတတ်သည်။

ချစ်သူ၏ မြူချော့မှုကြားမှာ ကြည်နူးနေမည်။ အချစ်နေ့ရက်များကို ချိုမြိန်ဖွယ် ရင်ခုန်သံများဖြင့် ဖြတ်သန်းရမည်။ သင့်အချစ်ဇာတ်လမ်းက လူတကာကြားမှာ စူပါစတားဖြစ်နေမည်။

**ထီထိုးရမည့်နေ့** – အင်္ဂါ၊ ကြာသပတေး။

**အကျိုးပေးဂဏန်း** – (၇ ၈ ၀) (၅ ၈ ၇)

**ယတြာ**– သမာဓိအားကောင်းပြီး စိတ်စွမ်းအားမြှင့်တက်စေရန် နေ့စဉ်နံနက်တိုင်း (၁၀)မိနစ်ခန့် တရားထိုင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



## အင်္ဂါ



ကြိုးစားမှုဆုလာဘ်များကို အပြည့်အဝ ခံစားရသော ကာလဖြစ်သည်။ ကြီးပွားတိုးတက်ခြင်း လှေကားကြီးကို ရုတ်တရက် တက်လှမ်းခွင့်ရမည်။ နိုင်ငံရပ်ခြားကံပေါ်မည်။ သင့်လုပ်ငန်းများ ရွှေခေတ်သို့ ရောက်ပြီ။ ရဲဝံ့စွန့်စားစွာဖြင့် လုပ်ဆောင်ရဲသော သတ္တိရှိနေမည်။

တဒင်္ဂအကြည့်လေးတစ်ချက်မှာ ငြိတွယ်သွားစေမည့် ချစ်မျက်ဝန်းတစ်စုံနှင့် ကြုံရမည်။ အချစ်စစ်၊ အချစ်မှန်နှင့် ကြုံမည်။ အိဒီကလီအချစ်ထက် တန်ဖိုးရှိသောအချစ်ကို ရှာဖွေတွေ့ရှိမည်။

**ထီထိုးရမည့်နေ့** – တနင်္ဂနွေ၊ အင်္ဂါ။

**အကျိုးပေးဂဏန်း** – (၃ ၈ ၉) (၄ ၈ ၁)

**ယတြာ**– ဆန္ဒနှင့် ဘဝတစ်သားတည်းကျစေရန် "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ"ကို ပုတီး (၃)ပတ်စိပ်ပါ။

## ဗုဒ္ဓဟူး



ပြိုင်ဘက်များထက် သာလွန်သွားစေမည့် အခွင့်ထူးများ ရရှိသောကာလဖြစ်သည်။ ယာဉ်၊ ကား စက်ပစ္စည်းအသစ်ဝင်မည်။ မသင်ဖူးသော ခေတ်မီပညာရပ်များ သင်ယူရပြီး မစားဖူးသော အစာများကို စားခွင့်ရမည်။

ချစ်သူလေးနှင့် ကြားလေသွေးရင်တောင် ဝေးသည်ဟု ထင်နေမည်။ တစ်ညတာကွဲပြီး နှစ်(၁၀၀) ပိုကြွေးရသော ကိန္နရီ ကိန္နရာကတောင် သင်၏ ချစ်တတ်လွန်းသော နှလုံးသားကို အံ့သြဘနန်း ဖြစ်နေရမည်။

**ထီထိုးရမည့်နေ့** – တနင်္လာ၊ ဗုဒ္ဓဟူး။

**အကျိုးပေးဂဏန်း** – (၉ ၈ ၆) (၅ ၈ ၀)

**ယတြာ**– လတ်တလောကိစ္စ အဆင်ပြေစေရန် မိတ်ဆွေ အပေါင်းအသင်းများကို နှစ်သက်ရာ အစားအစာဖြင့် ဒါနပြုကျွေးမွေးပါ။

## ကြာသပတေး



အတိတ်၏ ကောင်းကံအကျိုးပေးသော ကာလဖြစ်သည်။ သို့သော် တစ်ခါတစ်ရံ အပျင်းထူတတ်ခြင်းက သင်၏ အဆိုးဝါးဆုံး ရန်သူဖြစ်နေမည်။ ပျင်းရိခြင်း ခြောက်ပါးကို ရှောင်လျက် မဆုတ်မနစ် ကြိုးစားတတ်သော ဇွဲ သတ္တိကို မွေးမြူပါ။ သင်မှချအောင်မြင်ပါလိမ့်မည်။

နတ်မိမယ်လေးအလား ထင်မှတ်ရသော ချစ်သူလေးနှင့် ဖူးစာဆုံရင်ခုန်ပေလိမ့်မည်။ သမင်လမှာ အေးမြသူလေးကို သူမတူအောင် စွဲလမ်းနေမည်။ အချစ်အတွက် ရင်ခုန်သံများ စည်းချက်မှန်နေမည်။



www.burmeseclassic.com

www.burmeseclassic.com



**ထီထိုးရမည့်နေ့** – အင်္ဂါ၊ ဗုဒ္ဓဟူး။

**အကျိုးပေးဂဏန်း** – (၃ ၈ ၆) (၇ ၈ ၀)

**ယတြာ**– စေတနာ ရောင်ပြန်ဟပ် အောင်မြင်မှု အဆက်မပြတ် ကြုံစေရန် ယပ်လှူဒါန်းပါ။

## သောကြာ



နံနက်ဝေလီဝေလင်းမှာ ဥဩငှက်ကလေး၏ အသံကိုကြားရသော ကာလဖြစ်သည်။ သမားရိုးကျ ဘဝခရီးလမ်းကို လျှောက်လှမ်းပြီး အောင်မြင်မှုကို တွေ့ဆုံရမည်။ ဘဝမှာ နေပျော်ဖွယ်ရာ အဆင်ပြေမှု များစွာကြုံမည်။ အခွင့်အရေးကို အသုံးချပြီး ကိုယ်ပိုင် စီးပွားရေးလုပ်ငန်းတစ်ခုကို တည်ဆောက်နိုင်မည်။

အသည်းခွဲဘုရင်ကိုမှ မျက်စိမှိတ်ကာ ယုံကြည်နေမိမည်။ သင့်အချစ်ရေးက အစကောင်းသော်လည်း အနှောင်းမသေချာ မရေရာဖြစ်နေမည်။ အချစ်အတွက် အနာဂတ်က မပီပိုးတဝါးဖြစ်နေမည်။

**ထီထိုးရမည့်နေ့** – တနင်္ဂနွေ၊ သောကြာ။

**အကျိုးပေးဂဏန်း** – (၂ ၈ ၇) (၁ ၈ ၄)

**ယတြာ**– ရည်မှန်းချက်များ ဆက်တိုက်အောင်မြင်စေရန် ပူဇော်ထိုက်သူကို ပူဇော်ပါ။ သီလမြဲပါ။

## စနေ



"သတိတမန်၊ ဉာဏ်မြေကတုတ်၊ ပညာစွမ်း ချွန်းကဲ့သို့အုပ်" သင့်သော ကာလဖြစ်သည်။ ကွက်လပ်ချန်ထားသော စာချုပ်များတွင် လက်မှတ်မရေးထိုးပါနှင့်။ အခွင့်အရေးကြုံလာလျှင် ဉာဏ်ပညာစွမ်းဖြင့် အရယူလိုက်ပါ။ မုချကြီးပွားတိုးတက်မည်။

အုံ့ပုန်းအချစ်များ ရင်မှပွင့်အန်ထွက်လာမည်။ အချစ်အတွက် အမှားအမှန် ဝေဖန်ပိုင်းခြားမှု အားနည်းနေမည်။ အချစ်အတွက် အငိုလွယ်ပြီး အရှက်မခက်စေရန် နှလုံးသားထက် ဦးနှောက်ကို ဦးစားပေး စဉ်းစားပါ။

**ထီထိုးရမည့်နေ့** – တနင်္လာ၊ စနေ။

**အကျိုးပေးဂဏန်း** – (၂ ၈ ၈)၊ (၁ ၈ ၇)

**ယတြာ**– အောင်သင့်အောင်ထိုက်သည်များကို အောင်မြင်ရရှိစေရန် သံဃာတော်တစ်ပါးကို ဒံပေါက်ဆွမ်းကပ်လှူပူဇော်ပါ။

တက္ကသိုလ်စိုးမိုးနိုင်



www.burmeseclassic.com